www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# ပျိုးမိတဲ့ပန်းတပင်

ရွှေဘိုသက်မာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၉ ခုနှစ် စာပေဗိမာန် စာမူဆု

ဝတ္ထုရှည်တတိယဆုရ

# ပျိုးမိတဲ့ပန်းတပင်

ရွှေဘိုသက်မာ

အဖုံးပန်းချီ ဦးစံတိုး

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပထမနှိပ်ခြင်း၊ ၁၉၇၃၊ အုပ်ရေ ၅၀၀၀။

ရန်ကုန်မြို့၊ ၅၂၉-၅၇၁ ကုန်သည်လမ်း၊ စာပေဗိမာန်အုပ်ချုပ်ရေးဌာန
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၁၀) က
ထုတ်ဝေသည်။

စာပေဗိမာန် ပုံနှိပ်တိုက် အတွက်
တိုးတက်ရေးပုံနှိပ်တိုက်တွင်
ဒေါ်ကြည်ညွန့် (မှတ်ပုံတင်အမှတ် ၀၃၈၂)
အမှတ် ၁၂၉-၁၃၁၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့က ပုံနှိပ်ပေးသည်။

BURMESE CLASSIC .com

# ပျိုးမိတဲ့ ပန်းတပင်

## တစ်

ဆွေဆွေနှင်းကိုယ်တိုင် မောင်းနှင်လာသည့် နီနစ်ရောင် အိုပယ်ကားကလေးသည် ပြည်လမ်းတလျှောက် တရိပ်ရိပ်ပြေးနေပါသည်။ ကားပြတင်းမှ တိုးဝှေ့ဝင်လာနေသော လေများနှင့်အတူ ဆွေဆွေနှင်း၏ လှိုင်းတွန့်ဆံပင်များက ချစ်စရာကောင်းလောက်အောင် ကပိုကရို ရှိနေပါ၏။

"ရီရီရှိန်တို့ မြင့်မြင့်ကြွယ်တို့နဲ့ တွေ့သေးလားဟဲ့မိသက်"

ဆွေဆွေနှင်းက ချစ်စရာ သွားတက်ကလေးများ ပေါ်အောင် အပြုံးကလေးဖွင့်ရင်း သူ့ဘေးမှ တချိန်လုံး ငြိမ်ချက်သားကောင်းစွာ လိုက်ပါလာသူ ကျွန်မအား စကားစလိုက်ပါသည်။ ဤအခါမှပင် ဆွေဆွေ၏ အလှကို ငေးမောနေသော ကျွန်မအသက်ဝင်လာရပါသည်။

"မတွေ့တာကြာပြီပေါ့ဆွေဆွေ၊ ကိုယ်ဖြင့် ငယ်ပေါင်းတွေနဲ့ အဆက်အသွယ်ပြတ်သလောက်ဘဲလေ"

"အင်း.... ယုံပါတယ် ယုံပါတယ်၊ မရွှေသက်က ရန်ကုန်တမြို့ထဲနေရတဲ့ ဆွေဆွေ့ဆီတောင် လာပေါ်မရတာဟာ၊

www.burmeseclassic.com

www.burmeseclassic.com

[illegible] ခိုက်ခိုင်ခိုင်တော့အဆက်အသွယ်ပြတ်ရောပေါ့၊ [illegible] ဆွေဆွေကိုယ်တိုင် မနည်း [illegible] ထက်သာအောင်နဲ့လိုက်ခဲ့ရတာ၊ဟုတ်တယ် [illegible]

[illegible] ကို ကျင်လည်စွာ ထိန်းကိုင်ရင်း ကျွန်မအား [illegible] နဲ့ပေးလိုက်ပါသည်။

"ပြောပေါ့ ဆွေဆွေရယ်၊ ဆွေဆွေလို မိန်းကလေးက ကိုယ့်ကို ဘယ်နားလည်ပါ့မလဲ၊ ဒီတော့ ဒီလိုဘဲ ပြောပေးမှာပေါ့"

"ဘာကိုနားလည်တာလဲ ပြောစမ်းပါအုံး....မရွှေသက်ရဲ့၊ မင်းဟာ လင်ယူသွားမှေး အိမ်ထောင်ရှင်မဘဝ ရောက်ပြီး သူငယ်ချင်းတွေနဲ့ လမ်းခွဲသွားကတည်းက ဒို့အားလုံးကို မေ့သွားတယ်။ အို.... ဒို့ကိုသာ မဟုတ်ပါဘူး၊ လောကကြီးတခုလုံးကို မေ့နေတယ်၊ မင့်ဘဝ မင့်ကမ္ဘာမှာ ပျော်မွေ့နေတယ်၊ ဒါဘဲမဟုတ်လား"

ဆွေဆွေနှင်းသည် ကျောင်းနေစဉ် တုံးကလိုပင် စိတ်ကူးယဉ်စကားလေးများဖြင့် ကျွန်မကို စကားနာ ထိုးနေပြန်လေ၏။

"အေး.... ဆွေဆွေပြောသလို ကိုယ့်ဘဝ ကိုယ့်ကမ္ဘာမှာ ပျော်မွေ့နေတယ် ဆိုတာတော့ ကိုယ်မငြင်းဘူး။ ဒါပေမဲ့ တလောကလုံးကို မေ့နေတယ်ဆိုတာတော့ ကိုယ်လက်မခံဘူး၊ ကိုယ်က လောကကြီးနဲ့ နေ့စဉ်ထိတွေ့နေရတဲ့ ဘာတ်စကားစီး လူတန်းစားမို့လို့ ပိုပြီး မေ့လို့မဖြစ်သေးတယ်၊အေး....မေ့ချင်း မေ့ရင် ဆွေဆွေကသာ လောကကြီးကို မေ့လောက်တာ၊ နေရတာက အေဒီလမ်းက ခန့်ညားထည်ဝါတဲ့တိုက်အိမ်ကြီး၊ စီးရတာက ကိုယ်ပိုင် ဆလွန်းကား၊ ကိုယ့်သားသမီးတောင် နာနီတွေ အာယားတွေ အပြုအစုနဲ့၊ကိုယ်တိုင်က လက်ဆေးပြီး ထမင်းစားပွဲထိုင်ရုံလောက်အလုပ်ရှိတော့ ပျော်ပွဲရှင်ပွဲဆိုတာ ဆွေဆွေ အတွက် သက်သက်လား မေးယူရမဲ့ မင်းဘဝ အနေနဲ့တော့ လောကကြီးကို မေ့ကောင်း မေ့နိုင်လိမ့်မယ် ဆွေဆွေရေ...."

ဆွေဆွေနှင်းက မည်သို့မျှ စကားမဆိုဘဲ နီရဲရဲနှုတ်ခမ်းလေးကိုသာ နှင်းဆီငုံပမာ စူထားလိုက်လေသည်။

"ဆွေဆွေဘဝက လိုတရ မပူပင်မကြောင့်ကြ၊အစေခံတွေ တလှေကြီးနဲ့ စိတ်သွားတိုင်း ကိုယ်ပါတဲ့ဘဝကွဲ။ ဒီတော့.... ကိုယ်တို့လို လူတန်းစားတွေရဲ့အကြောင်း ဆွေဆွေနားမလည်တာ မဆန်းပါဘူးလေ။ ကိုယ့်အနေနဲ့ ကလေးသုံးယောက်နဲ့ အစေခံမထားဘဲ ကိုယ်တိုင် ကြဲနေတဲ့ဘဝမှာ ဟိုသူငယ်ချင်း ဒီသူငယ်ချင်းတွေဆီ စိတ်ကသာ ရောက်တယ် လူကတော့ မရောက်နိုင်ဘူးလေ၊ ဒီလိုမရောက်တော့တာနဲ့ မချစ်တော့ဘူး၊ မခင်တော့ဘူး ဘယ်ဟုတ်မလဲ....ဆွေဆွေရယ်၊ စာတစောင် ပေတဖွဲ့နဲ့ ကျောင်းသူဘဝတုံးကလို ကဗျာမဆန်အားတာက လွဲရင် ဟိုတုံးကထက် နည်းနည်းမှ အခင်မင် မလျော့ပါဘူး ဆွေဆွေရဲ့၊ အိမ်ထောင်တခုဆိုတာလဲ တာဝန်သိတဲ့မိန်းမများ အဖို့ အားလပ်ချိန် မရှိသလောက်ဆိုတာ နားလည် ခွင့်လွှတ် စမ်းပါဆွေဆွေရယ်...."

ဤအခါမှ ဆွေဆွေနှင်းက ခိုးခိုးခစ်ခစ် ရယ်ပစ်လိုက်ပါသည်။

"အင်း....အင်း.... ဟုတ်ပါတယ်လေ၊ဆွေဆွေ မင်းတို့အိမ် လာတိုင်း မင်းမှာ လုပ်လက်စ အလုပ် တန်းလန်းနဲ့ချည်း





www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတာဘဲ ကိုယ်ယုံပါတယ်။ ဒါကြောင့် ဆွေဆွေပြောတယ် မဟုတ်လား၊ အိမ်ဖေါ်ထားပါ၊ ဆွေဆွေ့ဆီမှာ အဆက်ရှိပါတယ်ဆိုနေ၊ မင်းက နားမှမဝင်တာကိုး သက်ရဲ၊ အခု ဆွေဆွေတော်င် အိမ်က အာယားမ ထွက်သွားလို့ နောက်တယောက် ရှာခိုင်းထားတာ ရတော့မယ် သိလား”

ကျွန်မတို့ကားလေးသည် စာပေဗိမာန်ကို ကျော်လွန်လာခဲ့သည်။ ကျွန်မသည် ဆွေဆွေနှင်းနှင့် အိမ်ဖေါ်ကိစ္စ စကားစမိတိုင်း ထပ်မနား ငြင်းခဲ့ဘူးပြီမို့ ယခုလည်း ခတ်မဆိတ် ငြိမ်နေမိလေသည်။

“မင်းအနေနဲ့ အိမ်ဖေါ်လေးတယောက်တော့ ရှိသင့်တယ် သက်သက်၊ နေရာတကာ အိမ်မှုကိစ္စ ကိုယ်တိုင်ချည်း ကြဲနေရတာ လူမြင်လဲမတင့်တယ်ပါဘူးကွာ၊ ကိုယ့်ဂုဏ်လဲ ကိုယ်ငဲ့စမ်းပါ”

“ဘာဂုဏ်လဲ ပြောစမ်းပါအုံး.... ဆွေဆွေရဲ၊ ကိုယ့်အိမ်အတွက် ကိုယ်လုပ်ရကိုင်ရတာ ရှက်စရာ ဂုဏ်ငယ်စရာ မဟုတ်ပါဘူး....ဆွေဆွေရယ်၊ ပြီးတော့ ကိုယ်ကသန်သန်မာမာကြီး၊ ကျန်းမာရေးချွတ်ယွင်းလို့ အိမ်ထောင်တာဝန် မထမ်းဆောင်နိုင်တဲ့ လူလဲမဟုတ်သေးဘူး၊ အပြင်ကို ထွက်အလုပ်လုပ်နေတဲ့ လူလဲမဟုတ်သေးဘူး၊ ကိုယ်တို့တအိမ်လုံး တကဲညီလက်ညီနဲ့ အိမ်ထောင်တာဝန် နိုင်နင်းနေပြီဟာဘဲ အိမ်ဖေါ်မလိုပါဘူး ဆွေဆွေရဲ၊ အဲ....ထခုတော့ရှိသပေါ့၊ မလဲမကောင်းသာတဲ့ လူမှုတွေရှားကလဲ့ရင် ဆွေဆွေ့ကိုလို ဟိုပဲ့ဆိုလဲ့နဲ့လိုက် ဒီလမ်းဆိုလဲ မြန်းလိုက် မလုပ်နိုင်ဘူးပေါ့၊ ဖဲ့စက်ယာမှာ သက်သက်သာသာ အနားယူပြီး စိတ်ကူးယဉ်ဖို့ အချိန်မရဘူးပေါ့.... ဆွေဆွေ၊ ဒါတွေရှိပါစေတော့ကွာ”။



ဆွေဆွေနှင်းသည် နောက်မှ ကျော်တက်လိုသည့် ကားတစီးအား ဦးစားပေးလမ်းဖယ်ပေးလိုက်ပြီးနောက် ကျွန်မကို ရန်ထောင်ပါလေတော့သည်။

“အင်း....နင်ဟာ ပြောလိုက်ရင်ဒီလိုချည်းဘဲ၊ အခုဆွေဆွေ ပြောနေတာ နင့်အတွက်ဟဲ့သိရဲ့လား၊ နင်ဟာ မင်းကတော် စိုးကတော်ရုပ်မပေါက်ဘူး၊ ဖတ်ဖတ်မောအောင်လုပ်နေရလို့ ငါကလူလူသူသူရှိပါစေ....သက်တောင့်သက်သာနေရပါစေလို့ စေတနာနဲ့ဟဲ့....သိရဲ့လား....မရွှေသက်ရဲ့”

“အေး.... ဆွေဆွေ့စေတနာတော့ ကိုယ်ကျေးဇူးတင်ပါတယ်ကွဲ၊ ဒါပေမဲ့ ဒီစေတနာတော့ ကိုယ်လက်မခံပါရစေနဲ့ ဟုတ်လား၊ ဒါနဲ့မေးစမ်းပါရစေအုံး မင်းကတော်စိုးကတော် ရုပ်ဆိုတာ ဘယ်လိုဟာလဲ....”

ကျွန်မ၏အမေးကို ဆွေဆွေနှင်းက ပါးစပ်ဖြင့်မဖြေဘဲ မျက်စောင်းသာခဲပြလိုက်ပါသည်။ ကျွန်မကမူ ဆွေဆွေနှင်း၏ မျက်စောင်းကို အပြုံးဖြင့်တုံ့ပြန်ရင်း စကားကို ဆက်လိုက်ရလေသည်။

“မနက် အိပ်ရာကထပြီဆိုတာနဲ့ ဆွမ်းပန်းကိစ္စ လင်ကိစ္စ သားသမီးကိစ္စ အိမ်မှုကိစ္စအားလုံးကို အသာ ဘေးချိတ် အိမ်ဖေါ်နဲ့ မျက်နှာ လွှဲထားလိုက်၊ ပြီး မှန်ရှေ့ အလှပြင် နှုတ်ခမ်းနီနဲ့မျှေါင်ဒါဖွေးဖွေးနဲ့ စတိုင်အပြည့် မလိုင်အပြည့်နဲ့၊ အဲ.... ကိုယ့်အထက်ကလူတွေရင် ဖါးလိုက်မယ်.... ကိုယ်နဲ့ တန်းတူရေတူတွေရင် ကြွားလိုက်မယ်.... ကိုယ့်အောက်ကလူဆိုရင်တော့ ဖိလိုက်နှိမ်လိုက် စီးလိုက်မဟဲ့ဆိုတဲ့ အိုက်တင် အပြည့်နဲ့ ခန့်ပါတယ် ထည်ဝါပါတယ်ဆိုတဲ့ မင်းကတော် စိုးကတော်ရုပ်မျိုးတော့ မပေါက်ချင်နေပါစေ ဆွေဆွေရယ်



www.burmeseclassic.com

www.burmeseclassic.com

အသည်းနှလုံး ရှိတဲ့လူ ကိုယ့်မျက်နှာဟာ လူစိတ်ရှိတဲ့ လူ တယောက်ရဲ့ ရုပ်လက္ခဏာပေါ်လွင်ရင် ကိုယ့်ကျေနပ်မှုပြီ"

ဆွေဆွေနှင်းက ကျွန်မကို စကားတုံ့ပြန်ဖော်မရတော့ဘဲ ထားကိုသာ မှန်မှန်မောင်းနှင်းလာခဲ့လေသည်။

"ကိုယ်လွတ်လပ်ဖို့... ကိုယ်သက်သာဖို့ အိမ်ဖော်ထား ပြီးတော့ ဒီအိမ်ဖော်ကို ပေးရတဲ့လခနဲ့ကြေအောင် မတန် ထဆိုင်း မသထာရေစာကျွေးပြီးတော့လဲ ကိုယ်ကနှိပ်စက် တတ်တဲ့မိန်းမမဟုတ်ဘူး....ဆွေဆွေရဲ့၊နောက်တခုရှိသေးတယ်၊ အိမ်ဖော်ထားမိပြီဆိုတာနဲ့ ကိုယ်သက်သာမှုအရသာကို ပိုပြီး သိမြင်လာတယ်၊ ဒီလိုသိမြင်လာလေ အိမ်ဖော်မရှိမဖြစ် တန်းတန်းစွဲသွားရော၊ ဟော....အိမ်ဖော်က အလုပ်အကိုင် မျက်နှာလွှဲရပြန်တော့ ကိုယ့်မှာအချိန်တွေပိုလာပြီ၊ လက်ရော ချိရောအားလာပြီ၊ အဲဒီအခါ....ဆွေဆွေတို့လို လူရောစိတ်ရော အားနေတဲ့ မိတ်ဆွေမင်းကတော်တွေရဲ့ ဟိုဝိုင်းထဲရောက်သွား ရင် မခက်ပါလား....ဟား....ဟား"

ကျွန်မ တမင်အရွှန်းဖောက်သည်ကို ဆွေဆွေနှင်းမရယ်ဘဲ ခပ်တည်တည် လုပ်နေလေသည်။ ဆွေ၏ ကားကလေးသည် အေဒီလမ်းထဲသို့ ညင်ညင်သာသာ ကွေ့မောင်းလာခဲ့လေ၏။

"ဟုတ်တယ်.... ကတော်တွေ.... အထက်လွှာမိန်းမတွေ.... အစေခံတလှေကြီးနဲ့ အလုပ်မရှိတိုင်း ပိုကာဝိုင်းဖွဲ့ကြ....အရေ မရ အဖတ်မရ အကျိုးမရှိတဲ့စကားတွေပြောပြီး အချိန် ဖြုန်းကြ....တယောက်နဲ့တယောက် ဂုဏ်တုဂုဏ်ပြိုင်ဟန်ရေးပြကြ



အချိုဆိုရင် ဒီမျှမကတဲ့ဖောက်ပြန်မှုတွေ ဖြစ်လာကြရတာ ပေါ့....ဆွေဆွေရယ်"

"ဒါကလူပေါ်တည်တာပါ....မရွှေသက်ရယ်"

"လူပေါ်တည်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ပတ်ဝန်း ကျင်ဆိုတာ လူကိုတနည်းမဟုတ်တနည်း ဩဇာလွှမ်းတတ်တယ် မဟုတ်လားကွဲ့၊ ဆွေဆွေလဲ လုပ်မဲ့ ကိုင်မဲ့ လူတွေရှိလို့ အချိန် ပိုတွေ အားနေရင် တန်ဖိုးရှိရှိ အသုံးချတတ်ဖို့ သတိပေးရ အုံးမယ်ဆွေဆွေ"

"ကျေးဇူးတင်ပါသတဲ့မရွှေသက်ရယ်"

ဆွေဆွေနှင်းက ပြောင်ချော်ချော်လုပ်ပြသည်။ ပုဏ္ဏား ရိပ်ပင်စည်းရိုးများ တိတိရိရိညီညာလှသော ခြံဝင်းပေါက် တခုထဲသို့ ဝင်လာခဲ့သော ဆွေဆွေနှင်း၏ ကားကလေးသည် လှပသော ပေါ်တီကိုအောက်သို့ ငြိမ့်ကနဲ ထိုးရပ်လိုက်ပါ၏။

"ဟော....ဒေါ်ပုပါလား"

အိမ်အဝင် အုတ်လှေခါးထစ်တွင် ရပ်နေသော အသက် ငါးဆယ်ခန့် မိန်းမကြီးတဦးကို ဆွဲဆွေနှင်းက နှုတ်ဆက် လိုက်ခြင်း ဖြစ်လေသည်။ လှေခါးအဆင့်တွင် ဒူးထောင်လျက် တမျိုး ဆောင့်ကြောင့်တသွယ်ထိုင်နေကြသော မိန်းကလေး သုံးလေးယောက်ကိုလည်း မြင်တွေ့ရပါ၏။ သူကဲလေးတို့၏ ရုပ်လက္ခဏာ အသွင်အပြင်ကို ကြည့်ရှုခြင်းအားဖြင့် ယခုမှ တောက ရောက်လာသော မိန်းကလေးများဖြစ်ကြောင်း ထင်ရှားလှပေလသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမှအပြင်သွားနေတယ်ပြောလို့ ကျွန်မတို့ စောင့်နေရတယ်လေ"

ဒေါ်ပုအမည်ခံ ထိုမိန်းမကြီး၏အပြောကို ဆွေဆွေနှင်းက ခေါင်းငြိမ့် အသိအမှတ်ပြုလိုက်ပါ၏။ ဆွေဆွေနှင်း၏ လက်စွဲတော် အိမ်ဖော်ကြီးဒေါ်မယ်ခက တိုက်တွင်းမှနေ၍ သံဆွဲတံခါးကိုဖွင့်ပေးလိုက်လျှင် ဆွေဆွေနှင်းကကျွန်မလက်ကို ဆွဲကာ ခေါ်ဝင်သွားလေတော့သည်။



## နှစ်

ကျွန်မသည် ဆွေဆွေနှင်းဆွဲခေါ်ရာသို့ လိုက်ဝင်သွားပြီး သူညွှန်ပြသည့် ဆိုဖာတခုတွင် ထိုင်လိုက်ရပါသည်။

"ထိုင်အုံးဟေ့....သက်သက်၊အိမ်အတွက် နောက်ဆံတင်းပြီး ချက်ခြင်းပြန်ဖို့တော့စိတ်မကူးနဲ့နော်ညနေစာဒီမှာစားရမယ်"

"ဟာ....မလုပ်ပါနဲ့ဆွေဆွေရယ်၊ နောက်မှ အေးအေး ဆေးဆေး တရက်သပ်သပ် လာပါ့မယ်ကွာ...."

"အောင်မယ် ဒီလိုဘဲပြောခဲ့တာ မရေတွက်နိုင်တော့ဘူး မင့်ဒေါ်ကြီးကိုလဲ ဆွေဆွေအသေချာမှာခဲ့ပြီဘဲ ညနေမှဘဲ ပြန်ရမယ်...."

"မဟုတ်သေးဘူး.... ဆွေဆွေ၊ ကလေး နှစ်ယောက်ကို သုံးနာရီဆိုကျောင်းလွှတ်တော့ သွားကြိုဖို့ရှိနေသေးတယ်လေ၊ ဒေါ်ကြီးရယ် အိမ်မှာကျန်ခဲ့တဲ့ သမီးငယ်တဖက်နဲ့ ကိုယ် မပြန်လို့ မဖြစ်သေးဘူး....ဆွေဆွေရဲ့"

"အင်းပေါ့၊ မင့်မလဲ ကလေးတွေကျောင်းသွားနေတုန်း အားမလား အောက်မေ့တယ်၊ ကြမ်းတိုက်ရတာနဲ့ အဝတ် လျှော်ရတာနဲ့ ကလေးတွေ ကျောင်းပိတ်ပြန်တော့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ပိတ်လို့ တမျိုးအလုပ်ရှုပ်နေရတာပါဘဲ.... မင်းနဲ့အလုပ်ဆယ်နှစ်ရာသီ ဒွန်တွဲနေတော့ ခဏတဖြုတ်ခတောင် စကားလွတ်လွတ်လပ်လပ်ပြောရတယ်မရှိဘူး၊ အချစ်ဆုံးသူငယ်ချင်းရယ်လို့ မွေးနေ့ပွဲလုပ်တာတောင် လာဖေါ်မရတဲ့မရွှေသက်၊ အိမ်ဖေါ်ထားဖို့တော့ အကြောင်းအမျိုးမျိုးပြပြီး ကပ်စေးနဲနေတယ်လေ....အဟင်း"

ဆွေဆွေနွှင်း၏အသံက ကျယ်ရာမှ တိုးလာခဲ့ပြီးနောက် ကျွန်မနားမှာ ကပ်လာခဲ့လေသည်။

"ဟို....အဖွားကြီး .... ဒေါ်ပုလေ .... ကောင်မလေးတွေခေါ်လာတာတွေလား၊ ဆွေဆွေတော့ မင်းလိုအိမ်တွင်းပုန်းပြီး ထာဝရအလုံ်နဲ့ဂဟေဆက်မနေနိုင်ဘူး ကိုယ့်လွတ်လပ်မှုကိုယ်ရှာရမှာဘဲ၊ ကိုယ့်သက်သာမှု ကိုယ်ဖန်တီးရမှာဘဲ သက်ရေ၊ ဒါကြောင့် ဒေါ်ပုကို အဆက်အသွယ်လုပ်ထားရတာ၊ ကိုယ်လူမှာထားလို့ ခုလာပို့တာလေ၊ မင်းလဲ ကြိုတုံးကြုံခိုက် တယောက်ယောက်ဆွဲထားလိုက်ပါလား"

ဆွေဆွေနွှင်းက ကျွန်မနားတိုးကပ်ကာ စိတ်အားထက်သန်စွာပြောလိုက်ရှာလေသည်။

"တော်ပြီဆွေဆွေ၊ မင်းဘဲခေါ်ပါ၊ ကိုင်း....ကိုယ့်ကိုဩ့သည်ကြီးလို ပြုစုခနေပါနဲ့၊ ကိုယ်နေသာသလို နေပါရစေဟုတ်လား၊ ဟိုမှာ....ဒေါ်ပုက မင်းကိုတကြည့်ကြည့်ဖြစ်နေရှာပြီ၊ သွားစကားပြောလိုက်ပါအုံး....ဆွေဆွေရဲ့"

ထိုအခါမှ ဆွေဆွေနွှင်းသည် ကျွန်မအပါးမှ ခွာသွားခဲ့သည်။ အပေါက်ဝကြမ်းပြင်တွင် ကြုံ့ကြုံ့ရှုံ့ရှုံ့ ဒူးတုပ်ထိုင်နေသော ဒေါ်ပုနှင့်အနီးဆုံး ကုလားထိုင်တွင် ဆွေဆွေနွှင်းက တည်တည်ခန့်ခန့် ထိုင်လိုက်ပါသည်။ အမေအရွယ်မိန်းမကြီးက သမီးအရွယ်ခန့် မိန်းမတဦးအား ထရိုတသော မျက်ကြည့်လျက် စကားဆိုဟန်ကို မကြည့်လိုသော ကျွန်မသည် အပြင်ဖက်သို့ မျက်နှာလွှဲလိုက်မိပါသည်။ အင်းလျားရေပြင်ကို ဖြတ်သန်း တိုက်ခတ် လာသည့် လေအေးက သန့်စင်လှသည်။ လူ့ဂုဏ်တန်တိုနေထိုင်ရာပေမို့လည်း တိတ်ဆိတ်ခြင်း ထည်ဝါခန့်ငြားခြင်းက မင်းမူနေလေသည်။ ကျွန်မတို့ကျောင်းနေစဉ်က အချင်ဆုံးသူငယ်ချင်း တစု ဆွေဆွေနွှင်း၏ တိတ်ဆိတ်သောခြံကျယ်ထဲမှာ လာရောက်စာကျက်ကြသည်ကို အမှတ်ရလာ၏။ ကျောင်းနှင့်ဝေးခဲ့ပြီးနောက် ဆွေဆွေနွှင်း၏အိမ်သို့ အရောက်အပေါက်နည်းခဲ့သော ကျွန်မသည် အိမ်ထောင်ကျသည်နှင့် လုံးဝ အဆက်ပြတ်သလောက် ရှိလာခဲ့ရပါသည်။ အချစ်ဆုံးသူငယ်ချင်း ဆွေဆွေနွှင်းကမူ မကျေနပ်၊ ကိုယ်ပိုင်ကားရှိသူပီပီ ကျွန်မထံ မကြာခဏ ပေါက် လာတတ်သကဲ့သို့ ရန်လည်းထောင်တတ်ပါသည်။

"သက်တို့များ အိမ်ကိုလာမလည်ဘူး" ဟု မရိုးနိုင်သည့် စာတ်ပြွားကို ဖွင့်လေ့ရှိပါ၏။

အိမ်ထောင်ကျသွားပေမင့် အိမ်ထောင်တခု၏ တာဝန်ကို မထမ်းဆောင်ရသော ဆွေဆွေနွှင်းအဖို့ အိမ်ထောင်ရှင်မဘဝကို ကိုယ်ချင်းစာတတ်ပုံမပေါ်။ ယနေ့တော့မူ ကလေးတွေကျောင်းသွားနေခိုက် အငယ်ဆုံးသမီးငယ်လည်း အိပ်ပျော်နေခိုက် ဆွေဆွေနွှင်း ရောက်လာကာ ဇွတ်အတင်းကားနှင့်တင်ခေါ်၍ ကျွန်မ ပါခဲ့ရခြင်းဖြစ်ပါလေသည်။

အပြင်ဖက်တွင် လှပသော ဒေလီယာရောင်စုံများသည် ငှားခြည်အောက်ဝယ် အစွမ်းကုန် ဖူးပွင့်နေကြပါသည်။ ၎င်းတို့များနှင့် စနစ်တကျ ယှယှယှယ စိုက်ပျိုးထားသော နှင်းဆီဖူး





www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီပုံများကလည်း သူတို့သခင်မလေး ဆွေဆွေနှင်း၏ ဘဝကဲ့သို့ပင် ထည်ထည်ဝါဝါ လှလှပပပါတကား။ မြစ်ထဲမိုးရွာ ရတနာရှိရာရတနာစု ဆိုသောစကားအတိုင်းပင် သူဌေးသမီးကလေး ဆွေဆွေနှင်းကဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးလေး ဦးမျိုးလတ်နှင့် အကြောင်းပါခဲ့ပြီးနောက် နှစ်ဖက်မိဘ ထက်ခဲ့သော ကားတစီး တိုက်တလုံးနှင့် လူ့ဘဝကြီးသည် ပျော်မွေ့ဖွယ်အတိ ပြီးနေလေ၏။ ခမ်းနားထည်ဝါသောတိုက်နှင့် ကျယ်ဝန်းသောခြံကြီးကလည်း လခကောင်းကောင်းပေးထားသော မာလီ၏ အပြုအပြင်ဖြင့် ပန်းဥယျာဉ်က သာယာလှပေသည်။

တပွင့်၊ နှစ်ပွင့်၊ သုံးလေးပွင့်

အဖြူ၊ အနီ၊ အဝါ

ပြင်ပတွင် ပန်းတွေများလွန်းလှသည်။ လေသင့်ဘိုင်းမွေးနေသော ပန်းများသည် အစွမ်းကုန် လှပလန်းဆန်းလို့ပင်၊ သို့သော် ဤတိုက်ရိပ်အောက်မှ ပန်းကလေးများကမူ လန်းဆန်းမှုမရှိပါတကား....။ မလျော့နိုင်ဘူးအမ ဒါအမယူနေကျမို့ အနည်းဆုံးဈေးကို အပြတ်ပြောထားတာ”

ပန်းကလေးများကို ငေးကြည့်နေမိသော ကျွန်မသည် ဒေါ်ပုအသံကြောင့် အတွေးအာရုံပြတ်သွားပါသည်။ ဒေါ်ပုသည် သူဆိုထားသောဈေးကို မလျော့တန်း တင်ထားပုံရ၏။ နောက်ဆုံးဆွေဆွေနှင်းက အလျှော့ပေးလိုက်ရလေသည်။

“ကောင်းပြီလေ ယူတာပေါ့၊ ဒါပေမဲ့ သတိတော့ပေးရအုံးမယ်၊ အကြောင်းရှာပြီး ဒေါ်ပု ခဏခဏမလာပါနဲ့”

ဆွေဆွေနှင်းက ဒေါ်ပုအား မာမာပြတ်ပြတ်ကလေး ပြောလိုက်ပြန်ပါသည်။



“အို....ဒါတော့ကျွန်မသိတယ်အမ၊ အမနဲ့ကျွန်မဟာ ခုမှ ဆက်ဆံလာတဲ့ လူတွေမဟုတ်ကြပါဘူး၊ အမမကျေနပ်ရင် အကြောင်းထူးရင်သာ ကျွန်မကိုလိပ်စာအတိုင်း လူလွှတ်လိုက်ပေါ့”

ဆွေဆွေနှင်းက ရာတန်တရွက်ကို ဒေါ်ပုလက်ထဲသို့ ထည့်လိုက်၏။ ပြီးမှ လှေခါးထစ်တွင် အစီအရီရှိနေသော သူရွေးလိုသည့် ပန်းကလေးများကို လှမ်းမြော်ကြည့်ကာ တပွင့်ချင်း အကဲခတ်လျက်ရှိရာမှ ကျွန်မကို လှမ်းခေါ် စစ်ကူကောင်းလိုက်လေသည်။

“လာပါအုံးသက် ဒီမှာ ရွေးပေးစမ်းပါအုံး၊ ဘယ်ဟာက သင့်မယ်ထင်သလဲဟင်”

ကျွန်မသည် ဖြည်းလေးစွာဆွေဆွေနှင်းတို့အနီးသို့ တိုးကပ်လာခဲ့ရသည်။ ရင်ထဲဝယ် နာကြင်ပင်ပန်းနေမိပါလေ၏။ သူရွေးခိုင်းသည့်ပန်းကလေးများက တကယ့်ပန်းကလေးများသာဆိုပါမူ ဒီဟာကလှတယ် ဟိုဒင်းက ပိုမွှေးတယ်....ဟု ကောက်ကာငင်ကာရွေးချယ်လိုက်မိမည်ဖြစ်သော်လည်း ယခုမူ ဆင်းရဲနွမ်းပါးလျက်မွို့နေအထက်တန်းလွှာတို့ကို အခကြေးငွေဖြင့် အလုပ်ကျွေးပြုရန်အတွက် လူပွဲစားကြီး ဒေါ်ပုက စည်းရုံးခေါ်ဆောင်လာဟန်တူသော တောပန်း မိန်းကလေးများသာတကား....။ ကျွန်မည်သို့မျှမတုံ့ပြန်နိုင်မီ ဆွေဆွေနှင်းက အတွေ့အကြုံရှိပြီးသူပမာ အရုပ်ခပ်ဆိုးဆိုးနှင့် ဖြတ်လတ်သွက်လက်ပုံရှိသော မိန်းမငယ်ကို လက်ညှိုးညွှန်လိုက်လေသည်။

“သူကိုယူမယ် နံမည်ဘယ်သူ”

“မစိန်ကြီး”



www.burmeseclassic.com

www.burmeseclassic.com

မိန်းမငယ်က ဆွေဆွေနှင်းအမိန့်အရ သူနှင့် မလှမ်းမကမ်းမှာ တိုးရွေ့လာခဲ့သည်။

"ညည်းအခုတော့ ဒီမှာနေခဲ့တော့ပေါ့။ အရင်က ဘယ်မှာလုပ်သေးသလဲ"

"မလုပ်ဘူးပါဘူးမမ"

"တွန်း...ဒီလိုဆို ငါတို့ မောရအုံးမှာပေါ့...လုပ်ဖူးလုပ်စရှိမှ အလုပ်ကိုနားလည်တာ၊ အစိမ်းအရိုင်းဆို အလုပ်ဆိုတာဖယ်ထား အထိုင်အထကစပြီး သွန်သင်နေရတာနဲ့ တယ်လက်ဝင်တယ်ဒေါ်ပုရဲ့...."

ဆွေဆွေနှင်း၏ မှာရေကြောရေ အလိုမကျသံကြောင့် မစိန်ကီးခမြာ မျက်နှာကလေး ဇီးရွက်ခန့် ငယ်သွားရှာပါသည်။

"ဟိုတခေါက်တုံးက သူများအိမ်လုပ်ဘူးကိုင်ဘူး အနေကြာတဲ့ ကောင်မတွေဟာ လယ်တယ် ရှုတ်တယ် လုပါးဝတယ်လို့အမပြောဘူးလို့ တမင် လူသစ်တွေ ရွေးခေါ်လာရတာပါမမ့ ကောင်မလေးတွေဟာ၊ လူသန့်ချည်းပါ"

ဒေါ်ပုကလည်း အားကျမခံ သူ့ပန်းများကို ဂုဏ်တင်လိုက်ပါသည်။

"အေးလေ....ထားပါတော့၊ ဒါပေမဲ့ ဒီမှာလာပြီး တောနေ တောထိုင် တောပြောပြောလို့တော့၊ မဖြစ်ဘူးနော် ရှင့်ကောင်မလေးကို ရှင်လဲ နဲနဲပါးပါး ပြောခဲ့အုံး"

"စိတ်ချပါအမရယ် ကျွန်မဒါတွေနားသွင်းပြီးသား ကိုယ့်အိမ်ရောက်တော့လဲ အမစိတ်ရှိ ဆုံးမ နိုင်တာဘဲ၊ ပြောမရပါးချပါ"



ထိုသို့ဆွေဆွေနှင်း ဒေါ်ပုနှင့် မစိန်ကီးတို့ စကားတွေလှတ်ပြောဆိုနေခိုက် အိမ်ရှေ့လမ်းမဆီမှ တဖုံးဖုံး တဝှမ်းဝှမ်းအသံတို့က တလစပ်ပေါ်ထွက်လာသည်နှင့်အတူ အုတ်လှေခါးတွင်ထိုင်နေသော မိန်းကလေးများအနက် အငယ်ဆုံးဖြစ်သူအသက်ဆယ်နှစ်ဝန်းကျင်လောက်သာ ရှိဦးမည့် ကလေးမတယောက်က တိုက်တွင်းသို့ အူယားဖါးယား ပြေးဝင်လာကာ ကြောက်အား လန့်အားဖြင့် ဒေါ်ပုကို ဖက်ထားလိုက်လေသည်။ အားလုံးမျက်ခုံများက လမ်းမကို မျှော်ကြည့်လိုက်လျှင် စက်ပျက်နေဟန်တူသော ကားတစီးနှင့်အတူဆီချေးအပေသားနှင့်လူနှစ်ဦးက ကားကိုနောက်မှတွန်းလျက် လူတဦးက စတီယာရင်ကိုထိန်းလျက်သား တွေ့မြင်ကြရပါသည်။ ဤအခါမှဒေါ်ပုသည် ဖက်တွယ်ထားသော ကလေးမကို ခပ်ကြမ်းကြမ်းတွန်းထုတ်လျက် တတွတ်တွတ် မြည်တွန်နေဟန်ရှိသည်။ တို့အခါ ကျန်မိန်းကလေးများက တဝါးဝါးတဟားဟား သဘောကျသွားလေ၏။ ဒေါ်ပုက ထပ်မံ၍ တစုံတခုပြောလိုက်လျှင် အားလုံး မီးကိုရေနှင့်ဖျန်းသည့်နှယ်ငြိမ်သက်သွားလေသည်။ ကလေးမလေးကမူ မျက်နှာသေကလေးနှင့်ပင် ဒေါ်ပုအနီးမှာ ကုတ်ကုတ်လေးထိုင်ချလိုက်ပါ၏။ "ဒါ...ရန်ကုန်ဟဲ့ ဘယ်ကသာသူပုန်ရှိပါ့မလဲ ကားစက်သံကိုသေနတ်သံမှတ်လို့တဲ့ခလေ့"

ဒေါ်ပုက ကလေးမကိုတလှည့် ဆွေဆွေနှင်းကိုတလှည့် ကြည့်ကာ ပြောလိုက်လေသည်။

"သူတို့ရွာမှာသူပုန်ရှိလို့ဘင်ပါရဲ့ဒေါ်ပု" ဆွေက ကလေးမကို မျက်မှောင်တွန့်၍ကြည့်ရင်း ဒေါ်ပုအား မေးမြန်းလိုက်လေသည်။ "ဟုတ်တယ်အမ....တခါတခါဒီလိုဘဲ ပစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

ခတ်ကြ....ရှိုးနေပြီဟာလေ၊ ဒီကောင်မလေး....ကြောက်ကို ကြောက်တတ်လို့ပါ"

ဒေါ်ပုက ကလေးမအား တစ်စုံတရာပြောဆိုနေလိုက်ပြန်သည်။ ပြီးနောက် ဆွေဆွေနှင်းအား မော့ကြည့်လျက်....

"ဒီကောင်မလေးက မိဖမရှိ ခိုကိုးရာမဲ့ပေါ့အမ....၊ အင်တာနက်လိမ်ခံတဲ့ကလေး၊ သနားလို့အလုပ်ရှာပေးဖို့ခေါ်ခဲ့တာ၊ အဒေလေးတွေနဲ့ အဖေါ်ရအောင်....သူ့ကိုယူပါအုံးလား...."

ဆွေက နှာခေါင်းရှုံ့လျက်အဖြေပေးလိုက်ပါသည်။

"ကလေးတွေအတွက်နာနီရှိနေပြီဘဲ၊တော်ပါပြီ....ဒေါ်ပုရယ်၊ ကျွန်မယောကျ်ားရှာလို့ရသမျှသူတို့ကို လခအပ်နေရတာနဲ့ တူနေပြီ...."

"မဟုတ်ဘူးလေ....အမ၊လခပေးဖို့မလိုပါဘူး၊ထမင်းကျွေး အဝတ်ဆင် အဲ....အဲ....သူ့အတွက်လမ်းစရိတ်ကလေး ကျွန်မကို ပေးရင်တော်ပါပြီ"

ရှောင်းမည့်သူက တထစ်လျှော့ပေးလာပြီမို့ ဆွေက စျေးကိုင်ထားလိုက်ပါသည်။

"တော်ပါတော့ဒေါ်ပုရယ်၊ရှင့်ဟာမလေးလက်မ လောက် မခိုင်းလောက် မစေလောက်နဲ့ ဆန်အပိုကုန်မခံနိုင်ပါဘူး"

ဒေါ်ပုသည် မြှော်လင့်ချက် မကုန်သေးသော မျက်နှာဖြင့် ကလေးမအား တချက်ကြည့်လိုက်ပြီး

"သူ့ဘမင်းအိုးတလုံး ကောင်းကောင်း ချက်တတ်တာဘဲ.... ခိုင်းလောက်ပါပြီ....အမရဲ့၊ အင်မတန်ဖင်ပေါ့တဲ့ကလေးပါ"

"ထပ်....သရီး...."

ဆွေဆွေနှင်းက ရွဲ့ရွဲ့မဲ့မဲ့ မျက်နှာကို လွှဲလိုက်လေသည်။ အားလုံးမျက်စေ့များသည် ဆန်ပင်နီနှင့် ဂျီးရှစ်ထပ်ထူသော



ထိုကလေးမကို စူးစိုက်သွားကြလေသည်။ ထိုအခါမှ ကလေးမသည် ဒူးကိုပိုရှုံ့ကြိုကာ ခေါင်းကလေး ငုံ့နေရှာလေသည်။ ဒေါ်ပုမကမူ ကလေးမအား မျက်စောင်းတချက်ချေကြည့်လိုက်ပြီး ဆွေဆွေနှင်းအား နောက်ထပ်ဆွဲဆောင်ရန် ကြိုးစားလိုက်ပြန်လေသည်။

"ကောင်မလေးက တကောင်ကြွက်၊ အဒေါ်တယောက်ရှိတာကလဲ မကျွေးမွေးနိုင်တော့ဘူးဆိုလို့ သနားလဲသနား.... ကျွန်မအတွက် လမ်းစဲရိတ်ခုမလားလို့ ဆွဲခဲ့မိတာပါအမရယ် ဒီကျမှ သူဘယ်သူ့အိမ်မှ မနေဝံ့ပါဘူးလုပ်နေလို့ ဆွဲခဲ့မိတာ အမရယ်၊ အခု မင်းနဲ့ကိုးနဲ့တွဲထားရရင် ကောင်းမလားလို့ အမကို မေးကြည့်တာပါ၊ကျွန်မလက်ထဲ သောင်တင်နေမှာလဲ စိုးတယ်၊ နှစ်ဆယ်အစိတ်ရရင် တော်ပါပြီ မွေးစားချင်တဲ့လူရှိရင် ပေးချင်တယ်"

ဆွေဆွေနှင်းက အားရပါးရရယ်ပင်လိုက်၏။

"သူ့ကမနေဝံ့ဘာလား ခေါ်ချင်တဲ့လူမရှိတာလားဒေါ်ပုရဲ့အဟင်း....မွေးစားတယ်ဆိုကတည်းက ခိုင်းဖို့ရှင့်၊ ရှင့်မှာလဲ လုပ်သက်ရလှပြီ ဒီကောင့်မလေး ခေါ်လာတာအံ့တယ်"

ကလေးမကမူ သူ့အကြောင်းပြောနေသည်ကို နားမလည်သည့်အလား ဆွေဆွေနှင်း၏ရင်ပတ်မှ တလက်လက်တောက်နေသော စိန်လော့ကက်ကလေးကို ငေးနေလေ၏။ ဒေါ်ပုကမူ မိန်းကလေးများကို တစုံတရာ ပြောဆိုလိုက်သည်နှင့် အားလုံးပြန်ကြရန် ဟန်ပြင်ကြလေသည်။မစိန်ကြီးတယောက်ကိုမူ ဆွေဆွေနှင်းက ဒေါ်မယ်ခအားခေါ်လျက် နေရာချထားရန် အမိန့်ပေးလိုက်လေသည်။

"နေပါအုံးဆွေဆွေရဲ့ ဒေါ်ပုကဘယ်ကလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ဒေါ်မယ်ခလာချပေးခဲ့သည့် မုံလင်းပန်းကို နှိုက်ဖို့သတိမရသေးဘဲ ဒေါ်ပုတို့ထွက်သွားသည်နှင့် ဒေါ်ပု အကြောင်း မေးကြည့်မိလေသည်။

"မော်လမြိုင်တောဖက်ကလို့ ပြောတာဘဲ .... သက်ရဲ့ ၁၄ နှစ် သမီးကစပြီး မော်လမြိုင်တို့မှာ ရန်ကုန်တို့ အိမ်စေလုပ်လာတဲ့အဖွားကြီးပေါ့၊ ရန်ကုန်မှာ ဘဝတူဒရိုင်ဘာတဦးနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်မှာဘဲ အခြေစိုက်နေတာဆိုဘဲလေ။ အခုတော့ အိမ်စေမလုပ်တော့ဘူး၊ ရွာကိုပြန် ငပိခြောက်လေး သယ်လာ ရောင်းလိုက်ဝယ်လိုက် အလုပ်လုပ်ချင်တဲ့ ကောင်မလေးတွေခေါ်လာ နေရာချထား မပျော်တဲ့ ကောင်းမလေးတွေ ရွာပြန်ပို့တန်ပို့ ဟိုအိမ် ဒီအိမ် သူကဘဲ အပြောင်းအရွှေ့ လုပ်ပေးတာပေါ့"

"ဟုတ်လား ဒါဖြင့် ဒေါ်ပုက လူပွဲစားကြီးပေါ့"

ဆွေဆွေနှင်းသည် ကျွန်မအမေးကို မှတ်တရက်တော့.... ကြောင်သွားရှာပါသည်။ ပြီးမှ အဓိပ္ပာယ်ပေါက်သွားပြီး တဖြည်းဖြည်း ပြုံးလာလေ၏။

"အင်း....အင်း....မင်းပြောသလို လူပွဲစားဆို မမှားဘူးပေါ့ကွာ၊ မိန်းကလေးတဥယောက်နေရာချထားပေးရင် အိမ်ရှင်ဆီက ခရီးစရိတ်ဆိုပြီး တောင်းလေ့ရှိတယ်၊ တကယ်တော့ပွဲခပါဘဲ၊ အဲဒီပွဲခကလဲ မိန်းကလေးရဲ့ လခပေါ်မူတည်တယ်။ မိန်းကလေးရဲ့လခဟာ လေးဆယ်ဆိုရင် ခရီးစရိတ် တနည်း ပွဲခပေါ့လေ အဲဒါကလဲလေးဆယ်ဘဲ....သက်ရဲ၊ ဒါပေမဲ့ မူသေတော့ မဟုတ်ဘူးပေါ့ အခြေအနေအရ ဒီပွဲခဟာ လျော့ချင်လျော့မယ် တိုးချင်လဲတိုးမှာဘဲလေ၊ ဒါက ဒေါ်ပုသဘောကိုးကွဲ့"



"ဟဲ့....တယ်လဲခေါင်းပုံဖြတ်ပါလား၊ ဒါအိမ်ရှင်ဖက်ကဘဲ ရှိသေးတာ....ကောင်မလေးတွေဆီက ဘယ်လောက် လှီးသေးသလဲမသိဘူးနော်"

"အေးပေါ့ ဒါကြောင့်ဒေါ်ပုကြည့်ပါလား....ရန်ကုန်မှာ နေပေမဲ့ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့လေ"

"အင်း....ဟုတ်ပါရဲ့ဆွေဆွေရယ်"

ဆွေဆွေနှင်းသည် ကော်ဖီပန်းကန်နှင့် အဆော့တက်ကိတ် ပန်းကန်များကို ကျွန်မဘက်သို့ တိုးရွှေ့ပေးလိုက်လေသည်။

"သောက်အုံး....သက်ရဲ၊ အေးကုန်တော့မယ်၊ ရော့မုံ့လဲ စားအုံး"

ကျွန်မကဆွေကမ်းပေးသည့်ကော်ဖီပန်းကန်ကိုအလိုက်သင့် လှမ်းယူလိုက်ရပါ၏။ ဆွေဆွေနှင်းကိုယ်တိုင်ကလည်း ကော်ဖီကို တင့်ချင်း ခပ်ဖြည်းဖြည်းငုံ၍ သောက်နေလိုက်လေသည်။

"ခေါင်းပုံဖြတ်တာချည်းလဲအဆိုးမဆိုနဲ့ သက်ရဲ့....သူတို့ အလုပ်ကလဲ လွယ်ကူတဲ့ အလုပ်မဟုတ်ဘူးလေ၊ တောက ရောက်ရောက်ချင်း အလုပ်ရရင်ရ မရခင်စပ်ကြား နေမှုစားမှုတာဝန်က သူ့တာဝန်....ဟော....အလုပ်ရပြန်တော့လဲ တအိမ်မှာ မပျော်ပါဘူးဆိုပြီး သူ့ဆီသောင်တင်နေတဲ့ မိန်းကလေးဆိုလဲ သူ့တာဝန်မဟုတ်လား၊ ပြီးတော့ မလိမ်မာတဲ့အိမ်ဖေါ် မရိုးသားတဲ့အိမ်ဖေါ်များနဲ့ ကြုံတွေ့ကြရင် ဆွေတို့ အိမ်ရှင်တွေကလဲ ဒေါ်ပုကိုဘဲ ခေါင်းတပ်ကြတာမဟုတ်လားကွဲ့.... ဟော....မသမာတဲ့အိမ်ရှင်မျိုးနဲ့တွေ့လို့ ဗိုက်ပြဿနာပေါ်လာပြီး သူ့ဆီရောက်လာတဲ့မိန်းကလေးဆိုရင်ကော သူမျက်နှာလွှဲနေလို့ရမလား...."



www.burmeseclassic.com

www.burmeseclassic.com

"ဟောင်မယ်….ဆွေဆွေကတော့ ဒေါ်ပုဖက်က ရှေ့နေလိုက်နေပါလား၊ ဟင်….ဆွေဆွေ"

ကျွန်မအပြောကြောင့် ဆွေဆွေနှင်းက မျက်နှာကလေး ပန်းနုရောင်သန်းသည်အထိ ဖြစ်သွားရှာလေသည်။ ပြီးမှ အိန္ဒြေဆည်လိုက်ကာ "မဟုတ်ပါဘူးသက်ရဲ့….ဆွေဆွေက သူ့အလုပ်မလွယ်ကူကြောင်း ပြောပြတာပါ"

"ဒီမှာဆွေဆွေ အလုပ်ဆိုရင်တော့ ဘယ်အလုပ်မှမလွယ်လှပါဘူးကွ၊ အဲ….မလွယ်တဲ့အလုပ်တွေထဲမှာ ဒေါ်ပုလို ချေးသံမထွက်ရဘဲ ပါးစပ်နဲ့စားနေတဲ့အလုပ်က မစိန်ကီးတို့ ဒေါ်မယ်ခကြီးတို့ ပင်ပင်ပန်းပန်း အလုပ်လုပ်ရသူတွေအပေါ်ရော ဆွေဆွေတို့လို လူတွေအပေါ်ရော နှစ်ဖက်ခေါင်းပုံဖြတ်တဲ့ အလုပ်မို့ မသတ္တိစရာအကောင်းဆုံးအလုပ်ပါ၊ ဆွေဆွေရာ…. ဒါလောက် ခေါင်းပုံဖြတ်ထားမှတော့ ဒါလောက် တာဝန်တော့ သူယူရမှာပေါ့၊ အဲ….ဒီတာဝန်မှမယူချင်ဘဲ ဖြစ်သလို မျက်နှာလွှဲထားမယ်ဆိုလဲ အားကိုးစရာ မြို့ခံအသိနည်းပါးတဲ့ ဒီမိန်းကလေးတွေရဲ့ဘဝကို ဆွေဆွေစဉ်းစားကြည့်လေ ကိုယ်တော့မထင်ပေါင်၊ ဒီအလုပ်လုပ်တယ်ဆိုကတည်းက အသည်းနှလုံးမရှိတဲ့လူမို့ လုနိုင်တာ ရက်စက်တဲ့သတ္တိလဲလိုတယ်၊ ခေါ်လာထဲ့ရှာက သူ့အပေါ်ယုံကြည်ကိုးစားမှုရှိအောင် အစွမ်းပြထားနိုင်တဲ့ နှုတ်မှုပညာ….အဲ….အဲ….ညာတတ် ဖြီးတတ်တဲ့ ပညာပေါ့ကွာ….အဲဒါလဲလိုတယ်၊ လူလည်တွေရဲ့ အလုပ်ပါ ဆွေဆွေရယ်၊ ဒေါ်ပုကြည့်ရတာ မြို့ရည်ဝပြီး တော်တော်ပါးနပ်တဲ့ မိန်းမကြီးနဲ့တူပါတယ်…."

ဆွေဆွေနှင်းက ကျွန်မ၏စကားကို ခေါင်းတညိတ်ညိတ်လုပ်နေလေသည်။



"အင်း….ဟုတ်တယ်သက်ရဲ့ အေးလေ ဆွေဆွေတို့လို လူမျိုးတွေအပေါ် ကတုံးပေါ်ထိပ်ကွက်စားနိုင်တာကြည့်မှပေါ့ ဒီလိုလူတွေလည်လှီးတာကျမှ ဆွေဆွေတို့ ခံရတော့တာမဟုတ်လား ဟား….ဟား…."

ဆွေဆွေနှင်းက အရွှန်းဖေါက်လျက် တသိမ့်သိမ့်ခါမျှ ရယ်မောလိုက်ပြီးမှ

"ဆွေဆွေလဲ သူငယ်ချင်းအရာရှိကတော် တယောက်ကတဆင့် ဒေါ်ပုနဲ့ဆက်သွယ်မိကြတာ ကြာပြီလေ၊ ဆွေဆွေအနေနဲ့ အိမ်ဖေါ်မရှိမဖြစ်ဘူး၊ ဒီတော့ ဒေါ်ပုကို လက်ကိုင်ထားရတာဘဲ၊ သူတောင်းတဲ့ခရီးစရိတ်လဲ ပွဲခမှန်းသိပေမဲ့ ခပ်မြှက်မြှက်ကလေး ပေးရတယ်၊ အခြားအိမ်ဖေါ်လိုချင်တဲ့ မိတ်ဆွေများနဲ့လဲ ဆက်ပေးထားရတယ်၊ ဒီလို အလှမ်းသင့်အောင် ပေါင်းထားတော့ ပိုက်ဆံပေးရတာချင်း တူပေမဲ့ အလုပ်ကောင်းတဲ့လူ ရိုးရိုးသားသားလူ ကြာရှည်နေမဲ့လူကို ထားပေးတာပေါ့…မရွှေသက်ရဲ့၊သူလုညီတာရှုတ်တာအသည်းနှလုံးမရှိတာ သူ့ဟာသူတာကထားလား၊ ကိုယ်အလိုရှိတာက အိမ်ဖေါ်ကောင်းကောင်းရရင် ပြီးတာဘဲမဟုတ်လား၊ ဒါဘဲပေါ့ ပြီးရောပေါ့"

ဆွေဆွေနှင်းကား ခပ်ပေါ့ပေါ့ပင် ရယ်သွမ်းသွေးနိုင်အားရှိ၏။ ဒေါ်ပုအကြောင်း ဤတွင်စကားဖြတ်ပြီးနောက် ဆွေဆွေနှင်းသည် နောက်ဆုံးပေါ် ဗရိုကိတ်အကြောင်း သူ့ခင်ပွန်းဦးမျိုးလတ် ဟောင်ကောင်သွားစဉ်က ဝယ်လာသော ဗရာဇီယာ ဂျပန်ကဝယ်လာသော ပုလဲပုတီး နှင့်ခြိမ်းနို အကြောင်း ရောက်တတ်ရာရာ စကားပြောလိုက်သည်မှာ နေ့လယ်တနာရီခွဲသည်အထိ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း....ဆွေဆွေ၊နောက်တခေါက်တွေ့တော့တခါပြောရအောင်ထင်းပြောချင်တာတွေ စုထားလိုက်ပါအုံးကွယ်....ဟုတ်ဘာ အတွေးနာရှိခဲ့နေပြီကွဲ ကိုယ့်ကို ပြန်ပို့ပေးပါတော့နော်"

အပြောလိုရာများကို မမောတန်း ပြောပြီးသွားသည့်တိုင် ဆွေဆွေနှင်းက ကျွန်မပြန်တော့မည်ကိုမလိုလား။

"ကွယ်....သက်ကလဲ ခုမှတနာရီဘဲခွဲသေးတာ ကျောင်းကသုံးနာရီမှ လွှတ်တာဘဲမဟုတ်လားလို့။

"အော်....ဆွေဆွေကလဲ ခက်နေပါပြီ၊ကိုယ်ရေမိုး ချိုးချင်သေးတယ်....အိမ်မှာ ဒေါ်ကြီးနဲ့ ကလေးငယ်နဲ့ ဘယ်ပုံဖြစ်နေပြီလဲမသိနိုင်ဘူး....ဆွေဆွေရဲ့၊ဘတ်စကားစောင့်ရတာကကိုနာရီဝက်လောက်ကြာတာ ကိုယ်ပြန်မှ်ဖြစ်မယ်လေ"

ကျွန်မ လောဆော်သဖြင့် ထိုအခါမှ ဆွေဆွေနှင်းက ကျွန်မကို အိမ်ပြန်ပို့ပေးပါလေသည်။

"ဆွေဆွေလဲ သားတို့ကို ကျောင်းကြိုဖို့ရှိတယ်။ ဒါပေမဲ့ ခုမှနှစ်နာရီတောင်မထိုးသေးတော့ အချိန်စေ့အောင် ဘယ်လိုလုပ်ရပါ့.... စကော့ တပတ်လောက် လျှောက်လိုက်ရင်တော့ အတော်ဘဲ၊ ဒန်စာမှာ ဆွေ ဗရာစီယာတွေ အပ်ထားတာလဲ ရ မရ မေးရင်း ...."

ဆွေဆွေနှင်းက သူ၏လက်မှ နာရီလေးကို မြှောက်ကြည့်ရင်း တကိုယ်တည်း စကားပြောနေသေးသည်။ ဆွေဆွေနှင်းသည် ကျွန်မတို့အိမ်ထဲသို့ မဝင်တော့ဘဲ ကားကို ဆက်လက်မောင်းထွက် သွားသည်။ ကျွန်မ အိမ်ကို ပြန်ရောက်သည်ဆိုသည်နှင့် ဒေါ်ကြီးနှင့်သမီးငယ်က ဝမ်းသာစွာ ဆီးကြိုကြရှာလေသည်။

"သမီးငိုနေသေးလား ဒေါ်ကြီး ဟင်...."



"မငိုပါဘူးကွယ်....ငါ့မြေးကလိမ်မာရှာပါတယ်၊နို့ထမင်းတောင်ကျွေးပြီးသွားပြီလေ...."

"တော်သေးရဲ့ ဒေါ်ကြီးရယ်၊ကျွန်မဖြင့် သမီးနိုးပြီး ငိုနေပြီလား.... ဒေါ်ကြီးနဲ့ ဖြစ်မှဖြစ်ပါ့မလားလို့ ဆွေဆွေပြောတာတွေ နားသာထောင်နေရတယ် ဖင်တကြွကြွဘဲ ဒေါ်ကြီးရေ...."

"နို့....ဆွေဆွေက ဘာတွေများ အရေးတကြီး တိုင်ပင်တာလဲ သက်သက်ရဲ့"

"ဟာ....ဒေါ်ကြီးရယ်၊ ဘာမှ အရေးတကြီးကိစ္စလဲ မပါဘူး၊ လင်အကြောင်း သားအကြောင်း ဘရိုကိတ်အကြောင်းနှုတ်ခမ်းနီအကြောင်း ဒါပါဘဲ"

"သိပေါ်အေ .... ဖုတ်အတင်း ကားနဲ့တင်ခေါ်သွားလို့ငါ့ ဘာများအရေးတကြီးကိစ္စ ပြောစရာရှိသလဲလို့"

ဒေါ်ကြီးက သူ့ဟာသူ သဘောကျစွာ ရယ်နေလိုက်ပြန်သည်။ ကျွန်မမှာကား အိမ်ကိုပြန်ရောက်သည် ဆိုသည်နှင့်ကြာကြာအချိန်မဖြုန်းနိုင်၊ကဗျာကယာ ရေမိုးချိုးအဝတ်အစားတက်သုတ်ရိုက် လဲကာ ကလေးငယ်ကိုပါ သန့်စင်ပေးခဲ့ပြီးကျောင်းကို အပြေးအလွှား သွားကြိုရပါသည်။ ဤမျှ အမြန်ဆုံး လုပ်ကိုင်ပါလျက်ပင်ဘတ်စကား လူကြပ်ခနေသောကြောင့်တစီးပြီးတစီးစောင့်နေရရာ ကျောင်းကိုရောက်လျှင် ကျောင်းလွှတ်ပြီး ဖြစ်နေပါပြီ။ ကျောင်းကဲ ပြန်ရောက်လျှင်လည်းအမော မဖြေအားသေး၊ ဆာလောင်လာကြပြီ ဖြစ်သောကလေးများကို မုံ့ပဲ သွားရည်စာကျွေးရ ရေမိုးချိုးပေးရန်ညနေစာအတွက် ချက်ပြုတ်ရန် တောက်လျှောက် မီးဖိုချောင်ဝင်ရတော့သည်။ အလုပ်နှင့် လက် မပြတ်တမ်း လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com

ဆွေဆွေနှင်း၏ ရယ်သံမောသံ ဒေါ်ပု၏ စကားသံတို့ကလည်း ကျွန်မနားဝမှာ ကြားယောင်နေပါသည်။ အလုပ် တာဝန် ပြီးစီး၍ ညအိပ်ရာဝင်သည့်တိုင် ချေးရှစ်သစ်ထူသော ကလေးမ၏ ရုပ်ကလေးက ကျွန်မအာရုံတွင် ဖျောက်မရအောင် ဖြစ်နေမိပါသည်။ ကျွန်မ၏ သမီးကလေးများ မိဖ ရင်ခွင်ဖြင့် မပူမပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ နေချိန် ခိုကိုးရာမဲ့ နေသော ထိုကလေးမကား အမှောင်ထဲဝယ် ငိုရှိုက် နေမည်လား....။ နာနီတို့ အာယားတို့ ထမင်းချက်တို့ တလတလေ မျှဝင် အပြတ်အလတ် မခံနိုင်သော ဆွေဆွေနှင်းလို အထက်တန်းလွှာများကြောင့် ဒေါ်ပုကဲ့သို့ လူပွဲစားများ ပေါ်ပေါက်လာရ လေသလား။ သူဌေးမလေး ဆွေဆွေနှင်းသည် သုံးရာတန် လက်ကိုင်အိတ် ဝယ်ကိုင်ရန် မနှမြောသော်လည်း ခိုကိုးရာမဲ့သော ကလေးမအတွက် မခိုင်းရမစေရဘဲ ထမင်း အလကားကျွေးရမည်ကိုမူ တွန့်တိုတတ်ပါလား။ ဆွေဆွေနှင်း၏ အိမ်တွင် တခဏ ကြုံတွေ့ခဲ့ရသည့် မြင်ကွင်းက ကျွန်မအား အတွေးချှာချာလည်စေပါတော့သည်။



## သုံး

"ဟေး....လှသွားပြီကွ"

နီတာလံသောဆံပင်ကို ဘီးဖြင့် သပ်ကာ ညီညာအောင် ကပ်ကျေးဖြင့် တိပေးလိုက်လျှင် ကျွန်မ၏ဘေးမှ ဝိုင်းဝန်းကြည့်ရှုနေကြသော ပရိသတ်က အားပါးတရ လက်ခုပ်တီး သြဘာပေးကြလေသည်။ ကျွန်မ၏ ပရိသတ်များ ဖြစ်သော သမီးကြီး ဥမ္မာ သမီးလတ် သီတာနှင့် သမီးအငယ် နီလာတို့ ဝမ်းသာပျော်မြူးနေသလောက် မကျေနပ်သော မျက်နှာနှင့် မဲ့ရှုံ့နေသူကား ကျွန်မတို့အိမ် စားဖိုမှူးကြီး ကျွန်မ၏အဒေါ် အရင်း ဒေါ်မြမြ ဖြစ်ပါ၏။

"အိမ်က ကိုယ့်ကလေးသုံးကောင်တောင်မနိုင်နိုင်ရတဲ့အထဲ ဒီဟာမလေးခေါ်ထားဖို့များ ညည်းမို့စိတ်ကူးရပလေ၊ ညည်း လင်မောင်ထွန်းနိုင်ကလဲ ညည်းနဲ့တကြိတ်ထဲ တညာဏ်ထဲပေါ့"

ကျွန်မသည် ဒေါ်ကြီးအား မည်သို့မျှ စကားမပြန်။ ကျွန်မစိတ်ကူးနှင့် ကျွန်မဖြစ်၏။ ခင်ပွန်းဖြစ်သူ ကိုနိုင်အား တိုင်ပင်လျက် ဆွေဆွေနှင်းနှင့် အဆက်အသွယ်ပြုကာ ခေါ်ခဲ့ပြီဖြစ်သော ဒေါ်ပု၏ ရောင်းမစွံပန်းကလေးကို အမွှမ်းတင်

www.burmeseclassic.com

www.burmeseclassic.com

ရန်အတွက် ရေချိုးခန်းသို့ သွင်းလာခဲ့သည်။ သန်းဦးနှင့်သန်းများ တရှူရှူပြေးနေသော သူမ၏ခေါင်းကို ကိုယ်တိုင်လျှော်ပြီး သီးစိတ်တိုက်၍ တကိုယ်လုံးချေးတွန်းကာ ရေချိုးပေးရင်း ပါးစပ်မှလည်း တဘွတ်ဘွတ် သွန်သင်ရပါ၏။

"မနက်အိပ်ရာထရင် သွားတိုက် မျက်နှာသစ် အိပ်ရာသိမ်းရတယ်....။ နေ့စဉ်ရေချိုးတိုင်း ချေး(ကျီး)တွေစင်အောင် ဟောဒီလိုဆပ်ပြာနဲ့ တိုက်ရတယ်။ ဒါမှသန့်ရှင်းပြီး ကျန်းမာတယ်၊ လူလဲလှလာတာပေါ့"

သူကလေးကမူ ခေါင်းကိုသာ တွင်တွင်ညိတ်ပြသည်။ ရေချိုးပြီး၍ အဝတ်စားသင့်တင့်ရာလေးများ လဲလှယ်ပေးလိုက်လျှင် သူ၏မျက်နှာမှအပြုံးရိပ်ကလေးများကို မြင်တွေ့ရပါ၏။ သနပ်ခါးလူးပြီးနောက် ကျွန်မသမီးများနှင့် ကစားဖို့ခွင့်ပြုလိုက်သောအခါ ပျော်ရွှင်မြူးတူးစွာ ထွက်သွားပါသည်။ ဤတွင်မှဒေါ်ကြီးလည်း ကျွန်မ့နားမှာ အားပါးတရထိုင်ရင်း စကားဆိုလေတော့သည်။

"နေစမ်းပါအုံး မိသက်ရဲ့၊ မခိုင်းလောက်မစေလောက် ဒီဟာမလေးကို ဘာစိတ်တူးနဲ့ခေါ်လာတာလဲ ဆိုစမ်းပါအုံး"

"အို....ဒေါ်ကြီးရယ်၊ ခိုင်းဖို့စေဖို့ ခေါ်လာတာမှ မဟုတ်ဘဲ"

"ဘာ....အလှကြည့်ဖို့လား"

"လုပ်ပြီ ဒေါ်ကြီးကဖြင့် ကောင်မကလေးက မိဖမဲ့ အမေဆိုတာ မီးတွင်းက ဆုံးသွားတာနဲ့ မြင်တောင်မမြင်ဘူးဘူးတဲ့၊အဖေကလဲ သူနှစ်နှစ်သမီးလောက်က ထင်းခုတ်ရင်း ငုတ်စူးတဲ့ဒဏ်နဲ့ဆုံးပါးခဲ့တာဆိုဘဲ၊ဘယ်လောက်အသည်းနာဘို့ ကောင်းသလဲ အားကိုးအားထားရယ်လို့ အဒေါ်ဝမ်းကွဲ



တယောက်ရှိတာကလဲ ဆင်းတောင့်ဆင်းရဲ မကျွေးမမွေးနိုင်လို့ ဒေါ်ပုဆိုတဲ့အဖွားကြီးက ရန်ကုန်ခေါ်လာတာ၊သနားစရာပါ ဒေါ်ကြီးရယ်၊ကျွန်မသူ့ကိုမွေးစားပြီး ပညာသင်ပေးမလို့"

"အမယ် ညည်းကများ မွေးစားအုံးမလို့၊ အဟင်း သားသမီးက နည်းပါးရှာသကိုးတော့"

"ခက်လိုက်တာ ဒေါ်ကြီးကလဲ"

"အေး....ဒီထက်ခက်မှာစိုးလို့ ငါကပြောရတာအေ့ လူပွဲစားတွေက ရှုတ်ရှုတ်ရှက်ရှက်ရယ်၊ ကောင်မကလေးကြည့်ရတာ ခုမှရောက်ခါရှိသေး တိုဝင်ဒီထွက်နဲ့ ရဲတင်းလိုက်တာ၊ ငါတော့ကြည့်မရပေါင်"

"ဒါတော့ ခုမှရောက်စဆိုတော့ အနေအထိုင်အပြုအမူ မယဉ်ကျေးသေးဘူးပေါ့ဒေါ်ကြီးရဲ့၊ နောက်တော့ဒေါ်ကြီး ကြည့်သေးတာပေါ့"

ဒေါ်ကြီးက သက်ပြင်းရှည်ကြီးကိုမှုတ်ထုတ်၍ မဆုံးတတ်သေးမီ

"မေမေရေ ဟို....ဟိုကောင်မလေးက ပြောလို့မရဘူး၊ ရေဒီယိုကို လျှောက်လှည့်ဖွင့်နေတယ်၊ ဓါတ်ကြိုးကိုလဲကိုင်နေတယ်"

"ဟုတ်တယ်မေမေ နင့်အမေကို ငါမကြောက်ဘူးတဲ့ သမီးတို့ကိုလဲ အညစ်အပတ်တွေဆဲတယ်"

အိမ်ရှေ့မှ တိုင်တောသံများ ဆီကနဲညံလာသဖြင့် ဒေါ်ကြီး၏ မျက်စောင်းကို မမြင်ရမီ ကျွန်မအပြေးထွက်ခဲ့ရပါတော့သည်။ ကျွန်မကိုမြင်သောအခါ သူသည် ပြူးကြောင်ကြောင်ကလေး ကြည့်နေ၏။

"မူချိ....လာအုံးခဏ"



www.burmeseclassic.com

www.burmeseclassic.com

သူမသည် ထိုင်ရာမှမထ ထုံပေပေပင် ကြည့်လျက်ရှိ၏။ ကျွန်မ၏စိတ်ထဲဝယ် အနည်းငယ် စနိုးစနောင့် ဖြစ်သွားရပါသည်။

"မှူချို...မမခေါ်နေတာကြားရဲ့လား"

ဒုတိယမ္ပိခေါ်သော်လည်း မလှုပ်သေး၊ ကျွန်မသည် ကျွန်မလက်ထဲတွင် အမှတ်မထင်ပါလာခဲ့သော သနပ်ခါးတုံးကို သတိရလာ၏။ သူ့ကိုရိုက်လိမ့်မည်အထင်နှင့် စိုးရွံ့နေသည်လား မပြောတတ်။ ထို့ကြောင့် ကျွန်မက သနပ်ခါးတုံးကို သမီးကြီးဥမ္မာအား အသိမ်းခိုင်းလိုက်ပြီး သူ့ပုခုံးကို ယုယုယယ ဖက်ထားလိုက်ပါသည်။

"လူကြီးခေါ်ရင် ချက်ချင်းလာရတယ်၊ နောက်မှတ်ထားနော် လာ, ထမမပြောမယ်"

သူကလေးသည် ကျွန်မမျက်နှာကို အထူးအဆန်းသဖွယ် မော့ကြည့်ရင်း ကျွန်မနှင့်အတူ ထလာခဲ့သည်။ ကျွန်မက ရေဒီယိုအနားမှာ ရပ်နေလိုက်၏။

"ရေဒီယိုကိုဆော့ရင် ပျက်သွားတတ်တယ်၊ ပျက်သွားရင် သီချင်းနားထောင်လို့ မရတော့ဘူးမှူချိုရဲ့...ပြင်ရင်လဲ ပိုက်ဆံအများကြီး ကုန်ရတယ်၊ နောက်ကို ရေဒီယို ရှောက်မလှည့်နဲ့နော်....ဟုတ်လား၊ ဖွင့်ချင်ရင် မမကိုပြော မမဖွင့်ပေးမယ်၊ နောက်တော့ မှူချိုလဲဖွင့်တတ်သွားမယ်....ဟုတ်လား၊ ပြီးတော့ မီးကြိုးတွေ မီးခလုပ်တွေလဲသွားမဆော့နဲ့ မကိုင်နဲ့၊ မတော်တဆ ဓါတ်လိုက်တတ်တယ်....ဓါတ်လိုက်တယ်ဆိုတာ သိရဲ့လား....ဟင်"

သူက ခေါင်းရမ်းပြပါသည်။ ကျွန်မသည် မလှမ်းမကမ်းရှိစာအုပ်စင်မှ ကျန်းမာရေးနည်းလမ်းညွှန် စာအုပ်



တအုပ်ကို ဆွဲယူလိုက်ကာ ထိုစာအုပ်ထဲတနေရာမှ လျှပ်စစ်အန္တရာယ်ဖြင့် ဓါတ်လိုက်သေဆုံးနေသောရုပ်ပုံကို မှူချိုအား လှန်လှောပြသလိုက်လေသည်။

"တွေ့လား....အဲဒါ ဓါတ်ကြိုးကိုင်လို့ ဓါတ်လိုက်သေနေတဲ့ပုံပေါ့....ဘယ်လောက်ကြောက်စရာကောင်းလဲဆိုရင် ဓါတ်လိုက်နေတုံးများ အဲဒီဓါတ်လိုက်နေတဲ့လူကိုတောင် သွားမကိုင်ရဘူး၊ ကိုင်ရင် ကိုင်တဲ့လူပါ ဓါတ်လိုက်တာဘဲ"

မှူချိုက ပြူးကြောင်ကြောင်ကလေးဖြစ်နေရှာလေသည်။

"ဟုတ်တယ် မတော်တဆဓါတ်လိုက်သေတာတွေ သတင်းစာထဲမှာ ဥမ္မာဖတ်ရတယ်"

"သိတာတို့အတန်းမှာ ဓါတ်လိုက်ခံရတဲ့ ကျောင်းသားတယောက်ရှိတယ်၊ သေတော့မသေဘူး၊ လက်ညှိုးနဲ့လက်မ ဖြတ်ပစ်လိုက်ရတယ်မေမေ....သိပ်သနားစရာကောင်းတာဘဲ၊ စာရေးရင် ဘယ်လက်နဲ့ရေးရတော့တယ်"

သမီးများကလည်း သူတို့အတွေ့အကြုံများကို ဝိုင်း၍ ပြောကြပါသည်။

"ကြောက်နေပြီလားမှူချို....ဟင် မကြောက်ပါနဲ့၊ မဆော့တဲ့ကလေးဟာ ဘာမှ မဖြစ်ပါဘူးကွဲ့....ကောင်းကောင်းနေ ရန်လဲမဖြစ်ကြနဲ့ ဆဲလဲမဆဲရဘူးနော်....ရှက်စရာကြီး"

ကျွန်မသည် ကလေးများစိတ်ပျော်ရွှင်သွားစေရန်အတွက် ရေဒီယိုခလုပ်ကို နှိပ်ဖွင့်လိုက်ရပါသည်။ ကလေးများ ငမ်းသာအားရ "ဟေး"ကနဲ အော်သံနှင့်အတူ စိန်ပါတီ၏ သီချင်းသံက သာယာငြိမ့်ညောင်းစွာပေါ်ထွက်လာလေသည်။

ကမ္ဘာမှာရှိတဲ့သူတွေ....စုံညီ၊ တရားသဘာဝနဲ့ မျှော်
ဆကာရည် သွားအဖတွေလဲ တော်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောင်မယှဉ်းသာပ မျှော်ဆကာရည်၊ မောင်အရင်း
နှမတွေလဲ တော်ခဲ့ကြပါသည်....၊ စိမ်းစိမ်း....ကား
ကား မနေကြနဲ့ ဘုရားဟောတာကိုယုံကြည်၊ ကမ္ဘာ
မြေရှိသမျှပင် အာဝေဏိကမေတ္တာတော်ကိုရည်။

ကလေးများနှင့်အတူ ကျွန်မလည်း သီချင်းသံမှာနစ်မျော သွားမိသည်။ စိန်ပါတီ၏ ဒို့ဆွေမျိုးသီချင်း ဖြစ်ပါလေ၏။ အဆိုက ပိုင်နိုင်ထိမိလှသည်။ ရေးစပ်သီကုံးသူ ဆရာရွှေတိုင်ညွန့်၏ စာသားများကလည်း ပြောင်မြောက်လှပါ၏။ သီချင်းကိုနားဆင်ရင်းပင် ဘုရားဟောတရားတော်များကိုရင်း မျက်မှောက်ခေတ် လူသားအချင်းချင်း ဗြဟ္မစိုရ်တရားကင်းကြပုံကိုရင်း ဆင်ခြင်မိပါ၏။ ကျွန်မတို့ မြန်မာတရားတော်တွင် "ကမ္ဘာအစ၊ ဗြဟ္မာကြီးလေးဦးက" ဟု ဆို၏။ ယင်းဗြဟ္မာကြီး လေးဦးက ပေါက်ဖွားလာကြသဖြင့် တကမ္ဘာလုံး ဆွေမျိုးတွေချည့်သာဖြစ်သည်ဟု ဆိုပါသည်။ ဤအချက်ကို အကြောင်းပြု၍ လူလူချင်း မေတ္တာတရားထားကြစေရန် ရည်သန်ကာ သီကုံးလိုက်သော ဆရာရွှေတိုင်ညွန့်၏ ငြိမ်းချမ်းရေး တေးက ရည်ရွယ်ချက် မှန်မြတ်လှသလို အောင်မြင်ပါပေ၏။

မိုးမြေ....ကမ္ဘာအစ အမျိုးတွေသာပ ပေါင်းသင်း
ဆက်ဆံခင်တွယ်ရမည်၊တကယ်သဘောအညီ လောက
မှာရှိတဲ့လူတွေ အကုန်လုံးလဲ ဆွေမျိုးဘဲတော်ကြ
သည်....

ကလေးတွေက လက်ခုတ်တီးကြသည်။ ကျွန်မသည် မှုချိုကို ငဲ့စောင်းကြည့်၏။ အပြုံးနှင့် ချိုနေသော မှုချိုသည်လည်း လက်ခုပ်တီးလျက်ပင်။



လေး

မှုချို....

သူမ၏ နာမည်ကလေးက ချစ်စရာ ကောင်းသလောက် ရုပ်ကလေးက သနားကမား ရှိလှသည်။ အသားလတ်လတ် မျက်လုံးဝိုင်းဝိုင်းကြီးက အရည်ရွှန်းလဲ့နေ၏။ နှာတံ ပြားသယောင်ရှိသော်လည်း ချစ်စရာအပြုံးကလေးက သူ၏အလှကို ဖြည့်တင်းထားလေသည်။ ဗမာသွေး တမတ်လောက်စပ်သော ကရင်မလေးမှုချိုသည် မြန်မာစကားပြောတတ်ပါသည်။ သို့သော် ရည်ရည်လည်လည်ကား မဟုတ်သေး....။ တခါက သူ့ကို ကြက်ဟင်းခါးသီးစားရဲလားဟုမေးရာ သူနားမလည်။ ကြက်ဟင်းခါးသီးကို ယူပြမှနားလည်သွားပြီး သူက "ငါတို့ရွာမှာရှိတာပေါ့ ငပိနဲ့တို့စားတယ်လေမမ၊ အဲဒါ တယ်ခါးတယ်နော" ဟု ရှုံ့ရှုံ့မဲ့မဲ့ ခေါင်းခါပြသည်။ ထမင်းဝိုင်းတွင် ပုဇွန်ခြောက်နိုင်းချင်းနှင့် ချက်ထားသော ကြက်ဟင်းခါးသီးကြော်ကိုမူ အားပါးတရစားရင်း ကောင်းမှ ကောင်း....ငါကြိုက်သွားပြီမမ" ဟုဆိုရာ စားပွဲဝိုင်းတလုံး ရယ်မောသံများ လျှံသွား၏။ ရောက်စတွင် လူတိုင်းကိုနှင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ငါပြောရာ အတော်ကြပ်မတ်သွန်သင်ရပါနိုင့်သည်။အပြော အဆို အနေအထိုင် လိမ်မာယဉ်ကျေး ကျစ်လစ်သိပ်သည်းမှု ရှိရန်အတွက် အခါအခွင့်သင့်တိုင်း တစတစ နားသွင်းဆုံးမ ရသော်လည်း ပြောမဖြစ်သည့်ကိစ္စက မူချိုတယောက် အစား ပုတ်ခြင်းကိုပင်။ ဆယ်နှစ်ရွယ်မူချိုသည် ဆန်တဗူးချက် မဝ ချင်သေး။ အစားအသောက်ဆိုသည်မှာ လူကျန်းမာ၍စားနိုင် လျှင် နိုင်သလောက်စားရမည်ပင်။ ပိတ်ပင်ဟန့်တားအပ် သော ကိစ္စလည်းမဟုတ်ပါပေ။

"မူချိုရွာမှာ ဒီလိုဘဲ စားနေကျလား" ကျွန်မက စူးစမ်း ကြည့်ရာ သူခေါင်းငြိမ့်ပြပါသည်။

"မဟုတ်နိုင်တာကွယ် သူ့ရုပ်လက္ခဏာဘဲကြည့်ပါအုံး၊ ဝဝ လင်လင် စားရမယ်မထင်ပါဘူး" မူချို၏ အသားအရည် နည်းပါးလှသော ကိုယ်ခန္ဓာကလေးကိုကြည့်ကာ ဒေါ်ကြီးက တိုးတိုးဝေဖန်၏။ ဝေဖန်ရုံဖြင့်မပြီး မူချိုကိုမေ့စေ့ကြည့်တဲ့ကာ "ဟုတ်ရဲ့လားဟဲ့....မူချိုရယ်" ဟုဆိုလိုက်ပြန်လေသည်။

"ဟုတ်တယ်လေ အလုပ်ရှိရင် ဒီလိုဘဲစားရတာဘဲ"

မူချိုက ခပ်တည်တည်ပင် အဖြေပေးလေသည်။

"ဒါဖြင့် အလုပ်မရှိတဲ့အခါရော"

"အိုး........အလုပ်မရှိတဲ့အခါ မူချိုရဲ့အကြီးက ထမင်း ဒီလောက်.... (သူ့လက်ကလေးငါးချောင်းကိုခပ်ဖွဖွခွဲ၍ ကွေး ဝိုင်းပြလျက်)ပေးတယ်၊ ဆားတပုံပေးတယ် တခါတခါ ငပိ ပေးတယ်၊ မူချိုမဝဘူးလေ"

"နင့်အကြီးကို ထပ်မတောင်းဘူးလား"

"အပါပါး....အကြီးက အာကြီးရိုက်တယ်နော၊ စိတ်ကြီး တယ်၊ အကြီးရိုက်ရင် ဆန္ဒင်းသိပ်ရတယ်လေ"



"အကြီးကရိုက်တယ် အကြီးယောကျ်ားကရော"

"အိုး....အတူတူဘဲ"

ကျွန်မကဆက်မမေးရန် ဒေါ်ကြီးအား မျက်ရိပ်ပြသော် လည်း မရ။

"နင်....အိမ်မှာ အလုပ်မလုပ်ပေးဘူးထင်တယ် ဒါကြောင့် ရိုက်တာဖြစ်မှာပေါ့ဟဲ့"

"အိုး....အိုး....မူချိုရေခတ် မောင်းထောင်း ကလေးထိန်း ထမင်းချက် ထင်းခွဲတယ်၊ပုဇွန်တွေ ငါးတွေရတယ်ဟုတ်လား၊ မူချိုလက်တွေအားကြီးစပ်ပြီး အနာဖြစ်တာဘဲ"

"ဘာဖြစ်လို့ အနာဖြစ်ရတာလဲ"

"ငါးပုဇွန်ရွေးရတယ်လေ၊ အိမ်မှာစားဘို့ ငပိသိပ်ဘို့လေ၊ ဟိုဒင်း မူချိုပြောမတိပါဘူး၊ ငါးတွေ များတယ်ဟုတ်လား မူချိုလက်တွေအားကြီးယားတယ်....စူးတယ်....အနာတွေအား ကြီးဘဲ၊ ဆားကိုင်လိုက်ရင်လေ အိုး....စပ်မှစပ်"

ယခုမှ ဒေါ်ကြီးသဘောပေါက်သွားသည်။ ကျွန်မမှာမူ ဘေးမှရပ်ကြည့်ကာ မူချိုပြောသံဆိုသံ လက်ကလေးများ မြှိန့်ကာ ဖြန့်ကာ လုပ်ပြပုံနှင့် များစွာကဲရုဏာသက်သွားမိ လေသည်။ ငါးပုဇွန်ကိုင်ရများလွန်း၍ လက်ထိပ်ကလေးများ လက်ဝါးကလေးများ ဒဏ်ရာရပုံ ဆားထိ၍စပ်ပုံကို သူရေရေ လည်လည် မပြောတတ်သော်လည်း ကျွန်မမှာ အသည်းဝထိ နာကြင်ပင်ပန်းသွားမိလေသည်။

မူချိုရောက်ပြီး တပတ်မကြာပေ။ ကျွန်မမြော်လင့်ထား သည့်အတိုင်း တည်တွင် မူချိုတယောက် အစာမကြေ ဝမ်း လျှောတော့သည်။ ကျွန်မတို့အိမ်သာခန်းသည် ဒေါ်ကြီး၏ အိပ်ခန်းကိုဖြတ်၍သွားရလေရာ ကျွန်မသာမက ဒေါ်ကြီးပါ



www.burmeseclassic.com

www.burmeseclassic.com

**အိပ်ရေးပျက်တော့သည်။** ပိုဆိုးသည်က မူချိုသည် ဒေါ်ကြီး အခန်းထဲ အန်ချလိုက်ရာ ဗွက်ကြမ်းသွားတော့သည်။ အံဖတ် များထဲတွင် သန်ကောင်က အကွေးလိုက်အကွေးလိုက် ပါလာ ပြန်ရာ ရွံတတ်သောဒေါ်ကြီးမှာ ထွန့်ထွန့်လူးနေတော့၏။

"တခုမှ ကောင်းကျိုးမပေးတဲ့ဟာမလေး၊ ရေက်တဲ့ညက အိပ်ရာထဲ သေးတွေပါ ကယောင်ကတန်း ထအော် ငိုလိုငိုနဲ့ အလန့်တကြားတော်။ သောက်စားတွေ နင်းကန်မျိုဆို့ပြီး အခုပြသနာပေါ်ပြန်ပြီ။ ပြန်ပို့လိုက်ပါတော့ မယ်မင်းကြီး မရယ်....တဆိတ်လောက်"

ဒေါ်ကြီးကတမှောင့်။

"အော်....ဒေါ်ကြီးရယ် သူလဲဖြစ်ချင်လို့ဖြစ်ရတာမှမဟုတ် ဘဲ၊ တကယ်တော့ ရေဝေးကြာလို့ပေါ့.... ဒေါ်ကြီး မိဘမဲ့ ဖြစ်စလက်ခတ် ကြီးပြင်းလာရတဲ့ကလေး ဒါလောက်လာ တာဘဲတော်လှပြီ၊ ဒီလိုကလေးကို ဒေါ်ကြီးလို ပုတီးစိတ်နေတဲ့ လူကမှ မသနားရင် ဘယ်သူကသနားမလဲ နေမကောင်းရတဲ့ အထဲ ဒီလိုဒေါ်ကြီးဖြစ်တောက်ဖြစ်တောက်လုပ်နေရင် ဘယ် ကောင်းမလဲဒေါ်ကြီးရဲ့"

ဒေါ်ကြီးငြိမ်သွား၏။ အံဖတ်များကိုကြုံးလျက် ရေဆေး သန့်စင်နေသော ကျွန်မကိုကြည့်ကာ

"အင်း....မိသက်ရယ် ကိုယ့်မိုးကိုယ်မွေးတာဟဲ့"

ဟုထောပနာပြုလေသည်။ မူချိုကို ဆရာဝန်ပြ ဆေးကုရသည်။ ပို၍စိတ်ချရရန် သေး ဆီးမကျန် သူတကိုယ်လုံး ကျန်းမာရေး စစ်ဆေးထားလိုက်သည်။ ဆရာဝန်ညွှန်ကြားသည့်ဆေးများ ကို မှန်မှန်ကျွေးပေးရာ ရက်ပိုင်းအတွင်းမှာပင် သိသိသာသာ စိုပြေပြည့်ဖြိုးလာခဲ့သည်။ ပို၍ကျန်းမာရေးကောင်းလာသည်



နှင့် ပို၍ အစားကောင်းလာခဲ့သည်။ အစားပုတ်သောမူချို သည် အလွန်လည်း အအိပ်မက်ရှာပါသည်။ကျွန်မတို့မိသားစု ငါးနာရီခွဲလျှင် ထကြ၊ ကိုယ်စီတာဝန်နှင့် အလုပ်များကြ သည်။ ခြောက်နာရီခွဲ ခုနစ်နာရီတွင် နံနက်စာ စားသောက် ပြီးသည့်တိုင် မူချိုသည် မနိုးလျှင် မထချင်ပါ။ အိပ်ရာထ နောက်ကျသူအတွက် နောက်ချေးနှင့်သလဲ လမ်းစဉ်ကို ကျင့် ကြံလိုက်မှ အစားမက်သူ မူချိုသည် အလိုအလျောက် ဝိရိယ ကောင်းကာ စောစောထပါတော့သည်။ ကျွန်မ၏သမီးကြီး တတိယတန်းသူ ဥမ္မာနှင့် ဒုတိယတန်းသူ သီတာတို့ နံနက် အိပ်ယာထ စာမက်မီ ဖုံသုတ် တံမျက်လှည်းတာဝန်ပေးထား ရာ တာဝန်ကျေသော်လည်း နံနက်တကြိမ် ညနေတကြိမ် ပန်းပင်ရေလောင်းတာဝန်ပေးထားသော မူချိုမှာ နေ့စဉ် သတိပေးမှ လုပ်၏။

"မူချို ထမင်းစားဘို့မမေ့သလို အလုပ်လုပ်ဘို့မမေ့ရဘူး နော်....ကြားလား၊ အလုပ်လုပ်မှ ထမင်းစားရတယ်၊ကိုကိုကြီး က ရုံးမှာ အလုပ်သွားလုပ်တယ်....အိမ်မှာ ဒေါ်ကြီးရယ် မမရယ် ကိုယ်စီ အလုပ်လုပ်ကြတယ်....ဥမ္မာတို့သီတာတို့ ညီမ တွေလဲ ကျောင်းမသွားခင်ရော ကျောင်းကပြန်လာရင်ရော နိုင်သမျှလုပ်ကြတာ မူချိုမြင်တယ်မဟုတ်လား၊

မူချိုနားဝင်အောင် ပြောပြရပါသည်။ ဥမ္မာသီတာတို့ အတာဝန်နှင့်သူ လုပ်ကြကိုင်ကြ မူချိုမှာမူ ကျမမျက်စေ့ ရော ပါးစပ်ရော အနားမပေးရအောင်ပင် သူ့အလှည့်ရောက် တိုင်း ပြဿနာပေါ်နေတတ်လေသည်။

"မေမေ မချို သစ်ပင်တွေရေမလောင်းဘူး အိမ်သာထဲ ဝင်နေတာကြာလှပြီ" ဥမ္မာက ကျွန်မကို သတင်းပေးမြဲ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မစိတ်ရှည်ရှည်နှင့် မှချို အိမ်သာမှ ဆင်းလာအောင် စောင့်နေလိုက်သည်။ မကြာပါချေ။ ဒေါ်ကြီး၏ မီးဖိုချောင်ဖက်မှ ပေါ်ကြောင်နံ့ကလေး သင်းလာချိန် မှချိုအိမ်သာမှ ဆင်းလာပါသည်။ ကျွန်မမျက်နှာကိုမြင်သည်နှင့် မျက်နှာကလေးကိုလည်း ကမ်ဘာကရာ မဲ့ထားလိုက်ပါတော့သည်။ ဘယ်ကများ ဤပညာတွေ တတ်ခဲ့လေသည်မသိ။

"မှချိုရေ....ပန်းပင် ရေလောင်းပြီးပြီလား"

မှချိုက ပါးစပ်ဖြင့်မဖြေဘဲ ခေါင်းကို ရမ်းပြလိုက်သည်။ ပြီးနောက် မျက်နှာကလေးကို တမင်ကြိုးစား၍ ရှုံ့မဲ့လိုက်ပြီး....

"မှချို ဗိုက်နာနေလို့ မမ...." ဟု ဆင်ခြေ ပေးလိုက်ပါသေးသည်။ မှချို အလုပ်လုပ်စရာရှိလေတိုင်း ခေါင်းခဲ ဗိုက်နာတတ်မြဲမို့ ကျွန်မသူ့ကို မယုံကြည်နိုင်တော့။ သို့ရာတွင် ကျွန်မ၏ မျက်နှာပေါ်တွင် မသက်သာစိတ်များ လုံးဝအရိပ်မထင်ရလေအောင် ကျွန်မ ဖုံးဖိထားလိုက်ရပါ၏။

"အို....ဟုတ်လား သမီးရယ်....ဗိုက်နာရင် စောစောက မမကိုပြောရောပေါ့ မှန်း....ပြစမ်း....ဗိုက်...."

ကျွန်မ သူ့ဗိုက်ကလေးကို လက်ငါးချောင်းဖြင့် စမ်းသပ်ကြည့်လိုက်လေသည်။

"အင်း.... ဗိုက်ကြောတွေတော့ တင်းမနေပါဘူး၊ ကိစ္စမရှိဘူးလေ....ပရုပ်ဆီလူးလိုက်ရင် သက်သာသွားမှာပါ၊ ကဲ.... မှချို ပန်းပင်တွေ ညီမသီတာ ရေလောင်းလိမ့်မယ်၊ သီတာက ငယ်သာငယ်တယ် အင်မတန် အလုပ်လုပ်ချင်တဲ့ ကလေးဘဲကွယ်၊ သမီးရေ....ဟော သမီး....မသီတာ ရေပန်းကရား လေးနဲ့ ပန်းပင်လေးတွေ ရေလောင်းလိုက်ပါအုံးကွယ်....ဒီမှာညည်းတို့ မမချိုကြီးက ဗိုက်နာနေလို့။ လာလေ မှချို.... ကုတင်မှာ



အသာလှဲနေ ကြားလား၊ ဆရာဝန်ပြောထားတာဆော မှတ်မိသေးလား၊ နေမကောင်းရင် ဖျားရင် ထမင်းမစားရဘူး၊ ဗိုက်နာရင်လဲ ထမင်းမစားရဘူး၊ အူပေါက် သွားတတ်တယ်၊ မှချို ညနေစာ မစားနဲ့တော့နော်....ဟုတ်လား၊ ကော်ဖီလေးဘာလေး သောက်လိုက်တာပေါ့"

ထမင်း မစားရဘူးဆိုသောအသံ ကြားရသည်နှင့် မှချို အတန်ငယ် မျက်လုံးပြူးသွားသည်ကို ရိပ်မိ၏။ သို့ရာတွင် သူ့စကား ပြင်ရန်လည်း မဖြစ်နိုင်တော့ကား ကုတင်ပေါ်တွင် ကြောင်တောင်တောင်လေး လှဲနေရှာလေသည်။ ညမှာ သီတာတို့လုပ်ကိုင်အပြီး ညနေစာ ထမင်းဝိုင်း ပျော်ပျော်ပါးပါး စားသောက်ကြသံကြားလျှင် မှချိုမည်မျှသွားရည်ကျနေမည်ကို ကျွန်မ ကောင်းကောင်း သိပါသည်။ ကျွန်မ မှချိုအား ရက်စက်ရာကျနေမည်လားတော့မဆိုနိုင်၊ သို့ရာတွင် မှချို၏ အချောင်ခိုလိုသော စိတ်ဓာတ်ကလေးကို ဤနည်းဖြင့်သာ ဆုံးမ၍ရနိုင်မည်။ ဤစိတ်ဓာတ်ကလေး အမြစ်မတွယ်မီ ငယ်စဉ်ကာလတွင် သုတ်သင်ရှင်းလင်းပစ်ဘို့အရေးက ပို၍ အဓိကကျသည်ဟု ကျွန်မယူဆမိသောကြောင့် မှတ်သိပ်နေရှာမည်ဖြစ်သော မှချိုကို သနားလျက် ရက်စက်ရပါတော့သည်။ တကယ်တော့ ကျွန်မ၏ရက်စက်ခြင်းက မှချိုဆိုသော လူသားတယောက် မှန်ကန်မွန်မြတ်သော အမာခံစိတ်ဓာတ်များဖြင့် ခိုင်ခိုင် မတ်မတ် ကြီးထွား လာစေဘို့ စေတနာကို အရင်းခံသည်ဖြစ်ရာ တရားသော လမ်းမှန်သော ရက်စက်ခြင်းဟုဆိုလျှင် မှားပါမည်လား။

"သီတာက ဒီနေ့ မှချိုတာဝန်ပါယူပြီး အလုပ်လုပ်ရလို့ မှချိုဝေစုကို သီတာကိုပေးရမှာဘဲဟေ့....ရော့ကွာ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ဟင်းယူအုံး.... သိတာ မြိန်မြိန် စားကြ၊ အလုပ်လုပ်ရတာ ငါ့သမီးတွေ အတော်ဆာကြရောပေါ့”

ကျွန်မက မချိုကြားလောက်အောင် အသံကိုမြှင့်၍မြှင့်၍ အလုပ်လုပ်သူများကိုလည်း ဂုဏ်ပြုစကား ပြောလျက်ရှိစဉ် ဗိုက်မှောက်နေသောမချိုက ကျွန်မတို့ထမင်းဝိုင်းနားမှာ ပြုံးတုံ့တုံ့ဖြင့် လာရပ်ချေပြီ။

“မချို....နေမကောင်းဘူးလား၊ ထမင်း မစားဘူးလား” ဟုဆိုသဖြင့် သမီးတွေက ဝိုင်း၍ နှုတ်ခွန်းဆက်ကြသည်။

“အေးကွာ.... မချိုကြီးက ဆော့နေရင် အကောင်းသား အလုပ် လုပ်ရမယ်ဆိုရင် တယ် ချူချာတာကိုးကွ၊ နက်ဖြန် ဗိုက်နာရင် နာပေစေ၊ ခေါင်းခဲ့ရင် ခဲပေစေ အလုပ်လုပ်ကြားလား၊ အလုပ်လုပ်လိုက်ရင် ဗိုက်နာခေါင်းခဲတာ တခါတည်း ပျောက်သွားတာကွ.... ထမင်းလဲ သိပ်စားလို့ကောင်းလာတာပေါ့....”

ကိုနိုင်က အရွှန်းလိုလို တည်တည်နှင့်နောက်ရာ မချိုခမြာ မျက်စေ့မျက်နှာ ပျက်နေလေ၏။ ကျွန်မ ကိုယ်တိုင်ဖျော်ပေးသည့် ကော်ဖီပူပူကို စိတ်မပါတပါငုံရင်း ဟင်းနံ့ကြွေးနံ့ကို ရှူရှိုက်နေပုံရလေသည်။ ထိုမှနောက် မချိုခမြာ အလုပ်တာဝန်ပေါ်တိုင်း ခေါင်းခဲ ဗိုက်နာတတ်သောအကျင့်ကလေးများ ပျောက်လာခဲ့ရှာပါသည်။ ကျွန်မနှင့် တကွကလေးများပါမကျန် နိုင်ရာနိုင်ရာ တာဝန်ကိုယ်စီနှင့်မို့ မချိုရှောင်လွှဲ၍မနေသာပြီ။ ကြာတော့လည်း မချိုသည် သူ့တာဝန်ကလေးကို သူနားလည်လာကာ ကျွန်မ သတိပေးစရာမလိုဘဲ သူ့အလုပ်သူလုပ်လာသည်အထိ အလုပ်ကို လေးစားလာခဲ့ရပါတော့သည်။



ညနေဖက် စားသောက် အလှည့်ကျ ဆေးကြောအပြီးအားလပ်ချိန်၌ အိမ်ရှေ့မြက်ခင်းတွင် သူတို့ကို ဆော့ကစားခွင့်ပြုထားပါသည်။ မှောင်ရီမျိုး၍ ၇ နာရီထိုးသည်နှင့် ခြေလက်ဆေးကာ အိမ်ထဲဝင်၊ စာအုပ်ကိုယ်စီနှင့် စာကျက်ကြတော့သည်။ မချိုရောက်သည့် ရက်က ဖေဖွာရီလဆန်း ဖြစ်လေရာ ကျောင်းများ စာသင်ချိန်ကုန်ဆုံးနေပြီဖြစ်၍ မချိုကို ကျောင်းထား၍ မရနိုင်တော့၊ ဂျွန်လဆန်းမှ ကျောင်းသွားနိုင်မည်ဖြစ်ပေရာ ယခုကတည်းက အိမ်မှာ အရေး အဖတ်သင်ပေးရပါသည်။ မချိုသည် ဉာဏ်မခေလှ၊ တတ်လွယ်ပါသည်။ သို့ရာတွင် ကြိုးစားလိုစိတ် နည်းပါးနေကြောင်းတွေ့ရသည်။ စာကို စိတ်မဝင်စားချင် ပျင်းရိ၏။ စောစောအိပ်ငိုက်၏။ မချိုစိတ်ဝင်စားအောင် ဆွဲဆောင်ရသည်မှာ လက်ဝင်လှပါသည်။ ကျွန်မသမီးများတုံးကပင်ကျွန်မစိတ်မတိုဘူးခဲ့။ ချော့လုံးချောက်လုံးနှင့်တမျိုး မြှောက်လုံးပင့်လုံးနှင့် တသွယ် ပုံတိုပတ်စနှင့်တနည်း တခါတရံ ကျွန်မမှာအရှုံးပမာ သီချင်းဆိုလိုဆိုရ ကရခုန်ရ တခါတခါတော့ အော်ရဟစ်ရသည်။ ဤအခါ ကျွန်မ၏ခင်ပွန်း ကိုနိုင်က....

“စာသင်တာ ဒီလိုဘဲ သင်ရသလားသက်သက်ရယ်....”ဟု ဆိုတတ်သဖြင့် ကိုနိုင့်ကို လက်တွေ့သင်ပြစေရ၏။ ကိုနိုင်ပင် မချိုကို လက်မြှောက်ရပါသည်။ မချိုသည် သူပျင်းလာလျှင် ရေးတတ်လျက် မရေးတတ်သယောင် ဖတ်တတ်လျက်မဖတ်တတ်သယောင် ပေတိပေကတ် လုပ်လာ၏။ ဤအခါများတွင် နွားကိုကြိုးနှင့်တို့သည့်နှယ် ပျင်းသည့်စိတ်များ လွင့်ထွက်ပြေးအောင် ကြောက်အောင်လည်း လှန့်ပေးရ၏။ မျက်လုံးကျယ်လာစေရန် အစားနှင့်လည်း မြှားတန်မြှားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှုချိုသည် ခြောက်လိုချည်းမရ ချော့တခါခြောက်တလှည့် တင်းလိုက်လျှော့လိုက် ကြိုးကိုင်ပေးရသောပုံစံမျိုး ဖြစ်ပါသည်။ တနေ့တနေ့ မှုချိုအတွက် မျက်စေ့ရော လူရော စိတ်ရော ကျွန်မ မအားလပ်သကဲ့သို့ ဒေါ်ကြီး၏တဖြစ်တောက်တောက်အသံများက အမြဲ ကြားနေရလေတော့သည်။သူလက်ပေါ်ကြီးခဲ့ရသည့် ဥမ္မာ၊သီတာတို့ကိုပင် စိတ်တိုင်းမကျချင်သော အသန့်အပြန့်ကြိုက် စည်းကမ်းကြီးသူ အပျိုကြီးအဖို့ မှုချိုနှင့်တကျက်ကျက် ဖြစ်နေသည်မှာ မဆန်းပါပေ။

"သိပ်လဲမဆူပါနဲ့ ဒေါ်ကြီးရယ်၊ ခမြာမှာသူစိမ်းအလည်အားငယ်နေမှာပေါ့"

ကျွန်မ ဒေါ်ကြီးကို သတိပေးရပါသည်။

"အေး....မဆူစေချင် ညည်းဟာမကိုညည်းနိုင်အောင်ထိန်းဘဲ့နှယ်တော် အိမ်သာထဲ ဖိနပ်မပါဘဲဝင်၊ ပြီးတော့ ဒီခြေထောက်ကြီးနဲ့ အိပ်ရာပေါ်တက်၊ ရေချိုးခမ်းလဲငါက အကျအနတိုက်ထားရတာ သူက နှပ်ခတ္တွ တံတွေးတွေ ထွေးခဲ့သတော့....တွိ"

"အဲဒါ...ဆူနေမဲ့အစား သူ့ကို ပြန်ဆေးခိုင်း ပါလား ဒေါ်ကြီးရဲ့"

"ဆေးခိုင်းတာ မပြောင်လို့ ဆူနေရတာဟေ့"

ထိုအခါမှစ၍ ကျွန်မ မကြိုက်မုန်းသိသောကြောင့် မဆူမပူတော့ဘဲ အဆိုးအကောင်း မျက်နှာလွှဲထားသော ဒေါ်ကြီး၏အသံကို တညနေတွင် ဆူဆူညံအောင် ကြားလာခဲ့ရပြန်ပါသည်။

"ကြည့်စမ်း သေနာမလေး ငါ့အစထဲကထင်သား လက်ပူးလက်ကြပ် မမိသေးလို့သာ စောင့်နေတာသိလား"



ကျွန်မသည် ဒေါ်ကြီးအသံရှိရာ မီးဖိုချောင်သို့ ပြေးခဲ့ရပါသည်။

"ဟိုတနေ့က အာလူးကက်တလိပ် ဆယ်ခုကြော်တာ နှစ်ခုရော့နေတယ်၊ အရင်ကလဲငှက်ပျောသီး ပျောက်လို့ပျောက် သကြားမှုန့်ပွင့်နေလို့ပွင့်နေ၊ မသကာနေတာ အခုနို့ဆီ ခိုးစားနေတာမိတာဘဲ"

ကျွန်မကိုမြင်သည်နှင့် ဒေါ်ကြီးက တိုင်တန်းလိုက်ပါသည်။

"မစားဘူး....မမ....မစားဘူး၊ ဟို....ဟို....ပရွက်ဆိတ်တက်နေလို့ ကျွန်....ကျွန်မ"

"အမယ် အာဂဟာမလေးပါလား၊ လိမ်ရင်လဲ ပိပိရိရိလိမ်ရသဟဲ့....ကြောင်အိမ်အောက်က ရေနံခွက်က နင့်ဘိုးအေသေလို့ ခံထားတာမဟုတ်ဘူး ပရွက်ဆိတ်တက်မလာအောင် ခံထားတာ တယ်....ငါ့လေ"

ဒေါ်ကြီးက နီးရာယောင်းမကို ဆွဲလျက် ရိုက်မည်အပြု ကျွန်မကဆွဲထားရပါ၏။မှုချို၏ ပါးစပ်မှာလည်း နို့ဆီများက ပေကျံလျက်။

"ကိုင်း....မှုချို မလိမ်နဲ့တော့ကွယ် လုပ်ရဲရင် ခံရဲတဲ့သတ္တိရှိရတယ် မှုချိုသတ္တိကောင်းတယ်မို့လား လိမ်မှာတယ်မို့လား နောက်မလုပ်ပါဘူး ဒါ့နောက်ဆုံးခွင့်လွှတ်ပါလို့ ဒေါ်ကြီးကိုပြောလိုက်လေ"

ခေါင်းမာသည့် ညာဉ်ကလေးသည် သတ္တိပြပြန်ချေပြီ။ မှုချို ဝန်ခံတောင်းပန်ဖို့ဝေးစွ။ ဒေါ်ကြီးကိုပင် ဝံ့ဝံ့စားစား ရှုတည်တည်ပြန်ကြည့်ရာ ဒေါ်ကြီး၏ယောင်းမမှာ ပါလုပ်လှုပ်ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း….ဒေါ်ကြီးရယ် ဒီတခါခွင့်လွှတ်ပါ ကျွန်မကဲ့ဘဲ တောင်းပန်ပါတယ်"

ကျွန်မသည် မူချို၏လက်ကိုဆွဲကာ ခပ်မြန်မြန် မီးဖိုထဲမှ ဆွဲထုတ်ခေါ်လာခဲ့ရပါသည်။

"စောစောကဘဲ ပြောင်းဖူးပြုတ်တွေ အဝအပြဲကျွေးထားတာ ကြောင်အိမ်နားကပ်ရင် အသိဘဲ"

ဒေါ်ကြီးက ဆဲရေးရင်း မကျေမနပ်ကျန်ရစ်လေသည်။

"မူချို….ဒီတခါ မမတောင်းပန်လို့ ဒေါ်ကြီးကချမ်းသာပေးတာ။စည်းကမ်းမရှိရင် မမတို့ ကိုကိုတို့ကိုတောင် ဒေါ်ကြီးက ဆန္ဒင်းသိပ်ယူရအောင်ရိုက်တာ၊ မုန့်တွေလဲ ကျွေးထားသားနဲ့ ဒီလိုလုပ်တာ မကောင်းဘူးကွယ်….မူချိုရဲ့ ညီမလေးတွေ ဥမ္မာတို့ သီတာတို့တောင် ခိုးမစားကြဘူး။ ဘာလုပ်ချင်လုပ်ချင် လူကြီးကို အရင်ပြောကြတယ်။ နောက်ဆို မူချိုကျောင်းနေရတော့မှာ၊ ကျောင်းမှာမူချိုတို့လိုအရွယ် ကလေးတွေသိပ်လိမ္မာကြတာ ဒီအထဲမူချိုမိုက်ရင်တော့ သူတို့မူချိုကို အဖော်လုပ် ကစားကြတော့မှာ မဟုတ်ဘူး"

အခန်းထဲတွင် မူချိုအား နားချရပါသည်။ မူချိုသည် ခေါင်းငုံ့လျက် တုတ်တုတ်မျှ မလှုပ်ပေ။

"မူချို ရွာမှာ ထမင်းကို ဆားနဲ့ငပိနဲ့တောင်ဝဝမစားရဘူးဆို။ ဒီအထဲ အကြီးနဲ့အကြီးယောကျ်ားက ရိုက်သေးတယ် မဟုတ်လား။ ဒီမှာ မူချိုဝဝစားရတယ်။ ကောင်းကောင်းလဲစားရတယ်။ အရိုက်လဲမခံရဘူး။ မူချို ရွာပြန်ချင်သေးလားတင်…."

မူချိုက ခေါင်းကို သွက်သွက်ရမ်းပြပါသည်။

"အေး….ရွာမပြန်ချင်ရင် လိမ်လိမ်မာမာနေ။ ကြီးလာရင်



ဆရာမကြီးဖြစ်အောင်ကြိုးစား။လူကြီးစကားနားထောင်ပေါ့။ မဟုတ်ရင် ဒေါ်ပုလာတော့ ရွာပြန်ထည့်လိုက်မှာ"

ငြိမ်နေသောမူချိုသည် ဤအခါမှ ဆတ်ကနဲ ခေါင်းထောင်လာပါသည်။ တဖြည်းဖြည်း နှုတ်ခမ်းလေးများ တဆတ်ဆတ်လှုပ်ကာ မျက်ရည်များက တလိမ့်လိမ့် ယိုစီးကျလာခဲ့ကြသည်။

"မူချို နို့ဆီမစားဘူးလို့ ခိုးစားတာပါ…. နောက်မလုပ်တော့ဘူး။ လူကြီးစကားနားထောင်မယ်….မူချို ဒီမှာ နေချင်တယ်"

မူချို၏ စကားများက ရှိုက်သံနှင့် ရောထွေးသွားလေ၏။ မူချို၏အဖြစ်ကို ကြည့်ကာ ကျွန်မ စိတ်ထိခိုက်မိသည်။ သူ၏ခေါင်းကလေးကို ယုယုယယ ပွတ်သပ်ပေးလိုက်မိပါသည်။ ဤအခါမှ မူချို၏ ရှိုက်သံကပို၍ ကျယ်လောင်လာပါလေတော့သည်။

"မငိုနဲ့မူချို….တိတ်….တိတ်တော့၊မူချိုလိမ်မာလာရင် မူချိုဟာ မမရဲ့သမီးပေါ့၊မူချိုရွာမပြန်စေရဘူး၊ဒီမှာပျော်ပျော်နေဟုတ်လား….တိတ်လေ….ကလေးရယ်"

ဒေါ်ကြီး၏ ကြိမ်းမောင်းသံနှင့် တလှုပ်လှုပ် ယောင်းမရွှေဝယ် ဝန်ဝန်စားစား ရပ်ခဲ့သော မူချိုသည် ကျွန်မရင်ခွင်ဝယ် တသိမ့်သိမ့် ငိုရှိုက်နေပါပြီကော။



www.burmeseclassic.com

www.burmeseclassic.com

၄

မူချိုဖက်က အမြဲရှေ့နေလိုက်ခဲ့သော ကျွန်မပင် ဤတချီမူ အတော်စိတ်တိုလာ၏။ အစားမက်သလောက်အအိပ်ပုတ်သော မူချို၊ တာဝန်ကို အလွန်ကြောက်သလောက် အဆော့တွင် ကမ်းကုန်သောမူချို၊ ကုတင်အောက်ဝင်ပုန်း၍ တကယ့်မီးနှင့် ထမင်းချက်တမ်း ကစားရာ ကံကောင်း၍ မီးမလောင်။ ဖင် ချေးစင်အောင် မဆေးတတ်သေးသူမူချိုသည် ရွာမှဆေးလိပ် သောက်သောအကျင့်ပါလာခဲ့ရာ အတော် ချော့ ချောက်၍ ဖြတ်ထားသည်၌ တနေ့တွင် စက္ကူစကို ဆေးလိပ်လိပ်၍ မီးညှိပြီး သူတယောက်တည်း သောက်ရုံမက၊ နှစ်နှစ်ရွယ်သမီး ငယ် နီလာကိုပါ သောက်စေရာ ကလေးမီးခိုးမွန်ပြီး လက်ကို မီးဟပ်တော့သည်။ ကျောင်းမသွားရသေးမီ ရက်များအတွင်း သူ့ကိုအလစ်မပေးနိုင်အောင် ဖြစ်နေဦးမည်မှာ သေချာလှ သဖြင့် ဒေါ်ပုလာလျှင်သူ့ကို ပြန်ပေးရကောင်းနိုးနိုးပင် ကျွန်မ တွေးစပြုလာခဲ့မိပါသည်။

"ငါ့သိတာကတော့ ပွဲစားတွေဟာ သူတို့ကောင်မလေး တွေကို ထားသွားပြီဆိုမှဖြင့် တနေရာတည်း ဘယ်တော့မှ



သုံးလေးလ ကြာအောင်မထားဘူး၊ နှစ်လလောက် ရှိပြီဆို ကတည်းက ရွာကအမေ့ကမမာလို့ ကြီးဒေါ်မမာလို့ တခုခု အကြောင်းပြပြီး လှည့်ထုတ်၊ နောက်တအိမ်ကျ ခုမှရွာက ခေါ်လာတဲ့ အသစ်ကလေးဆိုပြီး ခရီးစရိတ်တို့ပွဲခတို့ထပ်ယူ ဒါ့ကြောင့်သူတို့စားပေါက်ကိုး....သက်သက်ရဲ့အခုညည်းဟာမလေး ကိုတော့ သုံးမရတဲ့ခဲမှုးစေ့ ဘယ်ကမှ လက်မခံချင်လို့ ညည်းဆီ ရောက်လာတာ၊ ဒါ့ကိုဒေါ်ပုကောန်သိရမယ်၊ သူ့ဟာမလေး ပြန်ထည့်မှာစိုးလို့မလာတာ"

ဒေါ်ကြီးက ထိုကဲ့သို့ ဝေဖန်ပါ၏။ ဒေါ်ကြီးဝေဖန် သကဲ့သို့ပင် ဒေါ်ပုကား မပေါ်လာ။ ဆွေဆွေနှင်းမှတဆင့် ဒေါ်ပုကို အကြောင်းကြားအခေါ်လွှတ်လျှင် ဖြစ်နိုင်သော် လည်း ဤသို့လည်း မလုပ်ချင်သေးသဖြင့် စောင့်ကြည့်နေဆဲ နောက်ထပ် ပြဿနာက ပေါ်လာခဲ့ရပြန်တော့သည်။

"သက်သက်ရှိလား"

တညနေတွင် ထိုအသံကြောင့် အဝတ်များ တပုံတပင် မီးပူတိုက်ရင်း မအားလပ်ရာမှ မီးခလုတ်ပိတ်ကာ ထလာခဲ့ရ ပါသည်။

"အော်....ဘယ်သူများလဲလို့၊ အပြီးသတ်တော့ ဝေးဝေး လံလံက ဧည့်သည်ပါလား"

ကျွန်မတို့ အိမ်ချင်းကပ်မိတ်ဆွေ မခင်မူဖြစ်နေသော ကြောင့် တမင် အရှန်းဖောက်လိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်မ၏အရှန်းကို မရယ်မပြုံးဘဲ မျက်နှာခပ်ပျက်ပျက်ရှိနေ သောသူ့အမူအရာကြောင့်၊ ကျွန်မ စိတ်အနည်းငယ် ထင့်သွား မိပါသည်။

"ထိုင်လေ၊ မမခင်၊ ဘာများအကြောင်းထူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

မမခင်ရော ကျွန်မပါ ခုံတန်းလျားကလေးမှာ အတူ ထိုင်လိုက်ကြပါသည်။

"ဟော...ခင်ခင်ပါလားဟေ့....စားပြီးခဲ့ပြီလား"

ဒေါ်ကြီးကလည်း ဆေးလိပ်အလိပ်ဆွဲကာ ထွက်လာပါ သည်။

"ဟုတ်ကဲ့....ဒေါ်ကြီး၊ပြောစရာကလေးရှိလို့ထလာခဲ့တာ၊ ကိုသန်းနိုင်တယောက်ကော ရုံးက ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး....မမခင်၊လဆန်းဆိုလဲ လဆန်းရက်မို့ အလုပ်များတယ်၊လကုန်ပိုင်းကျတော့လဲ လကုန်ရက်မို့ အလုပ် များတယ်လေ၊ခြောက်နာရီထိုးပြီးလောက်မှ ရောက်မယ်ပြော သွားတာဘဲ၊ ဘာဖြစ်လို့လဲ ကိစ္စက သူရှိမှ ပြောဖြစ်မဲ့ကိစ္စမို့ လား.... မမခင်ရဲ့"

"မဟုတ်ပါဘူး၊ သက်သက်ကိုပြောလဲ ပြီးမဲ့ကိစ္စပါ"

"ဒါဖြင့်....ဘာများတုံးမမခင်၊ ဆိုစမ်းပါအုံး"

မမခင်က အတန်ငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးနောက်၊ "သက်သက် မမခင်စိုက်ထားတဲ့ စပယ်ပန်းကလေးတွေ မြင် တယ်မဟုတ်လား...."ဟု ကျွန်မကို မေးခွန်းထုတ်နေပြန်လေ သည်။

"မြင်တယ်လေ....မမခင်၊ မိုးတောင်မကျသေးဘူး၊ ဖူးနေ လိုက်ကြတာ ဖွေးဖွေးလှုပ်လို့....ပွင့်များပွင့်ရင်တော့ ဒီဖက်ထိ လေသင့်တိုင်း မွှေးအုံးတော့မှာဘဲလို့တောင်မမခင်ကို ပြောမိ သေးတာဘဲ၊ ဒါဘာဖြစ်လို့လဲ....မမခင်ရဲ့"

"ဘာဖြစ်ရလဲသက်သက်ရယ်၊ အဖူးတွေရော အညွန့်တွေ ရော ဆိတ်ဆွဲထားလိုက်တာမှ ရစရာတောင်မရှိဘူးကွယ်"

"ဟော်တော့....ဖြစ်ရလေ....မမခင်ရယ်"



"အေးပေါ့၊ မမခင် ဘယ်လောက်ယူယထားတဲ့ အပင်တွေ ဆိုတာ သက်သက်လဲသိသားဘဲ၊ အဖူးချွေရုံဆို မမခင်မပြော ဘူး၊အခုဟာက အဖူးချွေရုံမကဘူး တပင်လုံး ဖျက်လိုဖျက်ဆီး လုပ်ထားတာ တပင်မကပါဘူး အားလုံးပါဘဲ။ ဒါကြောင့် မခံချင်လို့ပြောတာကွဲ၊ သက်သက်ကိုတော့ မမခင် သိပ်လဲ အားနာပါတယ်ကွယ်"

"နို့....မမခင်ကဘယ်သူ့လက်ချက်ထင်လို့လဲဟင်၊ ဥမ္မာလား သိတာလား"

ကျွန်မစကားကြောင့် မမခင်က ပြာပြာသလဲ လက်ကာ ပြလိုက်ပါသည်။

"ကြုံကြုံဖန်ဖန် ဒီကလေးတွေ မမှေးခင်က သက်သက်တို့နဲ့ အိမ်ချင်းကပ်နေလာတာ ဘာပြဿနာ ပေါ်ဘူးလို့လဲကွယ်။ ကလေးတွေဟာ အင်မတန် စည်းကမ်းရှိတဲ့ ကလေးတွေဆိုတာ မမခင်သိတာပေါ့၊ ခုဟာက တိုကောင်မလေး မှုချို....မှုချို၊ သူ့လက်ချက်"

"ဟင်.... ဟုတ်ရဲ့လားမမခင်"

"သေချာပါတယ်....ညီမရယ်၊ မမခင်က မသေချာဘဲနဲ့ မပြောဘူး၊ တိုဘလောကလဲ သနပ်ထည့်ဘို့ အခြောက်လှမ်း ထားတဲ့ သရက်သီးခြောက်တွေ လမ်းသွားရင်း လက်နဲ့ဆုပ်ယူ သွားတာ မမခင်မျက်မြင်၊ မမခင်က အိမ်ရှေ့ထုတ်လှမ်းထားမိ တာကိုးကွဲ သမီးတို့ အိုးပုတ်လေးအစ သက်သက်တို့ခြံဖက် ကနေ ဝင်းထရံလက်နဲ့လျှိုပြီး ယက်ယူတာလဲ သူဘဲသိသား။ ဒါပေမဲ့ အသေးအဖွဲကလေးတွေ မပြောချင်လို့ မမခင်က မပြောခဲ့တာဘဲ။ ဒီအသေးအဖွဲ့ခလေးနဲ့ပတ်သက်ပြီး အမိန်း ချင်း အခင်မင် မပျက်ချင်လို့ပါ....သက်သက်ရယ်၊ အချိုကျ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အိမ်ကလူအကြောင်း တိုင်တောလာရင် မကြိုက်တတ်ကြဘူးမဟုတ်လား....လို့"

"အို...မမခင်ကလဲ သက်သက်ကို အထင်သေးရသလား.... သက်သက် ဒါလောက် သဘောထားမသေးပါဘူးမမခင်၊ သားသမီးမကောင်း မိဘခေါင်း တပည့်မကောင်း ဆရာ့ခေါင်းဆိုမဟုတ်လား၊ဆုံးမရမှာ သက်သက်တာဝန်ဘဲမမခင်ရဲ၊ ဒီလိုအသေးအဖွဲ့လေးတွေဟာ ပြဿနာကြီးတွေရဲ့ လမ်းစဘဲ၊ မှချိုလုပ်ရိုးမှန်ရင် မမခင်ကျေနပ်လောက်အောင် သက်သက်ဆုံးမမှာပေါ့ကွဲ....ပြောနေကြတယ် ဒေါ်ကြီးရေ မူချိုရော"

ကျွန်မအပြောနောက်ကျ၍ပင် နေပါပြီ၊ ဘယ်အချိန်က အနားမှထသွားမှန်းမသိလိုက်သော ဒေါ်ကြီးသည် မူချိုကို နားရွက်ဆွဲ၍ ခေါ်လာပါပြီ။ ဥမ္မာ သီတာ နီလာတို့လည်း မူချိုနောက်က တစုတဝေးပါလာခဲ့ကြပါသည်။ ကျွန်မ၊ မမခင်၊ဒေါ်ကြီးနှင့် မူချိုတို့သည် ခြံထဲသို့ဆင်းလာခဲ့ကြသည်။ ခြံဆိုပေမင့် ကျယ်ကျယ်ဝန်းဝန်းကြီးတော့မဟုတ်ပါ။ အိမ်ရှေ့မျက်နှာစာ ပေသုံးဆယ်ပတ်လည်ရှိ မြေပြင်ကလေးသာ ဖြစ်ပါသည်။ ကျန်သောအပိုင်းမှာ ကျွန်မတို့အိမ်နှင့် မမခင်တို့အိမ်နှစ်လုံးက တံစက်မြိတ်ချင်း ထိမတတ် ဆက်ကပ်လျက်။ နှစ်အိမ်ကြားမှာ ဖြတ်သန်းလျက် အပေါက်ပါသော သံပြားရှည်များကို ခပ်ကြဲကြဲကာရံထားပါသည်။ အိမ်ရှေ့ပိုင်း ဝင်းထရံတလျှောက် ကပ်လျက်တန်းစီစိုက်ထားသော စပယ်ပင်ကဲလေးများသာမက နှင်းပန်းရွက်ကလေးများ သစ္စာပန်းရွက်ကဲလေးများပါမကျန် ကျွန်မတို့ ဖက်မှ လက် နှိုက် ၍ ဖျက်ဆီးဆွဲဖြတ်ထားသည့်သဏ္ဌာန်ဖြင့် နှမြောဖွယ်ရာ မြင်တွေ့ရပါသည်။ ပို၍သေချာသွားသည်က ဝင်းထရံအပေါက်များ



အကြား ကပ်ညိ ကျန်နေသည့် သစ်ရွက် သစ်ခက်အသေးများကို တွေ့နေရခြင်းဖြစ်လေသည်။

"ကိုင်း.... မြင်တဲ့အတိုင်းဘဲ.... သက်သက် ဘာမှ ရှုစရာရှိဘူး"

ပျက်စီးနေသော သူ့အောင်ကလေးများကို မြင်လိုက်ရပြန်သော မမခင်၏အသံက မာကြောကာ ဒေါသဖက် ကူးပြောင်းလာခဲ့ပါသည်။

"စိတ်မကောင်းစရာဘဲ မမခင်ရယ်....သက်သက်သမီးတွေကို လဲမေးပါရစေအုံးနော်၊ ဒါမှ ဘယ်သူလုပ်တယ်ဆိုတာ ပိုပြီးသေချာအောင်ပေါ့"

ကျွန်မနောက်မှ တန်းလန်းပါလာခဲ့ကြသော ကလေးတသိုက်ကဲ မူချိုအား ပြိုင်တူ လက်ညှိုးထိုးလိုက်ကြလေသည်။

"မချို....မေမေ.... မချို၊ သမီးက ခွေးသေးပန်းရွက်ဘွေလားလို့ မေမေ့ကိုမပြောတာ၊ သူဒီနားမှာ သစ်ရွက်တွေ ချေမွနေတာ သမီးစာကျက်ရင်း မြင်တယ်"

ဥမ္မာ၏စကားကို သီတာကလည်း ထောက်ခံလိုက်ပြန်ပါသည်။

"ဟုတ်တယ်မေမေ.... သီတာကိုလဲပြောတယ်၊ မေမေ့ကိုတိုင်မပြောရဘူးတဲ့"

မူချိုက မတုန်မလှုပ် ကြောင်တက်တက်ပင် ကြည့်နေသည်။

"ကိုင်း....မူချို....ဟောဒီဒေါ်ဒေါ်က သူ့အပင်တွေ ဖျက်ဆီး ထားလို့ စိတ်ဆိုးနေပြီ....မူချို အပြစ်ကို မူချို ဝန်ခံ၊ ဒေါ်ဒေါ်ကျေနပ်အောင် တောင်းပန်ပေတော့...."

မူချိုကဲ ကျွန်မစကားကို နားမလည်သည့်အလား ခပ်ကြောင်ကြောင် ပြန်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မူချို သူများစိတ်အနှောက်အယှက်ဖြစ်အောင် သူများ ပစ္စည်းကို ဖျက်လိုဖျက်ဆီးလုပ်တာ မူချိုမှာ ဘာကောင်း သလဲဟင် ပြောစမ်း"

မူချိုသည် ယခုထိ ဆင်းအဲမလှုပ်ချေသေး။ ဒေါ်ကြီးရော ဆောင်ပါ မူချိုကိုရင်း ကျွန်မကိုရင်း ကြည့်ကာ မရိုးမရွ မြင်နေကြဟန်တူပါသည်။

"တဲ့...မေးနေတာ ပြောလေ"

ဒေါ်ကြီးအသံကြားမှ မူချိုသည် ပို၍ ကျောက်ရုပ်နှင့် တူသွားလေတော့သည်။ ကျွန်မက စိတ်ပျက်စွာ သက်ပြင်းကို ရှိုက်လိုက်မိပါသည်။

"အမယ်လေး....ကျုပ်မြေးတွေတော့ ဒီကောင်မကြောင့် အကျင့်ကောင်းတွေ အထက်ကောင်းတွေ တတ်တော့မှာပါ ဘဲတော်၊ တကတဲ မိသက်ရယ် ဒါလောက်လူကို မလေးမခန့်တဲ့ ဟာမကို ဖင်အရှိုးထင်အောင် ချစမ်း၊ ရော့ ဒီမှာတုတ်"

ကျွန်မသည် ဒေါ်ကြီးလက်မှ တုတ်ကို လှမ်းယူလိုက်ပါ သည်။ သို့ရာတွင် ရိုက်ဘို့ချန်ကား ဝန်လေးနေမိပါ၏။ ကျွန်မ စိတ်ကိုလည်း ကျွန်မ ကြိုးစား၍ ထိန်းချုပ်ထားလိုက်ရပါ သည်။

"မူချို ဟိုတနေ့က ကိုကိုကြီးဝယ်ပေးတဲ့ အရုပ်ကလေး ဘယ်မှာလဲ၊ မမကို ခဏပေးစမ်း...."

မမြော်လင့်သော ကျွန်မ၏စကားများကြောင့်၊ မူချို ကျွန်မကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်၍ ကြည့်နေ ပြီးနောက်....

"အိမ်ထဲမှာ"ဟု ခပ်လေးလေး ဖြေဆိုလိုက်ပါသည်။

"ဒါဖြင့် သွားယူချေ မြန်မြန်ယူလာ"



မူချိုသည် အိမ်ထဲတွင် ဖါကလေးနှင့် အမြတ်တနိုး သိမ်းဆည်းထားသော အရုပ်ကလေးကို ယုယုယယ ပွေ့ပိုက် ယူလာခဲ့လေသည်။ မူချိုတသက်တွင် ဤလိုအရုပ်ကလေး မျိုးကို ပိုင်ဆိုင်ရန်ဝေးစွ မြင်ဘူးရုံပင် မမြင်ဘူးခဲ့။ ထို့ကြောင့် ဤအရုပ်ကလေးကို သမီးများနှင့်တန်းတူ ဝယ်ပေးသောအခါ ဝမ်းသာမဆုံးရှိခဲ့ရှာသည်။ ကျွန်မကိုယ်တိုင် အင်္ကျီလေး ဂါဝန်လေးများချုပ်၍ အရုပ်ကိုဝတ်ဆင်ပေးသောအခါ မူချို တပြုံးပြုံးရှိနေခဲ့ရှာသည်။ ကျွန်မသည် မူချိုလက်ထဲမှ အရုပ် ကလေးကို ခပ်ကြမ်းကြမ်း ဆွဲယူလိုက်ပါသည်။ အရုပ်၏ ခေါင်ကလေး တဖက်ကိုလည်း ဆွဲဖြုတ်တော့မည့် သဏ္ဍာန် လုပ်လျက် "မူချိုအရုပ်ကို မမဖျက်ဆီးပစ်လိုက်မယ်၊ ခေါင်း တခြား လက်တခြား ဖြုတ်လိုက်တော့မယ်....သိလား"

စောစောက ကျောက်ရုပ်ဖြစ်နေသော မူချိုသည် ယခုမှ အသက်ဝင် လှုပ်ရှားလာသည်။ အရုပ်ကလေးကို ဖျက်ဆီး တော့မည်ဆိုသည်နှင့် ငါးရံ့ပြာလူး ဖြတ်ဖြတ်လူးသွားလေ တော့သည်။

"ဟင့်အင်း မလုပ်နဲ့ မလုပ်ရဘူး ပေးပါ ပြန်ပေးပါ"

"မပေးဘူး ဖြုတ်ပစ်မယ်....မူချို ဆိုးတယ် မဟုတ်လား၊ လူများသစ်ပင်တွေ ဖျက်ဆီးတယ်မဟုတ်လား၊ မူချိုကိုဒဏ်ခတ် ရမှာဘဲ"

မူချိုသည် ကျွန်မလက်ထဲမှ အရုပ်ကလေးကို လုယူရန် ကြိုးစားရှာလေသည်။

"နားထောင်စမ်းမူချို၊ မူချိုဟာ အရုပ်ကလေးကိုနှမြော သလို ဟောဒီ ဒေါ်ဒေါ်လဲ သူ့သစ်ပင်ကလေးတွေကိုနှမြော တယ်....နားလည်လား၊ ဒီသစ်ပင်လေးတွေဟာ မြက်ကြီးထဲက



www.burmeseclassic.com

www.burmeseclassic.com

အလကား ပေါက်လာတာ မဟုတ်ဘူး၊ ဒေါ်ဒေါ်ကိုယ်တိုင် နေ့လေ့ငင်း ပေါင်းသင် နေ့စဉ် ဂရုစိုက် ယုယ ထားရတဲ့ အပင် ကလေးတွေ....၊ ဒီအပင် ကလေးတွေ ရှင်အောင်၊ သန်အောင်၊ ဖူးအောင်၊ ပွင့်အောင် အလုပ်လုပ်ခဲ့ ရတဲ့ ဒေါ်ဒေါ်ဟာ သူ့အပင်ကလေးတွေကို ဘယ်လောက် နှမြောမယ်ဆိုတာ မူချို ကိုယ်ချင်းစာ ကြည့်ရမယ်၊ ကြည့်စမ်း....၊ အပင်လေးတွေ ပျက်စီးကုန်ပြီ၊ ဒေါ်ဒေါ်လဲ ဝမ်းနည်း နေပြီ၊ မူချိုလဲ အဆူခံရပြီ၊ ကိုင်း.... ဒါဖြင့် မူချို ခုလို ဖျက်ဆီးတာ ဘယ်သူ့အတွက် ကောင်းသေးလဲဟင်.... မူချို"

မူချိုသည် အတန်ငယ် ခေါင်းငုံ့သွားခဲ့ လေသည်၊ ထို့အတွက် ကျွန်မ ပြောသမျှကို မူချို သဘောပေါက်လောက်ပြီဟု ကျွန်မ ယူဆခဲ့ရပါ၏၊ ထိုအခါမှ ကျွန်မသည် အရုပ်ကလေးကို သူ့လက်ထဲသို့ ပြန်၍ ထည့်လိုက်ပါသည်။

"နောက် မှတ်ထား....၊ ဘယ်သူ့ပစ္စည်းမှ မဖျက်ဆီးရဘူး၊ သူများ စိတ်ဆင်းရဲအောင် မလုပ်ရဘူး၊ သူများ အကျိုးယုတ်အောင် မလုပ်ရဘူး၊ မခိုးရမဝှက်ရဘူး၊ ခိုးမယ်, ဝှက်မယ်, ဖျက်ဆီးမယ်ဆိုရင် သူတို့ စိတ်ဆင်းရဲသလို မူချို စိတ်ဆင်းရဲရမှာဘဲ၊ ဒုက္ခတွေ့ရမှာဘဲ ကြားလားမူချို၊ ကဲ....ကဲ....ဟောဒီ ဒေါ်ဒေါ် ကျေနပ်အောင် တောင်းပန်လိုက်ပါအုံး မူချို"

မူချိုသည် မမခင်ကို ခပ်ကြောင်ကြောင်လေး မော့ကြည့်လိုက်လေသည်။

"ပြောလိုက်လေ.... မူချို နောက်မလုပ်ပါဘူး၊ ဒီတခါ မူချိုကိုသည်းခံပါလို့...."

မူချိုမလုပ်။

"ဟဲ့.... ပြောလေ ငါခေါက်လိုက်ရမလား...."



ထုံးစံအတိုင်း ဒေါ်ကြီးအသံကြားမှ ပို၍ ကျောက်ရုပ် ဖြစ်သွားလေတော့သည်၊ မမခင်ကမူ စိတ်မရှည် တော့သည့် အလား ကျွန်မတို့ အနားမှ ချာကနဲ လှည့်ထွက်သွားပါသည်။

"နေအုံးလေ....မမခင်"

"ပြန်မယ်ညီမ.... ပြန်မယ်....၊ ကြာရင် မမခင် ဒေါသ ဖြစ်မိလိမ့်မယ်၊ ဒီလို ပေကတ်ကတ်မျိုး မမခင်တော့ တခါမှ မတွေ့ဘူးဘူး၊ မမခင် သားသမီးသာ ဆိုရင်လား တခါတည်း ကျောကော့အောင် ဆုံးမပစ်လိုက်မှာ သိလား...."

ကျွန်မသည် စိတ်ပျက်လက်ပျက် သက်ပြင်းကို ချလိုက်မိသည်၊ ပြောရင်းဆိုရင်း ထွက်ခွာသွားပြီ ဖြစ်သည့် မမခင် နောက်သို့လည်း အပြေးကလေး လိုက်သွားမိပါသည်။

"မမခင်....သက်သက် တောင်းပန်ပါတယ်၊ ဒီကလေးဟာ ဘငတံ မကောင်းတဲ့ ကလေးပါ မမခင်....၊ သူ့မွေးရာပါ စိတ်ဓါတ်ကလေးနဲ့သာ ဆိုရင် ခုလိုမမခင်ကို စိတ်ဒုက္ခပေးမှာ မဟုတ်ပါဘူး၊ ခုလိုလဲ ထုံပေပေကလေး ဟုတ်မယ် မထင်ပါဘူး၊ အို.... သက်သက် စိတ်မကောင်းပါဘူး မမခင်ရယ်၊ မမခင် ကျေနပ်လောက်အောင် ဖြစ်ရစေမယ်လို့ သက်သက် ကတိပေးပါတယ်နော် ကျေနပ်ပါ..."

မမခင်က ကျွန်မစကားများကို နားမလည်နိုင် သကဲ့သို့ ကျွန်မ မျက်နှာကို ခပ်စိမ်းစိမ်း ပြန်ကြည့်လိုက်ပြီးနောက်။

"ကိစ္စမရှိဘူး သက်သက်၊ ဒါ....နောက်ဆုံးအကြိမ် မမခင် သည်းခံတာဘဲ၊ နောက်တကြိမ် ဆိုရင်တော့.... ဒီကောင်မလေးကို မမခင်ကိုယ်တိုင် ဆုံးမရမှ ကျေနပ်နိုင်မှာဘဲ ကဲ... သွားမယ်သက်သက်...."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ခပ်ပြုတ်ပြုတ် ပြောထွက်သွားသော မမခင်ကို တလှည့်၊ မတုန်မလှုပ် ကျန်ရစ်လေသူ မူချိုကို တလှည့်ကြည့်ထား စိတ်အမောကြီး မောသွား မိလေသည်၊ ဒေါ်ကြီးကမူ ကျွန်မနား တိုးကပ်လာခဲ့လေသည်။

"မခင်မူ စိတ်ဆိုးသွားပုံရတယ် သက်သက်....၊ အိမ်နီးချင်းနဲ့ မဖွယ်မရာ ဖြစ်ရတာ သိပ်ရှက်ဖို့ကောင်းတာဘဲကွယ်၊ ကိုယ်က လွန်တဲ့ကိစ္စ၊ တကယ်ဆို ညည်းကလဲ သူစိတ်ကျေနပ်သွားအောင် မူချိုကို တချက်နှစ်ချက် ဖြစ်ဖြစ် ရိုက်ပစ်လိုက်ဖို့ ကောင်းတယ်...."

ကျွန်မသည် တဟင်းဟင်း မြည်အောင်ပင် သက်ပြင်းကို ထပ်ကာထပ်ကာ ချလိုက်တော့သည်။

ဒေါ်ကြီးရယ်.... တုတ်နဲ့ရိုက်လို့ တုတ်သာ ကျိုးသွားရင် သွားမယ်၊ မူချိုက လိမ်မာလာမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ တုတ်ဆိုတာက အသားကိုသာ နာစေကြင်စေတာ....၊ ဦးနှောက်ကိုတော့ နာစေမှာ မဟုတ်ပါဘူး၊ အရေးကြီးတာက အသားနာဖို့ မဟုတ်ဘူး.... ဒေါ်ကြီးရဲ့....၊ ဦးနှောက် နာစေဖို့၊ အဲ....အဲ.... ဦးနှောက်ထဲကို အသိဉာဏ် ဝင်သွားစေဖို့ဘဲ၊ ဦးနှောက်ကို အသိဉာဏ် ဝင်အောင် လုပ်ပေးဖို့ကဲ တုတ်နဲ့တော့ မရနိုင်ဘူး၊ စိတ်ရှည်ရှည်နဲ့ အသိဉာဏ် ပေးမှသာ ဖြစ်နိုင်မှာပေါ့ ဒေါ်ကြီးရယ်...."

ဒေါ်ကြီးက ကျွန်မကို မေးကြီးငေါ့ကာ မျက်စောင်းချိတ်လိုက်ပါသည်။

"ညည်းဘဲ စိတ်ရှည်ရှည် အသိဉာဏ်ပေးပေတော့၊ ငါ ကြာရင် ဒီကောင်မလေးကို ငြုပ်ဆုံထဲ ထည့်ထောင်းချင်စိတ် ပေါက်တယ်ဟဲ့ ပေကတ်ကတ်နဲ့"။



ဒေါ်ကြီးသည် ကျွန်မကို မျက်စောင်းချိတ်ရုံမက ထိတုန် မလှုပ် ရပ်နေသေးသော မူချိုကိုလည်း မေးကြီးတချက် ငေါ့ရမ်းလိုက်ပြီးနောက်၊ ထွက်ခွာ သွားလေ တော့သည်။ ကလေးတသိုက်ကမူ လူကြီးကိုစွာင်မစွက်ရန် သင်ကြား ထားသည့်အတိုင်း သူတို့ဘာသာ ခပ်လှမ်းလှမ်းတွင် စုဝေး ကစားနေကြပါလေပြီ....၊ ကျွန်မကမူ မူချိုအနား လျှောက် သွားမိသည်၊ ကျွန်မကိုမြင်လျှင် မူချိုက မျက်လွှာကို ချထား လိုက်လေသည်။

"အင်း....မူချို....မူချို၊ ငါနင့်ကိုသနားမိတာဟာ ငါ့ဒုက္ခ ငါရှာတာနဲ့ အတူတူပါဘဲလား မူချိုရယ်၊ နင်ဟာ ရောက် ကတည်းက ငါ့ကို အမျိုးမျိုး ဒုက္ခပေးလှချေလားကွယ်"။

မူချိုပခုံးကို ဖက်ကာ စိတ်လိုက်မာန်ပါ ညည်းညူလိုက်မိပါတော့သည်၊ စိတ်ထိခိုက်လွန်းသော ကျွန်မ၏အသံများက လည်း ကြေကွဲမှုဖြင့် တုန်ရင် နေသည်လားပင် မဆိုနိုင်၊ ဤအခါမှ မူချိုသည် ကျွန်မမျက်နှာကို ထိတ်ထိတ်ပြာပြာ ကလေး မော့ကြည့်ရှာ၏၊ ပြီးနောက်သူ၏ လက်ကလေးဖြင့် ကျွန်မ၏ခါးကို မမှီတမှီ ရစ်ပတ်ထားလိုက်ရှာလေသည်။

"မမ ငိုမလို့လား်ဟင်....၊ ငိုမလို့လား၊ မူချိုကို မမစိတ်ဆိုး တယ်လား၊ မူချို နောက်မလုပ်ဘူးလေ၊ မူချိုလိမ်မာမယ်မမ၊ မူ....မူချို မမကိုတော့ချစ်တယ်၊ ချစ်တယ်လေ...."ဟု တုန်တုန် ရီရီကဲလေး ဆိုလိုက်ချေသေးသည်။

ကျွန်မကမူ မူချို၏ ပခုံးလေးကို ပို၍ တင်းကြပ်စွာ ဖက်ထားလိုက်မိပါ၏၊ သူ့မျက်နှာကလေးကို ငုံ့၍စူးစမ်း လိုက်လျှင် တကယ်ပင် စိတ်ထိခိုက်နေပုံရသော မူချိုကို အံ့ဩဖွယ် တွေ့ရပါလေသည်။

www.burmeseclassic.com

"မမကိုချစ်ရင် အားလုံးကိုချစ်ပါမူချို… လူတွေကို မူချို မုန်းကောင်းဘူးကွဲ၊ မူချိုက ချစ်မှ သူတို့ကလဲ မူချိုကို ချစ်လာလိမ့်မယ်၊ မူချိုလို သူများကို ဒုက္ခပေး စိတ်ဆင်းရဲအောင်လုပ် ပေကတ်ကတ်နေရင် ကြာတော့ အားလုံး မူချိုကို မုန်းတီးသွားကြလိမ့်မယ်၊ လူမုန်းခံရတဲ့လူဟာ ဒုက္ခအကြီးဆုံးဘဲကွဲ မူချိုရဲ့နောက်ကိုလိမ်မာပါတော့ကွယ်နော်…"

မူချိုသည် ကျွန်မလက်မောင်းကိုတွဲမှီကာရှိုက်နေလေသည်၊ လူ့ဘဝကို ရောက်ကတည်းက မေတ္တာတရားကို ခံစားဘူးပုံမရသော မူချိုသည် ကျွန်မ၏ မေတ္တာရည်ကို သောက်သုံးခွင့်ရပြီမို့ အေးမြလန်းဆန်းရတော့မည်ကား မလွဲပါပေ….။

# ခြောက်

"ဟောတော့ ဒါက ဘာလုပ်မလို့လဲ"

ထွန်းခြစ် အသစ်စက်စက် ဂေါ်ပြား၊ ခါးမများနှင့် ဝင်လာကြသော ကျွန်မတို့ သားအမိကို မမခင်က အံ့သြစွာ ဆီးကြိုလိုက်ပါသည်။"

"ဟောဒီက မူချိုက မမခင်ရဲ့အပင်တွေ ဖျက်ဆီးမိလို့ မမခင်ကျေနပ်အောင် သစ်ပင် အစားပြန်စိုက်ပေးမလို့တဲ့ရှင်…. စပယ်ပင်ကလေးတွေလဲ ရှုံးပိတ်ရက်မှ စပါယ်ခြံက ဝယ်လာပေးဖို့ ကိုနိုင့်ကိုပြောထားတယ် မမခင်ရဲ့"

"ဟာ….သက်သက်ရယ် မဟုတ်တာ၊ မမခင်က ဒီလိုလုပ်အောင် သက်သက်ကို လာပြောတာမဟုတ်ရပါဘူး၊ နောင်မဖြစ်အောင်လို့သာ ပြောတာပါ သက်သက်ရယ်။"

"ဟုတ်ပါတယ် သက်သက်လဲသိပါတယ် မမခင်ရဲ့ မူချိုကိုကသူ့အမှား သူသိလို့သိပ်လုပ်ပေးချင်နေတာ၊သူ့စေတနာဘဲ မငြင်းကောင်းပါဘူး မမခင်ရယ်၊ သူလုပ်ပေးချင်တာ လုပ်ပါစေနော်…မမခင်။"

"ဟုတ်ပါတယ်ဒေါ်ဒေါ်…. မူချို လုပ်ပေးပါရစေ…"



www.burmeseclassic.com

www.burmeseclassic.com

မူချိုကလည်း ကျွန်မ နားသွင်းထားပြီးမို့ စိတ်အား ထက်သန်စွာ တောင်းဆိုလိုက်ပါသည်။

"နေပါစေကွယ် မူချိုရယ်၊ တကယ်ဘဲ အားနာစရာတော့ ကောင်းနေပြီ...."

"ဘာအားနာတာလဲ.... မမခင်ရဲ့၊ ခုလို စိတ်ထားတတ်လာတာကို သက်သက်တို့ မမခင်တို့က အားပေးရမှာ မဟုတ်လား...."။

"ကဲ....မမခင် ဘာမှစိတ်ထဲမှာအနှောက်အယှက် ဖြစ်မနေပါနဲ့၊ ဟောဒီဖက်ပိုင်းကို ပေါင်းသင် မြက်ရှင်းကြမယ်၊ မမခင်လုပ်စရာရှိတာ သွားလုပ်ချေပါ မမခင်။"

မမခင်က အားနာပါးနာ တွန့်ဆုတ်ဆုတ်ဖြစ်နေစဉ်ဘွင် မမခင်၏ ခင်ပွန်းဖြစ်သူ ဦးတင်အောင်က အလုပ်မှ ပြန်လာခဲ့လေသည်။

"ဟော့....သက်သက်တို့ သားအမိပါလား၊ ထွန်ခြစ်တွေ ဘာတွေနဲ့ ဘာလုပ်ကြမလို့လဲ။

ကျွန်မ မည်သို့မျှ မဖြေကြားနိုင်သေးမီ မမခင်က ဖြစ်ကြောင်းကုန်စင် ဇာတ်ကြောင်း လှန်လိုက်လေသည်။

"အော်.... ဒီလိုကိုး....၊ ကောင်းပါပေ့ဗျာ....၊ ဟော့မူချို လုပ်ဟော့ ဦးလေးခွင့်ပြုတယ်၊ မူချို ဘယ်လောက် တော်တယ် စွမ်းတယ်ဆိုတာ ပြပေတော့ဟုတ်လား...."

ဦးတင်အောင်က အားတက် ဖွယ်ရာ ပြောလေသော အခါ မူချိုသည် ပို၍ စိတ်အားထက်သန်သွားပုံ ရလေသည်၊ ထို့နောက် ကျွန်မတို့တသိုက် လုပ်ငန်း စတင် ပြင်ဆင်ကြပါသည်။ ကျွန်မက သံထွန်ခြစ်ကလေးဖြင့် မြေကြီးကိုအားစိုက် ဆွဲခြစ်ပြလိုက်သည်။



"ဟောဒီလို ခြစ်လိုက်တော့ မြေကြီးတွေပွပြီး မြက်ပင် ပေါင်းပင်တွေ နုတ်ရ လွယ်သွားတာပေါ့ကွယ်...."

ပါးစပ်မှ ပြောရင်း ရှေ့မှ ကျွန်မက လုပ်သွားရသည်၊ မူချို၊ ဥမ္မာ၊ သီတာအပြင် မမခင်၏ သား သမီးများဖြစ်ကြသော နွယ်နွယ်နှင့် ဖိုးဂေါ်တို့ပါ ဝိုင်းဝန်း နုတ်ကြ၊ ပေါက်ကြ၊ ဆူညံသွားလေတော့သည်။

"ဘာစိုက်ရင် ကောင်းမလဲ.... မမခင်"

"မပြောတတ်ပါဘူးကွယ်....၊ ညီမကြိုက်သလိုလုပ်ပါ...."

"ဟိုဖက်ပိုင်းက ပန်းပင်ဆိုတော့.... ဒီဖက်ကို စားပင် စိုက်ရင် မကောင်းဘူးလား.... မမခင်၊ မြန်မြန် စားသုံးနိုင် အောင် ဒီအချိန်မှာလဲ စိုက်လို့ဖြစ်တဲ့ ရုံးပတီတို့၊ ခရမ်းတို့ပေါ့.... မမခင်ရယ်"

"ကောင်းသားဘဲ.... လုပ်လေ....၊ ညီမကြိုက်သလိုလုပ်...."

"ကဆုန်ဆန်းဖို့လဲ မလိုလှပါဘူး၊ ခုထဲက မြေကြီးကို ပွပြင် ထားကြတာပေါ့၊ နောက်ချေးလဲ မှာထားတယ်.... မမခင်ရဲ့...."

မူချိုသည် ကျွန်မ လက်ထဲမှ ထွန်ခြစ်ကို ဆွဲယူကာအားသွန် ခွန်စိုက် အလုပ်လုပ်နေလေသည်၊ မကြာမီ ဦးတင်အောင်က ထန်းလျက်ဖြူဆုပ်များကို ပုဂံပြားနှင့် တဖက်က ရေနွေး ကြမ်းအိုးကိုင်ကာ ထွက်လာလေသည်၊ ကျွန်မ၊ မမခင်နှင့် ဦးတင်အောင်တို့သည် ပန်းပင်များကြားမှာ ကုလားထိုင် ချ၍ ဝိုင်းဖွဲ့လိုက်ကြပါသည်။

"ချီးကျူးတယ်ဟော့.... သက်သက်၊ ဒါသက်သက်ရဲ့အကြံ ဉာဏ်မဟုတ်လား...."



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်အောင်က အေးပြင်းလိပ်ကိုရှူရင်း စကားစလိုက်ပါသည်။

"သက်သက်လဲ စဉ်းစားရင်း ဒီအကြံကို ရလာတာဘဲ ဦးတင်အောင်၊ သစ်ပင်တပင်ကိုဖျက်ဆီးပစ်ဘို့လွယ်သလောက် သစ်ပင်တပင် ဖြစ်ထွန်း လာရအောင် ဘယ်လို ပျိုးထောင် မြေတောင် မြှောက်ရတယ်၊ ဘယ်လောက် လုပ်အားတွေ၊ အချိန်တွေ အရင်းနှီးစိုက်ပြီးမှ ဖူးတယ်၊ ပွင့်တယ် ဆိုတာ.... မှူချီ လက်တွေ့ သိသွားရင်.... နောက်ကို သစ်ပင်ကို လွယ်လွယ်နဲ့ ဖျက်ဆီးတော့မယ် မဟုတ်ဘူးလို့ သက်သက်ထင်တယ်၊ သစ်ပင်ကိုသာ မဟုတ်ပါဘူးလေ....၊ ဒီလို ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့ စိတ်ဓာတ်ဟာ အလုပ်လုပ်ရင်း ထွက်တဲ့ ချွေးနဲ့ အတူ ရောပါသွားမှာဘဲလို့သက်သက်ထင်ပါတယ်၊ ဒါကြောင့် ဒီလိုနည်းနဲ့ ဒဏ်ခတ်ချင်လို့ မှူချီကို စည်းရုံးခဲ့ရတာပါဘဲ.... ဦးတင်အောင်ရဲ့...."

"ဟုတ်တယ်.... ဒါမှန်တယ်....၊ ဒီနည်းဟာ ရိုက်ပြီးဆုံးမတာထက် ထိရောက်တဲ့နည်းဘဲသက်သက်....၊ နို့....နေပါအုံး၊ မေးစမ်းပါရစေအုံး သက်သက်ရဲ့....၊ဒီကလေးဟာသက်သက်နဲ့ ဆွေမျိုးနီးစပ်ထဲကလား...."

"ဆွေမျိုးတော့ ဆွေမျိုးပါဘဲ ဦးတင်အောင်၊ ဒါပေမဲ့ နီးစပ်တဲ့ဆွေမျိုးတော့ မဟုတ်ပေဘူး။ သက်သက်ကရွှေဘိုသူ ဦးအောင်ဇေယျသွေး၊ မှူချီက ဖားအံ့ဖက်က ဗမာစပ်တဲ့ ကရင်သွေး၊ ဒါပေမဲ့.... သူရော သက်သက်ရော ဗုဒ္ဓဘာသာ ရှေးရိုး အယူအဆရဲ့ ဗြဟ္မာကြီး လေးဦးက ပေါက်ဖွားလာတဲ့ အနွယ်ဆိုတော့ ဆွေမျိုးဘဲပေါ့၊ ဟား....ဟား...."



ကျွန်မ စကားကြောင့် မမခင်ရော ဦးတင်အောင်ပါ သဘောကျသွားကြလေသည်။

"တကယ်များလားလို့.... သက်သက်က ဒီလိုလဲ အရှုန်း တတ်သားပါလား၊ နေပါအုံး.... ဒီလိုဆို.... ဒီကလေးက သက်သက် မွေးစားထားတာ ဆိုပါတော့...."

"ဟုတ်ကဲ့.... သက်သက် သူငယ်ချင်းတယောက်က တမင် မိန်းမကြီးတယောက်နဲ့ တောက ပါလာတဲ့.... ဒီကလေးကို သနားလို့ ခေါ်ထားလိုက်တာပါဘဲ၊ မိဖမဲ့ ကလေးတဦးပါ ဦးတင်အောင်၊ ဆင်းတောင့်ဆင်းရဲ သူများမသထာရေစာနဲ့ ကြီးပြင်းလာရတဲ့ ကလေးဆိုတော့ စိတ်ဓာတ် အနေအထား ဟာ ချွတ်ယွင်းနေရှာပါတယ်၊ သာမန်အားဖြင့် ကြည့်မယ် ဆိုရင် ဒီကလေးဟာ ဆိုးတယ်၊ ပေတယ်၊ ကပ်တယ် ဆိုပြီး မုန်းစရာပေါ့ရှင်၊ ဘယ်ကိစ္စမဆို ဖြစ်ပေါ်လာတဲ့ အကျိုး တရားရဲ့ ကွင်းဆက်၊ အကြောင်းရင်း ဇစ်မြစ်ကို လေ့လာ ကြည့်မယ်ဆိုရင် ဒီကလေးဟာ မွေးကတည်းက မေတ္တာ ငတ်နေတဲ့ကလေး၊ မဝရေစာစားပြီး မတန်တဆ အခိုင်း အစေ ခံခဲ့ရတဲ့ ကလေးနဲ့ တူပါတယ်၊ ဒါကြောင့် လူတွေကို သူမုန်းနေတယ်....၊ အလုပ်ဆိုရင် မကြားချင်အောင်ကြောက် နေတယ်၊ လူ့ဘဝကြီးမှာ အစာစားဖို့နဲ့ အိပ်ဖို့လောက်.... နားလည်တော့တဲ့ ကလေးဖြစ်နေတယ်၊ ဒါကြောင့်သက်သက် တော့ သနားမိတယ်၊ ဒါတွေကို ပြုပြင်ယူရမှာဘဲ ဦးဘင် အောင်ရယ်...."

ဦးတင်အောင်က ခေါင်းကို တဆတ်ဆတ် ငြိမ့်ရိုက်၏၊ မမခင်ကမူ....။



www.burmeseclassic.com

www.burmeseclassic.com

“သနားတော့ သနားစရာဘဲပေါ့ သက်သက်….၊ ဒါပေမဲ့ ရေရှည် ဖြစ်ပါ့မလားဆိုတာ စဉ်းစားပေါ့ကွယ်….၊ လူဆိုတာ သူ့သန္ဓေနဲ့သူ လာတာနော၊ ကြီးအထိဒုက္ခပေးနေရင် နှစ်နာရမှာက သက်သက်တို့ဘဲလေ….”ဟု ဆိုရှာလေသည်။

“ဒီလိုရှိပါတယ်မမခင်….၊ ကလေးဆိုတာ မွေးတုံးကတော့ ပကတိ ကြည်လင် သန့်စင်ပြီးသား ချည်းပါဘဲ၊ ဖြူစင်တဲ့ရေ ကလေးလိုပေါ့ မမခင်ရဲ၊ ခုက်နီထဲ ထည့်လိုက်ရင် ရေဟာ…. နီမှာဘဲ၊ အဲ…. မဲနယ်မှု့ ဖြူးလိုက် စမ်းပါလား….၊ ရေဟာ တခါတည်း ပြာသွားမှာပေါ့၊ ဖြူစင်တဲ့ ကလေးအရွယ်မှာ လိုရာအရောင်ကို ဆိုးနိုင်ပါတယ် မမခင်….၊ ပမာအားဖြင့် ရွှံ့စို ဖယောင်းပျော့များ လိုပေါ့၊ စိုတုံး, ပျော့တုံးမှာ…. ကိုယ်လိုရာ ပုံသွင်းရင်ရပါတယ်၊ ရွံမှာသွားသလို ဖယောင်း ခြောက်သွားရင် ပုံပြင်လို့ မလွယ်သလို ဒီကလေး ဒီစိတ်ခေတ် တွေနဲ့ အမြစ်တွယ်ပြီး ကြီးပြင်း သွားရင်တော့…. ပုံပြင်ဘို့ ခဲယဉ်းတတ်ပါတယ်၊ မမခင် ကြားဘူးမလား မဆိုနိုင်ဘူး၊ ကလေးတယောက်ဟာ မျောက်နီစပ် ကလေးနဲ့ တူလွန်းလို့ လူတွေက သူ့ကို နီစပ်ကလေး…. နီစပ်ကလေးနဲ့ ခေါ်ကြသတဲ့၊ နည်းနည်း ကြီးလာတော့လဲ မျောက်နီစပ်နဲ့ တူနေသေး တာမို့ မောင်နီစပ်, ဖိုးနီစပ်နဲ့ ခေါ်ကြပြန်တာပေါ့၊ ဟော လူကြီး ဖြစ်လာတော့လဲ မျောက်နီစပ် ကြီးနဲ့ ထူမြဲတူနေ တာမို့ နီစပ်ကြီး, နီစပ်ကြီးလို့ အမည် တွင်သွားရတော့သတဲ့ မမခင်ရဲ၊ ငယ်တုံးက မျောက်နီစပ်နဲ့ တူဘဲ့လူဟာ ကြီးလာ တော့လဲ မျောက်နီစပ်ကြီးနဲ့ဘဲ တူရမှာဘဲပေါ့၊ ဒါကြောင့် ငယ်တုံးငယ်စဉ် အရွယ်ဟာ အင်မတန် အရေးကြီးပါတယ်၊ အခု မူချိုကို သက်သက် မျက်နှာလွှဲလိုက်ရင် သူ့ဘဝကလေး



ဟာ ပျက်စီးဘို့ရာ များပါတယ်၊ အပြစ်မဲ့ ကလေးတယောက် ပျက်စီးသွားမှာကို တာဝန်မဲ့ ကြည့်နေမဲ့အစား ပြုပြင်ပေး လိုက်ရင် လူတိုင်း အတွက် အကျိုးပြုတဲ့ လူသားတယောက် ဖြစ်လာနိုင်ပါတယ် မမခင်ရယ်…. မဟုတ်ဘူးလား….”

မမခင်က ခေါင်းညိတ်အားဖြပေးပြီးနောက် ရေနွေးတပန်း ကန် ငှဲ့နေလိုက်ပါသည်။

“ပြုပြင်တယ်ဆိုတာလဲ တုတ်နဲ့ ဆုံးမတာထက် အသိ တရား ဝင်အောင် နည်းပရိယာယ်နဲ့ ဆုံးမနိုင်တာက နည်း လမ်းအကျဆုံးပေါ့ဗျာ၊ ဒါကြောင့်…. ဟောဒီက ခင်ခင်ကို ခဏခဏ ကျွန်တော် သတိပေးရတယ်ဗျ၊ သူတို့က ထစ်ကနဲ ဆို ရိုက်၊ ထစ်ကနဲဆိုအော်၊ ဆူပူ၊ ဒါဟာ ကလေးကို ဆုံးမတာမှ မဟုတ်ဘဲ၊ ဖျက်ဆီးတာနဲ့ တူတူဘဲ….”

ကျွန်မတို့ စကားလက်ဆုံကျနေပုံကို ဝင်းထရံနားကပ် လျက် ပုံးပြီး ကြည့်နေသူက ကိုနိုင်နှင့် ဒေါ်ကြီး ဖြစ်ပါ တော့၏။

“လာဗျို့…. ကိုထွန်းနိုင်၊ ဒီမှာ သက်သက်က ကလေး ပြုစု ပျိုးထောင်ရေး သင်တန်း ပေးနေသဗျ….”

ဦးတင်အောင်က လှမ်းအော်လိုက်လေ၏။

“နေကြပါဗျာ….၊ ကျွန်တော်….ရိုးကိုစွ မပြတ်တာလေး ပါလာသေးလို့ လုပ်ရအုံးမယ်လေ….”

ကျွန်မသည် မူချိုတို့ ကလေးတသိုက်ထံ သွားကာ သူတို့ မနိုင်နင်းသည့် အလုပ်များကို ကူညီ လုပ်ကိုင်ပေးလိုက်သည်။

“အင်း…. အလျားက ပေသုံးဆယ်၊ အနံ့က…. ငါးပေ ထားအုံး၊ နှစ်တောင်ခြား တပင် စိုက်မယ်ဆိုရင် အင်း…. အလျားဘက်က ဆယ်ပင်….၊ အနံ့ဘက်က သုံးပင်ထား….၊



www.burmeseclassic.com

www.burmeseclassic.com

အားလုံးပေါင်း အပင် သုံးဆယ်လောက်တော့ စိုက်နိုင်မှာ ပါဘဲ မမခင်ရေ....၊ သေမှာနဲ့ ပျက်စီးမှာနဲ့ အပင်နှစ်ဆယ် ကျန်တယ်ထား၊ ကောင်းကောင်း စားနိုင်ပါတယ်၊ ဟောဒီ ဖက်က.... ရေဘုံဘိုင်ကလေး ရှိနေတာလဲ တော်တော်ကို အဆင်ပြေတယ်...."

ကျွန်မနည်းတူ ကလေးများ ကလည်း မောရမှန်း မသိအောင် ပျော်ရွှင်နေကြသည်။ မှောင်ရီပျိုးလာပြီ ဖြစ်ရာ ကျွန်မတို့ အလုပ်သိမ်းလိုက်ကြပါသည်။

"ကိုင်း.... တော်ကြစို့၊ ဘုံဘိုင်မှာ ခြေလက်စင်စင်ဆေးကြ ဟုတ်ပြီ.... ရော့.... ဦးလေးဦးတင်အောင်က သမီးတို့လုပ်အား အတွက် ထည့်ကပ်ပြူဆုပ် ဆုချတယ်...."

ကလေးများက သူတို့ဝမ်းသာလျှင် မြည်တမ်း နေကျ အတိုင်း "ဟေး" ဟု ပြိုင်တူ အော်လိုက်ကြလေသည်။



မူချိုတယောက် ရောက်စနှင့်မတူ၊ ကျွန်မ၏ အိမ်စည်းကမ်းတွင် နေသားကျလာပါသည်၊ သူ့ဘာဝန် ကလေးများကို သူ ကျေပွန်စွာဖြင့် ပျော်ပျော်ရွှင်ရွှင် ရှိနေပုံကို ကြည့်ကာ ကျွန်မ ဝမ်းသာ အားတက်ရှိနေမိသည်။

"ဘယ့်နှယ်လဲဒေါ်ကြီး....၊ ရောက်တာ သုံးလရှိသွားပြီ၊ မူချိုလဲ အတော်လေး စည်းကမ်း သေသေသပ်သပ်နဲ့ တိုးတက် လာပြီ မဟုတ်လား...."

ဒေါ်ကြီးနှင့်အတူ ချက်ရင်းပြုတ်ရင်း ကျွန်မက မူချိုကို ချီးမွမ်းလိုက်ခြင်း ဖြစ်ပါသည်၊ သို့သော် ကျွန်မ၏ ချီးမွမ်းခြင်းကို ဒေါ်ကြီး မည်သို့မျှ မတုံ့ပြန်ရသေးမီ အိမ်ရှေ့မှ.... နီလာ၏ တဝါးဝါး ငိုသံနှင့်အတူ ဆူဆူညံညံများကို ကြားရ လေတော့သည်။

"ဘာဖြစ်ကြတာပြန်လဲကွယ် အိမ်ရှေ့မှာ...."

"မချို ညီမလေးကို ကိုက်လိုက်လို့ မေမေ၊ မချို..နှင်.... ရှာပြန်တော့၊ ဒီအိမ်မှာ မနေနဲ့၊ ရှုတ်တယ် သူ...."



www.burmeseclassic.com

www.burmeseclassic.com

"မသွားဘူး....၊ ဘာဖြစ်လို့ သွားရမှာလဲ၊ မမက....ငါ့ကို နှင်တို့ထက်တောင် ချစ်တယ်သိလား ..."

"အံမယ်.... မချိုက မေမေ့သမီးမို့လား...."

သမီးဥမ္မာနှင့်မှုချိုတို့၏ သူတပြန်ငါတပြန် စွာကျယ်ကျယ် အသံများကြောင့် ဒေါ်ကြီးရော ကျွန်မပါ အိမ်ရှေ့ထွက်ခဲ့ရပြန်ပါသည်။

"ဘာဖြစ်ကြတာလဲ....သမီးတို့ရယ်"

"သမီးတို့ အရုပ်နဲ့ ကစားနေတာ ညီမလေးက မချိုကို အရုပ်တောင်းတယ်၊ မပေးတော့ အတင်းလုတယ်၊ အဲတော့ မချိုက ညီမလေးလက် ကိုက်လိုက်တာမေမေ...."

"ဟင်...."

ဒေါ်ကြီးရော ကျွန်မပါ နီလာ့လက်ကို ဆွဲကြည့်လိုက်ကြသည်၊ နုသော လက်ကလေးတွင် သွားရာ အကွင်းသားကို တွေ့ရပါတော့သည်။

"ကြည့်ပါအုံး.... ကျုပ်မြေးလေး နာရောပေါ့တော်....၊ မိချို.... လာခဲ့၊ နင့်ကို အသေသတ်မယ် လာခဲ့စမ်း...."

ဒေါ်ကြီး၏ ဒေါသ သံကြောင့် မှုချို အိမ်သာခန်းထဲ ဝင်ပြေးလေတော့သည်၊ ကျွန်မ့ ကလေးလက်ကို ပရုပ်ဆီ လူးပြီးသည့်တိုင် မှုချိုကား ထွက်မလာသေး။

"မှုချို.... ဟဲ့ကောင်မလေး၊ မှုချို.... ထွက်ခဲ့...."

ကျွန်မ ဒေါ်ကြီးကိုမအော်ရန် မျက်ရိပ် ပြလိုက်ရပါသည်။

"ဒါလောက် မထွက်ချင်တဲ့ကောင်မ.... အပြင်က သော့ ခတ်သွားလိုက်မယ်၊ ဒါမှ အဲဒီမှာ ထမင်းငတ်ပြီး ချေးတွေ စားသေအောင်...."



ဒေါ်ကြီး အယုတ်တမာ ရေရွတ်လိုက်မှ အထဲမှ လှုပ်လှုပ် ရှားရှားအသံ ကြားလာရလေသည်။

"မထွက်ခဲ့နဲ့ဟေ့....၊ ဖွင့်မပေးဘူး...."

ဤတချီမူ.... အပြင်မှ ဒေါ်ကြီးက တံခါးသော့ ချိတ်တားလိုက်သည်၊ ကျွန်မသည် အသာပင် ပွဲကြီးပွဲကောင်း ကြည့်နေလိုက်မိတော့သည်၊ အထဲမှ တွန်းသံကြားလာရ၏။ တွန်းသံသည် တိုးရာမှ ကျယ်၍ကျယ်၍ လာခဲ့လေသည်။ နောက်ဆုံး မှုချို၏ တအီးအီး ငိုသံကို ကြားလာ ရပါတော့သည်။

"ဖွင့်ပေးပါ မမရေ.... ဖွင့်ပေးပါ...."

"ဘာဖွင့်ပေးပါလဲ၊ မဖွင့်ဘူး၊ နင်.... ကလေးကိုရက်ရက် စက်စက် ကိုက်တယ်မဟုတ်လား...."

ဒေါ်ကြီးက ပြန်အော်၏၊

"နောက်.... မလုပ်တော့ပါဘူး၊ ဖွင့်ပေးပါ.... အီး.... ဟီး....ဟီး...."

"နင်.... ကတိတည်မှာလားပြော၊ မှတ်ပြီလားဟဲ့၊ ပြော ပြောစမ်း...."

"မှတ်ပါပြီ.... နောက်မလုပ်တော့ပါဘူး...."

"ကဲ.... ဒေါ်ကြီးရယ်.... ဖွင့်ပေးလိုက်ပါတော့...."

ကျွန်မ ဝင်ပြောမှ ဒေါ်ကြီးက.... တံခါးကို ဖွင့်ပေး လိုက်သည်၊ တံခါးမှထွက်လာသော မှုချို၏ထိပ်ကို ပူကနဲ နေအောင် ဒေါ်ကြီးက ခေါက်လိုက်သဖြင့် ကျွန်မ ဒေါ်ကြီးကို ဆွဲရပြန်လေသည်၊ ညီမထိ၍ ဒေါသဖြစ်နေကြသော ဥမ္မာနှင့် သီတာ ညီအစ်မကိုလည်း ကျွန်မ မျက်နှာထား တည်တည်ဖြင့် ဟန့်တားလိုက်ရပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မူချို.... ဒီအိမ်မှာ မူချိုကို မမတို့ တခါမှ မရိုက်ခဲ့ဘူးနော်....၊ ဟုတ်တယ်မို့လား...."

မူချိုက ကျွန်မကို မရဲတရဲ ကြည့်ကာ ခေါင်းညိတ်ပြပါသည်။

"အေး.... မမတို့က မူချိုကို သမီးလေးလို ချစ်လို့....၊ သနားလို့ မရိုက်တာကွဲ ကြားလား၊ ဒီအိမ်မှာ မူချိုဟာ.... သမီးအကြီးဆုံးဘဲ၊ မှတ်ထားနော်....၊ ဥမ္မာ၊ သီတာ၊ နီလာတို့ဟာ မူချိုရဲ့ ညီမလေးတွေဘဲကွဲ၊ ညီအစ်မ အချင်းချင်း.... ရန်မဖြစ်ရဘူး၊ ချစ်ချစ်ခင်ခင် နေကြရတယ်.... သမီးတို့ရဲ့ အချင်းချင်း ကိုက်တယ် ဆိုတာက.... ချေးစားတဲ့ ခွေးမှ ကိုက်တာ၊ ဟုတ်တယ်မို့လား၊ ခွေးဆိုတာ အသိဉာဏ်မရှိဘူး၊ ချေးလဲ စားတာဘဲ၊ မောင်နှမ သားအမိ အချင်းချင်းလဲ.... လုပ်တယ်.... ကိုက်ဟယ်နဲ့ မြင်ဘူးတယ် မဟုတ်လား မူချို.... ဟင်.... သမီးတို့က အသိဉာဏ်ရှိတဲ့လူ၊ အဲဒီတော့.... မူချိုက အငယ်တွေကို သည်းခံ၊ အလျှော့ပေး....၊ အကြီးဆိုတာ.... သဘောထားကြီးရတယ်၊ အငယ်မလိမ်မာရင်လဲ ဆုံးမရတယ်၊ မူချိုက အမကြီး မဟုတ်လားလို့၊ အေး.... ဒါပေမဲ့ ပါးစပ်ကဘဲ ဆုံးမရမယ်နော....၊ ရိုက်တော့မရိုက်ရဘူး၊ အငယ်တွေကလဲ အစ်မကြီးကို လေးစားရမယ်၊ အငယ်ဆိုပြီး နေရာတကာ အနိုင်မယူရဘူးနော်၊ ကြားလား သမီးတို့...."

ကျွန်မ ကိုယ်တိုင်က မူချိုအား မနှိမ်ဘဲနှင့် တန်းတူညီတူ ဆုံးမလိုက်သောကြောင့် ဥမ္မာ, သီတာတို့ ငြိမ်သွားကြသလို မူချိုလည်း မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေလေသည်။

"မူချို.... မမကို ချစ်တယ်လို့ ပြောတယ် မဟုတ်လား....၊ မမကိုချစ်ရင် ညီမလေးတွေကိုလဲ ချစ်နော်....၊ ကြည့်စမ်း....



ညီမလေးက ခုမှ နှစ်နှစ် ရှိသေးတာ၊ ဒီအရွယ်ဟာ.... ခွေးပေါက်စလေးလို ပေါ့ကွယ်၊ ဘာမှ.... မသိ နားမလည်ရှာသေးဘူး၊ ကလေးမို့ မသိတတ်လို့ မူချိုအရုပ်ကိုလုတာဘဲဟာ ဒါလောက် ရက်ရက်စက်စက် ကိုက်ရသလား မူချိုရယ်....၊ ဟင်.... ကြည့်စမ်း ညီမလေးဟာ မူချို့ကို ဘယ်လောက် ချစ်လဲ၊ သူ့မုံ့တောင် ပေးစားတယ်မဟုတ်လား၊ သနားစရာကွယ်....၊ နောက်.... ဒီလိုမလုပ်နဲ့.... နောက်တခါဆိုရင်တော့ ဒေါ်ကြီးတို့ ကိုကိုကြီးတို့က မူချိုကို ရှာပြန်ပို့ကြ မှာဘဲ....၊ အဲဒီအခါကျ မမလဲ ဘာမှ ကယ်နိုင်မှာ မဟုတ်ဘူးနော်.... မူချို...."

မူချို အတွေးနှင့် ငိုင်နေရှာလေသည်။

"ကိုင်း.... မူချို ငိုင်မနေနဲ့၊ ဘာမှလဲ စိတ်မကောင်းဖြစ်မနေနဲ့တော့၊ အားလုံး ပျော်ပျော်ရွှင်ရွှင် နေကြကွယ်....၊ သမီးဥမ္မာ, သီတာ လာကြ၊ အိမ်ရှေ့မှာ ဝိုင်းကြီး ပတ်ပတ် ကစားချေကြ၊ ကစားပြီး ခါတိုင်းလို ကိုယ့်တာဝန် ကိုယ်ကျေကြပေါ့...."

ကလေးအားလုံး ကြောင်တိ ကြောင်တောင် ကလေးတွေ ထသွားကြရှာသည်၊ မပြုံးတုံ့ပြုံးတုံ့ဖြင့်လည်း တယောက်လက် တယောက် ဆွဲလိုက်ကြလေသည်၊ ကျွန်မ သူတို့ကို မျက်စေ့ တဆုံး ကြည့်နေလိုက်မိ၏။

အော်ရင်း,ဟစ်ရင်း,ကစားရင်း ကလေးတွေ စောစော ကိစ္စကို လုံးဝ မေ့ပျောက်သွားကြသည့်အလား တဟီးဟီး.... တဟဲ့ဟဲ ရယ်ကြ မောကြ ပျော်မဆုံးကြပါပေ။ တယောက် လက် တယောက် မြဲမြဲဆုပ်ကိုင်ကာ ချစ်ခင်မြဲ ချစ်ခင်လျက်



www.burmeseclassic.com

www.burmeseclassic.com

ပါးကား၊ ကျွန်မ ရင်ထဲတွင်လည်း ကြည်နူးမှု ပီတိက.... တစိမ့်စိမ့် ယိုဖိတ်နေမိတော့သည်။

ဤသို့လျှင် ရောက်ကတည်းက မနားတန်း ပြဿနာပေးခဲ့သော မှူချိုအတွက် တရက်မှ စိတ်မအေးရဘဲ.... ရက်လကြောင်းကဲ့ မှူချိုအား ကျောင်းအပ်ဖြစ် သွားပါတော့သည်။

"ပိုက်ဆံအကုန်ခံလို့ ကျောင်းထားနေရသေးတယ်၊ အိမ်မှာဘဲ နဲ့နဲ့ပါးပါး သင်ပေးပါလား၊ သေစာ ရှင်စာလောက် တတ်ရင် တော်ရောပေါ့...."

ဟု ရင်းနှီးသော မိတ်ဆွေများက ပွင့်ပွင့်လင်းလင်း ပြောလာကြသကဲ့သို့ မပွင့်မလင်းနိုင်သူ များကလည်း တိတ်တခိုး မေးငေါ့ ကြပါသည်၊ ကျွန်မတို့ နှစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်း အချို့ကလည်း။

"လူတယောက် စရိတ်ဆိုတာ နည်းတာ မဟုတ်ဘူး....၊ တန်အောင်ခိုင်း၊ ဒီအရွယ်ဆို လုပ်နိုင် ကိုင်နိုင်ပါပြီ၊ ကြမ်းသုတ်၊ တံမြက်စည်းလှဲ၊ အိုးတိုက်၊ ပန်းကန်ဆေး၊ အားနေရင် သနပ်ခါးသွေးခိုင်းပေါ့၊ အအားတော့ မထားနဲ့....၊ ဒီအရွယ်က နိမ်ထားမှ နောက်တော့.... ကျိုးကျမှာ၊ ထမင်းလဲဘာလို့ ကိုယ့်ကလေးတွေနဲ့ တဝိုင်းတည်း စားစေရတာလဲ၊ မီးဖိုချောင်မှာ ဇလုံနဲ့ ပုံပေးလိုက်တာပေါ့၊ ခုထဲက ကိုယ့်သားသမီးတွေနဲ့ တန်းတူရေတူ အတူစား၊ အတူအိပ်၊ အတူကျောင်းထား၊ ကြာရင် ညီးခေါင်းပေါ် တက်သွားလိမ့်မယ်"

သူတို့ တယောက်တပေါက် စုံအောင် ဆိုကြ၊ ပြောကြ၊ နည်းလမ်းပေးကြသည်၊ ခိုင်းသည့် ရည်ရွယ်ချက်ချင်းကိုကပင် ကျွန်မနှင့် သူတို့ လမ်းကွဲနေပါသည်၊ သူတို့ ရည်ရွယ်ချက်က ထမင်းတလုပ် ကျွေးမွေးရသည်နှင့် တန်အောင် ကြေအောင်



ခိုင်းခြင်းဖြစ်လျက်၊ ကျွန်မ့ ရည်ရွယ်ချက်က တာဝန်ဆိုသည်ကို ငယ်စဉ် ကတည်းက နားလည်စေရန်၊ ရေသာ ခိုလိုသော အချောင် စိတ်ဓာတ်များ မဝင်စားလာစေရန်၊ အလုပ်ကို ယဉ်ပါးပြီး ကိုယ့်လုပ်အားကို ကိုယ်မြတ်နိုးသော စိတ်များ ယခု အရွယ်ကတည်းက ဝင်စားနေဘို့ ဖြစ်ပါသည်။ သူတို့ အနေနှင့် မေးစားသည်ဆိုရုံ အမည်ခံလျက် ကျွန်ယုံ လက်သပ် မွေးခြင်း ဖြစ်ရာ ဤသို့ပင် သဘောထားနိုင်၏ ပေလိမ့်မည်။ ကျွန်မအနေနှင့်မူ ဤကလေးကို ထိုမျှထက် အလှမ်းကျယ်ကျယ် စိတ်ကူး ယဉ်ထားမိရာ ကလေးကို ကျောင်းစည်းကမ်း ဘောင်အတွင်း သွင်းပေးဘို့ လိုအပ်ပါသည်၊ ကျောင်း ပတ်ဝန်းကျင် အမြင်သစ် အတွေးသစ်များဖြင့် ထိတွေ့စေလို ပါ၏။ မှူချို ကိုယ်တိုင်က ကျောင်းနေဘို့ကို စိတ်ဝင်စား ကြောင်း တွေ့ရသဖြင့် ကျွန်မပို၍ အားရမိသည်။ အတန်းနှင့် အသက် ကွာခြားနေမှုကို အတန်ငယ် ရှက်နေသောမှူချိုအား အားပေးသမှု ပြုရပါသေးသည်။

"ဒါ ရှက်စရာမဟုတ်ဘူး.... မှူချို၊ မြို့မှာဆို မမတို့အရွယ် တွေတောင် ကျောင်းနေကြတုံးဘဲ၊ ဟိုဖက်အိမ်က အန်တီနွဲ့ကို ကြည့်ပါလား၊ ခုထိ ကျောင်းတက်တုံးဘဲ၊ ပညာသင်တာ.... ရှက်စရာ မဟုတ်ပါဘူးကလေးရယ်၊ ညည်း ဆရာမကြီးဖြစ်ချင် တယ်ဆို၊ စာတတ်မှ ဆရာမဖြစ်မှာ၊ ဆရာမကြီး ဖြစ်တော့.... မှူချိုတို့ရွာက မစိန်ကြီးတို့ မသန်းညွန့် တို့လို....သူများ အိမ်မှာ အဆူအရိုက်ခံပြီး ကြမ်းမတိုက် ရတော့ဘူးပေါ့ကွဲ...."

ကျွန်မသည် ဦးကျည်ခမ္မပုံပြင်တို့ ဗာရာဏသီ ပြည်သား ပညာမသင်သော သူဌေးသားပုံပြင်တို့ဖြင့်ရင်း မျက်မှောက် အမြင်အတွေ့များကို သာဓကပြုလျက်ရင်း၊ မှူချို နားဝင်



www.burmeseclassic.com

www.burmeseclassic.com

အောင် ပြောပြရပါသည်။ မူချိုကား ဦးထွန်းနိုင် ဒေါ်သက်သက်တို့၏ သမီးကြီးအဖြစ် လွယ်အိတ်လွယ်ကာ ကျောင်းတက်လေပြီ။ ကျောင်းသွားလျှင်တပြုံးပြုံး၊ ကျောင်းက ပြန်လာလျှင် တပြုံးပြုံး၊ ကျောင်းတွင်တွေ့ရကြုံရသည့် အသစ်အဆန်းဟူသမျှ ကျွန်မတို့အား မမောတန်း ဖေါက်သည် ချတတ်လေသည်။ ဤသို့လျှင် ကျောင်းသူကြီးဘဝကို မူချို တယောက် မြတ်နိုးခုံမင်၍ ခြောက်လမြောက်သောအချိန် ဆီမီးတထိန်ထိန်နှင့် သီတင်းကျွတ်ရက်တွင် ဆွေဆွေနှင်း၏ နှိုနှစ်ရောင် အိုပယ်ကားကလေးသည် ကျွန်မတို့ အိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့သည်။ ကားနောက်ပိုင်းတွင် ဒေါ်ပုကိုလည်း တွေ့ရပါလေ့သည်။

"ဟော.... ဆွေဆွေမလာတာကြာလို့ ကိုယ်တို့တောင် ပြောနေရသေးတယ်.... ဘာကိစ္စ အကြောင်းထူးသေးလဲဟေ့"

ဆွေဆွေနှင်းက ကားသော့လေးကို လက်ညှိုးမှာ ရစ်ပတ်ဆော့ရမ်းလျက် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သလို၊ ဒေါ်ပုကလည်း ကြမ်းပြင်တွင် ရို့ရို့ကလေး ဝင်ထိုင်လိုက်သည်။

"လာပါ....ဒေါ်ပု၊ ဒီမှာထိုင်ပါ.... ကျွန်မက ဒေါ်ပုအား ကုလားထိုင်မှာထိုင်ရန် ခေါ်ငင်သော်လည်းမရ။

"ကိစ္စမရှိဘူးအမ...."ဟုဆိုကာ ထိုင်မြဲထိုင်နေသည်။

ဆွေဆွေနှင်းကမူ ကျွန်မ၏ ကဘိုကရို နောက်စေ့ထုံးနှင့် နဖူး၊ ဆံစပ်၊ မျက်ခုံးမွေးတို့တွင် သပ္ပတ်တန်ဖြင့် မပွတ်အားသဖြင့် ဝင်နေသော သနပ်ခါးစများကို တလှည့်၊ ချုပ်လက်စ ညှပ်လက်စ အဝတ်စများကိုတလှည့် ကြည့်နေလေသည်။



"မင်းနဲ့အလုပ်က ဆယ့်နှစ်ရာသီ နှစ်ပါးသွားနေတော့ ဆွေဆွေလာရင် အလုပ်ပျက်မှာစိုးလို့ အလိုက်တသိ မလာတာပါ၊ ဟဲ....ဟဲ....ကြည့်လေ....အခု ဘာတွေချုပ်နေတာလဲ"

ဆွေဆွေနှင်းက မေးခွန်းထုတ်လိုက်လေသည်။

"ကလေးတွေဖို့ပါကွာ၊ နက်ဖြန်လပြည့်နေ့၊ ကလေးတွေ ဆရာသမားကန်တော့ရင်း မီးထွန်းပွဲလိုက်ပြမလို့၊ အမြန်ချုပ်နေရတာ"

"ဒါများ သက်သက်ရယ်.... အပင်ပန်းခံ အိမ်မှာ ချုပ်နေတယ်၊ စကော့ဈေးသွားအပ်ရင် ပုံဆန်းလေးတွေ လုပ်လိုက်တာ ပျံနေတာဘဲ...."

"စကော့ဈေး တရုတ်ဆိုင်တွေက ချုပ်ခတွေခေါင်ခိုက်နေတာ.... ကိုယ်တို့လို ကလေးများတဲ့လူတွေ အနားမသီနိုင်ဘူးကွာ.... လူတွေကလဲ ချုပ်ခ ဈေးကြီးကြီး ပေးရမှာ တန်ဖိုးထားချင်ကြလို့ပါ၊ သူတို့ပုံလောက်တော့ ကိုယ်လဲ လိုက်နိုင်ပါတယ်....ကြည့်လေ"

ကျွန်မက မူချိုအတွက် ချုပ်ထားသည့် ဘလောက်အင်္ကျီကလေးတထည်ကို ထုတ်ပြလိုက်ပါသည်။ ဆွေဆွေနှင်းက ကျွန်မပြသော အင်္ကျီလေးကို ဖြန့်ကြည့်လိုက်ပြီး....

"အင်း....မဆိုးဘူးဟေ့၊ ဆင်တူရိုးမှားပေါ့ကွ ဟဲ....ဟဲ...."

"ကိုင်းလေ.... ရိုးမှားကဲအသာထားအုံး၊ ခုဘာကိစ္စနဲ့လဲ"

"ဆွေဆွေ နက်ဖန် အိမ်မှာ သီးသန့်ပါတီကလေး လုပ်မလို့၊ အဲဒါ ကိုထွန်းနိုင်နဲ့ မင်းနဲ့လာဖို့ပြောမလို့၊ ဟောဒီ ဒေါ်ပုရောက်လာပြီး အမီဆီ လိုက်ပါရစေဆိုလို့ ပါလာတာလေ....

"ဟုတ်လားဒေါ်ပု.... ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူး.... အမ ကောင်မလေး ပျော်မပျော် လာကြည့်တာပါ"

ဤတွင် တချိန်လုံး အင်္ကျီကြယ်သီးတပ်ချင်း ငြိမ်နေသူ ဒေါ်ကြီးက မျက်မှန်ကြီးဝင့်ကာ ဒေါ်ပုကို ကြည့်ရင်း နှုတ်ခမ်းနှစ်ခုကို ခပ်ဖိဖိ ထော်ထားလိုက်လေ၏။

"ဒီမှာမပျော်စရာဘာရှိလဲ၊ ရွာမှာတုံးက အရွယ်နဲ့မလိုက် လုပ်ရကိုင်ရ၊ သေကောင်ပေါင်းလဲ အရိုက်ခံရတယ် သူပြောတယ်၊ အခုသူ့အဖို့ နိဗ္ဗာန်ရောက်နေတာပေါ့၊ အေး.... နေ့စဉ်ငရဲရောက်နေရတာကဒို့ဘဲ၊ တနေ့တနေ့ ပါးစပ်ပေါက် စေ့မသွားရလောက်အောင် ကြည့်ပြောနေရတာ...."

ဒေါ်ကြီးက ပယ်ပယ်နယ်နယ် ပြစ်ပြစ်နှစ်နှစ်ပင် မှုချိ မကောင်းသမျှကို ပုံကြီးချဲ့ကာ ပြောဆို နေလေသည်။ ဆွေဆွေနှင်းကမူ ရင်သပ်လျက်....

"ဖြစ်ရမယ် ဒီလိုဘဲဖြစ်ရမယ်၊ အစထဲက ဆွေဆွေတွေး မိပြီးမို့ သက်ရယ် ဒီဟာမလေး မခေါ်ချင်စမ်းပါနဲ့လို့ ဆွေ အတန်တန် တားခဲ့သားဘဲ....ဒေါ်ကြီးရဲ့"ဟု ဆိုလေသည်။

"အစတုံးက ဒေါ်ကြီးကို မတိုင်ပင်ဘဲလုပ်လို့ ဒီလို ဖြစ်ရတာ၊ အေး....ဒါဘဲဒေါ်ပု ပြန်ခေါ်ချင်သပဆို အခုဘဲ ခေါ်သွား၊ ဒို့တာဝန်ငြိမ်းတယ်...."

ဒေါ်ကြီးက သံပြတ်နှင့် နိဂုံးချုပ်လိုက်လေ၏၊ ဤအချိန် တွင် မှုချိကား ဒေါ်ပုနှင့် ပြန်လိုက်ရမည်စိုး၍လားမသိ၊ ဘယ်ချောင် ပုန်းနေမှန်းမသိပါ။ ဒေါ်ပုကမူ ရိုးအသော တောသူမကြီးပမာ ခေါင်းကို ခပ်ရှို့ရှို့ ငုံ့ထားသည်။

"ခေါ်မလို့လာတာ မဟုတ်ပါဘူးအမ၊မလိမ်မာရင်ရိုက်ပါ ရွာဆွေရွာမျိုးမို့ မျက်စေ့အောက် အမြင်မတော်လို့ ကောင်း



ရာကောင်းကြောင်း စီစဉ်ပေးရတာပါ၊ ဒီမှာ အမတို့နဲ့အတင် မပြေလဲ တမျိုးတမည် စီစဉ်တန် စီစဉ်ရအောင် လို့သာ ကျွန်မလာခဲ့တာပါ...."

"အေး.... ဒီလိုဆို ပြီးတာဘဲ၊ နောက်တော့.... တမျိုး တမည် ဘာသံညာသံ မကြားရစေနဲ့၊ ညည်းတို့ပွဲစားတွေဟာ အင်မတန်ငွေလိမာလီ များလွန်းလို့ သတိပေးရတာ၊ ကောင်မ လေးကတော့ ဒီမှာ ပျော်နေပြီ....၊ ကုတ်နဲ့ ကော်ထုတ်သို့ တောင် ထွက်မှာ မဟုတ်တော့ဘူး....၊ အခု.... ညည်းကိုမြင် တာနဲ့ ပုန်းနေတာသာကြည့်၊ ဒို့ကလဲ ဒို့အနှစ်နာခံကျွေးမွေး မျိုးထောင်ပြီးခါမှ နောင်တနေ့ ပြဿနာရှုပ်လာရင် ငြိမ်ခံ နေမှာ မဟုတ်ဘူး...."

ဒေါ်ကြီးလေသံက ခပ်တင်းတင်းပင်....။

"စိတ်ချပါ....အမ၊ ရှုပ်စရာ မရှိပါဘူး ကောင်မလေးက တကောင်ကြွက်ပါ...."

ဒေါ်ပု ပြန်သွားသောအခါ ဒေါ်ကြီးက အားပါးတရ ရယ်ရင်းပြောသည်။

"ငါ.... တမင်ကို ပြောလိုက်တာ၊ မဟုတ်ရင် သူတို့က အခေါ် ပြန်ခေါ်နေလို့၊ ဦးကြီးက လွှမ်းနာကျလို့နဲ့.... ဈေး တက်ချင် တက်နေအုံးမှာ၊ ပါးစပ်ကသာ ဟန်လုပ် ပြောနေ ရတယ်၊ စိတ်ထဲကတော့.... ကောင်မလေး ပြန်ခေါ်သွား မှာလေလား အစိုးသားဟဲ့...."

"ဒေါ်ကြီးလဲ မှုချိကို သံယောဇဉ် ရှိနေပြီလား...."

"ဟဲ့.... ငါလဲ အသည်းနှလုံးနဲ့ လူဘဲကို မိသက်နဲ့....၊ လူ မှန်ရင် ချစ်တတ်၊ ခင်တတ်၊ သံယောဇဉ် ရှိတတ် ကြတာ



www.burmeseclassic.com

www.burmeseclassic.com

ချည်းဘဲ၊ ခွေးကလေး ကြောင်ကလေးများတောင် မွေးမိမှဖြင့် သံယောဇဉ် တွယ်ရသေးတာကလား....”

ကျွန်မသည်ဒေါ်ကြီးစကားကို မအံ့သြတော့၊ ဒေါ်ကြီး၏စကားက အမှန်တရားပင် မဟုတ်ပါလား၊ မူချို ကိုယ်တိုင်ကလည်း ချစ်စရာ ခင်စရာကောင်းလောက်အောင် ပြောင်းလဲလာပြီဖြစ်သည်၊ ဒေါ်ကြီး၏ မီးဖိုတွင် ဒေါ်ကြီးစိတ်ကြိုက်ဒေါ်ကြီး လက်ရာ ပုံစံမှီ သန့်သန့်ပြန့်ပြန့် စံနစ်တကျ ကူညီတတ်လာပြီဖြစ်သော မူချိုကို ဒေါ်ကြီး ကျေနပ်လာသကဲ့သို့ဦးမှာ, သီတာ, နီလာတို့ကလည်း သူ့ကို အစ်မတယောက်နှင့်မခြား ခင်မင် အားထားလာကြသည်၊ စာကြိုးစားရမှန်းနားလည် လာသည့် အတွက်လည်း ကိုနိုင်နှင့် ကျွန်မက....နှစ်ထောင်းအားရ ဖြစ်ကြရသည့် နည်းတူ တဖက်အိမ်မှ....ဦးတင်အောင်နှင့် မမခင်တို့ အိမ်ရှေ့ တွင်လည်း.... ရုံးပတီကလေးများ၊ ခရမ်းကလေးများ ချစ်စဖွယ်ကောင်းလောက်အောင် သူထက်ငါ သီးနေကြပြီမို့ ဇနီးမောင်နှံ့ သဘောကျကျေနပ်နေကြပြီ ဖြစ်ပါ၏။

“အလွန် လိမ်မာတဲ့ ကလေး.... ဖင်ပေါ့တဲ့ ကလေး....” စသည်ဖြင့် ဒေါ်ပုက ရွှန်းရွှန်းဝေဝေ ပြောခဲ့သလောက် ရောက်စက ကျွန်မတို့ တအိမ်လုံး စိတ်အနှောက်အယှက်ပေးခဲ့သော မူချိုသည် ကျောင်းထားပြီးမှ ဘဝပေး သခ်ာၤစာဖြင့်....တိုးတက်လာခဲ့သည်၊ အိမ်မှာနေ အိမ်စည်းကမ်း၊ ကျောင်းမှာရောက်လျှင် ကျောင်းစည်းကမ်းများ ကလည်း မူချိုအား....အပျင်းမထူသာအောင် နှောင်ဖွဲ့ ထားကြသည်၊ ကျောင်းကစာ၊ ကျောင်းကဆရာမ၊ ကျောင်းက သူငယ်ချင်းများကို....



တွယ်တာမှု၊ စာနာမှုနှင့်အတူ မူချို၏ အထီးကျန် ဘဝသည် မေတ္တာတရားဖြင့် နူးညံ့ ပြောင်းပျောင်းလာခဲ့သည်။

ဒေါ်ပုပြန်သွားပြီဖြစ်သော်လည်း ဤအချိန်တွင် ဒေါ်ပုနှင့်အတူ မပြန်သော ဆွေဆွေနှင်းတယောက်ကျန်နေသေးရာ သူ့အတွက် ကျွန်မ မုံ့နှင့် ကာဖီများ ဖျော်ယူ ချထားလိုက်ရပါ၏။

“စားအုံးဆွေဆွေ....၊ ကာဖီက ဆွေ့အိမ်လို နက်စကာဝီတော့ မဟုတ်ဘူးကွဲ၊ ဘီတီဘရားသား ကာဖီပေမဲ့မွှေးတယ်၊ အရသာရှိပါတယ်၊မုန့်ကတော့အိမ်လက်ဖြစ် ရွှေချီဟာလဝါပါ စားအုံး....”

“မင်းအိမ် ရောက်ရင်တော့.... အိမ်လက်ဖြစ်တွေ စားရမယ်ဆိုတာ ဆွေဆွေ တွက်ပြီးသားပါကွယ်....”

“အိမ်မှာ.... လုပ်တာက ဈေးတန်း မဟုတ်တော့....သန့်တယ်၊ ပြန့်တယ်၊ စိတ်တိုင်းကျလဲ ဖြစ်တယ်မဟုတ်လား၊ ချွေတာရေးလဲ ကျတာပေါ့ကွယ်....”

ဆွေဆွေနှင်းကဟာလဝါတဇွန်း ကော်၍မြုံ့နေလေသည်။

“မချို.... မချို့လက်က အကြီးကြီး အောက်ကိုနည်းနည်းနှိမ့်အုံး၊ သီတာမခုန်နိုင်ဘူး....”

အိမ်ရှေ့တွင် ဖန်ခုန် ကစားနေကြသော ကလေးများ၏အသံက ကျွန်မတို့ ဧည့်ခန်းကို ပြန့်ဝဲလာလေသည်၊ ဤအခါစောစောက စကားပြတ်နေခဲ့သော မူချိုအကြောင်းကို ကျွန်မက စကားဆက်လိုက်မိပါသည်။

“ဆွေဆွေရဲ့....၊ မူချိုဟာ ပစ်စလက်ခတ် ကြီးခဲ့ရတာ၊ ဆင်းတောင့် ဆင်းရဲဘဝနဲ့ အဒေါ်ရဲ့ ရက်စက်မှုနဲ့ ရှင်သန်ခဲ့ရတဲ့ ကလေးကွဲ၊ ဒီတော့....သူ့အကျင့်အကြံ၊ စရိုက်သဘာဝ



www.burmeseclassic.com

www.burmeseclassic.com

သူခေါင်းမာပုံ၊ ထုံပေပုံနဲ့ အခြားတအိမ်အိမ်များရောက်သွားရင်တော့....ဒုက္ခဘဲ....၊ တော်ရုံတန်ရုံလူက သူ့ဘဝကို နားလည်ခွင့်လွှတ်နေမှာတော့ မဟုတ်ဘူး ထင်တယ်....၊ စိတ်တိုတို့နဲ့....ရိုက်မိနှက်မိကြမှာ မလွဲဘူးကွဲ့၊ ဒီလိုဆို သူ့ဘဝ ကလေးဟာ ပိုဆိုးရုံ ရှိတော့တာပေါ့ကွယ်၊ အခု ကိုယ်တို့အိမ် ရောက်လာတာ သူ့ကံကောင်းတာ၊ ကိုယ်တို့ မေတ္တာ မိုးကြောင့်....မှုချိုဆိုတဲ့.... အပင်ကလေး လန်းလန်းမတ်မတ် ပေါက်လာရတယ်ဆိုရင် မမှားဘူးဆွေရေ...."

ဆွေဆွေနှင်းသည် နှစ်နှစ် ခြိုက်ခြိုက်ကြီး ပြုံးလိုက်၏၊ ဒါပေမင့် သူမ၏ အပြုံးနောက်ဆွယ်တွင် နှုတ်ခမ်းပါးလေးကို တွန့်လိမ်မဲ့ရွဲ့လိုက်ပါသည်။

"မင်းတို့မို့ စိတ်ရှည်ပလေတယ်၊ ဆွေဆွေဖြင့် ကိုယ့်သားမျောက်နှစ်ကောင်တောင် စိတ်တိုလွန်းလို့ နားနဲ့ လှဲထားလိုက်တာဘဲ၊ ကလေးတွေက အားကြီးဆိုးတာဘဲ သက်ရယ်၊ ဒါကြောင့် နားကို လခတိုးပြီးမနည်းချော့ထားရတယ်ကွယ်"

"ချော့တာတော့ဟုတ်ပြီ....၊ ကလေးတွေကို မျက်နှာလွှဲ ခဲပစ်တော့ မလုပ်ပါနဲ့ ဆွေဆွေရယ်၊ မင်းမှာလဲ အပျိုတိုးနဲ့မခြား လွှတ်လွှတ်လပ်လပ်နဲ့ ရုပ်ရှင်ကြည့်လိုက်၊ ပါတီပေးလိုက်နဲ့ ပျော်ပျော်ဘဲနေဘ်....၊ ရှင်းရှင်းပြောရရင်.... ကလေးထိန်းတို့ အိမ်ဖော်တို့ဆိုတာ.... မင်းတို့ကိုယ်တို့လောက် ပညာဗဟုသုတ မရှိရှာကြလို့သာ အိမ်ဖော်ဖြစ်လာရတာ၊ ကလေးထိန်းဖြစ်လာရတာ၊ ဒီလိုလူတွေလက်ထဲ သားသမီးကို ဝကွက်အပ်ထားလို့ ဖြစ်ပါ့မလား ဆွေဆွေရဲ့...."

ဤတွင်မူ ဆွေဆွေနှင်းက ပြုံးရုံသာမက အသံများထွက်အောင်ပင် ရယ်တော့သည်။



"မင်းထင်သလို ဆွေဆွေ့အိမ်က ကလေးထိန်းက တော်ကြိုတောင်ကြားက ထမင်းမဝလို့ မြို့ရောက်လာတဲ့ ကလေးထိန်းမဟုတ်ဘူး....မိသက်ရဲ့၊ သူနာပြု လက်မှတ်ရ ခေတ်ပညာတတ်သိရဲ့လား၊ ကလေးကို ဘယ်လိုပြုစုရမယ် ဆိုတာ.... မင်းတို့ငါတို့ထက်တောင် နားလည် သေးတယ်....၊ ဒါကြောင့်လဲ နှစ်ရာဆိုတဲ့ လခကို ပေးထားရတာပေါ့ကွဲ့...."

"အေး.... ဘယ်လောက် ခေတ်ပညာ တတ်ပေစေ၊ သူဟာ ကလေးရဲ့အမေ မဟုတ်တာတော့ မဟုတ်တာဘဲ၊ ငွေပေးငယ်ရတဲ့ မေတ္တာနဲ့ တကယ့်မေတ္တာစစ်ဟာ မတူနိုင်ဘူးဆိုတာ ဆွေဆွေ သတိရှိဖို့ ပြောတာပါ..."

"သိပ်ပူမနေပါနဲ့ ...သက်ရယ်၊ ဆွေဆွေနားလည်ပါတယ်၊ ကိုင်း.... နက်ဖန်ည ၇ နာရီ ဆက်ဆက် လာမယ်လား၊ ဒါဘဲ ပြောစမ်း ..."

"ဘာလဲ ... အော်.... ပါတီလား..."

"အင်းလေ ..."

"ဆွေဆွေကလဲ.... ကိုယ်...ဘယ်တုံးက ပါတီတွေဘာတွေ တက်ဘူးလို့လဲ...."

"သိပ်ထုံးတာဘဲ၊ အချစ်ဆုံးသူငယ်ချင်းမို့ သွားတူလာဖက်ဖြစ်အောင်.... မြီးတော့.... လူရာ သူရာ သွင်းလို့ သွင်းမှန်းနားမလည်ဘူး...."

ကျွန်မက ဆွေဆွေနှင်း၏မျက်နှာကို ဖြတ်ကနဲလှမ်းကြည့်လိုက်သည်။

"ဟဲ့....ဟဲ့.... ဒါက ဘာစကားတုံး.... ဆွေဆွေ"

"ဆောရီး.... ဟဲ...ဟဲ.... ဒီမှာသက်၊ ဒါက.... သီးသန့်ပဲ ကလေးပါ၊ အရင်းနှီးဆုံး လူနှစ်ဆယ် အစိတ်ဘဲ၊ ဆွေဆွေတို့



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေ ဂျပန်ကညွှိသည်နှစ်ဦး ကုမ္ပဏီကိစ္စနဲ့ လာတယ်လေ၊ စည်းတာတော့ စထရင်းမှာပါ၊ ဒီအတွက် သီတင်းကျွတ် လပြည့်နေ့နဲ့လဲ ကံအားလျော်စွာ ကြုံကြိုက်နေတော့ နက်ဖြန် အိမ်မှာ ပွဲကလေး လုပ်မယ်၊ မိတ်ဖြစ်ဆွေဖြစ် ဗဟုသုတလဲ ဖြစ်တာပေါ့ကွယ်၊ ကိုထွန်းနိုင်လဲ အပါခေါ်ချင်တယ်၊ မင့် လူကလဲ ခေတ်ပညာတတ် ဒီဂရီ ဟိုလဒါ တယောက် အနေနဲ့ ဒီအခွင့်အရေးတော့ လက်လွှတ် မခံသင့်ဘူးကွဲ့၊ ရော့....ဟော ဒီမှာ ဖိတ်စာ....”

ဆွေဆွေနွှင်းက သူ့အာဘော်နှင့်သူပြောရင်းဆိုရင်း အိတ်ထဲမှ ကပ်ပြားလှလှလေးကို ထုတ်ယူပေးလေသည်၊ ဖေါင်းကြွသော ရွှေစာလုံးနှင့် အင်္ဂလိပ်လို ပုံနှိပ်ထားသည်။

“ကိုင်း.... သွားမယ်သက်၊ နက်ဖြန်တော့သာ ဆက်ဆက် လာစေချင်တာဘဲ....”

“အေးပါ.... ကိုယ်ကြိုးစားပါ့မယ်....”

ကျွန်မသည် ဆွေဆွေနွှင်းအား ခြံပေါက်အထိ လိုက်ပို့ လိုက်သည်၊ မြက်ခင်းတွင် ဖန်ခုန်ကစားနေကြသောကျွန်မ၏ သားသမီးတစုကို မျက်စေ့ ကစားရင်း ဆွေဆွေနွှင်းက.... ။

“ဟော့.... ဟော့.... ဟိုဟာ.... ဟိုကောင်မလေး မို့လား....”

“ဟုတ်တယ်လေ.... မူချိုပေါ့....”

“အောင်မယ်.... မူချိုက ချောလိုလှလို့၊ ဒေါ်ပုခေါ်လာတဲ့ ကြောင်ချေးရုပ် မဟုတ်တော့ပါလား....“

“ဘယ်ဟုတ်တော့မလဲ၊ မူချိုက ကိုယ့်သမီး ဖြစ်နေပြီဘဲ”

“ဟင်း....အဟင်း....သတိထားနော် သတိလား၊ ကောင်မလေးက ခပ်ဖြူးဖြူးရယ်၊ နောက် လေးငါးနှစ်ဆို အပျိုဖြစ်တော့မယ်၊ တော်တော်နေ အဟင်း....”



“ဘာစကားလဲကွ မင့်ဟာက....”

“အော်.... တော်တော်နေ သက်ကို ယောက်ခမ တော်ချင်တဲ့ လူတွေ ဝိုင်းနေမယ်လို့ ပြောမလို့ပါကွ သက်ဘာလဲ”

ဆွေဆွေနွှင်းက ကားတံခါးကို ဂျုံးကနဲပိတ်ကာ လက်ပြလျက် မောင်းထွက်သွားသည်၊ ထိုအခါမှ ကျွန်မလည်း ဘဝင်မကျတကျနှင့် အိမ်ထဲ ပြန်ဝင်ခဲ့မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ရှစ်

ပါတီဆိုလျှင် ပါတီနှင့်အညီ အသောက် အစားကလေး၊ အဆိုကလေး ပါဦးမည်ဟု သေချာသည်၊ သူတို့ အထက်လွှာ ညစ်ခံပွဲကို တက်ရောက်ရန် သောက်တတ်၊ ကတတ်ဖို့လိုသည်၊ အင်္ဂလိပ်သီချင်းကို ဗိုလ်သံဝဲပါက်ဝဲအောင်ဆိုတတ်လျှင် ပေါ်ပြူလာဖြစ်မည်၊ အပေါ်ယံ ရွှေမှုန့်ကြဲသည့် ဤလောကထဲမှ ဗဟုသုတမျိုးကိုလည်း ကျွန်မ မရယူလိုပါ၊ ထို့ကြောင့် ကျွန်မ ဆွေဆွေနှင်း၏ ညစ်ခံပွဲကို မတက်ခဲ့၊ ကိုနိုင်လည်း စစ်ကိုင်းရှိ ဖခင်ကြီး အသည်းအသန်ဖြစ်၍ နေ့ချင်းထွက်သွားရသာ ကျွန်မ အတွက် ဆင်ခြေပေးစရာသည်း လုံလောက် သွားလေသည်၊ မည်သို့ဆိုစေ ဆွေဆွေနှင်း စိတ်ခုသွားသည်က သေချာ၏။

ထိုမှစ၍ ကျွန်မထံ ဆွေဆွေနှင်း အလာကြဲသွားခဲ့ပါသည်၊ သူ့ကို ကျွန်မ ခင်မင်ပါသည်။ ဒါပေမင့်...သူကျင်လည်ရာနှင့် ကျွန်မဘဝက ဆက်စပ်မရပေ၊ သူအဖေါ်ပြုရာ စကော့ဈေးတို့ ရုပ်ရှင်တို့သည်း ခဏခဏ ကျွန်မမလိုက်နိုင်ပါ၊ ညစာစားပွဲတို့ ညစ်ခံပွဲတို့ဆိုသည်မှာ ကျွန်မနှင့် အဆက် ဝေးလွန်းသည်။



ထို့ကြောင့် အသွင်မတူသော ကျွန်မကို ဆွေဆွေနှင်းက တစ တစ အဆက်ဖြတ်ထားဟန်တူပါသည်။

ကျွန်မဆိုသော ကျွန်မကလည်း ကျွန်မအိမ်တွင်သာ ကျွန်မ ပျော်မွေ့နေ၏၊ တနေ့တနေ့ သည်လင် သည်သား သမီးနှင့် အိမ်ထောင်ထိန်းသိမ်းရင်း အချိန်ကုန်မှန်းမသိကုန်လာခဲ့သည်။

လေချိုကလေး တအေးအေးနှင့် ဆောင်း၏ တညနေခင်း ဖြစ်ပါသည်၊ စားမှုသောက်မှုကိစ္စ ပြီးပြီဖြစ်သော ကျွန်မတို့ ဇနီးခင်ပွန်းသည် စာဘအုပ်စီနှင့် စိတ်ဝင်စားနေကြသည်။ ကျွန်မသည် စာအုပ်တွင် မှတ်သားလိုသောစာပုဒ်များကို မျဉ်း သားရန်အတွက် ခဲတန်နီ လိုအပ်လာသဖြင့် ကလေးများကို လှမ်းကြည့်လိုက်သည်၊ကလေးများသည် အိမ်ရှေ့တွင်ဒေါ်ကြီး နှင့်အတူ ပေါင်းသင် မြက်နုတ်နေကြသည်ကိုတွေ့ရ၏၊အငယ်မ နီလာ တယောက်သာ ဆော့ကစားနေလေသည်။ ထို့ကြောင့် ကျွန်မသည် ကလေးတွေ လွယ်အိတ်ရှိရာ သူတို့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။ လွယ်အိတ်ကလေးများသည် ချိတ်တွင် ညီညီ ညာညာ ချိတ်လျက်သား တွေ့ရ၏၊ ကျွန်မ စိတ်ကူးရသဖြင့် သူတို့လွယ်အိတ်ကလေးများကိုတခုချင်းဖြည်ဖြန့်ကြည့်မိသည်။ ဉမ္မာသည် လက်ရေးလည်းလှ စာအုပ်များလည်း သန့်ရှင်း သပ်ယပ်လျက် ခဲတံ ခဲဖျက်အားလုံး သူ့နေရာနှင့်သူ နေရာ တကျရှိသည်။ သီဘာလည်း ထို့အတူပင် သို့ရာတွင် စာအုပ်ကို ဟိုသည်ကျော်လျက် အရုပ်များရေးဆွဲ ဆုတ်ဖြဲထားသည်များ တွေ့ရသည်။ ပုံဆွဲစာအုပ် သပ်သပ်ရှိလျက် ဗလာစာအုပ် ဖြန်းတီးထားမှုကို ညကျမှ သတိပေးရန် စေးမှတ်ထား သည်။ နောက်ဆုံး မွှေချိုလွယ်အိပ်လည်း မဆိုးလှ၊ သို့သော် လွယ်အိတ်မှာ ညစ်ထပ်ထပ်ဖြစ်နေသည်ကို ကျွန်မ သတိထား



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ လွယ်အိတ်အပြင်ဖက် အိတ်ထောင် ဇစ်ကလေးကို ဆွဲဖွင့်ကြည့်မိသောအခါမှုကား.... ကျွန်မမျက်လုံးများပြူးဝိုင်းသွားကြရသည်။ တမိုက် ပတ်လည်ခန့်သာရှိမည့် လက်ကိုင်အိတ်ကလေးဖြစ်သည်၊ ဖွင့်ပိတ်စရာ ကြေးဘုကဲလေးနှစ်ခုတပ်လျက် အဖိုးတန် အကောင်းစား နိုင်ငံခြားဖြစ် ဖြစ်ကြောင်းသိသာလေသည်။ အိတ်ကလေးကို ဖွင့်ကြည့်လျှင် ကျပ်တန်ကလေးတစ်ရွက်ကို တွေ့ရပါ၏။ ကျွန်မသည် အိတ်ကလေးကို သူနေရာနှင့်သူ ကဗျာကရာ ပြန်ထားလိုက်ရလေသည်။

"ကိုနိုင်ရေ....ကိုနိုင်"

ကိုနိုင်က စာအုပ်နှင့်မျက်နှာ မခွာသေးပေ။

"ဒီမှာ....ကိုနိုင်ရဲ့ မှုချိုလေ....မှုချို ခိုးများ လာတာလားမသိဘူး၊ သူ့အိတ်ထဲမှာ ပိုက်ဆံအိတ်ကလေးတွေ့လို့...."

ဤအခါမှ ကိုနိုင်စာအုပ်ချကာ ကျွန်မနှင့်အတူ မှုချို၏လွယ်အိတ်ဆီသို့ သွားကြည့်ကြပြန်သည်။

"သိပ်လှတဲ့အိတ်ကလေး မနေ့ကမရှိဘူး၊ ခုမှတွေ့ရတာဘဲကောက်ရတာလား မဆိုနိုင်ဘူးနော်...."

"ကောက်ရတာဆိုရင် တအိမ် လုံးကို သူဖွင့်ပြောပြီးရောပေါ့....သက်သက်ရဲ့"

"ဟုတ်တယ်ကိုနိုင် မှုချိုဟာ အိမ်ကပိုက်ဆံတို့ ဘာတို့တော့ တခါမှမခိုးဘူးပါဘူး၊မုန့်ခိုးရင်သာခိုးစားမယ်၊ရောက်စကသာ လုပ်တာ ခုမလုပ်တော့ပါဘူးလေ"

"ပိုက်ဆံကို ခိုးတာတော့ မဟုတ်ဘူးကွ၊ အိတ်ကလေး လှတော့ လစ်လာတာဖြစ်နိုင်တယ်...."

"ဟုတ်တယ် ဒါဖြစ်မှာဘဲ၊ ဘယ်လိုလုပ်ရရင် ကောင်းမလဲဟင်...." ကျွန်မတို့နှစ်ယောက်သား အကြံထုတ်ကြသည်။



"ဒီလိုလုပ် အိတ်ကလေး ဒီအတိုင်း အခြေမပျက်ထား၊ သူအပြောစောင့်ကြည့်ရအောင်...."

"ဟုတ်တယ်.... သက်လဲ ဒီလိုဘဲစိတ်ကူးရတယ်၊ ညအထိ သူဘာမှမပြောလာရင်.... သက်အစ်ကြည့်မယ်၊ ပြီးမှ တမျိုး ထပ် စိတ်ကူးအုံးမယ်လေ...."

"အဲဒါကောင်းတယ်...."

ကျွန်မတို့ အခြေမပျက် စာအုပ် ဆက်ဖတ် နေလိုက်ကြသည်။ စာကိုဖတ်နေပေမင့် စိတ်မဝင်စား၊ ကိုနိုင်လည်း ထိုအတူဖြစ်နေဟန်ရှိသည်၊ နှစ်ယောက်သား စာအုပ်ချကာ ခုံရှည်ပေါ်တွင် ထိုင်ကြပြန်သည်။

"ဘယ့်နှယ်လဲ သက်သက်၊တော်တော်စိတ်မောနေပြီလား"

"ဟုတ်ကဲ့ ကိုနိုင်.... သူသက်တို့ဆီ ရောက်တာ ဆယ်လကြာခဲ့ပြီ၊ သူ့ရဲ့စရိုက်ဟောင်းကလေးတွေ ပျောက်သလောက်ရှိနေပြီမို့ သက်ကြည်နူးမဆုံးရှိခနတုံး ပြဿနာတခု ပေါ်လာပြန်တော့ စိတ်မကောင်းဘူးပေါ့....ကိုနိုင်ရယ်"

"ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ၊ မှုချိုဟာ ဒါလောက် ဆိုးဆိုးရွားရွားမှ မဟုတ်သေးတာဘဲ၊ တကယ့်သူခိုးဂျပိုး တေလေကလေးများတောင် အပြုအပြင် အထိန်းအကွပ်ကောင်းရင် တိုင်းပြည်ရဲ့ လုပ်သားကောင်းကြီးတွေ ဖြစ်လာနိုင်ပါတယ်ကွ၊ ဒီမှာ.... မှုချို ဒို့ဆီရောက်လာတာ အချိန်မှဘဲ၊ အချိန်ကောင်းဘဲ မနှောင်းသေးပါဘူး၊ အများကြီးဘဲ မြော်လင့်ချက်ရှိတယ်....သိလား"

ကိုနိုင်က ကျွန်မပခုံးကိုပုတ်ကာ နှစ်သိမ့်လိုက်ပါသည်။ အပြင်လောကတွင် အမှောင်ထုကတဖြည်းဖြည်းကြီးစိုးလာ၏။ ကျွန်မမီးခလုတ် ဖွင့်လိုက်သည်နှင့် ကလေးများဝင်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးခန်းတွင် ခြေဆေး သန့်စင် ကြသည်။ ၇ နာရီမထိုး သေးရကား ခါတိုင်းကဲ့သို့ ပျော်ပျော်ရွှင်ရွှင်ရေဒီယို နားထောင်ကြပါသည်၊ မူချိုသည် စာကျက်ချိန် ရောက်လာသည်နှင့် တိုင် ပိုက်ဆံအိတ်ကလေးနှင့်ပတ်သက်၍စကား တခွန်းမျှမဟ၊ သူ့လွယ်အိတ်ကလေးကိုမူ ခါတိုင်းထက်ပို၍ ဂရုတစိုက် ပေါင်ပေါ် တင်ပြီး လက်ကလေးတဖက်နှင့်မြဲမြဲဖိကိုင်ထားလေသည်။ ကျွန်မသည် အိမ်ခြေမပျက်ပင် ခါတိုင်းကဲ့သို့ ဂဏန်းသင်္ချာ၊ အင်္ဂလိပ်စာများကို သင်ပြပေးပြီးနောက်၊ မြန်မာစာသတ်ပုံများကို ပေးသည်။ မူချိုသည် စာကျက်ရန် မပျင်းတော့ပေ၊ ကျောင်းတွင် သတ်ပုံ အားလုံးမှန်ပြီး ဆရာမ၏ "ကောင်း" ဟူသောမှတ်ချက်ကို အလွန်ဂုဏ်ယူတတ်လာပြီ ဖြစ်ပါသည်။

"ကိုင်း....သမီးတို့ စာကျက်လို့ပြီးပြီ၊ စာအုပ်တွေ ရှိရှိ သေသေသိမ်းကြ.... သမီးသိတာ စာရွက်တွေ စည်းမဲ့ကမ်းမဲ့ မဖြဲရဘူးနော်.... ပုံဆွဲချင်ရင် ပုံဆွဲစာအုပ်မှာ ဆွဲရမယ်.... ဟုတ်လား၊ မူချိုလွယ်အိတ်သဲ နည်းနည်းမဲနေပြီ၊ ဒီစနေကျရင်လျှော်ရမယ် ကဲ....ကဲ....သိမ်းကြ မေမေ ပုံပြောမယ်...."

ကျွန်မစကားကြောင့် အားလုံး "ဟေး" ဟု ဝမ်းသာအားရ အော်လျက် ခပ်မြန်မြန် စာအုပ်များကို သိမ်းလိုက်ကြလေသည်။ ပုံပြောမည်ဆိုလျှင် ကလေးများ အလွန်မှ စိတ်ဝင်စားကြ ပါကလား။ ထို့ကြောင့် သူတို့စိတ်ဝင်စားမှု ရှိသော ပုံပြင်ဖြင့် သူလေးတို့အား ဆွဲဆောင်လျှင် ထိရောက်ကြောင်း ကျွန်မသဘောပေါက်မိလေသည်၊ ကျွန်မတို့ငယ်ငယ်တုံးကဆိုလျှင် အမေတို့ ကြီးတော်တို့က တာတေသူရဲကြီး အကြောင်း၊ လူကို လှည့်စားတတ်သော ကြပ်အကြောင်း.... နားရွက်တဖက်ကိုခြုံကာ နားရွက်တဖက်ကို ခင်းလျက် အိပ်



တတ်သောသဘက်ကြီးအကြောင်း၊ မြို့အခွှာဘုရားကြီးကုန်းမှ ဉစ္စာစောင့် လှလှလေးအကြောင်း။ အိပ်ရာဝင်လျှင် နားယဉ်ရမြဲ။ နားထောင်ရင်းပင် ကြက်သီး ထကာ တယောက်နှင့် တယောက်တိုးရင့်ရသည်သည်းအမောပါပေ။ ထို့ကြောင့်ပင် ကျွန်မတို့ငယ်စဉ်ကတည်းက ကြောက်တတ်လန့်တတ်သူရဲဘော ကြောင်လာရသည်မှာ မဆန်းပါပေ၊ စဉ်းစားဉာဏ် ရင့်သန်လာသည့် အရွယ်ရောက်လာသည့်တိုင်ငယ်စဉ်ကအစွဲကလေးက မကျွတ်ချင်၊ ထို့ကြောင့် ကလေးတွေကို အရမ်းမဲ့ပုံပြောရန် ကျွန်မ ဝန်လေးခဲ့သည်။ တခါတခါ ကလေးတွေ ပုံပြောရန် စဉ်းစားမရ၊ ဟိုပုံကောင်းနိုး သည်ပုံသင့်နိုးနိုး....။

"ကိုင်း....နားထောင်ကြ"

ကျွန်မစကားစလိုက်လျှင် ကလေးများ မလှုပ်တော့ပေ။

"တခါတုံးက.... ဖိုးထောင်ဆိုတဲ့ ကလေး တယောက်ရှိတယ်၊ သူ့မိဖတွေက လက်လုပ်လက်စား အလုပ်သမားကြီး တွေပေါ့ကွယ်၊ သားသမီး သုံးယောက်ရှိတဲ့အနက် ဖိုးထောင်က.... အကြီးဆုံးဖြစ်တယ်၊ အလတ်ကလေးက ဖိုးအောင်၊ အငယ်ဆုံးမလေးက မမွှေးသဲ့....၊ သုံးယောက်စလုံး အလွန် လိမ္မာကြတာပေါ့၊ စာကျက်ချိန်ကျက်၊ ကစားချိန်ကစား၊ အားလပ်ရင် မိဖကို အကူအညီပေးလေ့ရှိတယ်၊ တဦးနဲ့တဦး ဘယ်တော့မှ ရန်လဲမဖြစ်ဘူး၊ သိပ်ချစ်ကြသတဲ့ကွဲ....။"

"သူတို့ ဘယ်အတန်းရောက်ပြီလဲမေမေ...."

သီတာက စပ်စုလေသည်။

"ဖိုးထောင်က တတိယတန်း၊ ဖိုးအောင်က ဒုတိယတန်း၊ မမွှေးလေးကတော့ ခုမှ သူငယ်တန်းဘဲ ရှိသေးသတဲ့သမီးတို့ရဲ့၊ အဲ....အဲ.... သူတို့က အိမ်မှာ လိမ္မာသလိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com

မှာလဲ လိမ်မာကြတယ်၊ ကျောင်းစည်းကမ်း ရှိသေကြတယ်၊ ဒီအထဲမှာ အကြီးဆုံးဖြစ်တဲ့အလျောက် ဖိုးထောင်ဟာ.... ပိုပြီး လိမ်မာရေးခြား ရှိတာပေါ့၊ မိဖစကား နားထောင်၊ လူတိုင်းကို သူတတ်နိုင်သမျှ ကူညီတတ်တဲ့ ဖိုးထောင်ကို...၊ လူချစ်လူခင်လဲ များတာပေါ့ကွယ်၊ ကျောင်းပြေးခုန် ပြိုင်ပွဲများမှာလဲ ဖိုးထောင် ဆုတွေ ဘာတွေ ရတဲ့အပြင် စာကို ဝီရိယရှိရှိ ကြိုးစားတဲ့ ဖိုးထောင်ဟာ စာမေးပွဲတိုင်းမှာ.... ပထမ ရတာပေါ့၊ ဒါကြောင့် ဆရာတွေက ဖိုးထောင်ကို "စံပြကျောင်းသား"ဆု ပေးဖို့ ရည်မှန်းထားကြတာပေါ့....၊ စံပြ ကျောင်းသားဆိုတာ သမီးတို့ နားလည်ကြရဲ့လား...."

"စံပြကျောင်းသားဆိုတာ လိမ်မာတဲ့ကျောင်းသားပေါ့ မေမေ...."ဥမ္မာ့အသံက ပထမဆုံး ပေါ်ထွက်လာသည်။

"စာတော်တဲ့ ကျောင်းသား မေမေ...."

သီတာက အော်လိုက်ပြန်လေသည်။

"ကိုင်း.... တော်ပြီ.... တိတ်ကြ၊ စံပြ ကျောင်းသားဆိုတာ စာလဲတော်၊ လိမ်လဲလိမ်မာ၊ အကျင့် စာရိတ္တလဲ ကောင်းတယ်၊ မခိုးတတ်ဘူး၊ မညာတတ်ဘူး၊ သူများကိုလဲ ရန်မစတတ်ဘူးပေါ့၊ အဲသလို အားလုံး တော်တဲ့ လူတော်လူကောင်းဟာ လူတွေရဲ့ လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ချီးမွမ်းခြင်းခံရတယ်၊ သမီးတို့ရော မဖြစ်ချင်ကြဘူးလား...."

"ဖြစ်ချင်ပါတယ် မေမေ...."

အားလုံး သံပြိုင် အော်ကြပြန်ပါသည်၊

"အေး.... ကြိုးစားရင် ဖြစ်တာပေါ့ကွယ်....၊ ကြိုးစားကြနော် ဟုတ်လား၊ အဲဒါနဲ့ကွယ်....တနေ့တော့ ဖိုးထောင်ဟာ ကျောင်းဝင်းထဲက ဖေါင်တိန်တချောင်း ကောက်ရပါ



လေရော၊ သူကောက်ရတာ ဘယ်သူမှ မမြင်ဘူးလေ....၊ ဖေါင်တိန်ကလဲ သိပ်ကောင်းဆိုဘဲကွဲ့...."

"ပတ်ကါးဆိုတာလား....မေမေ"

ဥမ္မာက ဝင်၍ထောက်လေသည်။

"အေး.... အေးပေါ့၊ ဖိုးထောင်ဟာ ဖေါင်တိန်တခါမှ မကိုင်ဘူးသေးတော့ သိပ်ငမ်းသာနေသတဲ့၊ ကဲ....သမီးဥမ္မာ ပစ္စည်းတခု ကောက်ရရင် သမီး ဘာလုပ်မလဲ၊ ပြောစမ်း ပါအုံးကွယ်...."

"ဆရာမကြီးကို အပ်မယ်....မေမေ"

"ဟုတ်ပြီ.... မချိုကရော ပြောပါအုံးကွယ်...."

"ဟုတ်....ဟုတ်ကဲ့.... ဆရာမကို အပ်မယ်လေ...."

"အေး.... တယ်လိမ်မာကြပါလား၊ ဒီလိုမှပေါ့ကွဲ....၊ တခုခု ကောက်ရရင် ဆရာကိုအပ်၊ ပိုင်ရှင်ပေါ်အောင်လုပ် ရမှာပေါ့နော်၊ ဒါ....လူတိုင်းလူတိုင်း တာဝန်ရှိတာပေါ့ကွဲ၊ အင်း....လိမ်မာတဲ့ ဖိုးထောင် လေးဟာ ဖေါင်တိန်ကလေး ပိုင်ရှင်ပေါ်ပြီး ပြန်ပေးလိုက်ရမှာကို ဒီတခါ စိုးရိမ်နေတယ်၊ ဒါကြောင့် ဆရာမကို မအပ်ဘဲ ထားမိတာပေါ့၊ ဒါပေမဲ့ ကွယ်၊မကောင်းတာလုပ်တဲ့လူဟာ အမြဲဘဲ စိတ်ထဲမှာကြောက် လန့်နေရတယ်၊ ဆရာမသိသွားမလား၊အဖေအမေတို့သိသွားလို့ အဆူခံရမလား၊ ဒါမှမဟုတ် ပိုင်ရှင်ဘဲ ပေါ်သွား မလား၊ တထိတ်ထိတ်နဲ့ဆိုတော့ ဒီဖေါင်တိန်လေးကို ထုတ်လဲမရေးရဲ၊ ပုဆိုးကြားမှာ ဝှက်ထားရတော့ ဖိုးထောင်ခမြာ ပျော်ပျော် တောင် မဆော့အားဘဲ ဒုက္ခများနေတာ ပေါ့ကွယ်၊ကြည့်စမ်း မကောင်းတာလုပ်မိရင် ချက်ခြင်း မကောင်းတဲ့အကျိုး ပေး တော့တာဘဲ၊ သမီးတို့မှတ်ထားနော် ကြားလား...."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မူချို၏ မျက်နှာလေးကို မသိမသာအကဲခတ်ရင်း ပုံပြင်ကို ဆက်ရပြန်ပါသည်။

"ဖေါင်တိန်ခကောက်ချပြီးနောက်တရက်မှာ ဖိုးထောင်ဟာ ပြေးလွှား ဆော့ကစားမိတာနဲ့ အိပ်ထောင် ထဲက မုန့်ဘိုး ဆယ်ပြား ကျပျောက်သတဲ့၊ နှမြောလွန်းလို့ ဟိုရှာ ဒီရှာ ပေါ့လေ၊ ဘယ်မှာမှ မတွေ့တော့ မောမောနဲ့ သစ်ပင်လေး တပင်အောက်မှာ ထိုင်ချပြီး စဉ်းစား မိတာက ဆယ်ပြား ကိုတောင် ငါဘယ်လောက် နှမြောသလဲ၊ ဒီဖေါင်တိန်ပိုင်ရှင် ခမြာလဲ သိပ်နှမြောရှာမှာ၊ ဆယ်ပြား ပျောက်လို့ ငါမုန့် မစားရတော့သလို သူလဲ ဖေါင်တိန် ပျောက်တော့ ဘာနဲ့ များ သွားရေးနေရှာပါလိမ့် စသဖြင့် တစိမ့်စိမ့် တွေးပြီး ကိုယ်ချင်းစာမိသတဲ့ကွဲ၊ တကယ်တော့ဖိုးထောင်ဟာ စဉ်းစား ဉာဏ်ရှိတဲ့ လူလိမ်မာလေးဘဲဟာကိုး၊ နောက်ဆုံး....ဖိုးထောင် ဟာ.... နောင်တရပြီး ဖေါင်တိန်ကို ဆရာမကြီးထံ အပ်လိုက်ဘယ်၊ သူ့အမှားကိုလဲ သတ္တိရှိရှိ ဝန်ခံ လိုက်သေးသတဲ့ ကွယ်၊ နောက်တော့.... ပစ္စည်း ပိုင်ရှင်ဟာ ကျောင်းသား မိဖတဦး ဖြစ်သတဲ့၊ ဖိုးထောင်ကိုလဲ ရိုးသားတဲ့ စာရိတ္တဆု ချီးမြှင့်လိုက်တယ်၊ စာရိတ္တမောင် စလွယ်နဲ့အတူ စာအုပ်ရယ်၊ ဖေါင်တိန် တချောင်းရယ်၊ ဆောင်စုံ ခဲတံဘူးရယ် ဆုချလေ တော့.... ဖိုးထောင်ဟာ ပျော်မဆုံး၊ ဂုဏ်ယူမဆုံး တပြုံးပြုံး ပေါ့ကွယ်....၊ အဲ....ပုံပြင်လေးကတော့ ဒါဘဲကွဲ...."

ကျွန်မက ကျွန်မ၏ လုပ်ဇာတ်ပုံပြင်ကို ဤတွင် အဆုံး သပ်လိုက်ရပါ၏။

"မေမေ့ပုံက တိုတိုလေးဘဲ ...." သီတာက ပုံတိုလေး နားထောင်ရသဖြင့် ကျေနပ်ပုံမပေါ် နှုတ်ခမ်းစူချ၏။



"ဟိုတခေါက် မေမေမြ ပြောတုံးကလို သိကြားမင်းလဲ မပါဘူး...." ဥမ္မာကလည်း သဘောကျပုံမပြ။

"အေး.... သိကြားမင်းတွေ၊ ဘီလူးကြီးတွေ၊ မမြင်ဘူး တာတွေနဲ့ ပုံကြီး ရှည်ရှည်ကြီး နားထောင်ရလဲ အကျိုးရှိမှ ကောင်းတာကွဲ၊ အခုပုံလေးက သမီးတို့ မမြင်ဘူး မတွေ့ ဘူးတာမပါတဲ့ တကယ့်အဖြစ်ကွဲ၊ တိုပေမဲ့ အတုခိုးစရာပါတဲ့ ပုံကလေး သိလား....၊ ဘာအတုခိုးရမလဲ ဆိုတာ သိတဲ့လူ ဖြေစမ်းကွယ်...."

"လူများပစ္စည်း မယူရဘူး.... မေမေ"

ဥမ္မာက ဦးစွာ ဖြေလေသည်။

"ကောက်ရရင် ဆရာမ အပ်ရမယ်...."

သီတာက ဆိုပြန်လေ၏။

"ကိုင်း.... မူချိုက ပြောပါအုံးကွယ်...."

မူချိုသည် မျက်နှာကလေး ခပ်ပျက်ပျက်နှင့်.... မဖြေ တတ်အောင် ရှိနေပြီးမှ....။

"သူများပစ္စည်း မခိုးရဘူးမမ...."ဟု ဆိုရှာလေ၏။

"အေး.... မှန်တယ်၊ သူများပစ္စည်း ဆိုတာ ခိုးဖို့မဆို ထားနဲ့ ကောက်ရတောင် ပိုင်ရှင်ကို တမင်ရှာပြီး ပေးရမယ်၊ ကိုယ့်ပစ္စည်း ကိုယ်မြတ်နိုးသလို သူများလဲ တန်ဖိုးထားမယ် ဆိုတာ ကိုယ်ချင်းစာရမယ် ဟုတ်လား...."

ထိုညက ကလေးများ ပုံပြင်နားထောင်ရသဖြင့် ခါတိုင်း ထက် ပျော်ရွှင် သွက်လက် နေသလောက် မူချိုတယောက် မလန်းဆန်းလှပေ၊ ဘုရားရှိခိုးကြပြီး အိပ်ရာ ဝင်သည်အထိ စကားဟဟ မပြောတော့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုး

နံနက်စာ ထမင်းဝိုင်းတွင် မှုချိုကို မတွေ့ရ၊ သမီးတော့ စားကြသောက်ကြ ပြင်ဆင်ကြနှင့် ကျွန်မသည် တခန်းဝင် တခန်းထွက် ရှာရင်း မှုချိုကို မတွေ့သောအခါ ရင်ဝယ်.... ထိတ်သွားမိသည်။

"ဘုရား....ဘုရား ကော်င်မလေး ထွက်များပြေးသလား"

ကျွန်မအထင်မမှန်၍ တော်တော့သည်၊ မှုချိုအားအိမ်နား စပယ်ခြုံဘေးတွင် ငုတ်တုတ် တွေ့ရလေသည်။

"မှုချို...."

ကျွန်မအသံကြောင့် ထိတ်လန့်သွားပုံရ၏၊ သူ့မျက်နှာက လေးသည် စိုးရိမ်မှုများ လွှမ်းခြုံထားပါသည်၊ သူ၏အကြပ် အတည်းကို နားလည်ပြီးသောကျွန်မ၏ရင်ဝယ်သနားကရုဏာ က တစိမ့်စိမ့်ယိုဖိတ် ကျလာရပါ၏၊ သူ၏ကိုယ်လေးကို ယုယု ယယ ပွေ့ဖက် ထားလိုက်လျှင် မှုချိုသည် ကျွန်မ၏ရင်ကို ခေါင်းခွေ့လျက် တရှိုက်ရှိုက် ငိုချလိုက်ပါတော့သည်။

"မှုချို.... ဘာဖြစ်လဲသမီး နေမကော်င်းဘူးလား...."

ကျွန်မ၏ လက်ဖဝါးက သူ၏ နဖူးလေးနှင့် ပါးကလေး



များကို ကြင်ကြင်နာနာ စမ်းသပ်ကြည့်လိုက်သည်။ မှုချို၏ မျက်နှာလေးပေါ် မှစိုးရိမ်ကြောက်လန့်ခြင်းများကအတန်ငယ် ပျောက်လွင့် သွားခဲ့ကြသည်။

"မှုချို.... မှုချို.... ကျောင်းမသွားချင်ဘူးမမ...."

"ဘာဖြစ်လို့လဲ.... မှုချိုရဲ့....၊ နေလဲ ကောင်းသားဘဲ.... မဟုတ်လား...."

မှုချိုသည် မျက်ရည်များကို လက်ဖမိုးနှင့် တချက်ပွတ် လိုက်၏။

"မှုချို.... ဆရာမပေးတဲ့ စာတွေ မရလို့လား....၊ အို.... ဒါများ ဝမ်းနည်းစရာ မဟုတ်ပါဘူးကွယ်၊ ဆရာမကလဲ.... သဘော ကောင်းပါတယ်၊ မှုချို.... မကြောက်ပါနဲ့၊ ကဲ.... လာ.... ထမင်းစား ပြင်ဆင်ရအောင်...."

မှုချိုက ခေါင်းကို ပို၍ သွက်သွက် ခါရမ်းလိုက်သည်။

"ဟင့်အင်း....ဟင့်အင်း၊ မှုချိုကျောင်းမသွားချင်ဘူး...."

"မှုချို.... နေလဲကောင်းတယ်၊ စာလဲရတယ်၊ ဒါဖြင့်.... ဘာလို့ ကျောင်းမသွားချင်ရသလဲ၊ ဘာလို့ငိုရသလဲ၊ မမကို ပြောလေ၊ မမသိမှ မှုချိုကို ကူညီနိုင်မှာပေါ့၊ ပြောစမ်း.... မှုချို ဘာဖြစ်သလဲ မမကို မကြောက်နဲ့...."

မှုချိုသည် ခေါင်းကလေး ငုံ့သွားခဲ့သည်၊ ပြီးမှ.... မရဲ တရဲ မော့ကြည့်တဲ့ကာ။

"မှုချို မိုးသူဇာရဲ့.... ဟို.... ပိုက်ဆံအိတ်ကလေး.... ဟို .... အင်း...."

မှုချို ရှေ့ဆက်မရအောင် စကား ထစ်နေပြန်လေသည်။

"ပိုက်ဆံ အိတ်ကလေးကို တိတ်တိတ် ယူမိဘယ်လား....၊ ပြောလေ မှုချို...."



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်.... ဟုတ်တယ်....၊ နေ့လည် မုန့်စား ဆင်းတော့.... စိန်ပြေးကြတယ်၊ သူက အိတ်ကလေးကို အုတ်ခုံ ပေါ်မှာ ခဏတင်ထားတယ်၊ ကျောင်းတက်တော့.... သူမေ့ကျန်ခဲ့လို့ မှူချို ယူထားမိတယ်လေ၊ လှတယ်.... သိပ်လှလို့ပါ မမရယ်"

"အို.... ဖြစ်ရလေ သမီးရယ်၊ မိုးသူဇာကော ဟင်....၊ သူမသိဘူးလား...."

"မိုးသူဇာ မေ့နေတယ်....၊ ဘယ်သူမှ မှူချိုယူတာ မသိကြဘူး၊ ဒီနေ့တော့ သိမှာဘဲ၊ ဆရာမကိုလဲ တိုင်မယ်၊ မှူချို ကျောင်းမသွားချင်ဘူး မမ၊ မှူချိုကြောက်တယ်၊ ရှက်တယ်၊ မ.... မှူချို...."

မှူချိုသည် တသိမ့်သိမ့် ငိုရှိုက်နေပြန်သည်၊ ကျွန်မက မှူချို၏ ကျောကို သပ်ကာ ပေးလိုက်ရပြန်ပါ၏။

"မှူချို.... သမီးမှားသွားတယ်၊ သူများ ပစ္စည်း ဆိုတာ ဘယ်လောက်လှလှ မယူချင်နဲ့၊ မမက်မောနဲ့၊ အခု.... မှူချို သူများဟာ ယူမိလို့ ကြောက်နေ ရပြီ၊ ရှက်နေရပြီ၊ ငိုနေရပြီမဟုတ်လားဟင်၊ တော်သေးရဲ့၊ မှူချိုက လိမ်မာလို့....၊ မမကိုဖွင့်ပြောလို့ ဒါကြောင့် မမကယုံတာ၊ မှူချိုဟာ မမကို ဘယ်တော့မှ မညာဘူးနော်၊ ကိုင်း.... မှူချို ထ....ထ၊ ဘာမှ မကြောက်နဲ့ အဲဒီအိတ်ကလေး မမကိုပေး၊ ဆရာမနဲ့ လိုက်တွေ့ပြီး မမရှင်းပြမယ်၊ မှူချို အရိုက်မခံရစေဘူး၊ ဘယ်သူမှလဲ မသိစေရဘူး ဟုတ်လား၊ ကိုင်း.... ထကွယ်...."

မှူချိုက ကျွန်မလက်ကို ဆွဲလာသည်။

"မှူချို ဘယ်သူမှ ဒါတွေ လျှောက်ပြော မနေနဲ့ နော်၊ ကြားလား၊ ခါတိုင်းလို ပျော်ပျော်ရွှင်ရွှင်နေ ဟုတ်လား...."



BURMESE CLASSIC .com

ထိုနေ့က ကျွန်မ အတန်းပိုင်ဆရာမ ဒေါ်ခင်မြရီနှင့် တွေ့ဆုံရသည်၊ ကျွန်မက အဖြစ်သနစ် အားလုံးကို မကွယ်မဝှက် ဇာတ်ကြောင်းပြန်ရပါ၏။

"အော်.... အင်း.... ဒီကိစ္စကိုး၊ မိုးသူဇာက စောစောကဘဲ ပိုက်ဆံအိတ် ပျောက်ကြောင်း တိုင်ထားပါတယ်၊ ဒီက အစ်မကြီးနဲ့ မှူချိုတို့ကသာ မပြောရင် ကျွန်မအနေနဲ့ မှူချိုကို နည်းနည်းမှ ယိုးစွပ်မိမှာ မဟုတ်ပါဘူး၊ မိုးသူဇာ ကိုယ်တိုင်ကလဲ ကစားရာမှာ မေ့ကျန်ခဲ့တယ် ဆိုတော့ ကျောင်းသားတွေ အများကြီးမှာ ဘယ်သူရယ်လို့ အတိအကျစွပ်စွဲဖို့ ခက်တယ် မဟုတ်လား၊ ခုလို တာဝန်သိတာ အင်မတန်ဝမ်းသာပါတယ်၊ တကယ်တော့ မှူချိုကိုချည်း အပြစ်တင်လို့ မရပါဘူးရှင်၊ အတန်းထဲကို ဒါလောက်လှပ အဖိုးတန်တဲ့ပစ္စည်း ယူမလာရဘူးလို့ ကလေးတွေကိုသတိပေးဖို့ သတိမေ့ခဲ့တယ်...."

ဆရာမကောင်းပီပီ ဒေါ်ခင်မြရီက မှူချိုအပြစ်ကို သူ့အပြစ်အဖြစ် ဝန်ခံလိုက်ပြီးနောက် တာဝန်သိသော ဆရာမလေးပီပီ ကျောင်းအုပ်ဆရာမကြီးထံပင် ခေါ်သွားကာ မိတ်ဆက်ပေးလိုက်ပါသည်။

"သာမန်ကြည့်ရင်တော့.... ဒါဟာ အသေးအဖွဲ့ ကိစ္စလေးဘဲ၊ ကျွန်မတို့ ဆရာတွေက ဘယ်လောက် စည်းကမ်းပေးပါတယ်၊ ထိန်းသိမ်းပါတယ် ဆိုပေမဲ့ မိဘတွေဖက်ကလဲ သားသမီး အရိပ်အခြည်ကို မပြတ် အကဲခတ်ဖို့ တာဝန်သိဖို့ လိုအပ်တယ်ဆိုတာ.... ခုကိစ္စမှာ ထင်ရှားနေပါပြီရှင်၊ အစ်မကြီးကသာ ပေါ့လျော့ခဲ့ရင် ဒီလို အသေးအဖွဲ့က ကြီး.... ပြဿနာ တက်လာနိုင်ပါတယ်...."



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီး ဒေါ်ခင်မြင့်မြင့်က.... ကျေးဇူးတင် စကား ပြောကြားပြီးနောက်

"အသီးခက်တဲ့ မိဖတွေကြောင့်လဲ ပြဿနာဟာ မပေါ် သင့်ဘဲ ပေါ်လာရပါတယ်၊ ခုကိစ္စဆိုရင် ခြောက်နှစ်ရှယ်မျှ ရှိသေးတဲ့ မိုးသူဇာရဲ့ မိဖများဟာ ပြည့်စုံသူများ မိပီ... ကလေးကို မတန်မရာ ပိုင်ဆိုင်ခွင့် ပေးထားတယ်၊ အချိုကျူ ဒီထက်ဆိုးတာပေါ့၊ သူ့ဆက်ငါ အပြိုင် အဆိုင် ရွှေဆင်လို့ ဆင်ပေါ့၊ ကိုယ့်ကိုယ်ကိုမှ မထိန်းသိမ်းနိုင်သေးတဲ့ အရွယ်.... ရွှေဆင်တော့ ပျောက်တယ်၊ ရှုတယ်ဆိုတဲ့ ပြဿနာက ခဏ ခဏ၊ ဒီအတွက် အသက်တောင် စိုးရိမ်ရတယ်ဆိုတာ သူတို့ မတွေးမိကြရလောက်အောင် သူတို့ရဲ့အချစ်ဟာ နှစ်ရာရောက် နေတာပါဘဲရှင်၊ ခုတော့.... ဒီကိစ္စတွေ အင်မတန်တင်းတင်း ကြပ်ကြပ် အမိန့်ထုတ်ထားလို့ မပေါ်ပေါက်တော့ ပါဘူး၊ ကိုင်း.... ဆရာမ ဒီပိုက်ဆံအိတ်ကို မူချိုက လာအပ်တဲ့အနေနဲ့ မိုးသူဇာကို ပြန်ပေးလိုက်ပေတော့....၊ ပြီးတော့....မူလတန်း တာဝန်ခံ ဒေါ်အုန်းအုန်းကို ခဏ လွှတ်လိုက်စမ်းပါအုံးနော်၊ ကလေးတွေ အတန်းထဲမှာ ဒီရွှေဒီမျှပိုက်ဆံ အဖိုးတန်ပစ္စည်း ထည်များ မယူဆောင်လာရဘူး ဆိုတဲ့ အမိန့်တရပ် ထုတ် အုံးမှ ဖြစ်မှာ...."

ကျွန်မ ကျောင်းဝင်းမှ ထွက်လာ၍ မကြာမီ ကျောင်း တက်ခေါင်းလောင်းသံကို ကြားရပါသည်၊ ကလေးများ၏ နိုင်ငံတော် သီချင်းသံက လေဟုန်ကိုစီး၍ လွင့်ပါလာ၏။

ပတ်ဝန်းကျင်တခုလုံးသီချင်းသံကလွှမ်းမိုးသွား၏။ ဤအသံ များကိုကြားရသည်မှာ နားချမ်းသာလှပါသည်။ အနာဂါတ် လူဘောင်ကိုဖန်တီးမည့်သူကလေးများ၏အသံမဟုတ်ပါလား။



တဆယ်

လေးနှစ်ဆိုသောအချိန်သည် ကုန်မှန်းမသိ ကုန်လွန်လာ သည်။ ထိုလေးနှစ်အတွင်း ကျွန်မတို့အပေါ် မူချို၏ ယုံကြည် ခြင်း၊အားကိုးခြင်း၊ချစ်ခြင်းတို့က အမြစ်တွယ်လာကြသကဲ့သို့ ဆောက်စက မူချိုဘဝမှ တဖြစ်လဲ တိုးတက်ပြောင်းလဲ ခဲ့ပြီဖြစ် သည်။ လူတိုင်းတွင် မီးခဲပြာဖုံးဖြစ်နေသော အရည်အချင်း များ ရှိတတ်ကြ၏။ အခါအခွင့်မကြုံ၍ ပြာဖုံး နေသော ထိုအရည် အချင်း များသည် အကြောင်းဆုံက ပေါ် လွင် ထင်ရှား ပြသလာတတ်ပါသည်။ မူချိုလည်း ထိုနည်းရင်းပင်။ ဖုံးနေသော ပြာများကို မေတ္တာရပ်ဖြင့် လေသလပ်ပေးမည့်သူ ရှိလာသောကြောင့်၊ မီးကျီးမီးခဲကို တရဲရဲမြင်တွေ့ကြရပါပြီ။ မူချိုသည် ဆယ်နှစ် တိုင်တိုင် မေတ္တာစောင်ကို လုံလုံခြုံခြုံ ထွေးနွေးခွင့် မရခဲ့သည့်ကလေးပေမို့၊ အရိုင်းစိတ်ကလေးများ ဝင်စားလာခဲ့ရသည်မှာမဆန်း။ လူလူချင်း တုံ့လှယ်ရှက်ဘင် ထားရှိရမည့် စာနာမှု၊ ညာတာမှုများ ကင်းမဲ့ခဲ့ရာသည်မှာ သဘာဝကျပါသည်။ ဤအရိုင်းစိတ်များကြားမှ ခေါင်းမော သော အကျင့်လေးမှာ အုံ့ဩချင်စရာပင်။ ခေါင်းမာသည်



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်ကို သာမန်အားဖြင့်ကြည့်လျှင်၊ လူများလက်မခံနိုင်ကြသော်လည်း စင်စစ်ခေါင်းမာသည့် အဓိပ္ပါယ်သည် ထက်မြက်သည့်စိတ်ကို ပြပါသည်။ ဤစိတ်ကလေး၊ အကောင်းဆုံးအသုံးမပြုတတ်သည့်မတင်ပေးလိုက်၍ သာလိုခြင်း။ မဟုတ်ပါက ဤခေါင်းမာမှုမျိုးသည် အကောင်းဆုံးကိုရောက်လျှင်ရောက်၊ မရောက်က အဆိုးဆုံးကို ကြုံတွေ့တတ်ပါသည်။ ဤထက်မြက်မှုလေးကို ကျွန်မအောင်မြင်စွာ အသုံးချပေးနိုင်ခဲ့သဖြင့် မူချိုသည် အတန်းထဲတွင် စာတော်သော၊ ကြိုးစားမှုရှိသော ကလေးတယောက်အဖြစ် ရောက်ရှိလာခဲ့ပါသည်။ မလျော့သောစိတ် ဇွဲကလေးဖြင့် မူချိုသည် တတိယတန်းမှ နှစ်ခါက်နှင့် စတုတ္ထတန်းသို့ တင်ပေးခြင်း ခံခဲ့ရပါသည်။ ထို့ကြောင့်၊ မူချို ကျောင်းနေသော လေးနှစ်ကာလတွင် လေးတန်းရခဲ့ပါသည်။ အသက်အားဖြင့် ဆယ်လေးနှစ်ရှိခဲ့ပြီဖြစ်၍မူ သတန်းစကောလားရှစ်ဆုကို မမျှော်လင့်နိုင်တော့၊ သို့သော် မူချိုကား အကြိုးစားမပျက်ပါပေ။

အချိန်ကား မူချိုစတုတ္ထတန်း စာမေးပွဲကြီး ဖြေဆိုနေချိန် ဖြစ်ပါသည်။ ကျွန်မနှင့် ဒေါ်ကြီးသည် ကလေးများကျောင်း ပြန်လာလျှင် ကျွေးမွေးရန်၊ ငှက်ပျောသီးအုံးနို့ပေါင်း လုပ်နေပါသည်။ စာမေးပွဲ ရက်များပေမို့၊ ကလေးတွေခါတိုင်းထက် စိတ်ချမ်းသာ ပျော်ရွှင်မှုရစေရန် ကျန်းမာ ရှင်လန်းစေရန် ဂရုစိုက်ရပါသည်။ ကျွန်မကိုယ်တိုင် ကျိုသော၊ သာကူကျို ငှူငှူနွေးနွေးနှင့် ငှက်ပျောသီး အုံးနို့ပေါင်းများ စားပွဲတွင် အဆင့်တခထောင်းဆောင်း၊ အနံ့တသင်းသင်းနှင့် အဆင်သင့် ဖြစ်ချိန် ဥမ္မာ၊ သီတာ၊ နီလာ (ယခုနီလာလည်းကျောင်းနေပါပြီ)တို့ ကျောင်းကြိုကားနှင့် ပြန်ရောက်လာကြလေသည်။ ကလေးတွေကြီးလာပြီဖြစ်၍ တကြောင်း၊ ပင်ပမ်းလွန်း အား



ကြီးသောကြောင့် တကြောင်း၊ ယခင်ကကဲ့သို့ ကျွန်မကိုယ်တိုင် ကျောင်းပို့ကျောင်းကြို မလုပ်တော့ဘဲ၊ ကျောင်းကြိုကားနှင့် သွားနေကြသည်မှာကြာပြီဖြစ်ပါသည်။

"မူချိုရော....သမီး"

ကားပေါ်မှ သုံးယောက်သာ ဆင်းလာ၍ မေးလိုက်ခြင်း ဖြစ်ပါသည်။

"မူချို.... သူငယ်ချင်းတွေနဲ့ တိရိစ္ဆာန်ရုံ သွားကြတယ်.... မေမေ"

"ဟုတ်လားသမီး.... ဘယ်သူတွေပါသေးလဲ"

"ဒါတော့ သမီးမသိဘူးမေမေ၊ ကျောင်းလွှတ်တော့ မချို လာပြောတာ.... မေမေကို ပြောလိုက်တဲ့၊ မချိုသူငယ်ချင်း တွေနဲ့၊ ဆရာမနဲ့ တိရိစ္ဆာန်ရုံ သွားကြတယ်လို့...."

"အော်....အော်....ဆရာမလည်း ပါတာကိုး၊ ဒီနေ့စာမေးပွဲ နောက်ဆုံးရက်မို့ ပျော်ပျော်သွားကြတာ နေမှာပေါ့လေ...."

ဆရာမပါသည်ဆို၍ ကျွန်မစိတ် အတန်ငယ် သက်သာ သွားသည်။ ထုံးစံအတိုင်း ဒေါ်ကြီးကမူ၊ ပြစ်တောက်ပြစ် တောက် လုပ်နေတော့သည်။

"လူကြီးမပါဘဲ ဒင်းကဘာလို့ လိုက်ရတာလဲ၊ သူ့ကို သူများထက်ကဲတယ်...."

"အော်....ဒေါ်ကြီးရယ်.... ဆရာမ ပါနေပြီဘဲ"

"ဘာဆရာမလဲ.... ဆရာမပါရက်နဲ့ ပျော်ပွဲစား ထွက်ရင်း ရေနစ်တာတို့....ဘာတို့ သတင်းစာမှာ ညည်းမတွေ့ဘူးလား၊ မိဖလုပ်နေပြီး၊ ညည်းတော်တော် တာဝန်မဲ့ စကားပြော၊ သမီးတွေမွေးပြီး ခုထဲက ကြပ်ကြပ်မတ်မတ် လုပ်ပါ၊ အခု မူချိုကအကြီး၊ သူလိမ်မာမှ အငယ်တွေလိမ်မာမှာ...



www.burmeseclassic.com

www.burmeseclassic.com

"နို…မချိုလဲ အနေအထိုင် စည်းကမ်း ရှိသားဘဲ… ဒေါ်ကြီးရဲ့"

"စည်းကမ်းရှိလို့သာ ငါနဲ့ နေဖြစ်တာပေါ့၊ ဒါပေမဲ့ ခုတလော ငါကြည့်မရဘူး၊ အိမ်ရှေ့ထွက်ရပ်လို့ရပ် ကလေးတွေနဲ့ရောပြီး ဖန်ခုန်လို့ခုန်"

"အရင်ကလဲ ခုန်နေကျ၊ သူ့စိတ်ကလဲ အရင်ကအတိုင်း ကလေးစိတ်မို့ ကစားတာပေါ့ ဒေါ်ကြီးရယ်….ဒါကို ဟန့်တား ပိတ်ပင်လိုက်မှ၊ ဆင်အိပ်ရာ ဆိတ်နှိုးဆိုသလို အပျိုစိတ်ပေါက်အောင် လုပ်ပေးရာကျမှာလဲ့ စဉ်းစားရသေးတယ်…. ဒေါ်ကြီးရဲ့…."

ဒေါ်ကြီး စကားပြန် မပေးတော့ပါ။ တကယ်တော့ ဒေါ်ကြီးစိုးရိမ်မည်ဆိုက စိုးရိမ်စရာပင်။ ကြီးကောင် မဝင် တဝင်၊ ဤအရွယ်ကလေးများသည် အနေအထိုင်မတတ် စိမ်းဆတ်ဆတ်မို့ သူတို့ကို ကိုင်တွယ်ရမှာလည်း၊ ပညာသားပါဖို့ လိုအပ်လေသည်။

ဤသည်ကို သတိထားမိသောကျွန်မသည် ထိုညနေ မူချို ပြန်ရောက်သည်နှင့်၊ ခါတိုင်းနှင့်မခြား ပျော်ပျော်ရွှင်ရွှင် ပြောဆိုဆက်ဆံသည်။ ဆရာမကိုယ်တိုင် လိုက်ပို့ပေးသွားသည်မို့ ပြောစရာ မလိုလှသော်လည်း၊ ဤအတွက်ကျွန်မတို့ ပူပန်ရမှုများကို နားလည်သွားအောင်မူ၊ မူချိုအား ပြောပြရပါသည်။

ကျွန်မက ဤမျှနှင့် စခန်းသိမ်းခဲ့ပါလျှက်၊ တခန်းမရပ်သူက ဒေါ်ကြီးဖြစ်ပါပေ၏။ ဒေါ်ကြီးနှင့် မူချိုတို့ ပူညံ ပူညံ ဖြစ်ကြတော့သည်။

"ဒါရန်ကုန်ဟဲ့….မိချို၊ မိဖမပါ ဘာမပါနဲ့ နင့်ရွာ အောက်မေ့လို့လား….၊ နင်တို့ရွာ ချောင်းကြို ချောင်းကြား



BURMESE CLASSIC .com

တယောက်ထဲမကလို့ တခြမ်းထဲသွားအုံး ဘာအရေးလဲ၊ ရန်ကုန်ဆိုတဲ့မြို့က အုပ်ထိန်းသူပါတာတောင် တန်ကာမကျနိုင်ဘူး၊ ဘယ်သူ့မှ ယုံရတာလဲမဟုတ်ဘူး….မိချို၊ နောက်ကို အိမ်က လူကြီးမပါဘဲ၊ ဆော့ဖို့ စိတ်မကူးနဲ့ ဒါဘဲ…."

ဒေါ်ကြီး၏ စကားက စိုးရိမ်၍ ဆုံးမသည်မှန်သော်လည်း နားဝင် မချိုချင်စရာပင် ဖြစ်သည်။ ပြီးနောက် ကျွန်မ မကျေနပ်သည်က မူချိုအား "နင်တို့ရွာ" ဆိုသည့် စကားဖြင့် ဘဝဟောင်းကို အစဖေါ်ပေးသည့် စကားပင် ဖြစ်သည်။ ကျွန်မကမူ၊ မူချိုအား သူမ၏ မပြေလည်ခဲ့သော အတိတ်ကို အပြီးမေ့ထားစေချင်ပါသည်။ ဘဝသစ်ကို ချီတက်ရာတွင် ဘဝဟောင်းကို အောက်မေ့ဆန်းသစ်ခြင်း မရှိစေလို၊ မူချိုသည် ရွာကလာသော မူချိုမဟုတ်၊ ကျွန်မတို့ မေတ္တာရိပ်မြုံတွင် ကြီးပြင်းလာသည့် မူချိုအဖြစ် သူ့အတွေးမှာ ဝင်စားနေစေလိုပါသည်။ ဒေါ်ကြီး၏ ပြစ်တင် ကြိမ်းမောင်းမှုကြောင့် ထိုညက မူချို အတော်ပင် စိတ်ထိခိုက်ပုံရသည်။ သူ့မှာအပြစ် မရှိဟူသောအယူအဆကလေးဖြင့်၊ ဒေါ်ကြီး၏ ဆူပူမှုကိုလည်း နာကျည်းသွားပုံရသည်။

ပို၍ပြဿနာပေါ်လာအောင်ဖြစ်ရသည်က နောက်တရက်တွင် မူချိုထံစာတိုက်မှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော စာနှစ်စောင်ကြောင့်ဖြစ်ပါသည်၊ တခါမှ မလာဖူး အလာထူးသဖြင့် ကျွန်မအံ့ဩသလို ရှိမိသော်လည်း မူချိုအပေါ် ထူးထူးထွေထွေ မယုံသင်္ကာမရှိမိ၊ အဘယ်ကြောင့်ဆိုသော် မူချိုသည် ကလေးပီပီ ကလေးစိတ်သာရှိသည်ကို ကျွန်မ သိပြီး ဖြစ်သောကြောင့်ပင်၊ စာရေးကတည်းက အနည်းငယ် အိန္ဒြေ ပျက်သယောင် ရှိနေသော မူချိုကို အသေအချာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကြီးက ကျွန်မကို မျက်စပစ်ပြပါသည်၊ သို့တိုင်အောင် ကျွန်မက မှုချိုစာအတွက် စိတ်ဝင်စားမှုမပြဘဲ သူကစထင် အပြောကိုသာစောင့်နေလိုက်ပါသည်။ ထိုစဉ်ခဏ ဒေါ်ကြီးနှင့် မှုချိုတို့အသံကို ကြားလာရတော့သည်။

"ပေးပါ.... ပေး.... မေမေမြ ဘာလို့ မှုချိုစာ ယူဖတ်တာလဲ...."

မှုချို၏ တဟင့်ဟင့် ငိုသံက နောက်ဆက်တွဲပေါ်လာ၏၊ ဒေါ်ကြီးကမူ စာနှစ်စောင်ကိုကိုင်၍ ကျွန်မထံ ရောက်လာပါတော့သည်။

"လူကဖြင့် အပျိုမဖြစ်သေးဘူး၊ ရီးစားသနာ ထားဖို့များ စိတ်ကူး နေပလား မဆိုနိုင်ဘူး၊ ဟောဒီမှာ.... ဘယ်အချိန်က မိတ်ဆက်လိုက်တယ် မသိပေါင်၊ ဟိုမင်းသမီးနဲ့.... ဟိုမင်းသားဆီက ပြန်စာတော့...."

ဒေါ်ကြီး လှမ်းပေးသောစာကိုလှမ်းယူကာ မှုချိုလက်ထဲ ပြန်ထည့်ပေးလိုက်ပါသည်။

"မှုချိုက မိတ်ဆက်စာတွေ ဘာတွေတောင် ရေးတတ်နေပြီကိုး....၊ ဘယ်ကများ ဒီမင်းသမီး မင်းသား လိပ်စာတွေ သိလိုက်တာလဲကွဲ ဟဲ့....ဟဲ...."

ကျွန်မက မှုချို အရှက်ပြေသွားစေရန် လေပြေထိုးလိုက်ရသည်၊ ဤအခါမှ မှုချို ခေါင်းမော့လာကာ။

"ရုပ်ရှင်စာစောင်ထဲကပါ မမ...." ဟု မရဲတရဲဆိုရှာသည်။

"တန်တော့.... မှုချိုက ရုပ်ရှင် မင်းသမီး လုပ်ချင်ပြီ.... ထင်တယ်ကွဲ...."

မှုချိုက အသံကလေးထွက်အောင်ပင် ရယ်ဖော် ရလာခဲ့ပါသည်။



"ညည်းတို့လို လက်တည့်ခမ်းတဲ့ကောင်မလေးနေမှာပေါ့၊ တလောတုံးက သတင်းစာထဲမှာ ရုပ်ရှင်ရူးရူးပြီး အိမ်ကလစ်လာတဲ့ကောင်မလေးတယောက် ရန်ကုန်မှာ မသွားတတ်မလာတတ်နဲ့ ကံကောင်းလို့ ရဲအသူအညီ ရပေလို့သာပေါ့။ အ....၊ ဒီလိုမိန်းကလေးတွေ ပါဘဲ.... မဖြစ်သင့်တာ ဖြစ်ကုန်တာ"

ဒေါ်ကြီးက သူ့ထုံးစံအတိုင်း မဲ့ကာရွဲ့ကာ ပြောလိုရာ စွပ်ပြောလိုက်ရာ မှုချိုက မသိမသာနှုတ်ခမ်းလေးစူသွားရှာ၏။

"မှုချို.... မင်းသမီးမလုပ်ချင်ပါဘူး၊ မင်းသမီးမင်းသားကို ချစ်တော့ချစ်တယ်...." ဟု မှုချိုက ကလေးတယောက် အဖြေပေးနည်းမျိုး ပေးပါသည်။

"အော်....ဒီလိုလား၊ အေးပေါ့....မင်းသမီးမင်းသားဆိုတာ ကလဲ ချစ်စရာကောင်းပေတာကိုးကွဲ၊ ဒါပေမဲ့ မှုချိုရဲ့.... မမတို့ မှုချိုတို့က မင်းသမီး မင်းသားကို အပြင်မှာသိကျွမ်း ဆက်ဆံဘူးတာမဟုတ်ဘူး၊ ပိတ်ကားပေါ်မှာသာ မြင်ဘူးတာနော်၊ ရုပ်ရှင်ကားထဲမှာ ဒီမင်းသားဟာ ဇာတ်လမ်းအရ လူတော်လူကောင်း လူစွမ်းကောင်းကြီးဖြစ်ပေမဲ့ အပြင်မှာ ဖဲသမား အရက်သမား စာရိတ္တပျက်ပြားသူဖြစ်ချင်ဖြစ်နေမယ်၊ ရုပ်ရှင်ထဲမှာလူကြမ်းလုပ်တဲ့လူက အပြင်ကျ လူရိုးလူကောင်းကြီးတွေ ဖြစ်ချင်ဖြစ်နေတာကလား၊ ဒီတော့.... သူ့အမူအယာ သရုပ်ဆောင်မှုကို လေးစားလို့ မိတ်ဆက်တာတော့ ဆက်ပေါ့၊ ဒါပေမဲ့ ပိတ်ကားပေါ်မှာမြင်ဘူးတဲ့မင်းသားကို ဇာတ်လမ်းထဲက အတိုင်းအောင်းမေ့ပြီး အရမ်းမဲ့ အထင်ကြီး၊ အရမ်းမဲ့ ခင်မင်မှုတွေ မလွန်ကဲသင့်ဘူးပေါ့...."

မှုချိုက ကျွန်မ ပြောစကားကို သဘောပေါက်သည်ထက် ပေါက်သွားဟန် တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး.... လူတိုင်းကိုလဲ လျှောက်မိတ်ဆက်တာ.... မကောင်းပါဘူး မှုချိုရယ်....။ မမြင်ဘူး မသိဘူးတဲ့ လူတွေ လျှောက်မိတ်ဆက်နေမဲ့ အစား.... နေ့စဉ် မြင်တွေ့နေရတဲ့.... အတန်းသားချင်းချင်း ပိုပြီး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် ရှိဖို့ ကြိုးစားရင် မကောင်းဘူးလား....။ ဒီမိတ်ဆက် စာတွေ ရေးလို့ အချိန်ကုန်မဲ့အစား အကျိုးရှိတဲ့ စာဖတ် ဝါသနာ ပါရင် စာဖတ်၊ ဟုတ်ဘူးလားကွယ်...."

မှုချိုက ပြုံးစိစိလေး ခေါင်းညိတ်ပြသည်။ မှုချိုသည် စာအလွန်ဖတ်ချင်သောကလေးဖြစ်ပါသည်။ ဖတ်ရုံ မကတခါ တရံ သူကိုယ်တိုင် ရေးသားသော "ချိုမြလေးပုံပြင်" "ကောက်စိုက်ကဗျာ" တို့ကိုပင် ကျွန်မဖတ်ရသည်။ ကလေးအသိကလေး ဉာဏ်နှင့် ရေးထားသည်မို့ ကာရံမညီ၊ အမြီးအမောက်မတည့် သော်လည်း သူ့ဝါသနာကို ကျွန်မတို့သိရှိခွင့်ရခဲ့သည်။ လစဉ် ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်စုံများနှင့် ကောင်းနိုးရာ စာအုပ် များကို ကလေးများအတွက် ဝယ်ပေးမြဲ ဖြစ်ပါသည်။ သူတို့ စာဖတ်တိုင်းလည်း ကျွန်မသတိပေးရပါ၏။

"စာဖတ်တာ ဗဟုသုတစုံတယ်၊ အဲ.... ဒါပေမဲ့ အကျိုး ရှိအောင် ဖတ်တတ်ဖို့တော့ လိုတယ်ကွဲ၊ အဲဒီ ဗဟုသုတစုံတဲ့ အထဲက ကောင်းတာကို မှတ်သား အတုခိုး၊ မကောင်းတာကို မကောင်းတာမှန်း သိပြီး သခ်ဏ်းစာယူ ဆင်ခြင်ရမယ်...."

ဒေါ်ကြီးကမူ သမီးများ စာအုပ်ဖတ်လျှင် မကြိုက်ချင်၊ မှုချိုထံ ထိုစာနှစ်စောင် ရောက်ပြီး ကတည်းက.... မှုချိုကို စည်းကမ်းဘောင်ခတ် ချုပ်ချယ်စ ပြုလာခဲ့ပါသည်။

"ဒေါ်ကြီး.... ဒေါ်ကြီးဟာက အိမ်ရှေ့ထွက် ထွက်ပြန်ပြီ၊ ဓရုံတာရုပ် ရုပ်ပြန်ပြီနဲ့မလွန်လွန်းဘူးလား၊ ဒါ....ဒေါ်ကြီးတို့



ခေတ်မဟုတ်ဘူးနော်၊ နှစ်ဆယ်ရာစုခေတ်၊ သိပ်လဲ မဖိနှိပ်နဲ့၊ ဖိလွန်းရင် ကြွလိမ့်မယ်...."

ကျွန်မက သတိပေးရသည်။

"ငါက ဗိုင်းကောင်းကျောက်ဖိ၊ မိန်းကလေးပီသအောင် ခုထဲက စည်းကမ်းပေးတာ၊ဒါကို...ညည်းကပါဖိတယ်နှိပ်တယ် ထင်သလား၊ မကြာပါဘူး....၊ တော်တော်နေ.... အိမ်ရှေ့မှာ မယ်ဒလင်သံ တရှောသံ ကြားရတော့မှာပါ....၊ အဲဒီကျမှ ညည်း....ငါ့ကို ကျေးဇူးတင်ရမယ်မှတ်...."

ကျွန်မမှာ ဒေါ်ကြီး စကားကြောင့် ပြုံးများပင် ပြုံးမိ ရသည်။ မှုချိုသည် အပျိုပင် မဖြစ်သေးသော ကြီးကောင် ဝင်စ အရွယ်မျှသာ ဖြစ်ပါသည်၊ ခုကပင် သူ့အတွက် ပြဿနာ ဖြစ်နေရပြီ၊ လူကြီးများ၏ အစိုးရိမ် ကြီးမှုသည် စိုးရိမ်ရာ မရောက်ဘဲ ချုပ်ချယ်ရာရောက်တတ်သည်။ ဤချုပ်ချယ်မှုများ သည်ပင် လူငယ်များ၏စိတ်ဓာတ်ကို အမှားဖက်သို့ ပို့ဆောင် ပေးသလိုဖြစ်တတ်ပါသည်၊ လောကကြီးအကြောင်း ရေရေ လည်လည်နားမလည်၊၁၄ နှစ်အရွယ်နှင့် လင်ယူသည်ဆိုသည်က ဒေါ်ကြီးတို့ခေတ်တွင် သာများသည်ဟု ကျွန်မထင်ပါသည်၊ ဗဟုသုတနည်းပါးရှာကြသော တောသူတောင်သားလက်လုပ် လက်စား သားသမီးများမှအပ ယခုခေတ်တွင် ဆယ်လေး ငါးနှစ်နှင့် လင်ယူသားမွေးနည်းပါးပါသည်၊ ခေတ်ကပညာ လိုလားသောခေတ်၊ မိန်းမမှန်လျှင် မီးဖိုချောင် ထိန်းသိမ်း ရမည်၊မိန်းကလေးဟူက ရေးတတ်ဖတ်တတ်လျှင် လုံလောက်ပြီ ဆိုသော အယူအဆကို ကျဉ်းမြောင်းသော အယူအဆအဖြစ် သတ်မှတ်ကြလေပြီ၊ မိန်းမများ၏ လုပ်အားကို မီးဖိုချောင် လောက်တွင်သာ ကုန်ဆုံးမနေစေဘဲ ယောကျ်ားများနှင့်



www.burmeseclassic.com

www.burmeseclassic.com

ရင်ပေါင်တန်းကာ တိုင်းပြည်တာဝန် ထမ်းဆောင်ရမည်ဟူသော အသိစိတ်ဓာတ်ဖြင့် နိုးကြားနေပြီဖြစ်သော တက်ခေတ်ဖြစ်ပါသည်။ ဤခေတ်တွင် ဒေါ်ကြီးတို့ ခေတ်တုန်းကကဲ့သို့ အိမ်တွင်းပုန်းနေ၍ လူရာမဝင်၊ မိန်းမတို့အိမ်ခြေ ရှေ့ပေးလို့မရဟူသောစကားမှာလည်းသူ့နေရာနှင့်သူသုံးဖို့သာသင့်ပါသည်။

ပဒုမ္မာအင်္ကျီကိုပင် ဘော်လီလက်ပြားကြီးသာထပ်အောက်ခံရင်စည်းတထပ်ဝတ်၍ ကြီးပြင်းလာခဲ့သော အပျိုကြီးအဖို့ မှုချိုကို စည်းကမ်းအမျိုးမျိုးပေးချင်၊ နဂိုကပင် အပြောကမကာတ်၊အပေါက်ခပ်ဆိုးဆိုးမို့ ဒေါ်ကြီးနှင့် မှုချိုကား တကျက်ကျက်၊ ဖိလျှင် ကြွသည်ဆိုသော စကားအတိုင်း မခကျနပ်မှု အစိုင်အခဲ ကြီးထွားလာသောအခါ မှုချိုကလည်း ပြန်လှန်ချေပ ပြောဆိုမှုများ ရှိလာခဲ့သည်။ ဤအခါ ဒေါ်ကြီးက

"အမယ်လေး ဘယ်သူ့မှ ကျုပ်ကို ပြန်မပြောဘူးဘဲနဲ့ ညည်းကျမှ ကျုပ်သိက္ခာ ချခံရသတော့" ဟု ဆတ်ဆတ်ခါ နာပြန်လေသည်။ သို့ဖြင့် သူတို့ ဆက်ဆံရေးကား တင်းမာလျက်၊ ဒေါ်ကြီးတွင် ကလေးဆန်သော အပြောအဆို အပြုအမူများ ရှိနေသဖြင့် ပို၍ ခက်နေသည်။ မှုချိုထက်ပင် သူက ငယ်နေသလား မပြောတတ်၊ မှုချိုနှင့် အပြိုင် စိတ်ကောက်နေချေသေးသည်။

"ဒေါ်ကြီးကလဲ.... ကလေးနဲ့ပြိုင် စိတ်ကောက်နေ၊ ခက်လိုက်တာ"

"ကလေး....ဘာကလေးလဲ၊ ဒါကလေးလား၊ ငါ့ကိုများ သူက၊ မေမေမြ ဒါကြောင့် အပျိုကြီးဖြစ်နေသလေး ဘာလေးနဲ့၊ မေမေမြမစ္စတိုင်း မှုချိုတို့ကို ချုပ်ချယ်သလေး ဘာလေးနဲ့....ဟွင်း"



ဒေါ်ကြီး၏ ပျော့ကွက်ကိုမှ သွား၍ ခလုပ်တိုက်တတ်သော မှုချိုကို ကျွန်မစိတ်ထဲမှ ကြိတ်၍ ပြုံးမိရသေးသည်။ သို့တိုင်အောင် ကျွန်မ၏အပြုံးကို မျက်နှာတွင် မပေါ်စေဘဲ ဒေါ်ကြီးကိုသာ ဖျောင်းဖျဖို့ ကြိုးစားရလေသည်။

"ကလေးမို့ ဒီလိုမပြောကောင်းတာတွေ ပြောတာပေါ့ ဒေါ်ကြီးရယ်၊ ကိုယ့်မြေးဘဲဟာ၊ ဒေါ်ကြီးက ဥပုသ်နားရ မစောင့်ပြီး သည်းခံအုံးမှပေါ့"

ဒေါ်ကြီးအား ဖျောင်းဖျနေသကဲ့သို့ မှုချိုအား တဖက်မှ ဆုံးမရပါသည်။

"မှုချို....ဒေါ်ကြီးက မှုချိုကို ချစ်လို့ပြောတာ၊ မချစ်ရင် မျက်နှာလွှဲနေလိုက်မှာပေါ့၊ ကိုယ့်ချစ်လို့ပြောတဲ့လူကို မစော်ကားရဘူး....မှုချိုရဲ့"

သို့တိုင်အောင် နှစ်ဦး ဆက်ဆံမှု မူလအခြေ မရောက်ချင်ကား၊ ကျွန်မအကြံ ထုတ်ရ ပြန်ပါသည်။ နွေကျောင်းပိတ်ပြီမို့ ဒေါ်ကြီးနှင့်တကွ မှုချိုတို့ကလေးတစုအား ရုပ်မှင်ပြစေရ၏။ ရွှေတိဂုံ၊ ကမ္ဘာအေးတို့သို့ ပို့စေရပါသည်။ ထိုမျှမက စိတ်အပြောင်းအလွဲဖြစ်စေရန်တကြောင်း၊ မရောက်သည်မှာကြာပြီဖြစ်သော မွေးရပ်မြေအညာကို ရောက်လို၍ တကြောင်း၊ကလေးများကိုယ်တိုင် သွားလိုလှသော စစ်ကိုင်း၊ မန္တလေး၊ရွှေဘိုမြို့များသို့ ခရီးထွက်ရန်စိတ်ကူးထားပါသည်။ ရန်ကုန်မှလွဲလျှင်ပြင်ပသို့ ခရီးမဆန့်ဘူးသော ကလေးများမှာ ဒေသန္တရဗဟုသုတ နည်းပါးနေသည်။

မှုချိုမှလွဲလျှင် ဥမ္မာတို့ သီတာတို့ တောလည်းမမြင်ဘူး တောင်လည်းမတွေ့ဘူးချေ။ လှည်းတို့နွားတို့ဆိုလျှင် ဝေလာ



www.burmeseclassic.com

www.burmeseclassic.com

ဝေးနေသေးသည်။ ယခုကဲ့သို့ ခရီးထွက်မည်ဆိုလျှင် အားလုံး မြွှင်ကြွ ဆင်ကြစိတ်အားထက်သန်နေကြသည်။

"ဧမေ ရွှေဘိုမှာ ဦးအောင်ဇေယျ တည်ဆောက်ခဲ့တဲ့ ကျုံးတို့ နန္ဒာကန်တို့ဆိုတာတွေ တွေ့ကြရမှာပေါ့နော်...."ဟု ဆိုသူဆို။

"မေမေ မန္တလေးရောက်ရင် နန်းတော်ကို ပြစမ်းပါ" ပြောသူပြော။

"စစ်ကိုင်းရောက်ရင် ရာဇဝင်ထဲပါတဲ့ အစိခံခံတပ်ကို ကြည့်ဖြစ်အောင်ကြည့်ရမယ်"ဟု ကြုံးဝါးသူကြုံးဝါး၊ ကလေးများက ကျောင်းသင်ဏ်းစာမှာ ပါဝင်သည့် ရာဇဝင်ကြောင်းများ စိတ်ဝင်စားနေသကဲ့သို့ ဆွေးမျိုးညာတိများနှင့်တွေ့ရတော့မည့်ဒေါ်ကြီးကလည်း။

"မယ်ရင်က ဒူးရင်းယို ကြိုက်တတ်တယ်၊ ရှင်လှလှက သူမှာမှာနေတဲ့ နံ့သာဖြူမပါရင် ရန်တွေ့လိမ့်အုံးမယ်....သက်သက်ရေ၊ သူက အင်မတန်နု အင်မတန်လှချင်တဲ့မိန်းမ၊ ရွှေတိဂုံ ပြေးပြီး နံ့သာဖြူဝယ်ချေပါအုံးကွယ်၊ ကလေးတွေ လမ်းစားဘိုလဲ သားငါးလေးကြော်ပြုပြီး ယူဘို့ မမေ့နဲ့၊ ဟိုသူငယ်မ မချိုက ရတားစီးရင် အံဘတ်တယ်ဆိုတာလဲ သူ့အတွက် ဟိုခဆေးလေးဝယ်ဘို့ မောင်နိုင်ကို သတိခပေးအုံး...." ဟု တက်တက်ကြွကြွ လန်းဆန်းနေသည်။

ခရီးမသွားမီကပင် ကျွန်မ၏ ရည်မှန်းချက် သုံးပုံတပုံ ပြည့်စုံလာချေပြီ ဖြစ်သည်။

သို့သော် ကျွန်မတို့ အစီအစဉ် အကောင်အထည်မဖေါ်ရသေးမီ ရန်ကုန်တမြို့လုံး တလှုပ်လှုပ်တရွရွနှင့် ပြောင်းလဲမှုကြီးတရပ်က ပေါ်ပေါက်လာခဲ့တော့သည်။ ရန်ကုန်မြို့တွင်



သာမက မြန်မာနိုင်ငံတနိုင်ငံလုံး စိတ်အားထက်သန်မှုမြင့်နိုးကြွားနေသော အချိန်ဖြစ်ပါသည်။ ရုံးများ၊ ဈေးများ လက်ဖက်ရည်ဆိုင်များမှအစ၊ လူတိုင်းလူတိုင်း ရေဒီယိုနှင့် သတင်းစာကို စောင့်မြော်နားဆင်နေကြသော အချိန်ဖြစ်သည်။ သမတမန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးများအပြင် မှုမ်းစော်ဘွား အချို့အား ထိန်းသိမ်းပြီးနောက် တပ်မတော်က အာဏာသိမ်းယူလိုက်ပြီဖြစ်ပါသည်။

ခရီးထွက်ဖို့ ခေတ္တရပ်ဆိုင်းထားသော ကျွန်မတို့သည် တညနေတွင် ရုပ်ရှင်ကြည့်ရန်လာခဲ့သည်။ အိမ်တံခါးသော့ပိတ်ပြီး ပစ်မထားတတ်သူ ကျွန်မသည် ရုပ်ရှင်ကြည့်လျှင် လူခွဲ၍ကြည့်သောထုံးစံတခုလုပ်ထားသည့်အတိုင်း၊ ထိုနေ့က ကိုနိုင်၊ ကျွန်မနှင့် သို့တာ၊ နီလာ သာပါသည်။ ဒေါ်ကြီးနှင့်အတူ ဥမ္မာနှင့် မူချိုတို့ အိမ်စောင့်ကျန်ခဲ့ပြီး နက်ဖန်မှ သူတို့အလှည့်အနေနှင့် ရုပ်ရှင်ကြည့်ကြမည်ဖြစ်ပါသည်။

ရုပ်ရှင်ရုံတိုင်းတွင် လူစည်မြဲ စည်လျက်၊ ပတ်ဝန်းကျင်တခုလုံးကလည်း လှုပ်လှုပ်ရွရွစည်းကားမြဲစည်ကားလျက်ပင်။ ရုပ်ရှင်အပြီး အပြန်တွင် မခမျှော်သင့်ဘဲ ဆွေဆွေနှင်းကိုတွေ့ရသည်။ ဆွေ့ခင်ပွန်း ဦးမျိုးလတ်နှင့်အတူ ဆွေ့သားနှစ်ယောက်၊ သမီးလေးတယောက်ပါ အထိန်းတော် မူဆေးနှင့်တကွ တွေ့ရပါ၏။ မတွေ့ရသည်မှာ အတန်ကြာသွားသဖြင့် ဆွေဆွေ့သားကြီး ဖရက်မှာ မမှတ်မိလောက်အောင် ဖြစ်နေရပါသည်။

"သက်က အပြင်မထွက်စဖူး ရုပ်ရှင်တွေ ဘာတွေကြည့်ပြီး ဘာလဲတော့ အောင်ပွဲခံတဲ့ အထိမ်းအမှတ်လားကွ"

တပ်မတော်အာဏာသိမ်းမှုကို ရည်ညွှန်းပြောလိုဟန်ထူ



www.burmeseclassic.com

www.burmeseclassic.com

သော ဆွေဆွေနှင်း၏ နောက်ပြောင်မှုကို ကျွန်မတုံ့ပြန်မချေပတော့ပါ။ ဖရက်၏ ဂုတ်ဝဲ ဘိုကေကိုသာ ကျွန်မ ဘဝင်မကျ ဖြစ်နေမိသည်။ ကောင်ခလေးနှယ် အသက်လေးက ငယ်ငယ် ဘိုကေ ရှည်ကြီးနှင့်ဆိုတော့ လူကြီးလိုလို၊ ငတ်ထားသည်က ဖင်ကျပ်ဘောင်းဘီဆိုတော့ လူကြီးမှဟုတ်၊ ကလေးမှဟုတ်နှင့် ကြည့်ရခက်ပါဘိဟုသာ ဆင်ခြင်နေမိသည်။ ထိုညက ကျွန်မတို့ ဇွတ်ငြင်းသော်လည်း မရ။ ဆွေဆွေနှင်းတို့ကားလေးနှင့် အိမ်ကိုရောက်ခဲ့ရသည်။ တလမ်းလုံးလည်း ဆွေဆွေနှင်းက သူ့ထုံးစံအတိုင်း လေဖေါင်းလျက် ဦးမျိုးလတ်က ကားရှေ့ပိုင်းတွင် ကိုနိုင်နှင့် နိုင်ငံရေးရာများ ထင်ကြေးပေး ဝေဖန်ပြောဆိုနေကြသကဲ့သို့ ဆွေဆွေနှင်းက ရောက်တတ်ရာရာ ပြောဆိုလာပါသည်

"ဒေါ်ပုလာလား....သက်"

"မလာတာကြာပြီ ဆွေဆွေ၊ အရင်က ခြောက်လတခေါက်လောက်လာတာ နောက်ပိုင်းကိုယ်လဲ ခပ်တည်တည်ဆက်ဆံလိုက်တာ အလာကြဲ သွားတယ်လေ...."

"ဆွေဆွေဆီ ဟိုတပတ်လောက်က လာတယ်၊ သူက သက်ကို မကျေနပ်ပုံဘဲ"

"ဘာမကျေနပ်စရာရှိလဲ ဆွေဆွေရဲ့....၊ သူမှုချိုကို ငွေငါးဆယ်နဲ့ ကိုယ့်ကိုကျေကျေနပ်နပ် အပ်ခဲ့တာမဟုတ်လား၊ မှုချိုဟာ ခိုကိုးရာမဲ့ တကောင်ကြွက်ပါဆိုမှတော့၊ မှုချိုနဲ့ ပတ်သက်ပြီး ဘာမှမဆိုင်တဲ့လူက ဘာမှလဲ စွက်ဖက်ဖို့မလိုဘူး မဟုတ်လား....ဆွေဆွေရဲ့"

"ဟုတ်တယ်လေ.... ဆွေဆွေသိသားဘဲ၊ ဒီလို သက်ရဲ့....၊ ဒေါ်ပုက အစတုံးက မှုချိုကို မင်းတို့ဘယ်နည်းမှ ကြာကြာ



လက်ခံလိမ့်မယ် မမျှော်လင့်ခဲ့ဘူး၊ အလွန်ဆုံး.... တနှစ်ပေါ့ကွယ်....၊ အဲဒီ တနှစ်ပြီးရင် သူ.... မှုချိုကို အခြား တအိမ်ရှေ့မယ်၊ ပွဲခယူမယ်၊ ဒီလို စိတ်ကူးဟန်တူပါတယ်။ ခုတော့မင်းဆီမှာ တနှစ်မက လေးနှစ်တောင်ကြာပြီ၊ မင်းတို့ကလဲ ကောင်မလေး လက်မလွှတ်၊ ကောင်မလေးကလဲ သူ့နောက်လိုက်မဲ့ပုံမပေါ်၊ သူ့အတွက် တပြားမှ မစားရတော့ မကျေနပ်ဘူးပေါ့ကွဲ.... ဟား....ဟား...."

"ဟုတ်တယ်.... ကိုယ်လဲ ရိပ်မိပါတယ်၊ နောက်ပိုင်းမှာ မှုချိုအဒေါ် မမာလို့၊ ငွေလိုလို့နဲ့စကားခေါ်သွားဘဲ၊ မကျေးမွေးနိုင်ပါဘူးဆိုပြီး ကိုယ့်သွေး ကိုယ့်သားကို ခွေးကလေး.... ကြောင်ကလေးများလို ပေးပစ်ပြီးမှ ဒီကလေးရဲ့ လုပ်ခကိုလိုချင်လာတာတော့ နည်းနည်းမှမတရားဘူး၊ တခုရှိတာက အဒေါ် ငွေလိုတယ်ဆိုတာ ဒေါ်ပုရဲ့ကလိမ်ဉာဏ်ဆင်လုံး ဖြစ်ချင် ဖြစ်နိုင်တာဘဲ၊ ဒီငွေကိုယ်ပေးလိုက်ရင် အဒေါ် လက်ထဲရောက်ဖို့ရာက နည်းပါတယ်၊ ကိုယ်က ပေးစရာရှိ မှုချိုကိုသာ ပေးမှာပေါ့၊ ခုလဲ မှုချိုအတွက် စာတိုက်မှာသပ်သပ် စုထားပေးတာရှိပါတယ်၊ ဒီကတည်းကဒေါ်ပုကို သိပ်သဘောမကျလို့.... မှုချိုနဲ့ ကြာကြာစကားပြောခွင့် မပေးဘူး၊ တော်နေ ကောင်မလေးကို သွေးထိုးပေးအုံးမယ်၊ ကလေးဆိုတော့ ဆဲ ယုံလွယ်မယ် မဟုတ်လား....ဆွေဆွေ"

"အမယ်.... သက်ကရော ကောင်မလေးကို ဘာတွေမျှားနားသွင်းထားသလဲ၊ ဒေါ်ပုက ပြောတယ်၊ သူ....နောက်ဆုံး ခေါက် ရောက်တုံးက မှုချိုက ပြောလိုက်သတဲ့၊ မှုချို.... ဆရာမဖြစ်မှ ရွာပြန်မှာ....၊ အဲဒီကျ ဒေါ်ပု လာခေါ်စရာ တောင် မလိုဘူး၊ သူ့ရွာပြန်ပြီး အားလုံး ဝေသင်ပေး....



www.burmeseclassic.com

www.burmeseclassic.com

စာတတ်ကြပြီ ဆိုရင် ဒေါ်ပုခေါ်ရာ ဘယ်သူမှ... လိုက်ကြတော့မှာ မဟုတ်ဘူးလို့ ပြောသတဲ့၊ ဒေါ်ပုဟာ ရွာက သူ့အဖေါ်တွေ မြို့ကိုခေါ်၊ ကျွန်ခံခိုင်းတဲ့ သွေးစုတ် ဘီလူးမကြီးလို့ ဆိုလိုက်တယ် ဆိုပါလား၊ ဒေါ်ပုက ပြောပြောပြီး စိတ်ဆိုးနေလေရဲ့၊ သူ့ဘာတော့ ရွာကမိန်းကလေးတွေ ဝတ်နိုင်စားနိုင်ပါစေဆိုတဲ့ စေတနာနဲ့လုပ်တာ၊ သက်က ကလေးကို ဒီလိုသင်ပေးတာ ဘာကောင်းလဲပေါ့...."

"အင်း.... တော်က မိန်းကလေးတွေ ဝတ်နိုင် စားနိုင်ပါစေဆိုတဲ့ စေတနာလား၊ သူ့ပွဲခ မြက်မြက်ရပါစေ ဆိုတဲ့ စေတနာလားကွာ၊ ကိုင်း.... သူပြောသလို စေတနာထားရိုးမှန်ရင်ဖြင့် အခု.... မှုချို ကိုယ့်ဆီမှာ ကောင်းကောင်းဝတ်၊ ကောင်းကောင်း စားရရုံမက.... ကောင်းကောင်း ပညာသင်ပေးနေပြီ၊ မှုချိုလဲ ပျော်နေပြီ၊ ဒါကို သူကလာပြီး ရွာပြန်ဖို့ ဘာမဲဆွယ်စရာ လိုသေးလဲ၊ သူလာတိုင်း ကောင်မလေးကို ရွာပြန်ရအောင်ပြောသတဲ့လေ၊ ဒါကြောင့် သူမရိုးသားဘူးဆိုတာသိလို့ ကိုယ်တည်တည်ဆက်ဆံလိုက်တာ နောက်လာရင် တံခါးတောင် ဖွင့်မပေးဘူးလို့ဆုံးဖြတ်ထားတာ...."

ဆွေဆွေနှင်းက ကျွန်မ စကားကြောင့် ပြုံးနေလေသည်၊ ဒေါ်ပုစိတ်ဆိုးမည်ဆိုက ဆိုးစရာပင်၊ သူ့အတွက် လုံးဝစားပေါက်ပိတ်သွားရုံမက မှုချို၏စကားများက အနာပေါ်တုတ်ကျသကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား၊ မှုချိုသည် သူ၌သို့ ဒေါ်ပုအား ပြောလိုက်ကြောင်းကိုမူ ကျွန်မအား အသိမပေးခဲ့ပါချေ၊ အိမ်ပြန်ရောက်မှ မေးကြည့်ဖို့ စိတ်ကူးထားပါသည်၊ ဆွေဆွေနှင်းနှင့် ကျွန်မ စကားနောက်ထပ် မဆက်နိုင်သေးမီကားလေးက ကျွန်မတို့အိမ်ရှေ့သို့ ထိုးရပ်လိုက်ပါသည်။



"ကျေးဇူးတင်ပါတယ်....ဆွေဆွေ၊ ဦးမျိုးလဘ်ရော.... အိမ်ထဲဝင်ကြပါအုံးလားရှင်...."

"နေပါစေ....သက်သက်၊ နောက်မှ အေးအေးဆေးဆေး လာပါအုံးမယ်၊ ကလေးတွေလဲ အိပ်ငိုက်ကုန် ကြပြီလေ....၊ ဒါကြောင့်ပါ...."

"ကောင်းပါပြီရှင်၊ နောက်လာပါအုံးနော်...."

"ဂွတ်နိုက်...."

"တာ့တာ...."

ဆွေဆွေနှင်းတို့ နှုတ်ဆက်သံနှင့် ကားတံခါး ပိတ်သံဆူညံသွားသည်၊ ကျွန်မတို့ အိမ်လှေခါးပေါ် မတက်မီ ဥမ္မာတံခါးဖွင့်ကာ ပြေးထွက်ကြိုပါသည်။

"မအိပ်သေးဘူးလား....သမီး"

ဥမ္မာက ကျွန်မစကားကို စိတ်မဝင်စား၊ ကျွန်မ လက်မောင်းကို ဆုပ်ကာ ခပ်ကြမ်းကြမ်း လှုပ်လိုက်ပါသည်။

"မေမေရေ.... မချို မရှိတော့ဘူး...."

"ဟင်.... ဘယ်လိုဖြစ်တာလဲ သမီး...."

"သူ့အဒေါ်လိုက်လာပြီး ခေါ်သွားတာ...."

ကိုနိုင်ရော ကျွန်မပါ ပါးစပ်ဓဟောင်းလောင်း ဖြစ်သွားပါသည်။ အိမ်ထဲရောက်မှ ဒေါ်ကြီးနှင့် စကားခုံ ပြောကြရပါသည်။

"ည ၇ နာရီ လောက်မှာပေါ့၊ ဒေါ်ပုရော၊ သူ့အဒေါ်ဆိုတဲ့ မိန်းမခရော.... ယောကျ်ား နှစ်ယောက်လဲ ပါတယ်၊ အချိန် မတော်ကြီး ဆိုတော့.... ငါလဲ ခပ်လန့်လန့်ရယ်.... ရှင်မှုချိုက သူ့အဒေါ် ခေါ်ကီးလုံး ဟုတ်ပါတယ် ဆိုလို.... တံခါးဖွင့်ပေးရတာ မိသက်ရဲ့၊ သူတို့ပြောကြတာ ကရင်လို



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ငါတို့ နားမလည်ဘူး....၊ အဒေါ်ကငို မူချိုကငို အမယ်လေး.... ငါတောင် မျက်ရည်ကျချင်ပါရဲ့ သက်သာချရယ်....၊ အဟင်း.... အပြင်မှာ ရပ်နေတဲ့.... ယောကျ်ား... နှစ်ယောက်ကတော့.... ကရင်လို ဘာတွေပြောကြမှန်း မသိဘူးဟေ့၊ နောက်.... ဗမာလို ငါ့ကို ပြောတာ ကတော့... မူချိုနဲ့ မတွေ့တာကြာလို့.... လွမ်းလို့.... လိုက်လာတာတဲ့....၊ ကောင်မလေး ရွာမှာ ကရင်ရိုးရာ နှတ်စားရမယ်၊ ခဏ ထည့်လိုက်ပါတဲ့၊ ငါက ညည်းတို့ လာအောင် စောင့်အုံး ဆိုတာ ပြောမရဘူး၊ ညည်းကောင်မလေးကလဲ ဟိုတုံးက... အဒေါ်က မဝရေစာ ကျွေးတယ်၊ ရိုက်တယ်နဲ့.... တွေ့တော့ ငိုလိုက်ရတာ အချည်ပျော်မတတ်ပါတော်၊ မူချိုရယ် ဒီတခါ ဘဲ ငါ့စကား နားထောင်စမ်းပါဆိုတာ သူက ငါ့ဆို ပိုရွံ့ ချင်တဲ့ ကောင်မ မဟုတ်လား၊ သူ့အဝတ် အစား အကုန် ယူပြီး တခါထဲ ပါသွားတယ်၊ ဟောဒီမှာ သူရေးခဲ့တဲ့စာ၊ ကျုပ်ကြောင့် ပြန်တာတဲ့ဘော့....၊ ဖတ်ကြည့်ကြပါအုံး"

ကျွန်မနှင့် ကိုနိုင် ခေါင်းချင်း ဆိုင်ကာ ဒေါ်ကြီးထုတ်ပေးသော စာရွက်ကို ပြိုင်တူ ဖတ်လိုက်ကြပါသည်။

မမ....

မူချိုအဒေါ် ဒေါ်ကီးလုံး၊ ဦးကြီး ဦးထော်ဒိုတို့ လာခေါ်လို့ ပြန်သွားသည်၊ ရွာကို လွမ်းတယ်....၊ ကျောင်းပိတ်တုံး မေမေမြရဲ့ အအော် အငေါက်လဲ ခဏခဏ ခံရအုံးမယ်၊ မေမေမြက မူချိုကို ဝရုံတာ တောင် ထွက်မချပ်ရဘူး၊ ကြက်တူရွေးလို လှောင် ထားချင်တယ်၊ ဒါကြောင့် ရွာက ကွင်းထဲမှာ....



ဖေါ့ဝေတို့ မသန်းညွန့်တို့နဲ့ တဝကြီးဆော့ အားရမှ ပြန်ခဲ့မယ်၊ အပြန်မှာ မမကြိုက်တဲ့ ဒူးရင်းသီး ပိန္နဲသီး အပါသယ်ခဲ့မယ်၊ ကိုကိုကြီးကြိုက်တဲ့ ငရုတ်ကောင်းစေ့ ထဲယူခဲ့မယ်၊ ညီမတွေအတွက် ငပိကောင်းကောင်းလဲ ယူလာမယ်၊ အဲဒီကျ ကျောင်းဖွင့်မှာနဲ့အတော်ဘဲ....။

မူချို။

ကျွန်မတို့ မည်သို့မျှ စကား မပြောနိုင်ကြ၊ အတန်ကြာအောင် ငိုင်နေမိကြသည်။

"ဒါ.... ဒေါ်ပု လက်ချက်ဘဲ ကိုနိုင်....၊ သူ့အဒေါ်တွေ ဟာဖက်လှည့်နဲ့ မူချိုကို လှည့်ထုတ်တာဘဲ...."

ကျွန်မစောစောက ကားပေါ်တွင် ဆွေဆွေနှင်းနှင့်ပြောခဲ့သမျှကို ပြန်၍ပြောရင်း ဤသို့ပင် မှတ်ချက်ချလိုက်သည်။

"အေး.... ဒါ ဒေါ်ပုညာဏ်ဘဲ ဖြစ်ရမယ်...."

"ကိုင်း.... ကိုင်း.... ဘူတာကို လိုက်ကြစမ်း....၊ သူတို့ ဘူတာမှာ ဆင်းအိပ်ကြမှာ၊ လက်မှတ်လဲ ဝယ်ကြရအုံးမှာ၊ ဒါကြောင့်မို့ မင်းတို့ ပြန်လာအထိ မစောင့်နိုင်တာ ဆိုဘဲ....၊ ဘူတာကို သွားကြည့်ရင် တွေ့မလား မသိဘူးဟေ့ ..."

ဒေါ်ကြီးစကားကြောင့် ကျွန်မရော ကိုနိုင်ပါ ဘူတာကို လိုက်ကြရပါသည်။ လိုက်လို့သာ လိုက်ရသည် စိတ်ထဲတွင် မြော်လင့်ချက်ကားမထားမိ။ မြော်လင့်ချက်မထားတော့သော မူချိုကို ဘူတာတွင် တွေ့သောအခါ ကျွန်မ လွန်စွာဝမ်းသာ သွားမိသည်။ မူချိုသည် ငှက်ကလေးပမာ ပျော်မြူးနေသည်။ ကျွန်မတို့ဖျောင်းဖျသော်လည်းမရတော့ပါ သွေးကပြောသော သံယောဇဉ်ဆိုသည်မှာ မပြတ် စကောင်းပါတကား။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ မူချိုသည် လုပ်ချင်ပြီဟော့ဆိုလျှင် မည်သူမျှ တားရျှမရသော ကောင်မလေးဖြစ်ကြောင်း ကျွန်မအသိဆုံး ဖြစ်၏။ မူချိုအား ဇွတ်အတင်းခေါ်ထားမိပါက တနေ့အိမ်မှ ထွက်မပြေးဟုမဆိုနိုင်။ ဤအခါမှ ပို၍ ခက်ရချေမည်။ ဆွေမတော် မျိုးမစပ်သော ကျွန်မတို့အဖို့ မူချို၏ စိတ်ဆန္ဒ အခွင့်အရေးကိုလည်း ချုပ်ချယ်ပိုင်ခွင့်မရှိ။ နောက်ဆုံး ကျွန်မတို့ လက်လျှော့လိုက်ကြသည်။ မူချိုအတွက် စားရိတ် စက ငွေများကို အဒေါ် ဒေါ်ကီးလုံးလက်ထဲ အပ်လိုက် ရသည်။ ကျွန်မတို့ပေးသော ငွေစက္ကူများကို ဒေါ်ကီး လုံးက တုန်တုန်ယင်ယင် လက်ခံယူရင်း....

"ကောင်မလေးကို သကြိန်ပွဲပြီးရင်လေ....ပြန်လွှတ်မယ် အမ၊ ခဏလေးနော်" ဟု ဆိုရှာသေးသည်

ဒေါ်ကီးလုံးကြည့်ရသည်မှာလည်း ရိုးသားပုံတော့ရသည်၊ ကျွန်မအနေနှင့် မေးလို ပြောလိုသော စကားများ လည်ဝ တွင်သာ တစ်ဆို့နေရသည်။ အနေစုတ်သလောက် ရိုးပုံရသော မိန်းမကြီးကို မေးရန် အားနာနေသဖြင့် အခြား ထူးထူး ထွေထွေ မမေးမပြောတော့ဘဲ၊ မူချိုနှင့် ကျွန်မတို့၏ တုံလှယ် ယှက်တင်နေသော မေတ္တာများလောက်သာ သိသာရန် ပြောပြလိုက်ပြီး ထို့အတွက်မူချိုကို ဆက်ဆက်ပြန်ပို့ရန် မူချို ရှေ့ရေးကိုလည်း ကျွန်မတို့တာဝန်ယူမည့်အကြောင်း ကတိပေး ပြောဆိုရသည်။ ဒေါ်ကီးလုံးက ရှာနံမည်နှင့် လိပ်စာများပါ ပြောပြရှာသည်။ ဒေါ်ပုကား ကျွန်မတို့ကို စကားတခွန်းမျှ မဆို၊ အောင်မြင်ဝင့်ကြွားစွာပြုံးလျှက်၊ ကျွန်မတို့သာလျှင် ဘပ်ခေါက် ပြန်ခဲ့ကြရပါလေသည်။



## တဆယ့်တစ်

ထန်း သီး ကြွေ ခိုက် ကျီးနင်းခိုက် ဆိုသကဲ့သို့ မူချို ဒေါ်ကြီးနှင့် ပြဿနာပေါ်ခိုက် အိမ်ကိုငြိုးငွေ့နေစဉ် ဒေါ်ပု အကြံအောင်သွားခြင်း ဖြစ်ပါသည်။ မူချိုအား လာခေါ် ခြင်းမှာ ဒေါ်ပု အစီစဉ်ဖြစ်နိုင်ပေသည်၊ ဒေါ်ကီးလုံးတို့ ဦးထော်ဒိုတို့အား မည်မျှ လှည့်ပတ် နားသွင်းထားမည် မသိ၊ တန်ခူးမှ ကဆုန်၊ နယုန်၊ ဝါဆို ရက်တွေပြောင်း၍ လတွေ သာ ပြောင်းလာခဲ့သည်။ မူချိုကား မပေါ်လာ တော့ပါ။ ဒေါ်ကီးလုံး ပေးထားခဲ့သော လိပ်စာအရ စာထည့်သော် လည်း စာလည်းမလာ၊ လင်းတလည်းမလာ၊ ဆွေဆွေနှင့် မှတဆင့် ဒေါ်ပုထံ စုံစမ်းရာ ဒေါ်ကီးလုံး ယောကျ်ား ဦးထော်ဒို ဆုံးပါးသွားပြီး မူချိုလည်း ရွာမှာပင် ပျိုးနုတ် ကောက်စိုက် အဒေါ်နှင့် လက်ရေတပြင်တည်း လုပ်ကိုင် နေသည်ဟု ကြားရပါသည်၊ ဤသို့ မှန်ပါက တနည်းတဖုံ ကျွန်မ ဖြေသာပါသည်။ မှန်မမှန် ဟုတ်မဟုတ် ကိုလည်း ဒေါ်ကီးလုံးတို့ ရွာသို့ သွားရောက် ကြည့်ချင်ပါသည် ဤအခါတွင် ကိုနိုင်က



www.burmeseclassic.com

www.burmeseclassic.com

"သွားမနေပါနဲ့....သက်သက်ရယ်၊ သူတို့ပြောတဲ့ ဖားအုံ့ခရိုင်က ချင်ဂျုံးဆိုတဲ့ ရွာက.... တကယ်မှ ရှိရဲ့လားတောင် မသိဘူး။ မင့်မူချိုလဲ ဘယ်ချင်ဂျုံးမှ မဟုတ်ဘူး၊ ရန်ကုန်မှာဘဲ ရှိရမယ်" ဟု ဆိုရှာပါသည်။

ကိုနိုင်၏ ထင်မြင်ချက် မှန်ကန်ကြောင်း တနေ့သော အခါတွင် လက်တွေ့ သိလာကြရပါတော့သည်။

မူချိုမှ မူချိုအစစ် ဆံပင်က ကတုံးဆံတို ဖြစ်နေတာ တခုသာပင်။

တနံနက် သတင်းစာမှ ဓာတ်ပုံကို အလုအယက်ကြည့်ကြသည်။ သတင်းအစုံအလင်မှာ ရန်ကုန်မြို့ ........လမ်း၊ မစ္စတာဒါဝတ်နှင့် ဇနီး ဒေါ်အမိနာတို့ အိမ်ထောင်စုတွင် တလလျှင် ၂၅ ကျပ်နှင့် အိမ်ဖော်အဖြစ် လုပ်ကိုင်သူ အသက်ဆယ့်လေးနှစ်ရှိ မိချိုသည် အိမ်ရှင်များ၏ သံပုပြားကော်ခြင်း၊ ငြုပ်ရည်ဂျင်းရည် မျက်စိထဲခတ်ခြင်း၊ စိတ်မထင်လျှင် မထင်သလို လူမဆန်စွာ ညှင်းပန်းခြင်းတို့ကြောင့် ထွက်ပြေးရာ တာဝန်သိလူတစုက ရဲဌာနသို့လာရောက်အပ်နှံကြောင်းနှင့် အိမ်ရှင်အား ပုဒ်မ ၃၅၂ အရ အရေးယူထားကြောင်း ဖြစ်ပါသည်။

"ကိုင်း.... မူချို ဟုတ်မဟုတ် သိရအောင် ရဲဌာနလိုက်သွားကြစို့လား...."

ကိုနိုင်က ဆိုလေသည်။ ကျွန်မတို့ နှစ်ယောက်သားသုံးဘီးတစီးနှင့် ကသောကမြော ထွက်လာခဲ့မိကြလေ၏။

"မူချိုဆိုရင်.... သက်တို့ကိုတွေ့ရင် ဝမ်းသာ အားတက်ရှာမှာ...."

"အေးကွာ.... ကောင်မလေးနှယ် ဖြစ်ရလေ...."

"အင်း.... သက်တော့ ရဲဌာန လာအပ်ပေးတဲ့ လူတွေကိုဘဲ ကျေးဇူးတင်တယ်....ကိုနိုင်ရယ်၊ ဒီလိုလူကောင်းတွေနဲ့ တွေ့လို့သာပေါ့...."

"ခေတ်ကလဲ ပြောင်းလဲလာပြီကိုးကွ၊ လူတွေဟာ အရင်ကလို မဟုတ်တော့ပါဘူး၊ နိုးကြားလာကြ ပါပြီ၊ တာဝန်သိလာကြပါပြီကွ"

"ဟုတ်တယ်....၊ ဒါဟာ ကောင်းတဲ့ အလားအလာဘဲ"

"အေးကွာ.... ကောင်မလေးတော့.... ဒီ့ဆီ ပြန်လိုက်ပါ့မလား၊ အရင်မူချိုမှ ဟုတ်ပါသေးရဲ့လားကွာ...."

ကိုနိုင်ညည်းလိုက်မှပင် ကျွန်မ မူချိုအတွက်စိတ်ပူသွားမိပါသည်။ အကောင်းဖက်ဖြစ်တည်ဖို့ ခက်ခဲကြာရှည်သလောက် အဆိုးဖက် ပျက်စီးဖို့မှာ လွယ်သည်၊ မြန်သည်၊ မူချို ဘယ်နှစ်အိမ်ပြောင်းပြီးလဲမသိရ၊ လူလူချင်းတိရစ္ဆာန်နှင့်မခြား ညှဉ်းပန်းလျက် မေတ္တာတရားခေါင်းပါးလှသော လူများ၏ လက်တွင်းဝယ် ကျွန်မကဗျာတိုက် ကြိုးစားပြုပြင်ခဲ့ရသော မူချို၏ အကျင့်စရိုက် စိတ်ဓာတ်များ မပျက်မစီးဘဲခံနိုင်ပါမည်လား၊ မူချိုတယောက် လောကကြီးကို မထီမဲ့မြင်ပြုလိုစိတ်၊ တန်ပြန်ရက်စက်လိုစိတ်များ မည်မျှကိန်းအောင်းနေပြီနည်း။

ကျွန်မတို့ သုံးဘီးကလေး သက်ဆိုင်ရာရဲဌာနရှေ့သို့ ထိုးရပ်လိုက်၏၊ ဖေါ်ရွေသော ရဲအမှုထမ်းများက ဆီးကြိုကြသည်။ ကျွန်မတို့ လာရင်းကိစ္စကို ပြောပြသောအခါ တာဝန်ရှိရဲအရာရှိက

"အဲဒီကလေးမ ညကဘဲ သူ့အနေဒါ်ဆိုသူ.... လက်မှတ်ထိုးပြီး ခေါ်သွားပြီ...." ဟု ဆိုပါသည်။

"အဲဒီအဒေါ်က နာမည် ဘယ်သူတဲ့လဲရှင် တဆိတ်...."

"ဒေါ်ပုတဲ့ခင်ဗျ....၊ ပုဇွန်တောင်ဖက်က...."





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ ဇနီးမောင်နှံ ပက်လက်လန်မတတ်ပင်၊ ဒေါ်ပု နာမည်ကြားရရုံနှင့် မူချိုဖြစ်ကြောင်းထင်ရှားပေပြီ၊ကျွန်မတို့ ဘာများတတ်နိုင်ပါမည်နည်း။ အဖြစ်သနစ် ဇာတ်ကြောင်း လှန်ကာ ရဲအရာရှိနှင့် အတန်ကြာ စကားပြောခွင့်ရပါသည်၊ သူတို့အနေနှင့် ဒေါ်ပုကို အရေးယူပိုင်ခွင့်မရှိ။

"ခက်တာကဗျာ....၊ သူတို့အတွက် ဥပဒေရယ်လို့ အတိအကျ မရှိဘူး၊ ဒီတော့.... မိန်းကလေးတွေ အကာအကွယ် ပေးဖို့ကတော့ ပထမဆုံး အိမ်ဖော် ထားတော့မယ်ဆိုရင်.... အိမ်ရှင် အနေနဲ့ အရပ်လူကြီးတွေကို အသိပေးရမယ်၊ အရပ်လူကြီးတို့ လ အ က တို့ ပူးပေါင်းပြီး ဒီအိမ်ရဲ့ အခြေအနေကို စိစစ်၊ ဒီမိန်းကလေးရဲ့ အခွင့်အရေး စသည်များကို ဆွေးနွေး ပေးမယ်ဆိုရင်.... ဒီလို ညှဉ်းပန်းမှုအတွက် အနည်းနဲ့ အများ အဟန့်အတား ဖြစ်သွားမယ် ထင်တာဘဲ...၊ သို့သော်လဲ.... လွယ်တော့ မလွယ်လှဘူးဗျ...."

ရဲအရာရှိက ရင်းရင်းနှီးနှီးပင် သူ့အမြင်ကို ပြောပြသည်။

"ကျွန်တော်တို့ တိုင်းပြည်ကလဲ လွတ်လပ်ရေးရပြီးမှ ဖွံ့ဖြိုးတိုးတက်သည်ဆိုတဲ့ ကိန်းဆိုက်ခဲ့တာဘဲ၊ ညီညွတ်ရေးမရှိ သောင်းကျန်းသူအန္တရာယ်အမျိုးမျိုးနဲ့ တိုင်းပြည်ထူထောင်မှု လုပ်ငန်းက၊ ဘယ်မှာ ခရီးရောက်ပါမလဲဗျာ....၊ ဒီကြားထဲ အုပ်ချုပ်သူအစိုးရကလဲ သူတို့အာဏာ တည်မြဲရေးလောက် ရှေ့တန်းတင်နေတော့၊တိုင်းပြည်အခြေအနေဟာပိုပြီးယိမ်းယိုင် လာရတော့တာပေါ့။ အခု တော်လှန်ရေး ကောင်စီ အစိုးရ တက်လာပြီး၊ ဆိုရှယ်လစ်နိုင်ငံ ထူထောင်ဖို့ ကြိုးစားနေပြီ ဆိုပေမဲ့၊ခေတ်အဆက်ဆက်ကကြွင်းကျန်ခဲ့တဲ့ လူမှုရေးပြဿနာ တွေကို တထိုင်တည်းနဲ့ ဘယ်မှာ ဖြေရှင်းပေးနိုင်ပမလဲဗျာ၊



ဆိုရှယ်လစ်နိုင်ငံဖြစ်ပြီး၊အောင်မြင်မှု အထွတ်အထိပ်ရောက်ပြီလို့ မဆိုနိုင်သေးသမျှ၊ ပြဿနာစုံပေါ်နေမှာဘဲ။ အိမ်ဖော်ဆိုတာ ကလဲ မရှိမဖြစ် ရှိနေဦးမှာဘဲ၊ မရှိမဖြစ်လို့ရှိနေရပေမဲ့၊ လူမဆန် တဲ့ညှဉ်းပန်းမှုမျိုးကတော့ မပေါ်ပေါက်သင့်တဲ့ ပြဿနာဘဲ၊ ဒါကိုတော့တာဝန်ရှိသူတွေကလဲ လစ်လျူရှုမထားပါဘူးဗျာ"

ရဲအရာရှိနှင့် ကျွန်မတို့ စကားမျှင် ပြတ်သွားသောအခါ ကိုးနာရီခွဲလေပြီ။

"ကိုင်း.... ညနေ ကိုယ်ရုံးဆင်းမှဘဲ ဒေါ်ပုဆီ လိုက်ကြ တာပေါ့.... ရုံးပျက်တော့လဲ မခံနိုင်ဘူးကွာ...."

ကိုနိုင်က ဆိုသဖြင့်၊ ကျွန်မမှာ စိတ်ပျက်စွာ အိမ်သို့ပြန်ခဲ့ ရပါတော့သည်။ ကိုနိုင်က ဆေ့ဆေ့နှင်းထံ ဖုံးဆက်ထားမည်ဟု ဆိုပါ၏။ ကျွန်မတနေ့လုံး စိတ်မဖြောင့်၊ နဂိုကပင် သူ့ပယောဂ မကင်းဟု ကျွန်မတို့ ဝိုင်းဝန်းအပြစ်တင်ခြင်းခံရသူ၊ သူကိုယ်တိုင် ကလည်း သူ့မှားကွက်များကို နောင်တရနေသူ၊ ဒေါ်ကြီးကမူ မျက်ရည်မျှားပင် ကျရှာလေသည်။ အမှန်တော့ တရားခံက ဒေါ်ပုသာဖြစ်ပါသည်။ မူချိုအား မည်သို့နားသွင်းပြီး ပွဲခ မြက်မြက်ရသည့် အိမ်သို့ ပို့ပေးခဲ့သည်မသိ။ မြက်မြက်စားရသူ ဒေါ်ပုအတွက် မူချိုကတော့စာခံ သွားခဲ့ရ၏။သူတပါးအတွက် ငကြက်ကကျွန်ခံဆိုသော စကားနှင့်ပင် တူနေသည်။ သတင်း စာ ဓာတ်ပုံတွင် မူချိုလက်က ဒဏ်ရာကိုလည်း မြှားပြထား သည်။ အရွယ်မရောက်၊ လူလားမမြောက်သေးမီ မူချိုသည် လူတစုအတွက် အညှဉ်းဆဲခံ၊ အလုပ်ကျွေး ပြုနေရပေပြီ။ ဖို့ ဒေါ်သဖြစ်ရသည်ကား ညနေဖက် ကျွန်မတို့တတွေ ဒေါ်ပုထံ သွားကြသောအခါ၊ဒေါ်ပုခရီးထွက်သွားပြီဟု ကြားရခြင်းပင် ဖြစ်ပါသည်။ ကျွန်မတို့ သွားစဉ် မိန်းကလေးသုံးလေးဦး



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း မြင်တွေ့ရပါ၏။ သို့သော် ကျွန်မတို့နှင့် စကားပြောခွင့်မရ။ ကျွန်မတို့ကို လက်ခံစကားပြောသူက အသက်လေးဆယ်ခန့် လူမိုက်ဂိုက်နှင့် ဂင်တိုတိုလူပင် ဖြစ်ပါသည်။ အခစပသမတွင် ကျွန်မတို့အား ဖေါ်ဖေါ်ရွေရွေ ပြောပြောသလဲ ဆိုးကြိုသော်လည်း "မူချို" ဟူသော နာမည်ကို ပြောပြလျှင် သိသိသာသာ တင်းမာသွားခဲ့ပါ၏။

"အခု ခရီးထွက်သွားတာ ဒီကောင်မလေး အတွက်ဘဲ၊ သူ့ကိုရှာပြန်ပို့သလား ဒါတော့ ကျုပ်လဲ တိတိကျကျမသိဘူး ခင်ဗျ၊ ဒေါ်ပုက နှစ်ညသုံးည ဒီလိုဘဲ ခရီးထွက်တတ်တာဘဲ။ မော်လမြိုင် သွားချင်သွားမယ်၊ ဖားအံကို ကူးချင်ကူးမယ်၊ တခါတလေလဲ ဥက္ကလာပမှာ ညအိပ်ချင် အိပ်တာ" ဟု မရေမရာ ဆိုပါသည်။

နောက်ဆုံး ကျွန်မတို့ တပ်ခေါက် ပြန်ခဲ့ကြရသည်။

ကျွန်မတို့ ဆွေဆွေနှင်း၏ ကားကလေးနှင့် လာခဲ့ကြခြင်း ဖြစ်ပါသည်။ ကိုနိုင်ဖုန်းဆက်ထား၍ ညနေဆွေဆွေ ကိုယ်တိုင် သူ့သားအကြီး ဖရက် ကားမောင်းလျက် ကျွန်မတို့ကို ဝင်ခေါ်ကြခြင်း ဖြစ်သည်။ ဆွေဆွေနှင်းသည် မူချိုကိစ္စ စိတ်ဝင်စားလှ၍တော့မဟုတ်ပါ။ ကျွန်မကိုခင်မင်မှုနှင့် လိုက်ပါလာခြင်းသာ ဖြစ်ပါသည်။ နောက်တကြောင်းက ဆွေဆွေ အိမ်မှ မစိန်ကီး ရှာပြန်ချင်ပြီဆို၍ နောက်တယောက်ရှာရန် ဒေါ်ပုကို တွေ့လိုခြင်းဖြစ်ပါသည်။ ဆွေဆွေနှင်းနှင့် မတွေ့ရသည်မှာ ကြာသည့်ရက်များအတွင်း တိုး၍သာ လှပခေတ်ဆန်နေလေသည်။ ခေတ်နှင့်မလျော်ညီတော့သည့် ကုမ္ပဏီလုပ်ငန်းများ ဖျက်သိမ်းလိုက်ရပြီဖြစ်ရာ၊ အပြောင်းအလဲ ကြားကာလတွင် စားပေါက် မချောင်တော့ပြီ ဖြစ်ရကား ဆွေဆွေနှင်း



ညည်းညူသံများ၊ ခေတ်ကိုလျှောင်ပြောင်သံများ တလမ်းလုံး ကြားလာခဲ့ရပါသည်။ ကျွန်မမှာ မူချိုအတွက် ကိုယ့်အတွေးနှင့် ကိုယ်မို့ ကြာတော့ ဆွေ့ကိုစိတ်မရှည်ချင်တော့။

"ဆွေဆွေရယ်.... မင်းတို့ဆင်းရဲတာက တိုက်နဲ့ ခြံနဲ့ ကိုယ်ပိုင်ကားနဲ့၊ အစေခံလူလဲနဲ့ပါ၊ ဆင်ပိန်ကျွဲဝပါ၊ ဒါလောက်တောင် ဆင်းရဲလှပြီဆိုလဲ ဆွေဆွေ ထွက် အလုပ်လုပ်ကွာ။ ဆွေဆွေသားသမီးတွေကြီးပြီဘဲ၊ ဆွေလုပ်လို့ဖြစ်ပါတယ်" —

"ဘာလုပ်မလဲကွာ....လခလေး မဖြစ်စလောက်ကို"

"အေးလေ....မဖြစ်စလောက်ဆိုလဲ မုန့်ဖိုးပဲဖိုးတော့ မကာမိဘူးလား.... မင်းအခုလို ညည်းညူနေမဲ့အစား ဘဝအစိတ်ကိုတွေ့တော့ စိတ်အပြောင်းလဲဖြစ်တာပေါ့။ အပြင်လောကကို ထိတွေ့ကြည့်မှ လောကကြီးကို မင်းနားလည်မှာပေါ့ကွ....။ ကိုယ့်ဘဝကိုယ်မရောင့်ရဲဘဲ စိတ်ဆင်းရဲခံနေမဲ့အစား၊ ကျွန်မဘဝမှာ ခံနိုင်ရည်ရှိဖို့ သတ္တိမွေးစမ်းပါ....ဆွေဆွေရာ၊ ဆွေဆွေမှာ သားတွေသမီးတွေနဲ့ ဆွေဆွေကိုယ်တိုင်က ပျော့ညံ့မှုတွေ ပြနေရင် ဘယ်ဖြစ်မလဲ ဆွေဆွေရဲ...."

"အေး....သူတို့ကြောင့် ဆွေဆွေပိုစိတ်ညစ်တာပေါ့ သာကိုယ်မှာ အလုပ်အကိုင် ဝင်ငွေတိုဘူးကဲလို ဖေါ်ခြင်း သောခြင်းမဟုတ်တော့ တသက်လုံးဖေါ်ခြင်းသောခြင်းနေလာခဲ့တဲ့ သူတို့က တပူပူဘဲလေ။ သူတို့က အစားလည်းကောင်းကောင်း စားရမှဝင်သလို အဝတ်ဆို အပေါစား အညံ့စား ခါးဆပ်တင်ချင်ကြတာ မဟုတ်ဘူး"

ကျွန်မသည် ပါတိတ်နှင့် ယိုးဒယားဇာနှင့် တကိုယ်လုံး လှပ ကြော့ရှင်းနေသော ဆွေဆွေနှင်းကို ကျော်မိုးကား တားရှေ့ပိုင်းမှ ဖရက်ကို လှမ်းကြည့်မိသည်။ စက်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ စကားကို သူကြားပုံမရ၊ အပြင်မှ တိုးဝှေ့လာသော လေကြမ်းကြောင့် ပုံပျက်သွားသောသူ့အမောက်ကို ဘယ်ဖက်လက်ဖြင့် အသာအယာသပ်တင်နေ၏။ နီရဲသောနိုင်လွန် စပို့ရှပ်သည် ဖြူဝင်းသော သူ့အသားနှင့် လိုက်ဖက်နေသည်။ သတ္တမတန်းတွင် နှစ်ကြိမ် စာမေးပွဲကျပြီးဖြစ်သော ဖရက်၏ အသွင်အပြင်မှာ လေးနက်တည်ငြိမ်ခြင်း အလျှင်းမရှိသေးပါပေ၊ ကျွန်မသည် စကားမဆက်တော့ပါ၊ ကိုနိုင်ကမူကျွန်မအား တပြစ်ပြစ်မြည်တွန်နေလေသည်၊မှူချိုကို သူ့ထိုက်နှင့်သူ့တ သံယောဇဉ် ဖြတ်လိုက်ရန် ဆိုပါသည်။ ဆွေဆွေနှင်းကမူ

“ဒါလောက်တောင်.... သက်က မှူချို တန်းတန်းစွဲနေလဲ ဒေါ်ပုကို လေးရာတဲ့ ငါးရာတဲ့ ပစ်ပေးလိုက်ပါလား ကိုထွန်းနိုင်၊ ဒီလိုဆို ဒေါ်ပုလဲ ငြိမ်သွားမှာ”ဟု ဆိုပါသည်။

“ဒီလိုလုပ်လို့လဲ ငြိမ်သွားမယ်လို့ဒီဋ္ဌမဆိုနိုင်ဘူးမဆွေဆွေ၊ သူတို့ဟာ ရလေလိုလေ အိုတစ္ဆေဆိုတာလို နေမှာဗျ၊ လေးငါးရာဆိုတဲ့ငွေက ကျွန်တော်လို.... ရိုးရိုးသားသား လာဘ်မစားတဲ့ အမှုထမ်းတဦး နှဖူးက ချွေးပြန်အောင် ဦးနှောက်ချောင်မတတ် အလုပ်လုပ်ပြီးမှရတဲ့ တလစာငွေ....၊ ဒီငွေကို ဒေါ်ပုလို ဖုတ်ဘီလူးမကြီး အသက်ဆက်နိုင်ဖို့ အတွက်တော့ မပူဇော်နိုင်ပေါင်ဗျာ....”

“ပူဇော်တယ်တော့ ဘယ်ဟုတ်မလဲ၊ ဆွေဆွေတော့.... ဒီလိုဘဲ ရက်ရောထားရတယ်၊ ဒါကြောင့် အိမ်မှာ ငကန်းသေတော့ ငစွေပေါ်တာဘဲလေ....”

“အင်းပေါ့ဗျာ....၊ မဆွေဆွေတို့လို ငွေရှင်ကြေးရှင်တွေ ရှိနေသေးလို့ ဒေါ်ပုလို လူပွဲစားတွေ သွေးစုတ်လို့ ကောင်းနေတာပေါ့ဗျ....”



“အံမယ်....ကိုထွန်းနိုင်၊ ဆွေဆွေတို့ရှိနေသေးလို့ ထမင်းငတ်တွေ အလုပ်ဖြစ်နေတယ်ဆိုရင်.... ပိုပြီးမှန်မှာပေါ့ရှင်....”

ဆွေဆွေနှင်းကလည်း ပြန်လည် ချေပပါသည်။

“ဆိုရှယ်လစ်နိုင်ငံအဖြစ် အောင်မြင်မှုဂန်းတိုင် ရောက်တဲ့တနေ့ အလုပ်လက်မဲ့တို့ ပြဿနာ လုံးဝ ပြေလည် သွားတဲ့တနေ့ကျ ဒီလိုလူတွေ မဆွေဆွေတို့ တိုက်ရိုက် ခြေဦးတောင် လှည့်သေးလား စောင့်ကြည့်ပါဗျာ၊ အရင်းရှင်စနစ်ဟာ.... ခေတ်ကုန်နေပြီ၊ လူကြိုက်နည်းနေပြီ၊ ကမ္ဘာနှံ့အဝှန်း ဆိုရှယ်လစ်စနစ်ကို ကြိုဆိုနေပြီ၊ ကျွန်တော်တို့ နိုင်ငံကလဲ ကြိုစားနေပြီ မဟုတ်လားဗျ....”

ဆွေဆွေနှင်းက ပခုံးကလေးတွန့်ကာ ခိုးခိုးခစ်ခစ်ရယ်ပြစ်လိုက်၏။

“အဟင်း....ဟင်း.... စောင့်ကြည့်သေးတာပေါ့”

ဆွေဆွေနှင်းသည် ကိုနိုင်၏ ညိုမဲသောမျက်နှာကို ကျွန်မအား မျက်စပစ်ပြရင်း လှောင်ပြောင်လိုက်ပါသည်။ ကျွန်မတို့ကားလေး အိမ်ရှေ့ရပ်လိုက်လျှင် မြော်လင့်ကြီးစွာ စောင့်စားနေကြသော ဒေါ်ကြီးနှင့် သမီးများကို တွေ့ရပါသည်။ မှူချိုမပါကြောင်းသိလျှင် သူတို့အားလုံးစိတ်ပျက်အားလျော့စွာ သက်ပြင်းကိုယ်စီ ရှိုက်လိုက်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တဆယ့်နှစ်

ထိုမှနောက် ဒေါ်ပုထံဆက်သွယ်စုံစမ်းသော်လည်း မှချို သတင်း အစအနပင်မကြား။ ဒေါ်ပုနှင့်လည်း တကြိမ်မျှ တွေ့ရသည်မရှိ။ နောက်ဆုံး မှချိုအတွက် လက်လျှော့ထား လိုက်တော့သည်။ တနေ့ပြီးတနေ့၊ တမိုးပြီးတမိုး၊ တဆောင်း ပြီး တဆောင်း သစ်ခဲ့ပါလေပြီ။ ကျွန်မ သမီးကြီး ဥမ္မာ တက္ကသိုလ်ကျောင်းသူ ဖြစ်နေပါပြီ။ သိတာက ဆယ်တန်း၊ နီလာက စတုတ္ထတန်း၊ ကျွန်မ၏နောက်တိုးသားလေး အတွတ် ပင် သူငယ်တန်းတက်နေပါပြီ။ သားသမီးတွေ သိုက်သိုက် ဝန်းဝန်းနှင့် ကျွန်မဘဝကလည်း ပျော်မွေ့ဖွယ်အတိမ်ပြီ၊ တချိန် တခါက ကျွန်မတို့ မေတ္တာရိပ်တွင် ခိုလှုံသွားလေသူ မှချို ဆိုသော ကလေးမတယောက်အတွက် အောက်မေ့ တသ မှုပန် ခဲ့ရခြင်းများကလည်း အနယ်ထိုင်၍ သွားခဲ့ရပါပြီ။

တူညီညာ ပြည်သူချစ် ရွှေဆောင်တို့ လူငယ်....
တာဝန်ကိုယ်စီ ထမ်းကြမယ်.... တကိုယ်ကောင်းစိတ်
ထားပယ်၊ စက်မှုလက်မှု လယ်ယာမကျန် လုပ်ငန်း
မရွေးဘဲကွယ်....



သမီးတွေကသီချင်းဆို အတွတ်ကဘာဂျာလေးကိုတကျိကျိ တကျွန်ကျွန်မှုတ်လေလျှင်၊ နီလာက ကွေးနေအောင်ကသည်။ လက်ခုတ်သံကမူ ညီညာစွာ အချက်ပေးလျက်ရှိသည်။

"ဟေ....ဒီသားအမိတွေ အငြိမ့်ထောင်မလို့လား" ကိုနိုင့် အသံကပေါ်ထွက်လာ၏။

"ဟော.... ဖေဖေကြီးရုံးကပြန်လာပြီ၊ သမီးမှာတဲ့ပုံပြင် စာအုပ်ပါလား....ဖေဖေ"

"တေဇရော....ဖေဖေ"

"ငွေတာရီပါလားဟင်.... မြဝတီရောပါတယ်"

ကလေးတွေ တယောက်တပေါက် ဝမ်းသာအားရ ဆူညံ သွားတော့သည်။ ဒေါ်ကြီးကမူ၊ အိပ်ရာထဲတွင် ပုတီးစိပ်ရင်း အသွားပြေ လဲလျောင်းနေပါသည်။

"ကိုနိုင်....ထမင်းဆာပြီလား...."

"မဆာသေးဘူး....သက်သက်၊ ကိုယ်ဒီနေ့ လူတွင်မကဘူး၊ စိတ်လဲမောလာတယ်ကွာ...."

ကိုနိုင်က တိုက်ပုံကို ချိတ်တွင်ချိတ်လိုက်၏။ ကျွန်မက အလိုက်သိစွာ ပက်လက်ကုလားထိုင်တလုံးဆွဲယူလျက် အိမ်ရှေ့ မာလကာပင်ရိပ်တွင် ချထားပေးလိုက်ရပါ၏။ ကိုနိုင်က ရေတခွက်မော့ပြီးနောက်၊ အိမ်ထဲမှထွက်လာခဲ့လေသည်။

"လာလေကွာ....သက်သက်၊ မင်းလဲထိုင်အုံးပေါ့...."

ကျွန်မ ကိုနိုင့်ဘေးမြက်ခင်းမှာ ထိုင်လိုက်ပါသည်။

"ဒီနေ့ မိတ်ဆွေအရာရှိတဦးရဲ့ အမှုကိစ္စနဲ့ ပတ်သက်ပြီး သက်သေခံစရာရှိလို့ တရားရုံးဖက်ရောက်သွားရင်း၊ ဆွေမြင့်တို့ သားအမိနဲ့တွေ့ခဲ့တယ်...."

"ဟုတ်လား....ကိုနိုင်၊ပြောစမ်းပါအုံး ဆွေမြင့်က ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

လဲနေပြီလား၊ အရင်က ကဲတော်တွေရဲ့ဝိုင်းမှာ ပျော်ပျော် ပါးပါး အချိန်ကုန်တတ်တဲ့ ဆွေဆွေက တရားရုံးတွေဘာတွေ တောင် ခြေဦးလှည့်လာပြီ ဆိုတော့၊ ခေတ်ကို လေ့လာတဲ့ နေရာမှာ သက်တို့ထက်သာသွားပြီပေါ့”

ကိုနိုင်က ကျွန်မ၏စိတ်အားထက်သန်မှုကို တဟားဟား ရယ်မောပစ်လိုက်ပြီးနောက်....

“သက်အထင် ပါစင်အောင်လွဲနေပြီ၊ ဆွေဆွေကတရား ရုံးကိုလေ့လာဖို့လာတာမဟုတ်ဘူးခင်ဗျ၊ သူ့သားဖရက်အတွက် အာမခံကိစ္စအတွက်လာတာ သိပြီလား....”

“ဟင်....ဟုတ်လား၊ ဖရက်က ဘာဖြစ်လို့တဲ့လဲ....”

“ပုဒ်မ ၃၇၉ ခိုးမှုတဲ့ကွာ”

“အို....ကျွတ်....ကျွတ်၊ ဟုတ်ရဲ့လား.... ကိုနိုင်ရယ်”

“အေးကွာ....ကောင်လေးနှယ်၊ လူများအိမ် လှေခါးမှာ တပ်ထားတဲ့မီးလုံးတက်ဖြုတ်ဆိုဘဲကွ၊ ဆွေဆွေကတော့တရားလို ကိုဘဲ အံ့တခဲခဲနဲ့ မကြေမချမ်းဖြစ်နေလေရဲ့၊ ကလေးချင်း မြှောက်ပေးလို့ အပျော်အပျက်သဘောနဲ့ လုပ်တဲ့ကိစ္စ၊ ဘာမှ တန်ဖိုးရှိတဲ့ ပစ္စည်းလဲမဟုတ်လေတော့၊ ပါးစပ်ကဆိုလိုက် ဆုံးမလိုက်လဲ ပြီးရမဲ့ကိစ္စ၊ ရေးကြီးခွင်ကျယ်လုပ်ပြီးဂါတ်တိုင်ရ မလားပေါ့”

“အို....တန်ဖိုးရှိရှိ မရှိရှိ၊ ခိုးတာဟာခိုးတာဘဲပေါ့၊ ဒီလို စာရိတ္တပျက်ပြားမှုကိုတော့ မှတ်လောက်သားလောက် ဆုံးမ ပေးရမှာပေါ့ကိုနိုင်၊ ဖရက်ဆိုတာလဲ ကလေးမှမဟုတ်တော့တာ ဥမ္မာနဲ့မတိမ်းမယိမ်းဟာဘဲ၊ အဲ....သူကစာမေးပွဲ တဖုံးဖုံးကျနေ လို့သာ အတန်းငယ်နေရတာကိုး၊ အင်း.... ဖရက်....ဖရက် ခိုးတာများအပျော်ခိုးရတယ်လို့နော်၊ အို....သူတို့ဘဲ ထွင်တတ်



ကြပါတယ်ကိုနိုင်ရယ်၊ ဟိုဘက်ခြံက ကိုဘိုးသာကြီးကြည့်ပါ လား၊တန်ဆောင်မုန်းကျီးမနိုးပွဲလုပ်တုံးက ရှိတဲ့ကြက်ကလေး၊ ဘဲကလေး၊ အပြောင်သယ်သွားလို့ ငိုမှာတယ်မဟုတ်လား.... ကျီးမနိုးပွဲဆိုတာ သက်တို့ငယ်ငယ်တုံးကတော့၊ သစ်သီးဝလံ လေးစ ကြက်ကလေးတကောင်စ နှစ်ကောင်စ အပျော်ခိုးပြီး ချက်စားကြ၊ အိမ်ရှေ့မှာ တအိမ်အိမ်ကအသစ်သုတ်လာတဲ့ထမီ ကို စောက်ထိုးအလံထူထားတာ၊ မနက်ကျတွေ့ရလို့ ရယ်ကြ ရတာတွေ၊ ခုတော့ကျီးမနိုးပွဲမဆိုထားနဲ့၊ ကျီးမနိုးပွဲမဟုတ်တဲ့ အခါများလဲ အပျော်ခိုးရှိသေးတာကိုးနော်....”

“အေးလေ.... ကိုယ်လဲဒါကို ဘဝင်မကျဘူး၊ ဘေးဘီကို နည်းနည်းပါးပါး လေ့လာကြည့်တော့၊ ဖရက်ကလမ်းသူ့ရဲ့ ဂိုဏ်းဝင်ဘဲ၊ အသက်ဆယ့်ခြောက်နှစ်က နှစ်ဆယ်ဝန်းကျင် လူပေလူတေကလေးတွေပေါ့ကွာ၊ အရက်သောက်၊ ဖဲရိုက်၊ အထုကြီးပင့်၊ မကောင်းတဲ့ မိန်းမများနဲ့တောင် ပျော်ပါးကြ သတဲ့၊ ဒီအတွက် သူတို့ငွေဘယ်ကရမလဲ၊ မိဘဆီကနည်း အမျိုးမျိုးနဲ့ရအောင်တောင်း။ မလုံလောက်သေးရင် ဒီလိုဘဲ ရှာကြ ရန်ပုံငွေရှာကြဆိုကိုး၊ အချို့အုပ်စုတွေကျ အဓိပ္ပါယ်မရှိ ပြည်သူ့ပိုင်ပစ္စည်း ဖျက်လိုဖျက်ဆီးလုပ်၊ အုပ်စုချင်းချိန်းရိုက်၊ ပတ်ဝန်းကျင်ကို နည်းမျိုးစုံနဲ့နှောက်ယှက်”

ကိုနိုင်က စိတ်မောသွားပုံဖြင့် သက်ပြင်းရှည်ကြီး မှုတ်ထုတ် လိုက်ပါသည်။

“ခက်တယ်....ကိုနိုင်၊ ဒါတွေကိုသက်ဆိုင်ရာက ဒီအတိုင်း ကြည့်နေတော့မှာလား....”

“ဘယ်ကြည့်နေပါ့မလဲကွာ၊ မကြည့်လို့ ဖမ်းဟယ်ဆီးဟယ် ထောင်ပေးဟယ်နဲ့ လုပ်နေတာပေါ့၊ အင်း....ဒီပြဿနာက



www.burmeseclassic.com

www.burmeseclassic.com

ကိုင်တွယ်ရခက်တဲ့ ပြဿနာဘဲ၊ ကူးစက်တတ်တဲ့ ရောဂါဆိုး တခုလဲဟုတ်တယ်၊ အများအားဖြင့် ဒီကလေးတွေဟာ လူလတ်ပိုင်းတို့ အရာရှိအရာခံကြီးတွေ၊ ဟိုခေတ်ကသူဌေးအမည်ခံရေပေါ်ဆိတွေရဲ့ သားသမီးတွေဘဲများတယ်။ အရင်းရှင်ခေတ်ရဲ့ အမွေအနှစ်ပေါ့ကွာ”....

“ဟိုတလောဆီကသတင်းစာထဲမှာလမ်းသူရဲခေါင်းဆောင်ဘယ်သူဆိုလား၊ နယ်နှင်လိုက်တဲ့သတင်း ဖတ်လိုက်ရသေးတယ် ကိုနိုင်ရဲ့”

“ဟာ....နယ်နှင်လို့ဘယ်ကလာခမလဲကွာ၊ရောက်လေရာမှာ ကူးစက်သွားမှာတောင် စိုးရိမ်ရသေးတယ်...”

“နို့....ဒါဖြင့် ဘာ့ယ်လိုလုပ်ခလဲ...”

“အင်း....ဒီကလေးတွေချည်း ပညာပေးနေလို့ မဖြစ်ဘူး၊ ဒီကလေးတွေကို မွေးထုတ်တဲ့ မိဖများကိုလဲ ပညာပေးဖို့ လိုလိမ့်မယ်၊ ဒီကလေးကို ပြုပြင်နိုင်တာက အနီးကပ်ဆုံး မိဖဘဲကွ၊ တာဝန်အရှိဆုံးကလဲ မိဖဘဲလေ၊ ဆိုးတယ်ပေတယ် ဆိုပြီးဝိုင်းပယ်ထားမဲ့အစား နည်းပရိယာယ် အမျိုးမျိုးနဲ့ ဒီကလေးကို စိတ်ရှည်ရှည် ပြုပြင်ပေးရလိမ့်မယ်၊ ရပ်ကွက်လူမှုဝန်ထမ်းတို့ တာဝန်ရှိသူတို့နဲ့လဲ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရလိမ့်မယ်။ ဒီကလေးတွေကို နယ်နှင် အပြစ်ဒဏ်ပေးမဲ့အစား စက်ရုံအလုပ်ရုံတွေပို့ပေးလိုက်ရင် စိတ်ဓါတ်အရ ပိုပြီး အောင်မြင်လိမ့်မယ်ထင်တာဘဲ....။ ဒီလောက်နဲ့ သိမ်းသွင်းလို့ မရနိုင်အောင် ပျက်စီးနေတဲ့ကလေးတွေကျတော့လဲ ပြုပြင်ရေးစခမ်းတွေ ဘာတွေဖွင့်ပြီး ကြပ်ကြပ်မတ်မတ်ကလေး လုပ်ယူရမှာပေါ့ကွာ....”

“သတင်းစာတွေထဲမှာ လူ့ယဉ်ရိုင်းတွေဖွင့်တယ်၊ လေ



လွင့်နေတဲ့ ကလေးသူငယ်များအတွက် တိုးချဲ့ဆောင်ရွက်နေတယ်လို့ အားရစရာသတင်းတွေ ဖတ်နေရတာဘဲ... ကိုနိုင်ရဲ့”

“အေးကွာ....ဒီလူငယ်တွေပြဿနာက ကမ္ဘာနဲ့အဝှမ်း ကြုံတွေ့နေရတဲ့ ပြဿနာပါ၊ ကမ္ဘာနဲ့ယှဉ်လိုက်တော့ ကိုယ်တို့ဆီက ဒီလောက် ဆိုးဆိုးဝါးဝါး မဟုတ်သေးပါဘူး....၊ သို့ပေမဲ့လဲ ရောဂါဆိုတာ အမြန်ကုစားနိုင်လေ အကျိုးရှိလေဆိုတာသက်ဆိုင်ရာတာဝန်ရှိသူများက ပိုပြီးနားလည်မှာပေါ့၊ ပိုပြီးကောင်းတဲ့နည်းလမ်းတွေလဲ ရှာကြံနေကြမှာ သေချာပါတယ်၊ ဒီအကြောင်းတွေပြောတော့ ကိုယ်ဖြင့် ရုရှားနိုင်ငံက “မာကရင်ကို” ကို အောက်မေ့သတိရသကွ....”

“အင်း....ပြောစမ်းပါအုံး ကိုနိုင်”

“အချိန်ကတော့ ၁၉၂၀-ပြည့်နှစ်ဆီကပေါ့ကွာ၊အဲဒီအချိန်ဟာ ပထမကမ္ဘာစစ်ပြီးလို့ ရုရှနိုင်ငံမှာ အခြေအနေမဲ့ လူလေလူလွင့်ကလေးတွေတနေ့တခြားတိုးပွားနေတဲ့အချိန်ပေါ့။ ပြည်သူ့ပညာရေးဌာန....အဲ...**Gubernia Department Of Public Education**” ကနေပြီးတော့ ဒီလူငယ်တွေအတွက် မာကရင်ကိုကို တာဝန်ပေးလိုက်တာကိုးကွဲ....၊ တခါတည်း မာကရင်ကိုဟာ ဒီလုပ်ငန်းကို အခက်အခဲအမျိုးမျိုးကစတင်ပြီး ဇောက်ချလုပ်လိုက်တာ ရာထူးရရုံ လခယူရုံ ဝတ္တရားကျေ လုပ်တာမျိုးမဟုတ်ဘူးနော်၊ တကယ့် မျိုးချစ်စိတ်ရှိတဲ့ပုဂ္ဂိုလ်၊ တိုင်းပြည်အတွက် ဦးတည်ချက်နဲ့ ကိုယ်ကျိုးမဖက်ဘဲအလုပ်လုပ်တဲ့လူ၊ စာရိတ္တပျက်စီး လူပေလူတေ သူခိုး ဂျပိုးလေးတွေကို စုစည်းထိမ်းသိမ်းရမဲ့အလုပ်ဟာ လွယ်ကူတဲ့အလုပ်မဟုတ်ဘူး....တော်ရုံသတ္တိနဲ့လဲ မလုပ်နိုင်ဘူး၊ တော်ရုံစိတ်ဓါတ်နဲ့လဲမရဘူး....၊ မာကရင်ကိုဟာ သူ့ရဲ့လူငယ့်ရိပ်သာ၊ အဲ....အဲ



www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ "ဂေါ်ကီကိုလိုနီ"လို့ အမည်တွင်တဲ့သူ့ပြုစုရေးဌာနက ဆိုရှယ်လစ်နိုင်ငံအထွက် သားကောင်းရတနာတွေ အမြောက်အမြား မွေးထုတ်ပေးနိုင်ခဲ့တာပေါ့ကွာ....၊ သူ့ခင်ဗျားတို့ ဂျပိုး တေလေကလေးတွေဘဝက တဖြစ်လဲပြီး ဆရာဝန်တို့ အင်ဂျင်နီယာတို့ တကယ့်လုပ်သားကောင်းကြီးတွေတောင် ပါဝင်ခဲ့တာပေါ့...."

"အားကျစရာပဲနော်....ကိုနိုင်"

"အေးပေါ့ကွ....၊ ပြုစုမျိုးထောင်ကောင်းတော့ ပိုးထိုး လောက်ကိုက် လှုပ်ပင်ရမဲ့ ပင်ပျိုပင်ငယ်လေးတွေဟာ အများ အရိပ်ခိုရမဲ့အပင်ကြီးတွေ၊ အများစားသုံးမှီဝဲရမဲ့အပင်ကြီးတွေ အဖြစ်နဲ့ ဖူးလို့ ပွင့်လို့ သီးလို့ တဆင့်မျိုးစေ့ကောင်းတွေဖြန့်ပွား လို့၊ ဘယ်လောက်အားရစရာကောင်းသလဲလို့ကွာ...."

"ဒီလိုဆို သက်တို့ဆီက လမ်းသရဲလေးတွေလဲ ကြပ်ကြပ် မတ်မတ် ပြုပြင်ပေးလိုက်ရင် လူချွန်ကလေးတွေအဖြစ် အများ ကြီးမြှော်လင့်ချက်ရှိတာပဲ ကိုနိုင်ရယ်၊ ခုနကပြောသလို ပညာ ပေးရုံနဲ့မရတဲ့ကလေးတွေအတွက် မာကရင်ကိုလို ဥယျာဉ်မှူး တွေ ပေါ်ပေါက်စေချင်လိုက်တာနော်...."

"မြှော်လင့်နိုင်ပါတယ်လေ၊ အစိုးရအနေကလဲ ပြဿနာ ပေါင်း သောင်းခြောက်ထောင်ကို ဒိုင်ခံ ဖြေရှင်းနေရတာ ကလား၊ ဒီပြဿနာကိုလဲ ဘယ်လိုခြေလှမ်းသစ်နဲ့ ဖြေရှင်းဘို့ အကြံထုတ်နေသလဲမှ မသိတာကိုး"

ထိုအခိုက် သမီးလတ် သီတာက ကိုနိုင်အတွက် ဆေးပေါ့ လိပ်နှင့် မီးခြစ် ပြာခွက်များလာရောက်ချပေးသဖြင့် စကားစ ပြတ်သွားရပြန်ပါသည်။ စကားကြောရှည်ခဲ့ပြီဖြစ်သောကိုနိုင် ကမူ ဆေးလိပ်ကိုမီးညှိနေလိုက်ပါ၏။ အိမ်ထဲတွင် ကခုန်



အားရပြီးကြွဟန်တူသော သမီးနီလာက သီတာနှင့် သားရေ ကွင်းပစ်ကစားရန် စကားဆိုနေသည်။ သားသားအတွက်ကမူ ဘော်လုံးကိုင်ကာ ထွက်လာပါသည်။ မိဖ၏ မေတ္တာရင်ငွေ့ကို ခိုလှုံရသူကလေးများအဖို့ ပျော်ရွှင်ခြင်း ချမ်းမြေ့ခြင်းဖြင့် ထာဝရ လန်းဆန်းနေသည် မဟုတ်ပါလား။

ဖရက်တို့လို လမ်းသရဲကလေးများသည် ဆွေ့ဆွေ့နွှင်းကဲ့သို့ သော မိဖများ၏ လောင်းရိပ်မီသောကြောင့်ဖြစ်၏။ လူ့ကတ် ထံလောကမှ လမ်းသရဲကလေးများမွေးထုတ်တတ်သလို ဆင်းရဲ ချို့တဲ့သောအလွှာမှ ဂျပိုးတေလေကလေးများ ပေါက်ဖွား ပေးနိုင်ပါသည်။ အပြစ်မဲ့ကလေးများကို ဖျက်ဆီးသည့် တာ ရားခံကဲ စနစ်သာဖြစ်ပါ၏။ လွန်ခဲ့သည့်နှစ်တနွေ ကျောင်း ပိတ်ရက်တွင် သမီးများတောင်းဆိုချက်အရ ဂျူဘန်း ကလေး ပြုစုရေးဌာနသို့ ကျွန်မရောက်ဘူးခဲ့ရသည်။ အိမ်ထောင်ရေး အဆင်မပြေမှု ပဋိပက္ခကြားမှ ဒါးစာခံကလေးများ နွမ်းပါး ချို့ငဲ့သူကလေးများ၊အကြောင်းအမျိုးမျိုးကြောင့် မိဖမဲ့သော ကလေးများကိုတွေ့ခဲ့ရ၏။ သူတို့သည် မိဖမေတ္တာမခိုလှုံရလင့် ကစား ပြုစုရေးဌာန၏ မေတ္တာရိပ်တွင် ပျော်ရွှင်လန်းဆန်း နေရသည်ကိုတွေ့ရ၏။ စနစ်ကျသော မျိုးထောင်မှုအောက် ဝယ်၊ လူချွန်လူမွန်ကလေးများ ဖြစ်လာမည့်အရေး မြှော်လင့် နိုင်ပေသည်။နိုင်ငံ၏ရင်သွေးများအတွက် တာဝန်ယူ ထူထောင် ပေးသောအစိုးရနှင့် တာဝန်ယူ အုပ်ချုပ်သူ၊ ပြုစုသူများကို အလွန်ကျေးဇူးတင်ဖွယ် ကောင်းပါသည်။ မေတ္တာမှတ်သိပ်ရှေ့ သော ဤကလေးများကို မြင်ရုံနှင့်ပင် စနစ်ဆိုးကိုနာကျည်း စေသည်။ တရုပ်ပြည်မှာဆိုလျှင် လယ်ရှင် မြေရှင် ဓနရှင်းရှင် ခေတ်က စနစ်၏ဒဏ်ကို လည်စင်းရှံခံနေသော ဆင်းရဲသား



www.burmeseclassic.com

www.burmeseclassic.com

မဝရေစာများ၏ မွေးကင်းစ ကလေးငယ်များသည် မြစ်ထော်ချောင်းငယ်တို့တွင် ပေါလောမြောလျက်၊ ညှိပုပ်ဟောင်စော်လောက်အောင် ရှိခဲ့ဘူးသည်ဆို၏။ သူဌေးသူကြွယ်တို့၏ ခြံတော်တင်ဘဝနှင့် လင်ကောင်မဖေါ်ဝံ့ဘဲ မွေးဖွားလာသော ကလေးအမြောက်အမြားလည်း အပြစ်မဲ့သောကြေပျက်ဆီးကြရသည်ဟုဆိုပါသည်။ ဤနိုင်ငံနှင့်စာသော် ကျွန်မတို့နိုင်ငံကမျာစွာတော်ပါသေးသည်။ တကယ်တော့ ဤကလေးများသည် တိုင်းပြည်၏အရင်းအနှီးပင်ဖြစ်၏၊ ဤကလေးများပင် နိုင်ငံထူထောင်ရာဝယ် အုပ်မြစ်မဟုတ်ပါလား။

"အင်း....ဒီအချိန်မှာ မူချိုကို အောက်မေ့မိတယ်....ကိုနိုင်၊ မူချို မူချို ခုလောက်ဆို ဘယ်လိုဘဝမျိုးရောက်နေပြီလဲ....၊ရုပ်ကလေးကလှလှ၊ မိန်းကလေးလဲ ဖြစ်ပြန်ဆိုတော့ သူ့ဘဝကို မတွေးရဲအောင်ပါဘဲလေ...."

တောင်စဉ်ရေမရ အတွေးများနှင့်အတူ ကျွန်မခေါင်းထဲဝယ် မူချိုက ပေါ်လို့လာရပြန်သည်။ ကိုနိုင်လည်း ကျွန်မစကားနှင့်အတူ တွေဝေသွားရှာလေသည်။ အနယ်ထိုင်နေ့ပြီဖြစ်သည့် လှုပ်ရှားမှုများကလည်း ရင်တွင်းဝယ် နောက်ကျိလို့လာရပြန်သည်။

"သက်သက်....ဟောဟိုမှာကြည့်စမ်း၊ နည်းတဲ့ဘောက်ဖတ်ကြီးမဟုတ်ဘူး...."

ကိုနိုင်က ကျွန်မ၏ခံစားမှုကို လမ်းလွဲလိုက်သည်လားမဆိုနိုင်၊ သူက မနီးမဝေးရှိ နွယ်သာကီပင်မျို ကိုင်းတကိုင်းကို ကျွန်မအားညွှန်ပြပါသည်။ ဘောက်ဖတ်ကြီးသည် ပင်မျို၏ အရွက် အညွန့် အဖူးတို့ကို စားသောက်သွားလိုက်သည်မှာ ရစရာမရှိ၊ သူ့တကိုယ်လုံးမှာမူ အဝအလင်စားသောက်ထား



သဖြင့် ထွားကြိုင်းတုတ်ခိုင်လှသည်မှာလက်မခန့်ပင်ရှိရာ ရွံစရာအံချင်စရာပင်ကောင်းနေပါတော့သည်။

"အဲဒီဘောက်ဖတ်ကြီးက ဒေါ်ပုံ၊ နွယ်သာကီပင်ကလေးကတော့ မူချိုပေါ့"

သူက ပဟေဠိဆန်နေလိုက်ပါ၏။ ပဟေဠိ၏အဖြေကိုမူ ကျွန်မက စဉ်းစားနေမိပါသည်။ ကျွန်မစိုက်ပျိုးသည့် ပန်းပင်တပင်ရှင်သန်ဖွံ့ဖြိုး၊ ဝေဆာလန်းဆန်းနိုင်ရန်အတွက် မြေဩဇာကျွေး၊ ရေလောင်းပေးရန်မကာ အညွန့်အဖူးကို ဆွဲဘ်ခူးစားသောက်မည့် အဖျက်ကောင်ဒေါ်ပုသက်တွင်းသို့ ရောက်နေသမျှ၊ မူချိုဆိုသောပန်းကလေးဘပင် ဖွံ့ဖြိုးလန်းဆန်းမလာနိုင်ပေ။

"မူချိုကိုချည်း သိပ်သံယောဇဉ်များမနေပါနဲ့ကွာ၊ မူချိုကိုယ်ပွားလေးတွေက အများကြီးပါ....။ မူချိုတယောက်ထဲ မင်းပျိုးထောင်ပေးရုံနဲ့ မူချိုကိုယ်ပွားလေးတွေက လန်းဆန်းလာမှာ မဟုတ်ပါဘူး၊ အဓိကသော့ချက်က ဆိုရှယ်လစ်စနစ်အောင်မြင်ဖို့ဘဲ၊ ဒီလမ်းစဉ်အောင်မြင်သွားတဲ့တနေ့ ဒေါ့ဒေါ့တို့လိုမနုရှင် မစ္စတာဒါဝင်တို့လို လူမဆန်တဲ့အလုပ်ရှင်၊ဒေါ်ပုတို့လို ခေါင်းပုံဖြတ်သမားတွေ၊ နာလှန်မထူတော့ဘူး၊ အဲဒီအခါကျ မူချိုတို့လိုပန်းကလေးတွေ စိုပြေလန်းဆန်းရမှာမလွဲဘဲ။ ဒီတော့သက်သက်၊ မူချိုကို ကယ်ဘင်ချင်တယ်ဆိုရင်၊ ဒီစနစ်အောင်မြင်မှုအတွက် နိုင်ရာက တာဝန်ထမ်းပေါ့ကွာ။ ဒါဘဲရှိတယ်။

"သက်က ဘယ်လိုများ တာဝန်ထမ်းရမှာလဲ၊ ဆိုပါဦး"

"ဟ....သက်ရဲ့ အပြင်ထွက်အလုပ်လုပ်နေမှ တာဝန်ထမ်းတာ မဟုတ်ပါဘူး၊ ဒီမှာ မင်းတို့လိုအိမ်ထဲမှာနေတဲ့ အိမ်ရှင်မတွေက



www.burmeseclassic.com

www.burmeseclassic.com

ပိုလို့တောင် အရေးကြီးတယ်သိလား၊ လူမှုရေးပြဿနာတွေက အိမ်ထောင်ထဲကလာတာအမိ၊ ဖရက်တို့လိုလမ်းသူရဲလေးတွေ မပေါ်ပေါက်အောင်၊ တိုင်းပြည်ဝန်ကို အားကြီးမာန်တက် ဆောင်ရွက်ဖို့ထက်၊ လက်ဝဲရံ လက်ျာရံရဲ့ လောကီစည်းစိမ်း ပေါက်ပြန်တဲ့ ယောကျ်ားတွေ မပေါ်ပေါက်အောင် အိမ် ထောင်သာယာမှုဖန်းတီးနိုင်တာကအိမ်ရှင်မကွဲ၊မြန်မာနိုင်ငံမှာ လူဦးရေက ၂၆ သန်း ဒီအထဲက မိန်းမက ၁၄ သန်းရှိတယ်။ အလုပ်လုပ်တဲ့ မိန်းမဦးရေက ၃.၂၇သန်းဆိုတော့ ကျန်တဲ့ အများစုဦးရေထဲမှာ သက်တို့လိုအိမ်ရှင်မတွေပါဝင်တာပေါ့။ ဒါကြောင့် မိန်းမတွေ၊ အိမ်ရှင်မတွေရဲ့ အထောက်အကူပြု မှုသာပြည့်ပြည့်ဝဝရရင် မြန်မြန်ဆိုရှယ်လစ်ပန်းတိုင်ရောက်မယ် လို့တောင် ကိုနိုင်ပြောချင်တယ်ကွ...."

ကိုနိုင်က သဘောကျစွာ ပြုံးပြုံးကြီးကျွန်မကိုကြည့်လျက် စကားဆက်ပြန်လေသည်။

"ကျုရထောင့်က တာဝန်ကျေပွန်ဘို့လိုတာဘဲ ဒီကနေ့က စပြီး၊ ဒီစနစ်ရဲ့နောက်ကျောကို ဓားနဲ့ထောက်သလို စနစ် ဟောင်းကို အသက်သွင်းပေးတဲ့ အပြုအမူရှောင်ကွာ၊ မှောင်ခို အားမပေးနဲ့၊ ခြိုးခြံချွေတာတတ်ပေစေ၊ ပကာသနတွေကို သေားချိတ်ကွာ၊ ကိုယ်တွင်မကသေးဘူး နီးစပ်ရာပတ်ဝန်းကျင် ကိုပါ သိမ်းသွင်းကွာ၊ ကလေးတွေကိုလည်း လူတာဝန်ဆိုတာ နားလည်ပေစေ၊ ကိုယ့်အားကိုယ်ကိုးတဲ့စိတ်ဓာတ်၊ ကိုယ်ထူ ကိုယ်ထစနစ်နဲ့ စုပေါင်းလုပ်အားတန်ဖိုးကို မြတ်နိုးတဲ့စိတ် ဓာတ်၊ ပြည်ချစ်စိတ်ဓာတ်။

"တော်ပါတော့....ကိုနိုင်ရယ်၊ဒါတွေကဆိုရှယ်လစ် ဆိုရှယ် လစ်နဲ့ လူတွေမကြေးကြော်ခင်ကတည်းက သက်ကကျင့်သုံး



ခဲ့တာပါ၊ ကလေးတွေလဲ သိတတ်လိုက်တာမှ သက်တို့ငယ်ငယ် ကနဲ့တောင် မတူပါဘူးရှင်"

"ဒီလိုမှပေါ့၊ကလေးတွေရယ်လို့ ပေါ့ပေါ့တန်တန်သဘော ထားလို့မဖြစ်ဘူး၊ တိုင်းပြည်တခုရဲ့အနာဂါတ်က ဒီကလေး တွေရဲ့လက်ထဲမှာကွ.... ဒီတော့ ဒီကလေးတွေရဲ့အသိစိတ်ဓာတ် ဖွံ့ဖြိုးဖို့က အခြေခံအချက်မဟုတ်လား...."

ထိုအခိုက် သားအတွက်၏ဘောလုံးက ခွပ်ကနဲ့ဝင်းနံရံကို ထိမှန်ပြီးနောက်....

"ဗဟာဒူးကွ"ဟု တကိုယ်တည်း ကြွေးကြော်အော်ဟစ် လိုက်သောအသံကလေးက စာစာညံသွားလေသည်။ သမီး နီလာနှင့်သီတာက သားရေကွင်းပစ်တွင် စိတ်ဝင်စားနေကြ သလို၊ သမီးကြီး ဥမ္မာက စာတအုပ်ဖြင့် အိန္ဒြေရနေပါသည်။

"ကိုင်း....ကိုနိုင်၊စကားပြောလို့ကောင်းနေလိုက်တာ ညစာ စားဖို့အချိန်တော်ပြီထင်တယ်၊ ကလေးတွေလဲဆာလှရောပေါ့"

"အေးကွာ....အေး....အေး...."

ကိုနိုင်က သောက်လက်စဆေးလိပ်ကိုပြာခွက်တွင်ထည့်လိုက် ပြီး၊ ကျွန်မနှင့်အတူထိုင်ရာမှထလိုက်လေသည်။ သာယာသော ညနေ၏ လေပြေလေညှင်းကား တသွေးသွေးပင်။



www.burmeseclassic.com

www.burmeseclassic.com

တဆယ့်သုံး

ဖရက်၏အမူ စီရင်ချက်ချသည့်နေ့က ကိုနိုင် သွားရောက်နားထောင်ခဲ့ပေသည်။

"ဆွေဆွေတို့က မျက်နှာကြီးလဲဖြစ်၊ အပေါင်းအသင်းကလဲဝင်ဆန့်တော့၊ စိတ်ဝင်စားပြီး လာနားထောင်တဲ့သူတွေ တော်တော်များတယ်ကွ...."

"ကိုနိုင်ကတဆင့် ကျွန်မကို သဘင်းပါးလေသည်။

"ငှားတဲ့ဝတ်လုံကလဲ နာမည်ကြီးဘဲ....သက်သက်ရ၊ ဖရက်ကိုလဲရုံးခန်းမှာ အိန္ဒြေရရ မျက်နှာပိုးသေသေနဲ့ မြင်ရသကွ၊ ဘဲမြီးပုံကေအစား သပ်သပ်ယပ်ယပ်ဖီးလိမ်းထားဘဲ ပိုကေနဲ့ ပုဆိုးနဲ့ ဝင့်ကြွားလို့ပါဘဲ"

"နို....အမှုက ဘယ်လိုစီရင်ချက်ချပြီး ပြတ်သွားသလဲ၊ ဆိုစမ်းပါအုံး၊ ဒဏ်ငွေရိုက်လိုက်တာဘဲမဟုတ်လား"။

"ဘယ်ဟုတ်မလဲ၊ ပထမဆုံးအကြိမ် ဖြစ်တာတကြောင်း၊ ငယ်ရွယ်သူ ကျောင်းသားလဲဖြစ်လို့တကြောင်း၊ သူရဲ့ဘ၀၊ အညွန့်တက်လမ်းကို မြော်ကိုးတဲ့အနေနဲ့ ခြောက်လအတွင်း ကောင်းမွန်စွာ နေပါမည်ဆိုတဲ့ ခံဝန်ချုပ်နဲ့ဘဲ ပညာပေးဆုံးမပြီး ပြတ်သွားတယ်....သက်ရေ...."



"ဟာ....ကောင်းပါလေရဲ့ကိုနိုင်ရယ်၊ နို....ဆွေဆွေနဲ့တော့ ကိုနိုင်နဲ့ စကားပြောရသေးလား...."

"ပြောချိန်မရဘူးသက်သက်ရာ၊ သူ့ခမြာလဲ မျက်နှာတော့ တယ်မကောင်းဘူးကွ၊ ဦးမျိုးလတ်တယောက်လဲ မမြင်မိဘူး၊ ကိုယ်လဲ ဖရက်ကိုသာ အားပေးစကားပြောပြီး၊ ရုံးကုန်အချိန်မှီပြေးရတာကလား...."

"အင်း.... ဆွေဆွေ့ဆီတော့ သက်သွားတွေ့အုံးမှဘဲ၊ သူ့ခမြာလဲ သားသမီးအတွက် စိတ်ချမ်းသာပုံမပေါ်ပါဘူး၊ ကိုနိုင်ရယ်၊ အငယ်နှစ်ယောက်က ဘယ်လိုလာအုံးမှန်း မသိဘူးလေ။ ဒါပေမဲ့ ဖရက်လောက်တော့ ဆိုးပုံမရပါဘူး"

"အင်း....သားသမီးကို ငယ်စဉ်ကမဆုံးမရင် ကြီးလျှင်ရန်သူမည်၏ဆိုတဲ့ ပညာရှိစကားဟာ တယ်မှန်ပါလားနော်...."

အနားမှထိုင်နေသောဒေါ်ကြီးက ချုံသံပါအောင် ညည်းလိုက်ခြင်းဖြစ်လေသည်။

ဤတခါတွင်တကယ်ပင်ဆွေဆွေနှင်းထံသွားဖြစ်ခဲ့လေသည်။

"ဟေး....သက်သက် ဒါကြောင့် မိုးအုံ့တာကိုး...."

မလာစဖူး ရောက်လာသောကျွန်မကိုမြင်လျှင် ဆွေဆွေနှင်းက အားရဝမ်းသာ နှုတ်ဆက်ရှာလေသည်။

"ဦးမျိုးလတ်ရဲ့ ကားလေး ရှစ်မိုင်ဖက် မောင်းသွားတာကိုယ်မြင်လိုက်တယ်၊ မင်းပါသွားတာမတွေ့လို့ ကိုယ် ဒီကိုဆက်လာခဲ့တာပေါ့ကွာ...."

ဆွေဆွေနှင်းက သံဆွဲတံခါးကို သူကိုယ်တိုင် ဖွင့်ပေးလိုက်လေသည်။ တိုက်ရိကော်ဒါမှ ဝင်းဦး၏သီချင်းသံ ငြိမ့်ငြောင်းစွာကြားရုံမှအပ တအိမ်လုံးက တိတ်ဆိတ်နေပါသည်။

"ဘာတွေလဲကွ မင်းအထုပ်က"



www.burmeseclassic.com

www.burmeseclassic.com

"အော်.... မင်းကြိုက်တဲ့ အညာက ပဲပုပ်ခြောက်ရယ် အမဲခြောက်ရယ် သနပ်ခါးတုံးရယ်ပါ၊ ကိုယ့်ဆီကို အညာက ဆွေမျိုးတွေဆီကပို့လိုက်တာ၊ ကိုယ်ကလဲ မင်းကြိုက်တတ်မှန်း သိလို့ တဆင့်ခွဲရတာလေ...."

ဆွေဆွေနှင်းက ကျွန်မယူလာသော အထုပ်ကို ဝမ်းသာအားရ ဖြည်ဖြန့်နေလေသည်။

"ပဲပုပ်ကတော့ ဆွေဆွေအကြိုက်ဘဲ၊ အမဲခြောက်တော့ ကိုကိုမြင်ရင် သဘောကျလိမ့်မယ်ကွ၊ ဟောဒီသနပ်ခါးကတော့ သမီးမြင်ယင် ဘယ်လောက်ဝမ်းသာလိုက်မလဲလို့"

"အော်....အော်....သမီးက သနပ်ခါးကြိုက်သကိုးနော်"

"ဟင်း....ဘယ့်နှယ်ပြောပါလိမ့်....ကြိုက်လိုက်တာမှ သိမ်ကြီးဈေးမှာ ရှင်မတောင်သနပ်ခါးတဲ့ ရွှေဘိုသနပ်ခါးတဲ့.... ဆိုပြီး၊ တတုံးငါးကျပ်တဆယ် ပေးရတာတောင် ဝယ်လိမ်းသေးတယ်၊ သူတို့ကျောင်းသူတွေက သနပ်ခါး ခေတ်ထနေတာကွဲ၊ အံမယ်....ပါးကွက်တောင်ကွက်လိုက်သေးရှင့်"

"အေးလေ....ကိုယ်တို့ခေတ်တုံးကလိုယာဒလေခေတ်မှက်စဖက်တာခေတ် မဟုတ်တော့ဘဲကိုးကွဲ၊ ပြည်တွင်းဖြစ်အားပေးမှု မြန်မာဆန်မှု ဂုဏ်ရှိတဲ့ခေတ်ရောက်ပြီကိုး...."

ကျွန်မစကားကြောင့် ဆွေဆွေနှင်းက ခိုးခိုးခစ်ခစ်ကလေး ရယ်မောလိုက်လေသည်။

"နို့....ယာဒလေတို့၊မက်စဖက်တာတို့ကလဲ ဝယ်လိမ်းချင်လို့မှ ရသေးရဲ့လား....မရှေသက်ရဲ့။ ဒီတော့ နိုင်လှန်မရလို့ ပိတ်ပါးကြိုက်ရတယ်ဆိုတဲ့ စကားလိုပေါ့ကွဲ...."

ဆွေဆွေနှင်းက အထုပ်များကိုဒေါ်မယ်ခကြီးအားခေါ်၍ အပ်လိုက်ပြီးနောက်၊ ကျွန်မအနားမှာဝင်၍ထိုင်လေသည်။



"ဆွေဆွေက သနပ်ခါးမလိမ်းဘူးသေးလို့ပါ၊ သနပ်ခါးက လိမ်းမိရင်စွဲတယ်နော၊ ရေချိုးပြီး သနပ်ခါးလူးလိုက်စမ်း၊ အသားအရေကိုအေးမွှေးပြီး ကြည်လင်သွားတာဘဲ...."

ဆွေဆွေနှင်းပြုံးလျက် ကျွန်မမျက်နှာမှသနပ်ခါးစကလေး များကို ကြည့်နေလေသည်။

"ဆွေဆွေတော့ ကရင်လိမ်းနေကျ ဖြစ်နေတယ်၊ ကရင်လိမ်းပြီး ပေါင်ဒါပတ်ကလေး ရိုက်လိုက်ရမှ မျက်နှာဟာ လှလှပပရှိသလိုဘဲလေ...."

"တကယ်တော့ သနပ်ခါးကမှ အအေးခံ၊ အပူခံ၊ ချွေးထွက်ခံ ကျန်းမာရေးနဲ့ညီညွတ်တာပါ....ဆွေဆွေရယ်၊ချွေတာရေးလဲကျပါတယ်၊ မိတ်ကပ်တို့ ကရင်တို့က ဓါတုဗေဒအရ ဖေါ်စပ်ထားတာ....၊ဒီအထဲမှာ ဖယောင်းပါတယ်ဆိုဘဲကွဲ၊ ဒါကြောင့် စေးထိုင်းထိုင်းဖြစ်ချွဲကြီးနဲ့ အသားကိုလဲ ပူလောင်စေတယ်၊ သဘာဝ ချွေးထွက်ရမဲ့အပေါက်ကလေးတွေကိုလဲ ပိတ်ဆို့စေတယ်၊ ဈေးကလဲကြီးပါဘိနဲ့၊ မိန်းမတွေဟာ....ဘာကြောင့်များ နိုင်ငံခြားဖြစ်ကို ဒါလောက် တန်းတန်းစွဲရလဲ မသိပေါင်ကွယ်...."

"ဒါကတော့ နိုင်ငံခြားဖြစ်သုံးမှ ခေတ်မီတယ် အထက်တန်းလဲကျတယ်ဆိုတဲ့ အယူအဆကြောင့်ပေါ့ သက်သက်ရဲ့၊ ဟုတ်လဲဟုတ်သားဘဲ သနပ်ခါးက ပျိုးနုတ်ကောက်စိုက် နေပူခံ အကြမ်းခံအနေနဲ့ ကောင်းပေမဲ့ ပွဲမဝင်ပါဘူး၊ မိတ်ကပ်တို့ ကရင်ပတ်တို့ကတော့ လိမ်းလိုက်ရင် မှုပ်အလှကိုပေါ်လွင်လာစေတယ်၊ ဒါကြောင့်အလှကြိုက်တတ်တဲ့ မိန်းမတွေအနေနဲ့ ဒါတွေကိုလက်မလွှတ်နိုင်တာပေါ့ကွဲ...."

ဆွေဆွေနှင်းသည် သနပ်ခါးထက် မိတ်ကပ်ကိုသာပို၍သည်



www.burmeseclassic.com

www.burmeseclassic.com

ဆိုသောအယူအဆကို လက်မလွှတ်တမ်း ဆုတ်ကိုင်ထားလို့ ရလေသည်။ ကျွန်မကလည်း အလျှော့မပေးနိုင်ပါချေ။

"ဒါပေမဲ့....ဆွေဆွေရယ်၊ မိတ်ကပ်၊ ကရင်ပတ်သုံးနိုင်တဲ့ လူတန်းစားက မြို့ကြီးစံအထက်လွှာ လူတန်းစားပါ၊ လက်တဆုပ်စာပါ၊ ဒီအထက်တန်းလွှာလူတစုကို အလယ်အလတ် လူတန်းစားများကလဲ အားကျ အတုခိုးကြပြန်တာပေါ့....၊ အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား အများစု အနေနဲ့က မိတ်ကပ်လူးပြီးအလှချင်းပြိုင်၊ ပွဲဓာဓာထိုင်မနေ အားပါဘူးကွယ်၊ သူတို့အနေနဲ့ကတော့ ဟိုတုံးကအခါကလဲ သနပ်ခါးလောက် အားထားခဲ့တော့ ခုတိုင်းပြည်ချေတာရေး ဒီပစ္စည်းတွေ မသွင်းတော့ဘူးဆိုလဲ ဂမ်းမနည်းကြပါဘူး၊ မတမ်းတကြပါဘူး၊ အဲ....ခက်နေတာက မင်းတို့ငါတို့ဘဲကွ"

ကျွန်မက ဆွေဆွေနှင်း တယောက်ထည်းကို လက်ညှိုး မထိုးဘဲ ကိုယ့်ကိုယ်ကိုပါဆွဲထည့်ပြောလိုက်ရလေသည်။

ဒေါ်မယ်ခသည် လက်ဖက်ရည်ပွဲကို လာရောက်ချလေ၏။

"ကိုင်း....သောက်အုံးသက်သက်၊ ငှက်ပြောသီးလဲစားအုံး"

ကျွန်မဆွေဆွေနှင်းကမ်းပေးသော ရွှေငှက်ပြောသီးတလုံး ကိုလှမ်းယူရင်း စကားကိုဆက်လိုက်ရသည်။

"ခက်တာမှ တော်တော်ကိုခက်တာနော်၊ ဘာဖြစ်ဖြစ် နိုင်ငံခြားဖြစ်ကိုမှ အထင်တကြီး တမ်းတမ်းတတ လုပ်ချင်တဲ့ စိတ်ကမပျောက်ဘူး၊ စီးပွားရေးကဘယ်လို၊ ကုန်ဈေးနှုန်းက ဘယ်ညာနဲ့ ချူချူပါအောင် ညည်းတဲ့အမျိုးသမီးတွေက တယောက်ပါတိတ်ဆို အကုန်တိတ်၊ တယောက်ချော်ဂျက်ဆို အကုန်ဂျက်၊ မှောင်ခိုအပြိုင်အဆိုင်အားပေးနေကြတာ သူတို့ ပါဘဲကွယ်၊ နောက်ပိုင်းမိန်းမတွေက ခုလိုမော်ကြွား ဝတ်စား



ချင်တာနဲ့ ရွှေပိုင်ကားယောကျ်ားတွေ မတော်မတရား လာဘ်စားမှု ဖေါက်ပြန်မှုတွေဖြစ်ကုန်ရော...."

ဆွေဆွေနှင်းကငှက်ပျောသီးအခွံနွှာရင်းငြိမ်နေလေသည်။

"အော်....ဒါနဲ့ဆွေဆွေ ဖရက်လဲသူ့အမှုပြီးသွားပြီနော်"

ဆွေကစိတ်မပါတပါ ခေါင်းညိတ်ပြလိုက်ပြီးနောက်

"ပြီးသွားပြီလေ၊ကိုယ်လဲစိတ်ချင်ပေါက်ပေါက်ရှိလို့ ဘယ်သူ့မှမကပ်ဘူး၊ ဝတ်လုံငှားပေးပြီး သူ့ထိုက်သူ့ကံဘဲလို့ မျက်နှာလွှဲထားလိုက်တာ...."

"မကော်မကပ်ပေမဲ့လဲ တရားဥပဒေအတိုင်းတော့ ဖြစ်ရတာဘဲမဟုတ်လားကွယ်၊ ဒီလောက်နဲ့ပြတ်သွားတာ ကိုယ်ဖြင့် ငမ်းသာလို့မဆုံးဘူး၊ သို့ပေမဲ့လဲ ဖရက်ကိုဒီအတိုင်းတော့ လွှတ်မထားနဲ့အုံး....ဆွေဆွေရဲ့"

ဆွေဆွေနှင်းက လက်သည်းအချွန်များကို အချင်းချင်း ကလော်ရင်း "ဆွေဆွေကအမေဘဲဟာ၊ ဒီသားအကြောင်း ဆွေဆွေကပိုသိတာပေါ့၊ ဒီကောင်ဟာငယ်ကတည်းက မိဖ ထိန်းဆိုထိုင်တဲ့ကလေးမဟုတ်ဘူး၊ သူလုပ်ချင်တာလုပ်ရမှ ကျေနပ်တဲ့ကလေး၊သန္ဓေကိုဆိုးတဲ့ကလေး၊ ဆွေဆွေတော့စိတ်ပျက် တယ်....သက်ရယ်၊ ဒီလိုရုံးပြင်ကနားဆောက်ရတော့ ဆွေဆွေ တို့ ဘယ်လောက်အရှက်ကွဲသလဲ၊ ကိုကိုကဆို စိတ်ဆိုးလွန်းလို့ အိမ်ပေါ်တောင်အတက်မခံဘူး၊ အခုမှသားကလဲတောင်းပန်၊ အားလုံးဝိုင်းတောင်းပန်လို့ပြန်တင်တာ...."

"အို....ဖရက်က တောင်းပန်ဖေါ်တောင်ရတဲ့ ကလေးဘဲ၊ ဒီလိုဆိုဘယ်ဆိုးလို့တုံးကွဲ၊ မင်းတို့ဒီလိုလုပ်ရင် ကလေးစိတ် ဓာတ်ပိုပြီးထိခိုက်မှာပေါ့"

"ဒီနည်းတွေ ရိုးနေပါပြီ....သက်ရယ်၊ ခွေးဖြီး ကောက်



www.burmeseclassic.com

www.burmeseclassic.com

ကျည်ထောက်စွပ်ပါ၊ ဆွေဆွေတော့ လက်မြှောက်ပြီးပြီ၊ သူ့ဘဝ သူဖန်တီးလိမ့်မယ်....”

ဆွေဆွေနှင်းက လက်ဖက်ရည်ပန်းကန်ကို ကျွန်မဖက် လှမ်းပေးလိုက်၏။ သူကိုယ်တိုင်လည်း လက်ဖက်ရည်ကို တငုံချင်း ငုံလျက် တွေးတောစဉ်းစားနေပုံရလေသည်။ သူမျက်နှာတွင် အကြည်ဓာတ်က လုံးဝကင်းမဲ့နေပါ၏။ ကျွန်မသည် ဆွေဆွေနှင်း၏ မချမ်းမြေ့ဖွယ် ပုံပန်းကိုကြည့်ကာ နှမ်းလျသွားမိလေသည်။

“ဆွေဆွေရယ်....ကိုယ်က ကိုယ်ချစ်တဲ့သူငယ်ချင်းသားကို ကိုယ့်သားလေးလိုပဲပန်မိလို့ ပြောတာပါကွယ်၊ ဒီကလေးကို မင်းတို့ငယ်စဉ်ကတည်းက ကြိုးကိုင်မှားခဲ့တယ်လို့ ကိုယ်ထင်တယ်လေ၊ စိတ်တော့မဆိုးနဲ့ဆွေဆွေ....၊ ကိုယ်ပြောမယ်၊ ခုချိန်ဟာ ဒီကလေးကို အကြမ်းဖက်လို့တော့ ဘယ်နည်းနဲ့မှမရတော့ဘူး၊ ဆွေဆွေတို့ကဘဲ သူ့အကြိုက်လိုက်လျှောပြီး အမလျှော့ပေးဆက်ဆံရမဲ့အချိန်၊ အဲ....သူ့အကြိုက်နည်းနည်းလိုက်ပြီး ကိုယ်လိုရာကို မျှားမျှားသိမ်းသွင်းပေးရမဲ့အချိန်၊ ပညာသားပါတယ်နော်၊ အလိမ်မှာကူဖို့ အမျှားကြီးလိုတယ်၊ ခုအတိုင်း လွှတ်ထားမဲ့အစား ကြိုးစားကြည့်စမ်းပါလား....ဆွေဆွေ”

ဆွေဆွေနှင်းကဘာမျှတုံ့ပြန်ပေါ်မရဘဲစားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူလိုက်ကာတလိပ်ဆွဲယူမီးညှိလိုက်လေသည်။

“တခုရှိသေးတယ်၊ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်ဆိုတဲ့ စကားလို မင်းအပေါ်ဖရက်ကယုံစားဖို့၊ အားထားဖို့၊ ချစ်ခင်လေးစားဖို့ မင်းကိုယ်တိုင်က နေထိုင်ဘတ်ရမယ်....ဆွေဆွေရဲ့၊ မင်းစိတ်ဆိုးချင်ဆိုးမင်းဟိုတုံးကလိုပျော်ပွဲရှင်ပွဲသွား၊ ကလေးတွေမှဆေ့လက်ထဲ ကျွက်ယားနည်းမျိုး၊ မင်းက မင်းနေချင်သလို



နေနည်းမျိုးတော့မရဘူးနော်။ ကလေးကိုစည်းကမ်းရှိပါသို့ တဖွဖွဆုံးမမဲ့အစား၊ ကိုယ်တိုင်က စည်းကမ်းရှိရှိ နေပြတာက ပိုပြီးထိရောက်ပါတယ်၊ သူ့ကို လူဆိုးလေးလို့ဝိုင်းပယ်ထားမဲ့အစား သူ့ကိုမင်းတို့ချစ်ကြောင်း၊ ဂရုစိုက်ကြောင်း၊ အထင်ကြီးကြောင်း၊ယုံကြည်ကြောင်း သူ့အသိမှာဝင်စားနေဖို့ကလဲ လိုတယ်ကွဲ”

ဆွေဆွေနှင်းက ဆေးလိပ်ပြာကိုပြာခွက်ထဲသို့ချွေထည့်ရှင်းပြုံးလိုက်လေ၏။

“သက်က အပြောလေးနဲ့ တယ်လွယ်တာကိုး၊ လက်တွေ့ဟာမလွယ်ပါဘူးသက်ရဲ့”

“အေးလေ လွယ်တော့ဘယ်လွယ်မလဲ၊ သစ်ပင်တပင် စိုက်တယ်ဆိုပါတော့၊ မြေသြဇာကျွေး မျိုးစေ့ချ ရေလောင်းပေး အပင်ပေါက်လာတော့ ခွေးမတိုး ကြက်မယက်အောင် ကြာ်မတ်၊လောင်းရိပ်မမိအောင်ဂရုစိုက်၊ဒီလိုပျိုးထောင်လို့ကြီးပြင်းလာတဲ့သစ်ပင်ဟာ သူ့အရှိန်နဲ့သူ သန်သန်မာမာ လန်းဆန်းဖူးပွင့်လာမှာဘဲ၊ အဲ....ငယ်တုံးက ပေါက်ချင်သလိုပေါက် ဖြစ်ကတတ်ဆန်း ကြီးပြင်းလာပြီးမှ အခြားသန်မာတဲ့ သစ်ပင်များလို ဖူးအောင် ပွင့်အောင် ဝေဆာအောင် လုပ်ရတဲ့အလုပ်က ပိုပြီးမလွယ်သလိုပေါ့....ဆွေဆွေ၊ ဒါပေမဲ့ ကြိုးစားရင်ရနိုင်တာချည်းဘဲ၊ အပင်ပန်းခံ ကြိုးစားလို့မရဘူးဆိုတော့ သူ့ထိုက်နဲ့သူ့ကံ ဆိုနိုင်ပြီပေါ့....ဆွေဆွေရဲ့၊ ကြိုးစားစမ်းပါဦး....ဟုတ်လား၊ အရေးကြီးတာက အခုဖရက်က ညကျောင်းသမားဆိုတော့၊ တနေ့လုံး အချိန်အလဟဿ ဖြစ်နေတယ်၊ ဒီအချိန်တွေကို သူမဖြုန်းနိုင်အောင်အလုပ်တခုခုရှာကြံပေးနိုင်ရင်တော့ အကောင်းဆုံးဘဲသိလား....”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏စိတ်အားထက်သန်မှုကို ဆွေဆွေနှင်းက တဟားဟား ရယ်မောပစ်လိုက်လေသည်။

"အလုပ်....အမယ်လေး၊ သူ့ပညာလေးကိုးတန်းနဲ့ ဘာအလုပ် ရနိုင်မလဲ....သက်ရှဲ၊ ဆွေဆွေလဲ ဒါကိုစဉ်းစားမိလို့ ကိုယ်ပေါက်ရောက်သမျှတော့ ကြိုးစားပြီးသား၊ အလကားဘဲ၊ ရှစ်ဆယ့်နှစ်ကျပ်ထက်ပိုတဲ့အလုပ်မရနိုင်ဘူး၊ ဖရက်ကလဲ ဒီလိုမ ါးမနေဘက်ပိတ်ခွေး အလုပ် လုပ်မှာမဟုတ်ဘူး၊ ရှင်းရှင်းပြောရရင်ဒီလိုအလုပ်မျိုးကိုဆွေဆွေကိုယ်တိုင်ကသဘောမကျဘူး၊ ဆွေမျိုးတွေကလဲ သဘောကျမှာမဟုတ်ဘူး၊ ဆွေဆွေ ဒီအဖြစ်ဒီအခြေရောက်နေလို့ ငမ်းသားအားရဖြစ်ကြမဲ့ ပတ်ဝန်းကျင် မေးငေါ့တာလဲ ဆွေဆွေမခံနိုင်ဘူး"

ကျွန်မကိုယ့်နဖူးကိုယ်ထုချင်စိတ်ပေါက်လာမိသည်။

"ဖြစ်ရလေ....ဆွေဆွေရယ်၊ မင်းဒါလောက်နုံမှန်း သက်ခုမှသိရတော့တယ်။ ပတ်ဝန်းကျင်မေးငေါ့တာခံမလား၊ ကိုယ့်သားဒီလိုပျက်စီးနေဒါကို လက်ပိုက်ကြည့်နေမလား၊ ပြောစမ်းပါအုံး၊ အလုပ်လုပ်တာနဲ့များ ငေါ့ချင်ငေါ့စမ်းပါစေကွယ်....၊ အလုပ်လင်လို့ မေးငေါ့တဲ့အသိုင်းအဝိုင်းကိုများ မင်းကဂရုစိုက်မနေစမ်းပါနဲ့၊ ဒီမှာ....လခနည်းတော့ ဘာဖြစ်သေးလဲ၊ ရည်ရွယ်ချက်ကိုက ပိုက်ဆံရဖို့အလုပ်လုပ်စေချင်တာမဟုတ်ဘူးဟဲ့၊ သူ့ဘဝကိုသူနားလည်သွားအောင်၊ တာဝန်ဆိုတာသဘောပေါက်အောင်၊ အတွေ့သစ် အမြင်သစ်ရအောင်ပြီးတော့ လက်ရှိဘေဖေါ်တေဖက် ရောင်းရင်းတွေနဲ့လဲ တဖြည်းဖြည်း လမ်းကွဲသွားအောင်....သဘောပေါက်ပြီလား....ဟင်၊ ပိုက်ဆံဘာလုပ်မှာလဲ၊မင်းတို့မှဲတာက ဒီ့ထက်ဆယ်ပြန်သာပါသေးတယ်....ဆွေဆွေရယ်၊ ဒီမှာဆွေ အတွေးမလွဲနဲ့၊အလုပ်



သာရရင်လုပ်ပေးစေ၊ ရှစ်ဆယ့်နှစ်ကျပ်စားလုပ်ရလို့ ဂုဏ်မငယ်ကြောင်းလဲ ဖရက်ကိုနားသွင်းတတ်ပေးစေ၊ ရိုးကျကျဝတ်ပြီးယောင်ခြောက်ဆယ်ဘာနဲ့ဘောဒပေနေမဲ့အစား၊ အလုပ်လုပ်တာကမှဂုဏ်ရှိသေးတယ်၊ ခေတ်ကအလုပ်လုပ်မှ ဂုဏ်ရှိတဲ့ခေတ်ကွဲ"

ဆွေဆွေနှင်းက ကျွန်မအပြောကို လက်ခံချင်ပုံ မပေါ်သေးပေ၊မတုန်မလှုပ်ပင် စီးကရက်မီးခိုးတန်းကြီးကိုငေးကြည့်နေလေသည်။ကျွန်မလည်း စကားပြောရလွန်း၍ အမြုပ်ထွက်ပေပြီ။အိမ်တွင်သားကိစ္စ လင်ကိစ္စ အိမ်မှုအလုပ်များကနောက်ဆံတင်းစရာ ရှိနေသေးသည်မို့ ပြန်ရန်ဟန်ပြင်ရတော့သည်။

"ကဲ....ဆွေဆွေ ကိုယ်လဲသွားအုံးမှ ဘာမှတော့ စိတ်ညစ်ခံမနေနဲ့ပါကွာ၊ ကိုယ်ပြောသလိုတော့ စမ်းကြည့်စမ်းပါအုံး၊ ဦးမျိုးလတ်ကိုလဲ ခုလို သားကိုပြတ်ပြတ်တောက်တောက်မလုပ်သင့်ကြောင်း မင်းကဖျောင်းဖျပေါ့....နော်"

ဆွေဆွေနှင်းမျက်နှာကမသာယာလှပေ၊မတွေ့ရသည့်ကာလအကြင်း အိုစာသွားသောဆွေကိုကြည့်ခြင်းဖြင့် စိတ်ချမ်းသာမှုမရှိကြောင်းထင်ရှားသည်။ငွေရှိတိုင်းဂုဏ်ရှိတိုင်း စိတ်၏ ချမ်းသာမှု မရနိုင်ပါလား။ ကျွန်မသည် ဆွေဆွေနှင်းလိုက်ပို့မည်ကိုလက်မခံဘဲ ဘတ်စကားနှင့် ပြန်ခဲ့ပါသည်။ တလမ်းလုံးပင် ဆွေဆွေနှင်းအတွက် စဉ်းစားလာခဲ့သည်။ ဆွေဆွေနှင်းအသိဉာဏ်ကို ဂုဏ်ပကာသနတိမ်သလ္လာများကဖုံးလွှမ်းထားသည်ဟု ကျွန်မထင်မြင်မိသည်။ဤတိမ်သလ္လာများကြောင့် အမှန်ကိုအမှန်တိုင်းမမြင်၊ဂုဏ်နှင့်ငွေကိုရွှေတန်းတင်လိုသည်။ ဤဂုဏ်တွေငွေတွေကင်းကွာသွားသည့်အချိန်တွင်ဖြင့်ဆွေဆွေနှင်းသည်အမှန်တရားကိုမြင်လာမည်။ဤအခါမှဂုဏ်ဆိုသည်မှာ ငွေဟုတ်ကြောင်း၊ရာထူးမဟုတ်ကြောင်းသဘောပေါက်လာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## တဆယ့်လေး

"ဟင်း...."

"ဟဲ့...."

"ဘယ့်နှယ်...."

"ဟော....ဗျ"

ကျွန်မတို့တအိမ်သားလုံး၏ အာမေဋိတ်သံများက ဆင့်ကဲပေါ်ထွက်လာရသည်။ အချိန်ကား အလွန်ပူစပ်ပူလောင်နှင့်အနေခက်လှသော နွေအခါသမယ မေလ၏ညနေခင်းဖြစ်ပါသည်။ ဤလိုအခါမျိုးတွင် မိုးကိုအမြော်ကြီးမြော်မိကြသည်သာဖြစ်သည်။ ရွာမယောင်ဟန်မပျိုးပါဘဲ ကြည်လင်ဝင်းပသောကောင်းကင်ပြာမှ ရုတ်တရက် ထစ်ချုန်းလိုက်သော မိုးချုန်းသံကိုကြားရလျှင် အံ့ဩခြင်းနှင့်အတူ ဝမ်းသာအားရဖြစ်ကြရသည့် နည်းတူပင် ကျွန်မတို့၏ အာမေဋိတ်များတွင် ဝမ်းသာပျော်ရွှင်ခြင်းက ဒွန်တွဲလျက်ပါလာကြရသည်။

မူချိုသည် ကျွန်မကိုယ်တိုင်ဖွင့်ပေးသောတံခါးမှအိမ်ထဲရှိကလေးငင်လာခဲ့သည်။ အရပ်မြင့်၍ ပြည့်ဖြိုးစိုပြေလာရုံမှအပငယ်ရုပ်မပျောက်သောမူချိုသည် ပို၍ကြည့်ကောင်းနေပါ၏။



ပိတ်အင်္ကျီအဖြူလက်စကော အပြာရောင်လုံချည်ပြောင်နှင့် သူမ၏အလှမှာ ရိုးသားမှုပေါ်လွင်လျက် အိန္ဒြေရှိလှပါပေသည်။ သမီးများက မူချို၏လက်ကို အလုအယက်ဆွဲလိုက်ကြသလိုပင် ကျွန်မကမူချို၏ပုခုံးဝိုင်းဝိုင်းကလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထားလိုက်မိပါ၏။

"မူချို.... အမလေး.... မူချိုမှဟုတ်ရဲ့လားလို့ မမမျက်စေ့တောင် မယုံနိုင်အောင်ဖြစ်နေပြီ၊ ဘယ်လိုလဲ....မူချိုရယ်"

"မမတို့ အံ့ဩသွားအောင်နဲ့ ရုတ်တရက် ဝမ်းသာသွားအောင်လို့ တမင်အကြောင်းမကြားတာပါ၊ မူချိုလေ....မူချိုဟို ကိုသစ်လွင်နဲ့တွေ့ပြီး အကျိုးအကြောင်း သိကတည်းကလာဖို့....မမရဲ့"

"ဟင်း....ဒါဖြင့်မူချိုနဲ့မောင်ထွေးနဲ့ အဲလေ သစ်လွင်နဲ့တွေ့ပြီးပြီပေါ့၊ ကြည့်စမ်း.... မမဖြင့် သူမပေါ်လာလို့စိတ်ကိုလျှော့လိုက်ပြီးပြီလေ၊ခုတိုင်းဆိုတော့မမအထင်ဟာမှန်နေပြီပေါ့...."

မူချိုက ပြုံးစိစိကလေးဖြင့် ခေါင်းကို ညိတ်ပြလိုက်ပြီး "ဟုတ်တယ်....မမ၊ မမထင်တဲ့ယိမ်းသမလေးဟာ မူချိုပါဘဲ၊ ဒီယိမ်းက မူချိုတို့စက်ရုံကတင်ဆက်တဲ့ယိမ်းလေ"

အားလုံး ပါးစပ်ဟောင်းလောင်းသားနှင့် မူချိုကိုစူးစိုက်နေမိကြသည်။

"မူချို....မူချိုတို့စက်ရုံ....ဟုတ်လား၊ မူချိုကဘယ်စက်ရုံမှာအလုပ်လုပ်နေတာလဲဟင်...."

"ကေသီဘိစကွတ်စက်ရုံပါ... မမ"

ကျွန်မသည် မူချိုပုခုံးများကိုဝမ်းသာအားရဖြစ်ညှစ်လိုက်မိပါသည်။

"ဝမ်းသာလိုက်တာ မူချိုရယ်....တကယ်ဘဲ၊မမတို့မှာတော့



www.burmeseclassic.com

www.burmeseclassic.com

နေ့ရှိသမျှ မူချိုကိုကိုသတိရခဲ့တာပေါ့ကွယ်၊ လုပ်သားကြေးမုံပြဇာတ်မှာ မုချိုနဲ့တူတဲ့ယိမ်းသမလေးကို တွေ့လိုက်ရတော့ သမီးပျောက်တွေ့တဲ့အမေလိုပေါ့ကွဲ၊ ငါ့သမီးမှငါ့သမီးပါဘဲ အောက်မေ့မိတာကိုးကွယ်၊ဒါကြောင့် မမရွှေမောင်ဝမ်းကဲ့လေး မောင်ခထွေး၊ သူက ပြည်သူ့ပိုင် သတင်းစာတိုက်ကြီး တခုက သတင်းထောက်သစ်လွင်ဆိုတာပေါ့၊ အဲ....သတင်းထောက်ဆို နွံစပ်ပါတယ်၊ ငါ့မောင်စုံစမ်းပေးစမ်းပါလို့ အပူကပ်ခဲ့ရတာ ပေါ့ကွယ်၊ အင်း တိရိစ္ဆာန်ကလေးမောင်ထွေး၊ မမကိုစစရာ မရှိစတယ်၊ မမသိပ်စိတ်ဝင်စားမှန်းသိလို့ထင်ပါ့၊ တခါတည်း မရောက်လာတော့ဘူး၊ ဘာမှလဲ အကျိုးအကြောင်း မသိရ တော့ဘူး၊ ဒီတော့ မမထင်တာမှားနေပြီလို့ လက်လျှော့လိုက် တာပေါ့ကွယ်၊ အင်း....အဟင်း”

ယခုမှ ကျွန်မရယ်ဖို့သတိရခဲ့သည်။ ပျော်ပွဲရှင်ပွဲ အသွား အလာနည်းပါးသော ကျွန်မတို့မိသားစုတနှစ်မှတခါပင် ကြို တောင့်ကြိုခဲ့သော မေဒေးလုပ်သားပွဲတော်၊ လုပ်သားကြေးမုံ ကို သွားရောက်ကြည့်မိရာမှ ယိမ်းသမလေးမူချိုကိုစင်မြင့်တွင် မြင်တွေ့ခဲ့ရခြင်းဖြစ်ပါသည်။

“ကိုနိုင်ရေ....ဟိုရှေ့ဆုံးတန်း ညာဖက်အစွန်က မိန်းကလေး က မူချိုနဲ့မတူဘူးလား”

“အေး....ကိုနိုင်လဲတူလို့ကြည့်နေတာဘဲ”

“ဟုတ်တယ်....မေမေ၊ ဥမ္မာလဲ တူတယ်လို့ အောက်မေ့ နေတာ”

‘ “အေးဟဲ့....တူတော့တူတာဘဲ”

အားလုံး၏တူညီသောမှတ်ချက်ကိုရသောအခါ ကျွန်မပို၍ မရိုးမရွ ဖြစ်လာခဲ့မိသည်။ နောက်ဆုံး ကျွန်မမောင်ဝမ်းကွဲ



မောင်ထွေးကို အကူအညီတောင်းစုံစမ်းခိုင်းခဲ့ပါသည်။တပတ် ကျော်၍ ဆယ်ရက်ကြာသည့်တိုင် မောင်ထွေးကသတင်းအစအန မပေးလာသောအခါ အားလုံးစိတ်ပျက်သွားခဲ့ကြရပါ၏။

“လူတူမရှားနာမည်တူမရှားကိုး....သက်သက်ရှဲ၊ထင်လို့သာ ယင်ကြရတာ၊ ဒီလိုအချိန်ဒီလိုစင်မြင့်မှာကပြဖျော်ဖြေမဲ့အစား ခမြာ တအိမ်အိမ်မှဖတ်ဖတ်မောအောင် အလုပ်အကျွေး ပြုစု နေရှာရောပေါ့ကွယ်”

ဒေါ်ကြီး၏အပြောအတိုင်းပင် ကျွန်မတို့ အားလုံးလည်း ထိုသို့ပင် ထင်မြင်မိကြပါသည်။ ကျွန်မတို့ မထင်သောဘဝ၊ မမြော်လင့်သောအသွင်ပြင်တို့ဖြင့် ယခုမူချိုကိုသားသား နား နား တွေ့ကြရသောအခါ ကျွန်မတို့၏ကြည်နူးမှုကား မဘော် ပြသာတော့။ ဒေါ်ကြီးသည် အိခြွေရရလှာနေသော မူချိုကို အရိပ်ကြည့်ကာ မျက်ရည်စမ်းခမ်းဖြစ်နေရာမှ။

“အင်း....ဝမ်းသာပါပြီမူချိုရယ်၊ ဒါနဲ့ မူချို မေမေမြတို့ဆီ ပြန်မလာတာ မေမေမြကြောင့် မျှားလားကွယ်”ဟု- မကွေ့ မပတ် တိုက်ရိုက်ပင် မေးချလိုက်ပါးလသည်။ ထိုအခါမှ အပြုံးနှင့်ကြည့်နေသော မူချို၏မျက်နှာလေးသည် ညှိုးရာမှ အို လာတော့သည်။ပြီးနောက်နှုတ်ခမ်းကလေးများကတလှုပ်လှုပ် တုံရီလာခဲ့ကြ၏၊ မျက်လွှာကိုချကာ အိခြွေဆည်ဖို့ ကြိုးစား ရှာသော်လည်း သူမ၏မျက်ရည်များက တာကျိုးသော ဆည် ပမာ ဒလဟောကျလာခဲ့ကြပါသည်။မူချိုသည် ကုလားထိုင်မှ ဆင်းကာ ဒေါ်ကြီး၏ခြေသလုံးများကို အားကိုးတကြီး ဖက် တိုင်ထားလိုက်လေ၏။

“မေခမြ....မူချိုကိုကြေပါ....မေမေမြရယ်၊မူချို လေမှူ အားကြီးမိုက်တယ်၊မူချိုနောင်တရပြီ ကြေပါမေမေမြနော်”



www.burmeseclassic.com

www.burmeseclassic.com

တသိမ့်သိမ့်ငိုရှိုက်နေသောမှုချို၏ခေါင်းကိုလက်နှင့်သပ်ခါ ဒေါ်ကြီးက တံတွေးကို တွင်တွင်မြိုချနေရှာ၏၊ ပြီးနောက် တုံရီအက်ကွဲသောအသံကြီးဖြင့်

"ကြေပါတယ်ကလေးရယ် ကြေပါတယ်၊ မေမေမြ ဘယ်သူမဆို မေတ္တာထားပါတယ်ကွယ်၊ ဒါပေမဲ့ မေမေမြ နှုတ်မချိုတတ် အပြောမတတ်တော့ဆဲသလို၊ စေတနာဟာ ဝေဒနာ ဖြစ်ရတာချည်းပါဘဲ၊ မှုချိုမေမေမြကြောင့် ဘဝရေစက်နှစ်ရပြီရယ်လို့....မေမေမြစိတ်ဆင်းရဲခဲ့ရတယ်၊မေမေမြစေတနာကို ဒီတချီ ချိုချိုသာသာရှင်းပြမယ်ဟဲ့လို့၊ မှုချိုကိုပြန်တွေ့ပါရစေ မေတ္တာပို့ခဲ့တာအမြဲပါဘဲကလေးရယ်...."

မှုချိုနှင့်ဒေါ်ကြီးဓာတ်ကူးကာ ဝမ်းနည်းတတ်သော ဦးမွှာ ကလည်း မျက်ရည်ဝဲနေသည်။

"ကိုင်း....ကိုင်း အလွမ်းသယ်မနေကြပါနဲ့တော့ဗျာ၊ဒါက ဇာတ်ပေါင်းခန်း၊ ရီစရာမောစရာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဇာတ်ပေါင်းကြရအောင်၊ ကဲ....မှုချိုတိတ်ပေ့ါ မင်းကို ဒီဒီလိုပြန်တွေ့ရတာ ဒီဘယ်လောက် ဝမ်းသာတယ်ဆိုတာ မင်းသိရင် ဒီမင်းကို ဘယ်လောက်မေတ္တာထားတယ် ဆိုတာလဲ မင်းနားလည်လောက်ပြီ ဟုတ်လား၊ ပြီးတာတွေပြီးပေစေတော့၊ ဒါပေမဲ့ မင်း ဒီအိမ်ကထွက်သွားပြီး အခု ပြန်တွေ့ရတဲ့ အချိန်အတွင်း မင်းဘာဖြစ်တယ် ဘယ်လိုဆိုတဲ့ ဇာတ်ကြောင်းလေးတော့ ဒီမျှားကြားချင်သေးတယ်ကွဲ့....ပြောစမ်းပါအုံး"

ကိုနိုင်ပြောလိုက်မှ မှုချိုသည်မျက်ရည်သုတ်ကာ ပြုံးဖေါ်ရလာလေသည်။

"ပြောမယ်လေ....ကိုကိုကြီး မှုချိုပြောမယ်၊ မှုချိုဟိုတုံးက ကလေးမို့မေမေမြကိုစိတ်ဆိုးခဲ့တာ၊မေမေမြဟာ မှုချိုဘာလုပ်



လုပ် အပြစ်ရှာတယ်လို့ မှုချိုထင်တာကိုး၊ ဒီအိမ်မှာ မေမေမြ ရှိတာနဲ့ဘဲ မှုချိုမပျော်တော့လို့ ရွာပြန်လိုက်သွားခဲ့တာပေါ့၊ ဒါပေမဲ့....မှုချို ကြာကြာစိတ်မဆိုးဘူး၊ ရွာကမသန်းညွန့်တို့ တသိုက် ဒေါ်ပုနဲ့မြို့ကိုပြန်လိုက်တော့ မှုချိုလဲပြန်လိုက်ခဲ့တယ်လေ၊ရွာမှာလူကြုံမရှိဘူး....ကိုကိုကြီး၊ဒါကြောင့် ဒေါ်ပုနဲ့လိုက်ခဲ့ရတာ၊ ရန်ကုန်ရောက်တယ်ဆို ဒေါ်ပုအိမ်အရင်ဝင်ကြတာပေါ့၊ မှုချိုမီးရထားစီးတာအားကြီးမူးတယ်၊ အံတယ်၊ နေမကောင်းဖြစ်နေတယ်လေ၊ ဒေါ်ပုကတော့ ရောက်တယ်ဆိုအဖေါ်တွေခေါ်ပြီး မြို့ထဲသွားတာဘဲ၊ အပြန်ကျလှေခါးထစ်ကိုအပြေးအလွှားတက်လာပြီး ပြာပြာသလဲမှုချိုကိုခေါ်တယ်၊ နမတို့ မေမေမြတို့အိမ်ကို ရောက်ခဲ့သတဲ့၊ အားလုံးက မှုချိုကို စိတ်ဆိုးနေကြတယ်၊ နောက်ထပ် ကောင်မလေးတယောက်တောင် မေးစားပြီးပြီတဲ့၊ မှုချိုလဲ ဒေါ်ပုတယောက်ထဲက ပြောရင် ယုံမှာမဟုတ်ဘူးလေ၊ အခုတော့ မသန်းညွန့်ကပါ မျက်လုံးပြူးမျက်ဆံပြူးနဲ့ ဟုတ်တယ်မှုချိုနှင်မသွားနဲ့ နင်ရွာပြန်ပြီးနောက်တရက်မှာ သူတို့ လက်ဝတ်ရွှေငွေတွေ ပျောက်လို့ နင်ဘဲခိုးတယ်ထင်နေကြတယ်၊ ဂါတ်လဲတိုင်ထားသတဲ့၊ ဒီကိုတောင် အဖွားကြီးကချော့သေးတယ်၊မှုချိုကိုခေါ်သာလာပါ ဒီကိုမှုဖိုးပေးပါမယ်တဲ့၊ ဒေါ်ပုက စိတ်ချစိတ်ချ ကောင်မလေး ခေါ်လာခဲ့ပါမယ်ဆိုပြီး ငွေနှစ်ဆယ် ညာယူခဲ့သေး၊ ဟော....ဒီမှာကြည့်ဆိုပြီး မသန်းညွန့်က ဒေါ်ပုအိပ်ထဲက ငွေနှစ်ဆယ်ထုတ်ပြပါသေးတယ်၊ ဒေါ်ပုကရယ်ပြီး နင့်ကြောင့်ရခဲ့တဲ့ငွေနှစ်ဆယ် နင်သုံးဖို့ယူဟောဆိုပြီး မှုချိုကိုပေးတယ်၊ ဒီကတော့ နင့်ကိုသနားတယ်၊ ဒီမိန်းမကြီးတွေဆီမပို့ချင်ဘူး၊ ဘယ်နှယ်တုံး နင်ကောသွားချင်သေးလားတဲ့၊ မှုချို ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com

ရမှန်းမသိဘူး၊မူချိုကသွားခါနီး မေမေမြစိတ်ဆိုးစရာစကားသဲ ရေးခဲ့မိသေးတော့၊ မေမေမြ စိတ်ဆိုးနေမယ်ဆိုတာ ယုံချင် သလိုလို၊ ဒေါ်ပုကိုလည်းစိတ်ခုချင်သလိုလို၊ ဂူကလဲရထားမှ လာတာနဲ့ ဆက်တိုက်ဖျားတာဘဲလေ၊ အိပ်မက်ထဲမှာ မေမေမြ ကဆူ ရဲကလိုက်လို့ ပြေးရတာလဲအမော၊ မူချို မေမေမြကိုသဲ စိတ်ဆိုး ကိုကိုကြီးတို့ မမတို့ မကြေနပ်ဘဲ ရှာပြန်မိဘဲ့အတွက် မျက်နှာလဲမပြချင်၊ လာလဲမလာဝံ့၊ အထင်လဲလွဲမိတာပေါ့၊ခုမှ ဟိုအကို ကိုသစ်လွင်နဲ့တွေ့မှ အကြောင်းစုံသိရပြီး ရင်ကွဲပက် လက်ဖြစ်ရတယ်၊ မူချိုအထင်လွဲ ကျိန်ဆဲမိတဲ့ဒဏ်တွေ မူချို ကောင်းကောင်းခံရတာပါလားလို့ သတိရမိပါတော့တယ်”

မူချိုကလက်အုပ်ကလေးချီရင်း စကားကိုအဆုံးသတ်လိုက် ပါသည်။

“အင်း ဒေါ်ပု....ဒေါ်ပု ရိုးသားတဲ့ တောသူတောင်သား လေးတွေအပေါ် လှည့်ကွက်ဖိုင်ပါပေတယ်၊ သူစားပေါက် အတွက် ကွက်ကျော်မြင်တတ်ပါပေတယ်၊ ကိုင်း....မူချို မင်း ဇာတ်လမ်းကို ဆက်ပါအုံးကွယ်၊ နောက်တော့ဘာဖြစ်သလဲ ဒေါ်ပုက မင်းကိုတအိမ်လိုက်ပို့လိုက်တယ်မဟုတ်လား”

ကိုနိုင်၏အမေးကိုမူချိုကခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်....ကိုကိုကြီး၊ ခုလိုမေမေမြတို့ မမတို့က မူချိုကို မုန်းကြပြီဆိုတော့ မူချိုဘယ်သူ့ကိုအားကိုးမလဲ၊နေရတာကလဲ ဒေါ်ပုအိမ်၊စားရတာကလဲဒေါ်ပုထမင်း၊ မူချိုကလဲရန်ကုန်ကို ကြင်ကြင်လည်လည်မသွားတတ်မလာတတ်ဘူး၊ အားကိုးစရာ ရယ်လို့ဒေါ်ပုဘဲရှိပေမဲ့ မူချို ဒေါ်ပုကိုလဲသိပ်မယုံကြည်ဘူး၊ ဒေါ်ပုကတော့ မူချိုကို အားကြီးချော့တာပေါ့။ အခြား ကောင်မလေးတွေ ဒေါ်ပုကပါးချတယ် ဆဲတယ်၊ ဒေါ်ပုကို အားကြီး ကြောက်ကြတယ်လေ၊ မူချိုကို သူဒီလိုမလုပ်ဘူး ကောင်းကောင်းကျွေးတယ် ကောင်းကောင်းပြောတယ်၊ မူချို စာတတ်ချင်ဆရာမလုပ်ချင်ရင်ငွေရှာရမယ်တဲ့၊ဟုတ်သားပေါ့၊ ဘယ်သူကမူချိုကိုထမင်းအလကားကျွေးပြီးကျောင်းထားပေး မှာလဲ၊ မူချို ကိုယ့်ကိုယ်ကိုအားကိုးရတော့မယ်၊ အလုပ်လုပ် ငွေစုပြီး ကျောင်းပြန်နေမယ်၊ မူချိုပညာတတ်ရင်ဒုက္ခမရောက် ဘူးလို့အကြံရဲ့တာနဲ့ ဒေါ်ပုရှာပေးတဲ့ အလုပ်ကိုလုပ်ဖို့ ခေါင်း ညိတ်လိုက်တာဘဲ....ကိုကိုကြီး”

ကိုနိုင်ကခေါင်းတဆတ်ဆတ်ညိတ်နေ၏၊ ဒေါ်ပုလက်တွင်း အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည့်တိုင်အောင် ပညာသင် ရန် မလျော့သောစိတ်ကူးလေးကို ကျွန်မစိတ်မှ ချီးကျူးနေမိ လေသည်။

သမီးညှမှာက အားလုံးအတွက်သံပုရာရည်များဖျော်ယူလာ ခဲ့လေသည်။

“....သောက်အုံးမူချို၊ အေးအေးဆေးဆေးပေါ့၊ဒီည မူချို ဒီမှာအိပ်မှာဟုတ်လား”

“ဟုတ်ကဲ့မမ၊ မနက်မှ ဒီကနေ့အလုပ်ကို တန်းသွားမယ် ဆိုတာ အိမ်ကိုလဲပြောခဲ့ပြီးပြီ”

“အခုအိမ်က ဒေါ်ပုထားပေးတဲ့အိမ်လား....မူချို”

“မဟုတ်ဘူးမမ....မဟုတ်ဘူး၊ဒေါ်ပုထားပေးတာ သုံးအိမ် ကျတယ်၊ နောက်ဆုံးအိမ်ကနေအခု ဒေါ်လေးတို့အိမ် မူချို သဘောနဲ့ မူချိုရောက်ခဲ့တာ၊ အို....မူချို ဒုက္ခရောက်ပုံတော့ လက်ကုန်ဘဲ၊ မမတို့ မေမေမြတို့ကို မူချိုအားကြီးသတိရတာ ပေါ့၊ မူချိုကျောင်းနေတာထက် ဗဟုသုတစုံတာပေါ့ မမ၊ ဇာကယ်ဘဲ....တကယ်ဘဲ....မူချိုအဖြစ်ကတော့”





www.burmeseclassic.com

www.burmeseclassic.com

အပြင်လောကဝယ် အမှောင်ထုက သိပ်သည်းစပြုပေပြီ။ အနောက်ဂေါရတွင် နေမင်းက စုံးစုံးနစ်မြုပ် ပျောက်ကွယ်သွားပြီဖြစ်ပေမင့် ကောင်းကင်ဝယ် ငွေကြယ်ကလေးများက တလက်လက်တောက်ပလျက် အလင်းရောင်ကိုဆောင်နေရှာကြသည်။ နွေသမယ၏ လေရူးကလေးက သင်းပြီသော စပယ်နံ့ကလေးများကို သယ်ဆောင်လာချေ၏။ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းသော ညဥ့်တညဥ့်ပါပေ။



## တဆယ့်ငါး

ဒေါ်ပုအတွက်ပွဲခမည်မျှရသည်တော့ မှုချိုမသိ။ မှုချို၏ ပထမတလခကို ဒေါ်ပုအား ပေးပါမည်ဆိုသော ကတိဖြင့် တလသုံးဆယ်ကျပ်တန်အိမ်စေလေး မိချိုအဖြစ် ကျယ်ဝန်းသော နှစ်ထပ်တိုက်ကြီးအရိပ်ကို ခိုလှုံခွင့်ရခဲ့လေပြီ။ ဧည့်ခမ်းဆောင်မှ ဒိုးယိုပေါက်မြင်နေရသော မှန်စီရွှေချဘုရားဆောင်တွင် မြဆင်းတုက သပ္ပါယ်စွာစံတော်မူနေ၏။ ရောင်စုံမီးလုံးများ၊ လှပသောပလပ်စတစ်ပန်းခိုင်များနှင့် ဝေဆာနေသော ဘုရားဆောင်သည်ကြည်ညိုဖွယ်ကောင်းလှသည်မို့၊ ဤသို့သော အိမ်မျိုးကိုနေခွင့်ရသည်မှာကုသိုလ်ထူးပါဘိဟု မှုချိုကြာကြာ ကြည်နူးခွင့်တော့မရလိုက်။ အဘယ်ကြောင့်ဆိုသော် ရောက်ပြီးနောက်တရက်မှာပင် ရွာကအပြန် သန်းပါလာခဲ့သည်၊ မှုချို မြတ်နိုးသောဆံပင်ကလေးကိုကတုံးရိပ်လိုက်သောကြောင့်ပင်။

“ကလေးဘဲ ဘာရှက်စရာလဲ ညည်းခေါင်းမှာသန်းတွေနဲ့၊ တော်ကြာဒို့တအိမ်လုံးကူးကုန်ရင်ဒုက္ခ၊ ဆံပင်ရှိနေတော့ ဖီးရှင်းရ ဒုက္ခများတယ်”

အိမ်ကြီးရှင် ဒေါ်ခင်လေးကဆိုပါသည်။ ရောက်စမို့ မှုချို



www.burmeseclassic.com

www.burmeseclassic.com

တွင် အာခံရဲသောသတ္တိကမရှိသေး၊ စိတ်ထဲမှာကား ကြိတ်၍ ရေရွတ်နေမိသည်။

"မူချိုကိုကလေးမို့ ရှက်စရာမလိုဘူးဆိုရင် မေမေကြီးသိ အဖွားကြီးဘဲဟာ ဘာရှက်စရာရှိလဲ၊ သန်းမကူးအောင်၊ ဗိုက်မ မှုင်းရ၊ ဆေးဆိုးရ ဒုက္ခမများအောင် ကတုံးတုံးလိုက်ပါလား"

သို့သော် အသံကားထွက်မလာ လည်ဝတွင်သာတစ်လျှောက် တံတွေးနှင့်အတူ ဤစကားလုံးများကို ဂလုကနဲမြိုချလိုက်ရ သည်။ ယခုမှ အိမ်ကြီးကျွန် ပီသသွားသော မူချို၏ ကတုံး စိမ်းစိမ်းနှင့် ပြောင်တက်တက်ရုပ်ကလေးကိုကြည့်ကာ ဒေါ် ခင်ခလေး၏ သမီးအပျိုများ ဖြစ်ကြသည့် လှိုင်နှင့် ခိုင်တို့က တဝါးဝါး တဟာဟား သဘောကျသွားသလို သမီးကြီးမှိုင်၏ သားငယ် တူးတူးက မူချို၏ကတုံးပြောင်ကလေးကို တောင် ကနဲမြနေအောင် ခဲတံကဲလေးနှင့် ခေါက်ကစားလိုက်လေ၏။ သားပျို ကိုကိုအောင်နှင့် ကိုကိုမောင်ကမူ။

"ကတုံးပြောင် အုံးပြောင် တောင်ပေါ်တက် ဇီးကွက်"

"ကတုံး....ကတုံး ဥသျှစ်လုံး ကတုံးပေါ်မှူပေါက်"

စသည်ဖြင့် မူချို မကြားဘူးသော စကား များဖြင့် လှောင်ပြောင် လိုက်လေသည်၊ ရောက်ရောဇာချင်းဆောက်နှင့် ထွင်းဆိုသကဲ့သို့ ထိုအခါမှစ၍ မကျေနပ်မှု အစိုင်အခဲက မူချိုရင်တွင် ကိန်းအောင်းလာခဲ့ရသည်။ ကလေးနှစ်ယောက်၊ ခွေးတကောင်၊ လူကြီး ရှစ်ယောက်ရှိသော အိမ်ထောင်စု အတွက် မူချို ယားရှိမှ မကုတ်အားအောင် အလုပ်များလှ ချေသည်၊ ညဉ့်ဆယ်နာရီထိုးမှ အိပ်ခွင့်ရသော မူချိုသည် နံနက် ကြက်ကန်းများမနိုးမီ အာရုံတက်မှာ ထရ၏၊မေမေကြီး ဆွမ်းကပ်ရန် ဆွမ်းအိုးတလုံးတည်၊ ဆွမ်းတည် ထားခိုက်



အိပ်နေသူများ မှန်းကြ အနှောက်အယှက် မဖြစ်ရလေအောင် အသံမထွက်စေရဘဲ ဖုံသုတ်၊ တအိမ်လုံး ကြက်မွေးနှင့် ညင်ညင် သာသာ လှဲရသည်၊ ဆွမ်းအိုးကျလျှင်ခွေနွေးတည်၊သုံးချောင်း ထောက်ဖြင့် ဆွမ်းပွဲပြင်ရသည်၊ မူချို ကော်ဇီနှပ်၊ စားပွဲ ပြင်နေစဉ် မေမေကြီး၏ ကြေးစည်သံ ဒုဝေဝေကို ကြားရ၏၊ တိတ်ဆိတ်သော အာရုဏ်ဦးတွင် မေမေကြီး၏ ဘုရားရှိခိုးသံက ကြည်ညိုဖွယ် အတိပါတကား ဤအသံ ကြားရလျှင် ညက မေမေကြီးကို နင်းပေးစဉ် အိပ်ငိုက်မိ၍ ပေါင်တွင်းခကြော ပြတ်မတတ် ဆွဲလိမ်ခံရခြင်းကိုင်း၊ အာရုံ တက်တွင် အိပ်မော ကျနေမိ၍ ကြက်ခမွှးဖြင့် စပ်စပ်ချကာ အနှိုးခံရခြင်းကိုင်း၊ မူချို သတိမေ့သွားမြဲပင်။

"သဗ္ဗေသတ္တာ အဝေယျာ ဟောန္တု"

မေမေကြီး၏ မေတ္တာပို့အမျှဝေအပြီးတအိမ်လုံးလည်းနိုးကြ ပြီ၊ဖေဖေကြီး (မေမေကြီး၏ ခင်ပွန်းဦးသာကြွယ်) အတွက်က လားသာပို့သောပေါင်မုံ့ကိုလည်းတိတိရိရိညီညီညာညာလှီး၍ ထောပတ်သုတ်ပြီးပြီ၊ ကျန်လူများစားရန်အတွက် ကြက်ဥကို ကြော်၍ပြုတ်ဘောင်းဖွဲ့ပြီးခနောက်လမ်းထိပ်ကနံပြားဆိုင်သို့ အပြေးအလွှားသွားဝယ်ရသည်။

"နင့်ဖို့ ခေါက်မုန့်တခုဝယ်ခဲ့...."ဟုခမေမေကြီးကဆိုသဖြင့် နံပြားဆိုင်ရှေ့ အဆင်သင့်ရှိသော မုန့်ဖိုမှ ခေါက်မုန့်ငါးပြား တနိုကိုလည်း ဝယ်ခဲ့ပြီ၊ တအိမ်လုံး စည်စည်ကားကား စား သောက်ကြချိန်၊ မူချို ရေချိုးခန်းကို အနုန်းဆံဘီးဖြင့် တိုက် ဆေးရင်း လက်တဖက်ဖြင့် ခေါက်မုန့် ချိုချိုရဲရဲ တူးတူး မည်းမည်းကို ကိုက်ဝါးနေသည်၊ စား၍ပင်တာက်မချိုးမီ မြင့်သားကြီး တူးတူးက ပြေးလာကာ လက်ထဲမှ မုန့်ကို



www.burmeseclassic.com

www.burmeseclassic.com

လုသွားတော့သည်၊ တဆက်တည်းမှာပင် မူချိုတင်ပါးဆို လည်း ခြေထောက်ဖြင့်ပိတ်ကန်လိုက်ပါသေးသည်၊ကလေးဆို ပေမင့် ကိုးနှစ်ရွယ် ကလေးမို့ မူချိုတင်ပါး အတော်ယောင်း မြက်သွားရပါ၏။

"ဟား....ဟား.... မိချို နာသွားပြီဟေ့....၊ မိချို ဖင်ကာ သိပ်ကန်လို့ ကောင်းတာဘဲကွ၊ ဟာ....ဟ...."

မြိုင်ကတူးတူးအပြောကို သဘောကျစွာရယ်နေလေသည်။

"လိုင်းယင်း.... ကမ်း.... ကမ်းတီးယား...."

မူချိုလက်ထဲမှ လုယူထားသော ခေါက်မုန့်ကို ခွေးကြီး လိုင်းယင်းအား ပစ်ကျွေးလိုက်သည်၊ အကောင်းကြိုက်တတ် သော အယ်လဆေးရှင်း ခွေးကြီး လိုင်းယင်းက ခေါက် မုန့်ကို တချက်သာ နမ်းပြီး လှည့်ထွက်သွားပါသည်၊ တူးတူး သည် ဤကဲ့သို့ပင် မကြာခဏ မူချိုအား ဒုက္ခ ပေးတတ် သော်လည်း လူကြီးများက ဟန့်တားမှု မရှိရုံမက ကျေနပ် သော မျက်နှာများဖြင့် သဘောကျနေတတ်ကြသောကြောင့် ကလေးမှာ ပို၍ ရောင့်တက်နေသည်၊ မူချိုသည် ခွေးကိုရင်း၊ ကလေးကိုရင်း၊ ဖက်ပြိုင်ပြောဆို မနေတော့၊ ပြောလျှင် လည်း မူချိုပင် ပြစ်တင်မောင်းမဲ ခံရမြဲသာ၊ ထို့ကြောင့် အလုပ်ကိုသာ မဲ၍ လုပ်သွားသည်၊ ရေချိုးခန်းဆေး၊ အဝတ် လျှော်၊ အိုးတိုက်၊ ပန်းဂံဆေး၊ လက်နှင့်အလုပ် မပြတ်တမ်း ဇယ်စက်သလို လုပ်လိုက်ရသည်မှာ.... ဆယ့်တစ်နာရီထိုးသည် အထိ ဖြစ်သည်၊ ထိုအချိန် ရောက်သည်နှင့် မြိုင်က ထမင်း စားဖို့ အချက်ပေးတော့သည်၊ သံဇလုံတွင် ထမင်းထည့်ကာ မီးဖိုချောင်မှာ ဆောင့်ကြောင့် ထိုင်စားရင်းမှာလည်း။

"မိချိုရေ.... မီးမီးငယ်က အီအီးပါချင်လို့တဲ့...."

"မိချို တူးတူးကို ရေခပ်ပေးလိုက်စမ်း...."

"မိချို မိုးဖွဲ့ကျလာပြီ၊ အဝတ်ထွက်ရုတ်အုံး...."

စသဖြင့် အကြောင်းတခုမဟုတ်တခုပေါ်နေရာ အေးအေး ဖြေဖြောင့်ဖြောင့်စားရသည်မရှိလှဘဲ လင်းတမြို့ မြို့နှသည်သာ များလေသည်၊ ရောက်စက ဆန်တဗူးချက်ကုန် စားမိသော မူချိုသည် တအိမ်လုံး၏ မျက်စောင်းထိုးခြင်းကို ခံခဲ့ရလေ သည်၊ ထိုမှစ၍ မေမေကြီးနှင့် မြိုင်တို့က ဇလုံတွင် အတိုင်း အတာနှင့်ပုံပေးရာ မူချို မဝတဝပင်။ အစာမရှိ၍ ဗိုက်ထဲ တကြုတ်ကြုတ် ရှိပေမင့် အိမ်ကြီးရှင် အလိုကျ ကြမ်းကို ဖယောင်းနှင့်ပြောင်လက်လာအောင် လက်မောင်းပွတ်ခံတတ် တိုက်ရသည်၊ ကျပ်ပြားကွက် တနေရာစာမျှ မလစ်လပ်ရ၊ မေမေကြီးက ကျီးကန်းကဲ့သို့ လျှင်သော မျက်ခုံနှင့် ခါး ထောက်ကာ စောင့်ကြည့်ပြောနေသည်၊ အဝတ်လျှော်၊ မီးပူ တိုက်ရာတွင် မူချိုမည်မျှ အကောင်းဆုံးဖြစ်အောင် ကြိုးစား ထားပေမင့် စိတ်တိုင်း ကျလှသည်မရှိဘဲ အခေါက်ခေါက် အခါခါ ပြန်လုပ်ရသည်မှာလည်း လက်ဝင်လှပါသည်၊ဆန်ဖွပ်၊ မောင်းလောင်း နေပူပူမှာ အလုပ် လုပ်ရသည်ထက် ဆယ်ဆ လောက် မူချိုမောနေမိသည်၊ အပြောအဆိုအကြိမ်းအမောင်း ကမလွတ်။ ကလေးကစ တအိမ်လုံးကို မူချို ကြောက်ရသည့် ဘဝဖြစ်သည်။ အိမ်ကြီးရှင်တို့သာထိုင်အပ်သည့်ကုလားထိုင်တွင် ယောင်၍မျှမထိုင်ရ၊ ထိုင်လျှင် ကြမ်းပြင်တွင် ဒူးတုပ်လျက် ကျုံ့ကျုံ့ရှုံ့ရှုံ့ဆိုင်ရမည်၊ အိမ်ထဲဝင်လျှင် အိမ်ရှေ့ပေါက်မှမဝင်ရ၊ ဧည့်သည်လာလျှင်ခေါ်မထုတ်ဘဲ မသွက်ရ၊ရေချိုးပြီး မှန်ကြာ ကြာမကြည့်ရ၊ပို၍ဆိုးသည်ကမူချို၏ဝါသနာကြောင်ဖြစ်သည် ကာတွန်း၊ ရုပ်စုံ၊ မဂ္ဂဇင်းများမြင်လျှင် သွားခရေ ကြည့်ြားမြား





www.burmeseclassic.com

ဖြစ်ရသောမူချိုသည် တနေ့ထိပ်ပူအောင်အခေါက်ခံခဲ့ရသည်။

"စာအုပ်ဖတ်ရင်အလုပ်ပျက်တယ်၊ထိုင်းမှိုင်းလေးလံတယ်၊ ဒါဟာ ညည်းအလုပ်မဟုတ်ဘူး၊ ကိုယ့်နေရာကိုယ်နေ၊ ကိုယ့်အလုပ်ကိုယ်လုပ် ဒါဘဲ"

မေမေကြီးက တချက်လွှတ်အမိန့်ထုတ်၍ ပြောင်မဖတ်ဝံ့သောအခါ မူချိုကလည်း လစ်လျှင်လစ်သလိုပင် ခိုးဖတ်သည်၊ မိသည့်အခါတိုင်း အဆိတ်အဆွဲ အခေါက်ခံရမြဲ၊ ပိုက်ဆံရဖို့ အလုပ်လုပ်ရသည်မှန်သော်လည်း၊ ဤလိုဘဝမျိုးကို မူချိုမုန်းတီးမိသည်။ ဤလိုအခါမျိုးတွင် မေမေမြတို့ မမတို့ကို မူချို တမ်းတမိပါ၏။ ချုပ်ချယ်လှပြီအထင်ရှိခဲ့သော မေမေမြနှင့် မမတို့အိမ်မှ စည်းကမ်းကား၊ ဤအိမ်မှ လူတန်းစားခွဲခြားခြင်းနှင့်တဘာသာစီဖြစ်ကြောင်း မူချို နားလည်လာရသည်။ ပို၍ နားလည်လာရသည်က မူချို တုတ်ကွေးဖျားသောအချိန် ဖြစ်ပါသည်။ မိုးအေးအေးနှင့် အဝတ်များတပုံတပင် အင်အားနှင့်မတန်လျှော်ရ၊ ဈေးကအပြန်မိုးကမိ၊ ဤအထဲ အိပ်သည်က သံမံတလင်းတွင် ဖျာခင်းအိပ်ချင်းဖြစ်ရာ မူချိုခမြာ အဖျားဝင်လာခဲ့ရသည်။ ပထမတရက်နှစ်ရက်တွင် ကြိတ်မှိတ်ကာ အလုပ်များဝတ္တရားမပျက် လုပ်ကိုင်ပေးသော်လည်း၊ တတိယနေ့တွင် ခေါင်းမထူနိုင်တော့၊ တဟီးဟီးအဖျားတက်နေသောမူချိုကို မေမေကြီးက ခြေဖျားနှင့်တင်ပါးကိုတို့ကာနှိုးလေသည်။

"မိချို...ဟဲ့ မိချို"

ခေါင်းကွဲမတတ်ကိုက်နေသော မူချိုက မျက်စေ့မဖွင့်ဘဲ ညည်းမြဲညည်းနေ၏။

"အလုပ်လုပ်ရမှာစိုးတာနဲ့နည်းနည်းကိုများများထင်အောင် ဟန်လုပ်နေတယ်၊ မနေ့ကဘဲအကောင်း၊ တယ်ညာဏ်များတဲ့



ဟာမ၊ ဟဲ့....မိချိုထစမ်း၊ ဈေးထွက်အောင် လှုပ်လှုပ်ရှားရှား လုပ်လိုက် ပျောက်သွားမှာပေါ့၊ ထ ကြမ်းတိုက်စမ်း၊ ဒီမှာ ဖယောင်းတွေအေးကုန်တော့မယ်"

မူချိုကား စကားပြန်မပေးနိုင်။ ထိုအခါမှ ဒေါ်ခင်လေးသည် မူချိုနဖူးကို ကြောင်ချေး နှိုက်ရဘိအလား ရွံရွံရှာရှာ ကိုင်တွယ်စမ်းသပ်လျက်၊ ခြစ်ခြစ်တောက်ပူလောင်နေကြောင်း သိရှိသွားလေသည်။ ထိုအခါမှ ဒေါ်ခင်လေးသည် ပို၍ပင် မျက်နှာကြီး ရှုံ့မဲ့ကာ စိတ်ပျက်သွားပုံရ၏။

"ဒါကြောင့်ငါအစကတည်းကပြောတာ၊အဝတ်လျှော်ရင် အောက်ပိုင်းရေစိုအောင်မလျှော်နဲ့လို့၊ ဖြစ်လာတော့ တဟီးဟီး တဟဲဟဲနဲ့၊ နားထဲကျက်သရေကိုမရှိပါဘူး"

"ဘာလဲ....မေမေ၊ မိချိုဘာဖြစ်လို့လဲ"

"ဖျားနေလို့....သမီးရေ၊ ယောဒီမှာတဟီးဟီးနဲ့၊ မေမေ ညည်းတာလောက် နားကြားပြင်းကပ်တာမရှိဘူး၊ တော်ရုံဟာ ကြိတ်မှိတ်ခံပေါ့၊ သူများလဲ ဖျားကြတာပါဘဲ၊ သူ့ကိုပိုတယ်"

"ဟင်း....အဲဒါမှဒုက္ခ၊ ဒီနေ့အပြင်သွားဖို့ကိစ္စရှိနေတာ၊ တိုလုံခြည်က မီးပူလဲမတိုက်ရသေးဘူး၊ ဒါကြောင့် တနေ့အလုပ် တနေ့ပြတ်အောင် လုပ်ပါဆိုတာ၊ မနေ့က မတိုက်ဘူးလေ၊ အိမ်စေထားရတာ နွားဖင်ကိုကြိမ်တို့သလို တို့နေနိုင်မှ...."

"မိချိုရေ....ငါ့ရှူးဖိနပ်ပေါလစ်သုတ်ပြီးပြီလား"

"ခေါ်မနေနဲ့ မိချိုသေနာပေါ်နေတယ်"

တယောက်တပေါက် ဆူညံသံများနှင့်အတူ မူချို၏ပါးပြင်ဝယ် မျက်ရည်ပေါက်များက တလိမ့်လိမ့် ယိုစီးကျလာခဲ့ရှာသည်။ ထို့ကြောင့် ခေါင်းမြီးကိုလုံအောင် စောင်ခြုံထားလိုက်တော့၏။ ဖတ်ဖတ်ခမာအောင် အလုပ်လုပ်ပေးနိုင်စဉ်ကပင်

www.burmeseclassic.com

မျက်နှာကောင်းမရသော မူချိုအား၊ အလုပ်မလုပ်နိုင်သော အခါ ပြောစရာမရှိတော့။ နှင်ရက်တံတိထမင်းမစားခဲ့သော မူချိုသည် အိမ်ကြီးရှင်တို့ စားပွဲဝိုင်းမှ ကာဖီကလေး ရှူရှိုက်မိသောအခါများတွင် တံတွေးကလေးတနင်နင် ရှိမိရှာ၏။

"ရော့....မိချို သောက်လိုက်စမ်း"

မေမေကြီး၏အသံဖြစ်၏။ မူချိုကမြေဗ်လင့်ကြီးစွာ ဖြတ်ကနဲခေါင်းထူလိုက်၏၊ မူချိုမြော်လင့်ထားမိသလို ကော်ဖီကား မဟုတ်၊ ကွမ်းရွက်ပြုတ်ရည်ပူပူနွေးနွေးသာဖြစ်ပါသည်။ မူချိုသည် မျက်စေ့မှိတ်ကာမျိုချလိုက်သည်။ ချွေးထွက်ကာ အတန်ငယ်ပေါ့သွားသော်လည်း အဖျားကမကျ။

"ကျွန်မ ဆေးခန်းသွားချင်တယ်....မေမေကြီး"

မူချိုကမရဲတရဲပြောကြည့်မိသည်။

"အံမယ်....ကြီးကြီးကျယ်ကျယ် တောမှာတုံးက ညည်း ဆေးခန်းသွားခဲ့ရလို့လား"

"ကျွန်မ အရင်နေခဲ့တဲ့ အိမ်မှာ ဖျားရင် ဆေးခန်းတောင် မသွားရဘူး၊ အိမ်ကိုဆရာဝန်လာတာဘဲ" မူချိုပြန်ပက်လေပြီ။

"အံမယ်....အတော်လာတဲ့ဟာမပါလား၊ညည်းကိုဆရာဝန် ခေါ်ပေးရအောင် ညည်းကမယားငယ်မို့လား၊ တယ်....ပြော လိုက်ရ မကောင်းဘဲရှိရော့ သွား....သွား ညည်းပိုက်ဆံနဲ့ညည်း တတ်နိုင်ရင် ဆရာဝန်ဘဲခေါ်ခေါ် ဆေးခန်းမက်လီအက်လန်ထိ သွားချင်သွား၊ အေး....ဒို့ကတော့တပြားမှ မတတ်နိုင်ဘူးဟေ့"

မူချိုသည် နေမကောင်းလျက်ပင် ဒေါ်ပုထံ ရောက်သွားလေ၏၊ ဒေါ်ပုကမူ ပြုံးလို့ချိုလို့ပင်၊ မူချိုအား ပြာပြာသလဲ ဆီးကြိုလေသည်၊ မူချိုတအိမ်မပျော်၍ တအိမ်ပြောင်းလိုတိုင်း ခေါင်းပုံဖြတ် အမြတ်ယူနိုင်သူက ဒေါ်ပု မဟုတ်ပါလား။



တဆယ့်ခြောက်

မူချို၏ဇာတ်လမ်း တခန်းရပ်လိုက်သည်နှင့် ကျွန်မတို့အား လုံး၏မျက်နှာဝယ် ရှုံ့ရှာခြင်း၊ မှုန်းတီးခြင်းစသည့် ခံစားမှုများကို ဖော်ပြနေပါသည်၊ မည်သူကို ရှုံ့ရှာမုန်းတီး စက်ဆုပ်မိကြပါသနည်း။ဒေါ်ခင်လေးကိုပင်လော၊ဒေါ်ပုကိုပင်လော၊ တရားခံကိုလက်ဆုပ်လက်ကိုင် ပြရန်ကားမလွယ်ကူချေ၊အဟိတ် တိရိစ္ဆာန်သော်မှ လွတ်လပ်ခြင်းကို လိုလားကြ၏၊ မူချိုသည် တိရိစ္ဆာန်ထက် အသိဉာဏ်ပိုသောလူသားဖြစ်ပါသည်၊ကိုယ်ပိုင် လွတ်လပ်မှု အလျဉ်းကင်းမဲ့သော အိမ်စေဘဝကို အသိဉာဏ် ရှိသည့် လူသားတဦးအနေဖြင့် မည်သည့်နည်းနှင့်မှ ခံယူချင် ရှာလိမ့်မည်မဟုတ်၊ လုပ်စားမိုးခေါင် ခိုးစား ခွေးဟောင် ဆို သောစကားနှင့်ပင် ခိုင်းနှိုင်းရမည်လား မဆိုနိုင်၊ မဖွံ့ဖြိုး မတိုး တက်သေးသောကျေးလက်တောရွာတွင် ဝမ်းစာကို အနိုင်နိုင်၊ နွားနှင့်ဖက်ပြိုင်ရုန်းကန်နေရဆဲ၊မြေပုရာကင်းမှောင့်ဆိုသကဲ့သို့ တဖက်တွင် သူပုန်သူကန် ရန်က မအေးဆေး၊ အကြောင်း အမျိုးမျိုးကြောင့် မြို့ကြီးပြကြီး ပြေးရောက်ခိုလှုံရသည့် မူချိုတို့ ကလေးမများကို ဒေါ်ပုတို့လို လူလည်လူရှုတ်များက ထောင်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပုံဖြတ်ကြပြန်၏၊ ဒေါ်ခင်လေးတို့ကဲ့သို့ ဘုရားဆောင်ကြီး ရွှေတဝင်းဝင်းနှင့် ကိုးကွယ်နေသူများကလည်း လူလူချင်း ညှာတာခြင်း ကင်းမဲ့လှချေ၏တကား။

မှူချိုကမူ သံပုရာရည် လက်ကျန်ကလေးကို မော့လိုက်ကာ သူ့ဇာတ်လမ်းကို ဆက်လိုက်ပြန်ပါသည်။

"ဒီလိုနဲ့.... နောက်တအိမ် ပြောင်းခဲ့ပြန်ရော၊ ဒီအိမ်သာ ကုလားလူမျိုး မှစ္စတာ ဒါဝတ်ဘဲ....၊ဒီအိမ်ကျ ပိုဆိုးတာပေါ့ မမ....၊ လူဆယ်ယောက်ရှိတဲ့အိမ်မှ အလုပ် ဘယ်လောက်ပန်း တယ်ဆိုတာ မှူချိုမပြောချင်ပါဘူး၊ ဗိုက်ဆံလိုချင်လို့ အလုပ် လုပ်ရတာ၊ အလုပ်ဆိုမှတော့ ပန်းတာချည်းပေါ့၊ ဒါကို မှူချို မတွက်ပါဘူး၊ မှူချိုဒီလို စိတ်ထားလျက်နဲ့ တမင်သက်သက် ညှင်းဆဲတာကျတော့ မှူချိုမခံချင်ဘူးလေ၊ မှူချို နည်းနည်း အားလပ်မယ်မကြံလိုက်နဲ့ အလုပ်မရှိအလုပ်ရှာ ပရွက်ဆိတ်အုံ ရေနွေး လောင်းခိုင်းလား ခိုင်းရဲ၊ ပြီးတော့တခုရှိသေးတယ်၊ မနက်ထမင်း ညထမင်းကို ပဲဟင်းနဲ့အဝ ကျွေးတာကလဲ့ရင် အခြားအချိန်များမှာ သူတို့စားလို့ကျန်တာတောင်မှ မှူချိုကို မကျွေးဘူး၊ လွှင့်ပစ်ရင်သာ ပစ်မယ်၊ အကျင့်ဖြစ်မှာစိုးလို့ဘဲ၊ တနေကုန်မော့ပန်းအောင် လုပ်ရတော့ ညဆို စောစော အိပ် ငိုက်မိပြန်လဲ အရိုက်အနှက်ခံရတာဘဲ၊ သူတို့အဖို့ကတော့ မနက်ဖင်နေထိုးမှထတဲ့လူတွေဆိုတော့ ညဥ့်နက်အထိစကားပြောကြ၊ စားကြသောက်ကြ တလှည့်စီမှူချိုက နှင်းနှိပ်ပေးရပေါ့၊ နှင်းရင်း အပေါ်က မှူချိုမျက်စေ့မှိတ်ထားတာများတွေ့ရင် ကြက်မွေးနဲ့ တရွတ်ရွတ်ချတာဘဲ၊ နောက်တော့.... မှူချိုလဲမခံဘူး၊ ကြက်မွေးလှမ်းဆွဲပြီး ချိုးပစ်တာပေါ့၊ ဒီတော့....ဒါဝတ်က မှူချိုကို မီးပူနဲ့ ကပ်ရော၊ ဒီအခါ မှူချိုလဲ အိမ်နီးချင်းတွေ



ကြားအောင် အော်ဟစ်တာဘဲ၊ မှူချိုကို အိမ်ထဲက အိမ်ပြင် ထွက်ခွင့် မပေးဘူး၊ ဘယ်သူနှင့်မျှ အပေါင်းအသင်း အဆက် အဆံ မလုပ်ရဘူး၊ နောက်တခု မှူချိုကို ဒုက္ခပေးနေတာက မှူချိုဝါသနာဘဲ၊ စာအုပ်မြင်ရင် ဖတ်ချင်ဘာကိုး၊ ဟို....ဒေါ် ခင်လေးအိမ်တုံးကလဲ ဒီအဘွက် အဆဲအဆိတ် ခံရတယ်၊ အခု ဒီအိမ်မှာလဲ ဒီအတွက် အခေါ်က်အရိုက် ခံရတာဘဲ၊ ဒါဝတ် သားသမီးတွေက ကျောင်းသား ကျောင်းသူမတွေ တနေ့ ဒါဝတ်ရဲ့ သမီးအကြီး ဖါတမာ....ဗမာနာမည်ကခင်ခင်မြဘဲ့၊ အဲ....သူဝယ်ဖတ်တဲ့ချုပ်ရှင်သစ်စာအုပ်ကိုမှူချိုအိမ်သာထဲခိုးဖတ် မိတာကိုး မမရဲ၊ အဲဒါမိသွားပြီး မှူချိုပါးချခံရတာဘဲ၊ မှူချိုက ပြန်ကိုက်၊ အို....မှူချိုနဲ့ခင်ခင်မြ နပမ်းလုံးကြတာပေါ့ မမရယ်၊ အဲဒီမှာ ဒါဝတ်ရောက်လာပြီး ခြေထောက်နဲ့ဆင့်ဆင့်ကန်သိုက် တာ ကြမ်းပြင်ပေါ်မှာ မှူချိုခွေခွေလေး ဖြစ်နေတာပေါ့၊ မှူချိုမျက်စေ့ထဲကို ဒါဝတ်မိန်းမ ဒေါ်အမီနာက ဂျင်းရည် ပြုပ်ရေတွေ လောင်းထည့်လိုက်သာ တခါတည်း တီကောင် ဆားထိသလိုပေါ့၊ မှူချိုပါးစပ်က အစုံအော်ဟစ်ဆဲတာဘဲ၊ နောက်တနေ့ မှူချိုဘယောက်ထဲ အပြင်ကသော့ပိတ်ပြီးတအိမ် လုံးရုပ်ရှင်သွားကြည့်နေတုံး ဘေးအခန်းကတံခါးရိုက်ချိုးဖွင့် ပေးလို့ မှူချို ထွက်ပြေးတယ်၊ ဒါနဲ့.... အိမ်နီးချင်း တွေက ဂါတ်ကို အပ်ပေးလိုက်တာပေါ့....မမရယ်"

"အဲဒီတုံးက သတင်းစာမှာ တွေ့လို့ မမတို့ ဂါတ်ကိုသွဲ ရောက်တယ်၊ ဒေါ်ပုဆိုလဲ လိုက်ကြတာပေါ့....မှူချိုရဲ့"

"ဟွင်....ဟုတ်လားမမ၊ ဒါနဲ့ဘယ်လို လွဲသွားတာလဲဟင်"

"အေး.... ဂါတ်ရောက်တော့ ဒေါ်ပု ခေါ်သွားပြီတဲ့...



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပုအိမ်ကို လိုက်ကြပြန်တော့ ဒေါ်ပုရွာပြန်ပြီး မှုချိုတို့ပိုသလိုလို ပြောလွှတ်တယ်လေ...."

"ဟင်း....ဘယ်ဟုတ်မလဲ....မမရဲ့၊ မှုချိုတခါတည်းစိတ်ပျက်ပြီးရွာကိုဘဲပြန်ပါရစေ....လို့ ဒေါ်ပုကိုရှိခိုးတောင်းပန်တယ်။ ဒေါ်ပုက စပါးပေါ်ချိန်မှ သူရွာကိုပြန်မှာ၊ နှစ်လ သုံးလလောက်ဘဲလိုတော့တာ ကြိတ်မှိတ်နေလိုက်ပါအုံးတဲ့။ ဒီတခါ သူစိတ်ကောင်းရှိတဲ့အိမ်ပို့ပေးမှာလို့ ကတိပေးတယ်။ မှုချိုလဲ စိတ်မပါဘဲ အလုပ်ဝင်လုပ်ရပြန်တယ်။ ဒါပေမဲ့ မှုချိုထင်သလို မဟုတ်ဘဲ သဘောကောင်းတဲ့အိမ်ဖြစ်နေတယ်။ မှုချို တလလေးဆယ်ရတယ်၊ အဝတ်အစားလဲရတယ်၊ ကောင်းကောင်းဝဝလဲစားရတယ်....၊ ဘိုင်စကုတ်လဲခဏခဏ ကြည့်ရတယ်၊ မှုချိုအားကြီးပျော်သာနဲ့ စပါးပေါ်ချိန် ဒေါ်ပု ရွာပြန်တော့ မလိုက်တော့ဘူးလေ။ ဒီအိမ်မှာ မှုချိုလို အလုပ်သမားမိန်းမလေးယောက်တောင်ရှိတယ်၊ အလုပ်ကလဲများတာကိုး၊ အဖိုးရော၊အဖွားရော၊ကလေးတွေရော အားလုံးလူနှစ်ဆယ်ရှိတဲ့ အိမ်ကိုး....မမရဲ့။ စားသောက်ဆိုင်ကလဲ အောက်ထပ်မှာဖွင့်ထားတော့ ယောကျ်ားအလုပ်သမားတွေလဲရှိသေးတယ်။ အားလုံး ဒီအိမ်မှာပျော်ကြပါတယ်။ သူ့ကျွတ်ိုလင်မယားကလဲ အားကြီးသဘောကောင်းတာကိုး"

"နေပါအုံး....မှုချိုရဲ့ သူ့ကျွဆိုတာဘာလဲ"

"မသိဘူးလေ၊ အိမ်ရှင်မကိုမှုချိုတို့အားလုံး သူ့ကျွခေါ်ကြတာဘဲ၊ တရုပ်ကပြားတွေ....မမရဲ့"

"သူ့ကျွလား သာကျွလားဟယ်.... နင့်ဟာက"

"မှုချိုမသိဘူး၊ သူ့ကျွဘဲ ခေါ်လိုက်တာဘဲလေ၊ အဲ.... အဖိုးကျ အမ်းကုန်း၊အဖွားကျ အမ်းမခေါ်တာပေါ့၊ သူ့ကျွရဲ့ယောကျ်ားကတော့ဗမာလိုအစ်ကိုခေါ်မှုကြိုက်တယ်။နာမည်ကလဲ ဗမာနာမည်ဘဲ၊ ဦးကျင်ဝေတဲ့မမ၊ ပိုက်ဆံရှိတယ်၊ ကားကြီးများ ဖင်မှန်းခေါင်းမှန်းမသိဘူး၊ ညက်နေတာဘဲ"

"အံမယ် မချိုစီးရလို့လား"

နီလာက ကလေးမီပီဝင်ရှုစပ်စုပြန်ပါသည်။

"စီးရတယ်၊ ဒီကားနဲ့ဘဲ မချို ကလေးတွေကိုကျောင်းကြိုရတာပေါ့၊ သူ့ကျွရော အစ်ကိုရော နီလာတို့ မမမေတို့လိုဘဲ သိပ်သဘောကောင်းတာ၊ တခါတခါသူ့ကျွနဲ့စကားစပ်မိရင် မမအိမ်မှာကျောင်းနေခဲ့တာ၊ စာကျက်ခဲ့တာမှုချိုပြောပြတာပေါ့။မှုချိုကျောင်းနေချင်တယ်၊ စာတွေအများကြီးတတ်ချင်လို့ ဒီလိုအလုပ်လုပ်တယ်လို့ပြောရင် သူတို့ဝိုင်းရီကြတာဘဲ၊ ပြီးတော့ဘာပြောတယ်လဲသိလား၊သူတို့သမီးရှိစ်ဝေတို့လဲရှစ်တန်းကိုးတန်းအောင်တာဘဲ၊ ဒါတောင် ၈၂-ကျပ်တန်အလုပ်ဘဲရလို့ အလုပ်မလုပ်ဘူးတဲ့။ အကို ဦးကြင်ဝေဟာ မြန်မာစာလေးငါ်ကောင်းကောင်းမတတ်ဘဲနဲ့ ကားကြီး စီးနိုင်တယ်၊ ရှိစ်ကလဲ အစိုးရအမှုမထမ်းဘဲ ရွှေဆိုင်ဖွင့်ပေးထားတာ ဘယ်လောက်ဟန်ကျလဲတဲ့။ မိချို ကောင်းကောင်းစားရ ဝတ်ရပြီး တလလေးဆယ်စုမိဘို့မလွယ်ဘူးတဲ့။ မိချိုကိုနောက်လဲလခတိုးပေးအုံးမှာ၊ သူတို့နဲ့တသက်လုံးနေ သူတို့ကျွေးမွေးမယ်လို့ဆိုတယ်။ ဒီလိုနဲ့ သူတို့အိမ်မှာမှုချိုပျော်နေတုံးတနေ့မှာ ဒေါ်ပုအဖမ်းခံရတယ်ကြားရတာပါဘဲ၊ ဒေါ်ပုဟာလေ အားကြီးလောဘကြီးတာပေါ့၊ကောင်မလေးတွေ သွားခေါ် ပြန်ပို့လုပ်တိုင်း မှောင်ခိုကုန်လဲချကာဘဲ၊ မှုချိုတို့သူ့ကျွဆီခဏခဏလာတယ်။ဒေါ်ပုတခေါက်မော်လမြိုင်ကပြန်လာရင် မှုချိုတို့အတွက်ကြည်လိုခြည်စ လှလှဆန်းဆန်းလေးတွေ ဝယ်လို့ရတယ်။ သူ့ကျွကလဲ ဒေါ်ပု

www.burmeseclassic.com

www.burmeseclassic.com

ကို ငွေလိုတဲ့အခါထုတ်ချေးတော့ အဆန်းအလှဆို သွားကျိုးတိုး ဝယ်ရတာဘဲ၊ ရိုစီဝေက အလှလဲသိပ်ပြင်တတ်တာ၊ ခင်သန်းနု ထက်တောင် သာတယ်....မမရဲ့၊ ဒါနဲ့ မကြာပါဘူး၊ ဒေါ်ပုလဲ ထောင်ကျသွားဘယ်လို့သိရတယ်၊ အားလုံး စိတ်မကောင်းဖြစ် ကြတယ်၊ ဒီအထဲအစိန်ကတော့ထူးထူးခြားခြားဝမ်းသာသတဲ့”

“အစိန် ဘယ်ကအစိန်လဲ....မူချိုရဲ့”

“အစိန်က ဒေါ်ပု သွားကျိုတို့အိမ် ထားပေးတဲ့ကောင်မဘဲ၊ မူချိုတို့ရွာကတော့မဟုတ်ဘူး၊ကော့ကဲရိုတ်ဖက်ကပြောတာဘဲ၊ ဒေါ်ပုကအဆက်အသွယ်စုံဘယ်နေ့ာ....မမ”

“အေးပေါ့လေ သူ့အလုပ်က အဆက်အသွယ်စုံမှ ဖြစ်တာ ကိုးကွဲ၊ ကဲ ဆက်ပြောစမ်းပါအုံးကွယ်”

မူချိုသည် အတန်ငယ် မောသွားပုံဖြင့် ရေတခွက်သွား သောက်ပါသည်။ ကလေးတွေလည်း အိပ်ဖို့သတိမရသေး၊ မေါ်ကြီးပင် ပက်လက်ကုလားထိုင်တွင် မျက်စေ့ခမှးကာ နား ထောင်နေကြောင်း တွေ့ရပါသည်။

“တနေ့မှာပေါ့ မမရယ်....၊ အစိန်က နောက်ဖေးချောင် မှာ လုပ်ရင်းကိုင်ရင်း မျက်ရည်ကျလို့ မူချို အံ့ဩသွားတာ ပေါ့လေ၊ မမစိန် ဘာဖြစ်သလဲ သွားကျိုဆူလို့လားလို့ မေး တော့.... အစိန်က ခေါင်းညိမ့်ပြတယ်၊ အစိန်ဟာ အသက် နှစ်ဆယ်ကျော်လောက်ရှိမလားမသိဘူး၊ ဒါကြောင့် မမစိန်လို့ မူချိုခေါ်တာပါ၊ မိချို....နင့်ကိုတော့ ငါချစ်လဲချစ် သနားလဲ သနားတယ်၊နင်....ဒီမှာ ကောင်းကောင်းစားကောင်းကောင်း ဝတ်ရလို့ ပျော်မနေနဲ့ကြားလား၊ နောက်ဆို နင် ဒီထက်တောင် ကောင်းကောင်းနေရအုံးမယ်၊ လခသဲ ငါတို့လို ခြောက်ဆယ် ခုနစ်ဆယ်ပေးလိမ့်မယ်သိလား၊ပြီးရင် သွားကျိုက သူ့လင်နဲ့ပေး



စားမှာဘဲ၊ ဟို....မခင်မြင့်ဟာလေ အစ်ကို့မယားဘဲ၊ ငါလဲ သူ့မယားဘဲသိလား၊ နောက်ဆို.... နင်နဲ့ မနုပဝါအလှည့်ဘဲ၊ ဒါကြောင့်.... နင်တို့ရောက်ကတည်းက.... ငါနဲ့ မခင်မြင့်ကို အပြစ်ရှာ ဆူနေတယ် ထင်တာဘဲလို့ အစိန်က ပြောပါ တယ်၊ မူချို အစိန်ရဲ့စကားကို ကောင်းကောင်း မရှင်းပေမဲ့ နားလည်ပါတယ်၊ အစိန်ပြောမှ ဦးကြင်ဝေ မူချိုကို ပါးဆွဲ နားဆွဲ ပုတ်လား ခတ်လား ကိုင်တွယ်လားနဲ့ မခင်မြင့်နဲ့လဲ ရယ်ရွှမ်းပတ်ရွှမ်း ဆက်ဆံတာတွေ.... မနုပဝါ အိမ်ပေါ်တက် အိပ်ရာသိမ်းတိုင်း ဦးကြင်ဝေ မယောင်မလည် တက်လိုက် သွားတာတွေ၊ မူချို စဉ်းစားလာမိပါတယ်၊ ဦးကြင်ဝေကို မူချို နားလည်ပါပြီ၊ မူချို နားမလည်နိုင်တာက သွားကျိုကို ပါဘဲ၊ သွားကျိုဟာ သူ့လင်ကို ဘာကြောင့် သဘောထား ကြီးကြီးနဲ့ ဒီကောင်မလေးတွေနဲ့ ပေးစားချင်တယ် ဆိုတာ ပါဘဲ၊ ဒါပေမဲ့.... မူချို ကြာကြာ စဉ်းစားမနေနိုင်ဘူး....၊ ဒီအိမ်က မူချို ဘယ်လိုထွက်ရမလဲ ဆိုတာဘဲ ခေါင်းထဲမှာ အရေးကြီးနေမိတယ်၊ ဒါကြောင့် မူချို ဒီအိမ်မှာ မနေချင် တော့ကြောင်း အစိန်ကို ပြောမိတယ်၊ ဒီတော့.... အစိန်က မနေ့ချင်လို့ ဘယ်ပြေးမလဲ၊ ငါက ပြေးဘူးပြီ၊ အားလုံး အတူတူချည်းဘဲ၊ ဒီမှာ ကောင်းကောင်း နေရတာ ပိုသေး တယ် သိရဲ့လားတဲ့၊ ကောင်းကောင်း စားရပေမဲ့ ဒီလို ယုတ် မာတဲ့အိမ်မျိုး မိချိုမနေချင်ဘူး၊ ပြေးမှာဘဲလို့.... ပြန်ပြော တော့ အရမ်းမလုပ်နဲ့နော် မိချို၊ နင်က ရန်ကုန်အကြောင်း ဘာသိလဲ၊ ငါ အဲသလို ပြေးခဲ့လို့ပေါ့....၊ ငါ့ဘာအစုံမှန်း သွားကျိုသိရင် သူ့လင်နဲ့တောင် .... လွှတ်ပေး ချင်ပါ့မလား မသိဘူး၊ ဒါတွေ နင်မသိပါဘူး မိချိုရယ်၊ ဒါကြောင့် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပူလို့ ငါသတိပေးမယ်၊ အရမ်းတော့ ထွက်မပြေးနဲ့တဲ့၊ ကလေးတွေကျောင်းပို့ရင်မိတ်ဆွေဖြစ်ထားတဲ့မိချိုအသိဆရာမ တယောက်ကို အကူညီတောင်းဖို့ မှချိုသတိရလာတယ်၊ မမစိန်ကိုပါ မှချိုနဲ့ဆိုးတူကောင်းတူလိုက်ခဲ့ဖို့ မှချိုဆွဲတာနဲ့ တဖြည်းဖြည်း အစိန်သဘောတူလာပါတယ်၊ ဒါပေမဲ့ မှချိုတို့ ထွက်မပြေးကြပါဘူး၊ စောစောကပြောခဲ့တဲ့ မှချို ကျောင်းပို့ရင်း မိတ်ဆွေဖြစ်ထားတဲ့ ဆရာမဒေါ်နုနုကိုယ်တိုင် ရပ်ကွက်လူကြီးစုံရာနဲ့မှချိုတို့ကိုလာခေါ်ကြတာပါပဲ၊မှချိုကသူ့ကိုအကြောင်းစုံဖွင့်ပြော အကူညီတောင်းခဲ့တာကိုး မမရဲ့….၊ ဒီလိုနဲ့ အစိန်နဲ့ မှချို ဆရာမ ဒေါ်နုနုအိမ်ကို ရောက်လာခဲ့ကြ တာပါပဲ….၊ ဒေါ်ပု မရှိလို့လဲ ဒီလို ဖြစ်နိုင်ခဲ့တာပေါ့ မမရယ်….၊ အဲ…. ဒေါ်နုနုကမှတဆင့် လူမှုဝန်ထမ်း အရာရှိဆိုတဲ့၊ ဒေါ်တင်တင်မြတဲ့၊ သူနဲ့ဆက်သွယ်ပြီး အစိန်ကိုတော့ အမျိုးသမီးစောင့်ရှောက်ရေး ဌာနကို ပို့ပေးတယ်၊ အဲဒီမှာ အစိန် အချုပ်အလုပ်တွေ ဘာတွေ သင်ရတယ်၊ ကောင်းကောင်းနေ….၊ ကောင်းကောင်းစား ရတယ်၊ အစိန် ပျော်နေပြီလေ၊ ဝလို့ လှလို့ ကျန်းမာလို့ သူ့လုပ်အားနဲ့ ဝင်ငွေ ရှာနိုင်တဲ့ အခြေရောက်နေပြီ၊ အဲ…. မှချိုကတော့ ဆရာမနဲ့ဘဲအတူနေတယ်၊ ဆရာမ ဒေါ်နုနုက အထက်တန်းပြ ဆရာမတဦး ဖြစ်ပါတယ်၊ သားသမီးခြောက်ယောက်ရှိတဲ့ မုဆိုးမလဲဖြစ်ပါတယ်၊ဆရာမရဲ့ ညီမ မမယုက အိမ်ထောင် ထိန်းသိမ်းတယ်….၊ မှချို ကျောင်းနေဖို့စိတ်လျှော့ လိုက်မိပါတယ်၊ သင့်တော်ရာ အလုပ်တခုခု လုပ်ဖို့ဘဲ ဒေါ်လေးနု(ဆရာမ ဒေါ်နုနုဆိုလိုသည်)ကို ပူဆာတယ်၊ ဒါကြောင့်….ဒေါ်လေးနုက ကေသီ ဘိစကွတ်စက်ရုံမှာ အလုပ်ရှာပေးခဲ့တာဘဲ မမရယ်၊စက်ရုံပိုင်ရှင်က ဒေါ်လေးနုတို့



မိတ်ဆွေ အရင်းအချာထဲကဆိုဘဲလေ၊ မှချို အလုပ်ဝင်တုံးက ပြည့်သူပိုင် မဟုတ်သေးဘူးပေါ့မမ….”

မှချိုသည် ရှည်လျားသော စကားကို ဤတွင် ရပ်နားလိုက်လေသည်၊ ဤအခါမှ ကျွန်မတို့ အားလုံး အသက်ကို ဝဝရှူရန် သတိ ရလာခဲ့ကြ ပါသည်၊ စောစောက ခံစားမှုများဖြင့် အုံ့မှိုင်းနေသော မှချိုမျက်နှာ လေးလည်း ယခုမှ တိမ်စင်လနှယ် ဝင်းပ ကြည်လင်လာခဲ့လေသည်။

“ဝမ်းသာတယ် မှချိုရယ်၊ ဝမ်းသာတယ်၊ သတ္တဝါတခုကံတခုဆို ဟာလုံ့ဘဲ၊ မှချိုရဲ့ ကြံရည် ဖန်ရည် မလျော့တဲ့ဇွဲမာန်ကလေးကဘဲ မှချိုရဲ့ဘဝကို ဖန်တီးတဲ့…. ကံဘဲ ဆိုတာ ထင်ရှားနေပြီ၊ ဒါနဲ့ မှချို သွာကျိုတို့အိမ်က မခင်မြင့်တို့ဆရာ မှချို မစည်းရုံးဘူးလား၊ ဒီအတိုင်း ထားပစ်ခဲ့လှား….”

“ဟာ…. မမနှယ်၊ မှချို သွေးတိုး ဇမ်းကြည့်တယ်၊ သူတို့က သွာကျိုဆိုမှသွာကျို၊ ဟိုမှာ ပျော်နေတာ ကလား၊ ကောင်းကောင်းစား လှလှပပ ဝတ်ရတာကို ကျေနပ်နေတာ ကလား၊ နွံထဲ နစ်မှန်းမသိ နစ်နေတာကို မမြင်ဘူးပေါ့၊ မှချိုလဲ ကိုယ့်ကိုယ်ကိုမှ အနိုင်နိုင် အလွတ် ရုန်းရတာမို့ သူတို့ကို ခဲခဲယဉ်းယဉ်း ပြောမနေနိုင်ဘူးပေါ့ မမရယ်….”

“အင်းလေ… အင်းပေါ့၊ ဟုတ်မှာပေါ့ကွယ်၊ သူတို့ကိုယ်တိုင်က စိတ်ပါမှလဲ ကူညီတဲ့လူက ကူညီနိုင်မှာကိုးကွဲ၊ သူတို့စိတ်မပါဘဲ စေတနာ ရေစီးကမ်းပြို၊ လိုက်မိပြန်လဲ…. တော်တော်နေ ကိုယ့်မှာ အမှုပတ်လာမှာ စိုးရသေးတာ ကလားကွယ်….၊ အင်း…. မှချို မင်းဘဝမှာ အမှီ အတွယ်တော့ ရခဲ့ပြီ၊ မှန်ကန်တဲ့ ဘလမ်းကြောင်းကိုလဲ ခြေချမိပြီ၊မင်းဘဝကို အရင်းအနှီးပြုပြီး အညွန့် ခူးစားနေတဲ့ လူတွေလဲ



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်း သူ့လမ်း သူသွားကြမှာဘဲ၊ တနည်းမဟုတ် တနည်း ကျဆုံးကုန်မှာဘဲ၊ အခုခေတ်က မင်းတို့ရဲ့ ခေတ်....၊ အလုပ်လုပ်တဲ့ လူတိုင်းရဲ့ခေတ်၊ မူချို နားလည်ရဲ့လားဟင်၊ အေး.... မူချို အားငယ်ဖို့ မလိုပါဘူးကွယ်၊ ဒီအခွင့်အရေးကိုလဲ မူချို တန်ဖိုးရှိရှိ အသုံးချတတ်ဖို့ လိုတယ်နော်....”

မူချိုက ဝမ်းသာအားရ ပြုံးလိုက်ပါသည်။

“ဟုတ်ကဲ့....မမ၊ ဒေါ်လေးနှတို့ကလဲ မူချိုကိုရှင်းပြပါတယ်၊ မချိုတို့စက်ရုံအပန်းဖြေခန်းမှာ သတင်းစာ၊ ဂျာနယ် အစုံဖတ်ရတယ်၊ ရေဒီယိုလဲရှိပါတယ်၊ မူချိုစာဖတ်တိုင်း ဖတ်တိုင်း စာတတ်အောင်အခြေခံပေးခဲ့တဲ့မမတို့ရဲ့ကျေးဇူးကို မူချို သတိရပါတယ်၊ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ မူချို လူတော် လူကောင်းဖြစ်အောင် ကြိုးစားနေပါတယ်....မမ၊ မမကျေးဇူးကြောင့် မူချိုစာတတ်ခဲ့လို့လဲ မူချိုအသိပညာတိုးပါတယ်၊ မူချိုတို့ အလုပ်သမားတွေနဲ့လယ်သမားတွေဟာ တိုင်းပြည်သစ် ထူထောင်ရာမှာ ရှေ့ဆုံးတန်းက ပါဝင်တယ်ဆိုတာလဲ မူချို နားလည်ခွင့်ရပါတယ်။ မူချိုရဲ့လက်တွေ့ဘဝအရ ချမ်းသာတဲ့ လူတိုင်းဟာ ကုလား၊ ဗမာ၊ တရုပ် လူမျိုးပင် ကွဲလင့်ကစား ချမ်းသာတဲ့နည်းခြင်း၊ ယုတ်မာပုံခြင်း တူညီကြတယ်ဆိုတာ မူချိုစဉ်းစားမိတဲ့အခါ မူချိုချမ်းသာကြွယ်ဝလိုစိတ် မရှိတော့ဘူး။ ကိုယ့်အလုပ်ကလေးကိုဘဲ ဂုဏ်ယူမိပါတော့တယ်။ ဗမာရယ်၊ကုလားရယ်၊တရုပ်ရယ်မကွဲပြားဘဲ အချင်းချင်း စာနာမှု ညှာတာမှုနဲ့ ယိုင်းပင်းကြတာကတော့ ဘဝတူ အလုပ်သမားအချင်းချင်းဘဲဆိုတာ မူချိုလက်တွေ့သိလာရတယ်၊မူချို ဘဝလှတ်မြောက်ရေးကို ကယ်ဘင်ပေးခဲ့တဲ့ ဒေါ်လေးနှဆိုရင် ကလေးကခြောက်ယောက်နဲ့ ပင်ပင်ပန်းပန်း ဘဝကိုရုန်းကန်



နေရတဲ့သူပါ၊ ဒါပေမဲ့ မူချိုအလုပ်လုပ်ခဲ့ဘူးတဲ့ ချမ်းသာတဲ့ ဒေါ်ခင်လေးလို မူချိုကိုမဝရေစာကျွေးပြီး ဆူဆူဆဲဆဲ မနှိပ်စက်ပါဘူး....မမရ။ သမီးနဲ့မခြား မူချိုကို သဘောထားရှာတယ်၊ဆုံးမရှာတယ်၊အခုတော့မူချိုလူကြီးစိတ်ရှိပါပြီ၊မေမေမြတို့ မမတို့ဒေါ်လေးနှတို့ဆိုဆုံးမတာတွေဟာ မူချိုအဘို့တဲ့လို့ သဘောပေါက်ပါပြီ၊ဒါကြောင့် မူချိုလိမ္မာအောင်နေတယ်၊ အလုပ်ကိုလဲကြိုးစားတယ်၊ တဖက်က စာလည်းကြိုးစားလျက်ဘဲ....မမ၊ ဒေါ်လေးနှဟာမမလိုဘဲ ညတိုင်းမူချိုကိုစာသင်ပေးပါတယ်၊ ဒီနှစ်သတ္တမတန်း ဖြေခွင့်ရအောင် လုပ်ပေးမယ်လို့လဲပြောပါတယ်၊ မူချို ကြိုးစားသမျှဟာ မူချိုတကိုယ်တည်း ကောင်းစားရေးတော့ မရည်ရွယ်ပါဘူး၊ မူချိုနဲ့ဘဝတူ မိန်းကလေးတွေရဲ့ ထွက်ရပ်လမ်းကိုသူတို့မြင်လာအောင်ပေါ့မမရယ်။

“တယ်လာတဲ့မူချို”ဟု စိတ်ထဲမှ ရေရွတ်လိုက်မိပါသည်။ ကိုနိုင်ကဲမူ ပြုံးပြုံးကြီးလုပ်နေ၏။ ဆရာမဒေါ်နုနုက ဆရာမပီပီ မူချိုဦးနှောက်ကိုမည်မျှအစာကျွေးထားလေသည် မသိနိုင်ပါ။ မူချို၏ဘဝသစ် အတွေ့အကြုံများနှင့် မူချို ဝါသနာပါသော စာဖတ်ခြင်းကပင်လျှင် ဤသို့ မူချိုအား အသိတရားများပေးခြင်းလည်းဖြစ်နိုင်ပါသည်။ မူချိုသည် အပြောကြွယ်သလို တကယ်ပင်စိတ်အားထက်သန်မှု၊ နိုးကြားမှုအပြည့်ရှိနေလေသည်။

“အင်း ဒေါ်ပုခြေရှုတ်လို့သာပေါ့....သက်သက်ရာ၊မဟုတ်ရင် ဒီကလေးဟာ ဒို့လက်ထဲမှာ တကယ့် ထွန်းထွန်း ပေါက်ပေါက်ဖြစ်ရမဲ့ကလေးကွ”

ထိုညက မူချိုတို့အိပ်ပျော်သွားစဉ် ကိုနိုင်က မနှံ့ချိမခံသာ ထိုသို့တောက်ခေါက်ရေရွတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## တဆယ့်ခုနစ်

တဂျုံးဂျုံး တဂျိမ်းဂျိမ်းစက်သံနှင့်အတူ ဥမ္မာ သီတာ၊ နွယ်နွယ်နှင့် ဖိုးဂေါ်တို့က စာအုပ်ကိုယ်စီ ဖေါင်တိန်ကိုယ်စီနှင့် အလုပ်များနေကြပါသည်။ သူတို့တောင်းဆိုချက်အရ မှုချို အလုပ်လုပ်ရာ ရန်ကုန်ဆင်ခြေဖုံးတနေရာ ရှိဒကာသီဘိစက္ကတ် စက်ရုံသို့ ကျွန်မတို့လေ့လာရေး ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ အုပ်ထိန်းသူလူကြီးများအဖြစ် ကျွန်မ ကျွန်မ၏အိမ်နီးခြင်းမိတ်ဆွေ မမခင်(တချိန်က သူ့သစ်ပင်ကလေးများ မှုချို၏ဖျက်ဆီးခြင်း ခံရသူမခင်မှု)နှင့် ဆရာမဒေါ်နုနုတို့ဖြစ်ကြပါသည်။ ဆရာမဒေါ်နုနုက မှုချိုနှင့်ပတ်သက်၍ ဤစက်ရုံသို့ နှစ်ခေါက်တိတို ရောက်ဘူးပြီဖြစ်ရာ၊ သူကကျွန်မတို့အဖွဲ့၏ ခေါင်းဆောင်ဟု သာဆိုရပါမည်။

မှုချိုကိုကားမတွေ့ရသေး။ဧည့်ကြိုအလုပ်သမား ကိုယ်စားလှယ် တဦးက ယဉ်ကျေးဖေါ်ရွေစွာဖြင့်စက်ရုံကို လိုက်လံပြသပါသည်။ ဒေါ်နုနုမှအပ ကျန်သောကျွန်မတို့လူစုမှာ ယခုအသက်အရွယ်အထိ ဘိစက္ကတ်မုံ့လုပ်ခြင်းကို မမြင်ဘူး မတွေ့ဘူးကြသေးပါ၊ ထို့ကြောင့်မြင်မြင်သမျှမှာ ကျွန်မတို့အတွက်



အဆန်းချည်းသာဖြစ်နေပါသည်။ ကြီးမားသော ဒီစည်များထဲတွင် နို့မှုန့်၊ သကြားစသည့် မုံ့စပ်များ ကို သူ့အချိုးအဆနှင့် သူထည့်ကာ စက်ကလှည့်ပတ်မွှေနယ်ပေးသည်ကိုတွေ့ရ၏။

"မြင်တဲ့အတိုင်း စက်က အဲဒီလို မွှေနှောက်ပေးလိုက်ပြီး လေးဆယ့်ငါးမိနစ်အကြာမှာ နယ်ပြီးမုံ့လုံးများဟာ အပြားလိုက်ကျလာတယ်၊ ကျလာတဲ့မုံ့ထပ်အပြားကြီးကို ဟောဟိုစက်များက လှိမ့်ပေးလိုက်ကြတဲ့အခါ ပိုပြီးပါးသွားပါတယ်၊ နောက်ဆုံးမုံ့တချပ်စာသာသာပေါ့လေ၊ အဲဒီလောက် အနေကျမှ တံဆိပ်နှိပ်ပြီး သူ့ပုံစံနှင့်သူ ဒီမုံ့ကလေးတွေ ထွက်လာကြတာပါဘဲ"

အလုပ်သမားကိုယ်စားလှယ် ဦး လှရိက စိတ်မှုည်လက်ရှည်ရှင်းပြပါသည်၊ဖိုးဂေါ်ကမူ သူ့ကင်မရာကလေးနှင့် တချောက်ချောက်ဓာတ်ပုံရိုက်နေပါတော့သည်။

"ဒီလိုထွက်ကျလာတာနဲ့မပြီးသေးဘူးခင်ဗျ၊ ဒီအခြေမှာ မုံ့ကခပ်ပျော့ပျော့ဘဲရှိသေးတော့၊ ကျက်လာအောင် စက်နဲ့ အပူငွေ့ပေးရပါသေးတယ်၊ ဒီတော့မှ စားဘို့ရန်အသင့် ဘိစ်ကွတ်မုံ့ ဖြစ်လာတာပေါ့ခင်ဗျာ"

မုံ့ဖုတ်သည့် စက်ကိုညွှန်ပြကာ ဦးလှရိက ထပ်မံရှင်းပြပါသည်။ စက်တာ၊တ်လည်တိုင်း ကျလာသောမုံ့များကို အမျိုးသမီး အလုပ်သမလေးများက ကျင်လည်သွက်လက်စွာ ပလပ်စတစ် အိတ်ထဲသို့ထည့်ကြသည်မှာလည်း ကြည့်မဝနိုင်အောင်ဖြစ်ကြရပါသည်။

"ဒီဖုတ်တဲ့လူက စက်ကိုဂရုတစိုက် အပူချိန်မှန်အောင်ပေးမှ ခုလိုအမြင်အသွေးလှတဲ့မုံ့ဖြစ်လာနိုင်ပါတယ်။ အမှားအယွင်းရှိခဲ့ရင် ပျက်စီးတတ်တော့ အထူးဂရုစိုက်ရပါတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

စက်ရုံအတွက် အပျက်အစီး အလေအလွင့်မရှိရအောင် တဦးကောင်းတယောက်ကောင်းနဲ့လဲ မရပါဘူး၊ အားလုံး တက်ညီလက်ညီကြိုးစားရပါတယ်။ မှိုဖုတ်တဲ့လူကမကျွမ်းအောင် ဂရုစိုက်ရသလို၊ မှိုစပ်တဲ့ဆရာများက အချိုးအစားကျကျစပ်ပေးမှ အရသာရှိတဲ့မှိုဖြစ်လာနိုင်ပါတယ်။ မှိုပုံပေါ်သူ၊ မှိုဖြတ်ရတဲ့သူ စသည်တို့ကလဲ သူ့နေရာနဲ့သူဂရုစိုက်ကြပါမှ မပျက်မစီး၊ရောင်းပန်းလှ၊ စားသုံးသူများအတွက်ကို အရသာရှိတဲ့ မှိုလေးတွေ ဖြစ်လာကြရတာပေါ့ခင်ဗျာ”

ဦးလှရီက မှိုလုပ်ငန်းကို ပေါ့ပေါ့ ဆဆ လုပ်၍ မရကြောင်း ထင်ရှား ပေါ်လွင်လာအောင် ပြောဆိုလိုက်ပါသည်၊ ဒီထည့်ကြ၊ ပိတ်ကြ အမျိုးသမီးများ အလုပ်တွင် အာရုံစိုက်နေသလို တက်တက်ကြွကြွလုပ်ကိုင်နေသောအလုပ်သမားများကို လက်တွေ့ မြင်နေရသော ကျွန်မ တို့သည် ဦးလှရီ၏ စကား များကို မအံ့သြ တော့ပါ၊ စေတနာရောင်ပြန်ဟပ်သည့် သဘောကြောင့်ပင် ဘီစကွတ်ဆိုက-ကေသီမှုဟု ကျော်ကြားခြင်း ဖြစ်သည်ဟု ကျွန်မ စဉ်းစားနေမိပါသည်။

“ကျွန်တော်တို့စက်ရုံမှာ ဗမာ၊ ကုလား၊ တရုတ် လူမျိုးစုံတယ်ခင်ဗျ....”

ဦးလှရီ ပြောလိုက်မှပင် မှန့်ဆရာ များတွင်.... ကုလားအလုပ်သမား ပါဝင်သလို ဖိုမင်အဖြစ် တရုတ် အမျိုးသားအလုပ်သမားကို တွေ့ကြရပါသည်၊

“ကျွန်တော်တို့.... အလုပ်သမား ဘဝတူခြင်း ကတော့ တရုတ်ရယ်, ကုလားရယ် သွေးမကွဲဘဲ ချစ်ချစ်ခင်ခင် ရှိပါတယ်၊ တချိန်တုံးကဆိုရင်.... အခု ဆရာမတို့မြင်သလို တိုင်း



ရင်းသားထဲက ကျွမ်းကျင်တဲ့ မှိုဆရာတွေ မရှိခဲ့ပါဘူး၊ ဒါကလဲ မြန်မာ့ရိုးရာ မှိုလုပ်ငန်း မဟုတ်ဘဲကိုး...၊ ဆရာမရဲ့၊ ဒါပေမဲ့ တိုင်းရင်းသား အလုပ်သမား များက ကြိုးစားလေ့လာကြတာက တကြောင်း၊ ကုလားလူမျိုး မှန့်ဆရာကြီးများကလဲ ပညာမချန်ဘဲ နည်းပြ သင်ကြားပေးလို့ ခုလို တိုင်းရင်းသားထဲက ကျွမ်းကျင်တဲ့ မှိုစပ် ဆရာကြီးတွေ.... ပေါ်ပေါက်လာရတာပါ....”

ဦးလှရီက သူတို့ အလုပ်သမားချင်း ချစ်ခင်စည်းရုံးမှုကို ဂုဏ်ယူစွာဖြင့် ရှင်းပြပါသည်၊ ဦးလှရီ စိတ်အား ထက်သန်စွာ ရှင်းပြမှုကို နားထောင်ရင်း သံပုံးဌာနသို့ ရောက်လာခဲ့ကြပါသည်၊ ဤစက်ရုံမှာပင် ဒီပုံးထုတ်လုပ်ကြောင်း သိရလျှင် ကျွန်မတို့ အံ့သြမိကြရပြန်ပါ၏။

“ဒီပုံးလဲ ဒီမှာဘဲ ဖြစ်တာကိုးနော်....” မမခင်က ပြောလိုက်ပါသည်။

“ဟုတ်ပါတယ်....၊ ဒီပုံးလဲ ဒီမှာဘဲ လုပ်ပါတယ်....၊ ကုန်ကြမ်း သွပ်ပြား အနေနဲ့ကတော့ နိုင်ငံခြားကို အားကိုးနေရသေးတယ် ဆိုပါတော့ခင်ဗျာ....”

“ဟာ.... ဟိုတုံးအခါကဆို ခုလို ဘီစကွတ်တို့, ဂိုးလဒင်းပတ်တို့ ဆိုတာတွေ နိုင်ငံခြားကဲ အဖိုးကြီးကြီး ပေးဝယ်စားရသေးတာကလား၊ ဒါကြောင့် ဘီစကွတ်တို့, နိုင်လွန်ဝေဖါတို့ ဆိုတာတွေဟာ အထက်တန်းစားမှု၊ လူမမာစာ ဒီလောက် အဆင့် ရှိခဲ့ရာက ခုလို သာမန်လူတန်းစားတွေ ဝယ်ယူစားသုံးနိုင်တဲ့အဆင့် ရောက်လာတာကိုဘဲ ဝမ်းသာစရာ ကောင်းနေပါပြီ၊ နောက်တဆင့် တက်ပြီး....တောသူ တောင်သား လက်လုပ်လက်စားတွေ ဖေါဖေါသီသီ စားသုံး



www.burmeseclassic.com

www.burmeseclassic.com

နိုင်တဲ့အဆင့် ရောက်ဖို့ကတော့ ဦးလှရီတို့ တာဝန်ပေါ့နော်”

ဒေါ်နုနုက အသောလေး စွက်၍ ပြောလိုက်သည်ကို ဦးလှရီက ပြုံးနေလေသည်။

“ဒါနဲ့.... ဒီစက်ရုံက စံပြ လုပ်သားကောင်းတွေ ပေါ်ပေါက်ပြီလား ဦးလှရီ....”

“ဟုတ်ကဲ့ခင်ဗျ....၊ ဟောဟိုမှာ အလုပ်လုပ်နေတဲ့ သံပုံးဌာန အလုပ် သမားကြီး ဦးမြင့်အောင်ရယ်....၊ ဟောဟိုက ဒေါ်ခင်ထွေးရီတို့ မယဉ်မေတို့ဟာ.... စံပြလုပ်သား အလုပ်သမတွေပေါ့၊ တော်လှန်ရေး အစိုးရလက်ထက် ကုန်ထုတ်လုပ်မှု တိုးတက်စေတဲ့ အရည် အချင်းပြည့် လုပ်သားများ ပေါ်ပေါက်ရေးနဲ့ပတ်သက်ပြီး ထားရှိတဲ့ စည်းမျဉ်းအတိုင်း သုံးလတကြိမ် စစ်ဆေး အမှတ်ပေးရွေးချယ်ပါတယ်ခင်ဗျာ”

“ဝမ်းသာစရာဘဲ၊ အလုပ်သမားတွေအနေနဲ့လဲ ဟိုတုံးက ပုဂ္ဂလိက လက်အောက်ကနေ အစိုးရ စက်မှုလက်မှု ဌာနရဲ့ ကြီးကြပ်မှုနဲ့ကော်မီတီကလွဲပြောင်း ယူလိုက်ပြီး ဖြစ်လေတော့ သူတို့ဘဝ အာမခံချက်က ခိုင်လုံ သွားတာပေါ့....၊ ဒါမှလဲ သူတို့စိတ် တက်တက် ကြွကြွနဲ့ ကြိုးစားလာကြမှာပေါ့....”

စကားတပြောပြောနှင့် အလုပ်သမား အပန်းဖြေစခန်းကို ကျွန်မတို့ ရောက်လာခဲ့ကြ ပါသည်၊ အပန်းဖြေ ခန်းတွင် ရေဒီယိုနှင့် သတင်းစာ ဂျာနယ်မျိုးစုံကို အားရစရာ တွေ့မြင်ကြရပါသည်။

“အလုပ်သမားတွေ အတွက်.... ဗဟုသုတ ပညာပေးစာစောင်တွေ ဖတ်စရာ ရှုစရာတွေအပြင် အသိစိတ်ဓာတ်ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းခွင်ဆွေးနွေးပွဲလေး တွေကို လစဉ် လုပ်ပေးပါသေးတယ်....”

ဦးလှရီကစက်ရုံအကြောင်းဂရုတစိုက်ပြောပြနေပါသည်။

“ဒါနဲ့.... ဦးလှရီ ဒီမှာ မိန်းကလေး အလုပ်ကြမ်းသမားတွေကို ရှိတယ်နော်....”

တနေရာတွင် အမျိုးသမီးတစု ကုန်တင် ကုန်ချ ပြုလုပ်နေသည်ကို လက်ညှိုးညွှန်၍ ဒေါ်နုနုက မေးမြန်း လိုက်ခြင်းဖြစ်ပါသည်။

ဦးလှရီက အသံထွက်အောင် ရယ်လိုက်ရင်း.... “မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်တို့ စက်ရုံ လုပ်သားတွေ အနေနဲ့က မိသားစုစိတ်ဓာတ် ရှိကြတယ်၊ စက်မှုအတွက်ဆိုရင် မပျက်မစီး မလေလွင့် ရအောင် တိုးသည်ထက် တိုးတက်အောင် ဆိုတဲ့ အသိနဲ့ အခြေအနေက ပေးလာရင် သူ့အလုပ် ကိုယ့်အလုပ်မရွေးဘဲ ပူးပေါင်း ဆောင်ရွက် ကြပါတယ်၊ အခု ဆရာမတို့ မြင်တဲ့ အမျိုးသမီး အလုပ်သမား တွေဟာ မှိုထုပ်ဌာနကပါ၊ အလုပ်ကြမ်းသမားတွေ မဟုတ်ကြပါဘူး၊ ဒီနေ့ အကြောင်းကြောင်းကြောင့် ခွင့်ယူ သွားတဲ့ အလုပ်ကြမ်းသမား နေရာတွေအတွက် ကုန်တင် ကုန်ချ အရေးတကြီး လိုအပ်နေတဲ့အချိန် သူတို့က နေရာစား ဝင်ကူပေးကြတာပါ”

“အော်....အော်.... ဒီလိုကိုး....”

ကျွန်မတို့ လူစုက အမျိုးသမီးလေးများ စိတ်ပါလက်ပါ ကုန်တင်ကုန်ချ ပြုလုပ်နေကြသည်ကို ချီးကျူးသောမျက်လုံးများနှင့် လှမ်းကြည့် နေကြစဉ် ထိုအလုပ်သမများ အသွက်လက် ချက်ချာ၍ ပျော်တတ်ပုံ ရသော မိန်းကလေး တဦးက ကျွန်မတို့အား ပြုံးရယ်ကာ လက်ကလေး ဝှေ့ရမ်း နှုတ်ဆက်လိုက်လေသည်။ ထိုအခါမှ ဥမ္မာ မိတာ ကလေး

www.burmeseclassic.com

www.burmeseclassic.com

တသိုက်ကလည်း အဒေါ်းကျမခံ ပြန့်၍ လက်များ မြှောက်၍ လိုက်ကြလေ၏။

"ဘယ်နှယ်တုံးဗျ၊ မမှုချိုတို့ ကြိုးစား လုပ်ချလာ တန်တော့.... ပေါ်လီလား၊ အင်းလေးလား၊ ဘယ်ကိုသွား ချိန်နေကြပြီလဲ...."

ဦးလှရှိ လှမ်းအော်လိုက်မှပင် ထိုအလုပ်သမ လေးသည် မှုချိုဖြစ်ကြောင်း ကျွန်မတို့ သိသွားကြရသည်။ ထိုအခါ မှုချိုကို အမျိုးသမီး လုပ်သားများ ကြားတွင် မမြင်တွေ့ ကြရခြင်းကို နားလည်ရပါတော့သည်။ မှုချိုသည် အလုပ်ကို ခဏတဖြုတ်နားကာ ကျွန်မတို့ဆီသို့ လျှောက်လာ ခဲ့သည်။ ခေါင်းတွင်ပတ်ထားသည့် အဝတ်ဖြူ ကလေးကို ဖြုတ်ကာ ချွေးသံရွှဲနေသော မျက်နှာကလေးကို ပွတ်တိုက် သုတ်သင် လိုက်လေသည်။ မှုချိုသည် ကျွန်မတို့ကို နှုတ်မဆက်သေးဘဲ ဦးလှရှိကို မျက်နှာမူလိုက်ကာ။

"ဦးလှရှိ ဒီလိုပြောတာ ကျွန်မတို့ကို စော်ကား တာသဲ ရှင့်...." ဟု ခပ်စွာစွာကလေး ပြောလိုက်လေ၏။

"ဟောဗျ...."

"မဟောဗျနဲ့ ကျွန်မတို့က အင်းလေးသွားချင်လို့ ပေါ်လီ သွားချင်လို့ စံပြလုပ်သားဆိုတဲ့ နာမည်တလုံးနဲ့ ဂုဏ်လုပ်ချင် လို့ အလုပ်ကို ကြိုးစားနေတာ မဟုတ်ဘူးရှင့်၊ ကိုယ့်စက်ရုံက အလုပ်ဟာ ကိုယ့်တိုင်းပြည်ရဲ့အလုပ် ကိုယ့်အလုပ်မို့ မခိုမကပ် လုပ်ပေးနေတာပါ၊ ဘာကိုမှ ကိုယ်ကျိုး မြှော်ကိုးပြီး လုပ် နေတာ မဟုတ်ပါဘူးရှင့်...."

ကလေးများက မှုချိုအား လက်ခုပ်တီး ဩဘာပေးလိုက် ကြလေသည်။



"ဟာ.... ကျွန်တော်က ဒီအထိ အလေးအနက်မတွေးဘဲ ပြောလိုက်မိတာ စိတ်မဆိုးပါနဲ့ဗျာ...."

"အော်.... ဦးလှရှိနှယ်.... မဆိုးပါဘူး၊ ကျွန်မတို့မိသားစု ချင်းဘဲဟာ....၊ ဒါနဲ့ ဦးလှရှိ ဟောဒီက ဒေါ်နုနုနဲ့ ဒေါ် သက်သက်ဟာ ကျွန်မရဲ့ မိခင်တွေပေါ့ရှင်၊ ဒေါ်လေးနဲ့ကို မမတို့ ရောက်နေပြီလို့တော့ မှုချို တွေးမိပါတယ်၊ အလုပ် များနေလို့ ထွက်မကြိုနိုင်တာပါ၊ ညီ့ကြို တာဝန်ကျတွေလဲ ရှိနေလို့ စိတ်လဲချလိုပါ...."

မှုချိုက ကျွန်မတို့ကို ပြောရင်း ဆိုရင်း ဦးလှရှိနှင့်လည်း မိတ်ဆက်ပေးလိုက်ပါသည်။ ကျွန်မနှင့် ဒေါ်နုနု မိခင်နှစ် ယောက် ဖြစ်နေကြောင်းကို ဦးလှရှိ အံ့ဩပုံမပြသည့်အတွက် မှုချိုဘဝ တစိတ်တဒေသဖြစ်စေ သိပြီးဖြစ်ကြောင်းကျွန်မတို့ နားလည်ရပါ၏။ ဦးလှရှိက အံ့ဩပုံမပြသော်လည်းဝမ်းသာ စွာပြုံးရင်း။

"မမှုချိုကတော့ ကျွန်တော်တို့နဲ့ မောင်ရင်းနှမပါဘဲဗျာ၊ ကျွန်တော်တို့ အလုပ်သမား အားလုံး လိုလိုကဘဲ မမှုချိုကို မခင်မင်တဲ့လူ မရှိပါဘူး၊ ရှင်းရှင်းဆိုရရင် မမှုချိုဟာ ရုပ် လှတဲ့ မိန်းကလေးများ ဟန်ရေးပြသလိုမဟုတ်ဘဲ အလုပ်ကို ကြိုးစားသူ ဖြစ်တာရယ်၊ သူ့ဘဝကို မရှက်မကြောက် မကွယ် မဝှက်ဘဲ ပွင့်လင်းရိုးသားတာတွေဟာ ကျွန်တော်တို့ မလေး စားဘဲ မနေချင်လို့ မရဘူးခင်ဗျ၊ ဒီလို.... သမီးမျိုးအတွက် ဆရာမတို့ ဂုဏ်ယူစရာဘဲ...." ဟု ကျွန်မနှင့် ဒေါ်နုနုကိုကြည့် ကာ ခပ်သောသောကလေး ပြောလိုက်လေသည်။

"ကြားရတာ ဝမ်းသာပါတယ် ဦးလှရှိ၊ ကိုင်း...., ကျွန်မတို့ အတွက် ဦးလှရှိတို့မှာ အလုပ်စံချိန် ထိခိုက်နေမှာစိုးတောင်



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး၊ စုံအောင်လဲ ကြည့်ရှုပြီးကြပြီ၊ ကျေးဇူးလဲ အထူးဘင်တယ်ရှင်၊ ကျွန်မတို့ ပြန်ကြဖို့လဲ ကောင်းနေပြီ....”

ဒေါ်နုနုက အားလုံးကို ပြန်ဖို့ စကားစလိုက်သည်။

“နို့.... မူချိုရေ.... မူချို အလုပ် ဆင်းချိန်.... နီးပြီမဟုတ်လား၊ တခါတည်းမှ အတူ ပြန်ရအောင် ဒေါ်လေးနုတို့.... စောင့်ရကောင်းမလားကွယ်....” ဟုလည်း မူချိုအားမေးမြန်းလိုက်လေသည်။

“ဟာ.... မစောင့်နဲ့ ဒေါ်လေးနု မစောင့်နဲ့၊ မူချို ဒီနေ့ ခါတိုင်းအချိန်မျိုး အလုပ်သိမ်းလို့ ရမယ်မဟုတ်ဘူး၊ အလုပ်တွေ မပြတ်သေးဘူးလေ၊ နောက်ကျလိမ့်မယ်၊ ဒေါ်လေးနုတို့ အေးအေးသာ ပြန်ပါ....”

ကျွန်မတို့စက်ရုံတခုလုံးနှံ့စပ်ပြီမို့ အားလုံးကို နှုတ်ဆက်ကာ ပြန်ခဲ့ကြတော့သည်။ ကလေးများက သက်လက်ရွှင်မြူးနေကြသည်။ရန်ကုန်မြို့ထဲတွင်သာ အချိန်ကုန်ခဲ့ကြဘူးသော ကလေးများအဖို့ ကျေးလက်ရှုခင်းသဏ္ဍာန်၊ စိုစိမ်းသာယာသော မြက်ခင်းပြင်များနှင့် မြေနီလမ်းကိုအားပါးတရှိ ခြေချလျှောက်ခဲ့ကြသည်။

“ကလေးတွေကျောင်းပိတ်ရက် အိမ်မှာအချိန်ကုန်၊ ဘိုင်စကုတ်ရုံမှာ အချိန်ကုန်မဲ့အစား၊တခါတရံ အခုလိုဗဟုသုတလဲဖြစ်၊ အသစ်အဆန်းလဲဖြစ်အောင် မရောက်ဘူးတဲ့စက်ရုံအလုပ်ရုံတွေ လေ့လာရေးခရီးထွက်တာ အကျိုးရှိတာပေါ့ကွယ်”

ဒေါ်နုနုက ဆရာမပီပီ သွားရင်းလာရင်းနှင့်ပင် ကလေးများကိုဩဝါဒပေးနေလေသည်။

“မူမျိုတယောက်ကဖြင့် ကျွန်မ မြော်လင့်ထားတာထက်တောင် တိုးတက်နေပါလား....ဆရာမ”



ကျွန်မစကားကို ဒေါ်နုနုကပြုံးနေလေသည်၊သူ့အပြုံးသည် အလွန်ချမ်းမြေ့တည်ငြိမ်ခြင်းကို ဆောင်လျက် ကြက်ရေရှိလှသည်ကို ကျွန်မခေတ္တခဏငေးမောနေမိလည်၊အသက်အားဖြင့် သုံးဆယ်မှ ငါးနှစ်ခန့် ခြောက်နှစ်ခန့်မျှ စွန်းထွက်ဦးမည်ဖြစ်သော ဆရာမ ဒေါ်နုနုသည် တည်ငြိမ်အိန္ဒြေကြီးသော မျှပ်လက္ခဏာကြောင့် ပို၍ရင့်ရော်သယောင် ထင်မှတ်ရလေသည်။ ရှက်ကြမ်းရေချိုချောမောပြေပြစ်သော ဒေါ်နုနုသည် အနက်ခံအဆင်ရင့် လုံချည် ပေါ်ပလင်အဖြူ လက်ရှည်တို့ကို ချပ်ချပ်ယပ်ယပ်ဝတ်ဆင်ထားပြီး၊မည်းနက်ထူထဲသောဆံပင်ကိုနောက်တွင်တင်းတင်းရင်းရင်းဆွဲ၍ကိုးဖွဲ့ထားသေါကြောင့်၊ပြောင်နေသောသူ့မျက်နှာဝင်ယ် သနားကျင်နာတတ်ခြင်း၊ ဖေါ်ရွေခြင်း၊ သည်းခံ ခွင့်လွှတ်ခြင်းစသော လက္ခဏာများကမူ ကွင်းကွင်းကွက်ကွက်ပေါ်လွင်လျက်ရှိပါ၏။

မူချိုကို ဟောဒီကသက်သက် စိတ်ရှည်လက်ရှည်ပြုပြင်ပေးခဲ့ရတာပေါ့....ဆရာမရယ်။ တကယ့်အရိုင်းကလေးဘဝကနေ ကျောင်းပျော်တဲ့ကလေးတယောက်အဖြစ်နဲ့ တိုးတက်ပြောင်းလဲလို့မှမကြာသေးဘူး၊ ပွဲစားဒေါ်ပုကဲ ကုလားဖန်ထိုးပြီး သူ့လက်ထဲက လှည့်ထုတ်သွားခဲ့တာပေါ့”

ကျွန်မဘေးမှလိုက်ပါလာသူ အကြောင်းသိမခင်ကထိုသို့ တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွင်းလိုက်ပါသည်။

“အဲဒီကတည်းက အစပျောက်သွားတဲ့မူချိုကို သတင်းစာမှာ အနှိပ်စက်ခံ အိမ်စေမလေးအဖြစ် တွေ့ရမှအပ ဘယ်လိုမှ ခြေရာကောက်လို့မှရခဲ့တော့၊မူချိုဘဝတော့သွားပြီဆိုပြီး လက်လျှော့ထားလိုက်တော့တယ်။ ခုလိုအလုပ်သမလေးဘဝနဲ့ ဂုဏ်ရှိရှိတွေ့ရလိမ့်မယ်လို့နည်းနည်းမှမမြော်လင့်ခဲ့မိဘူး...ဆရာမရဲ့”



www.burmeseclassic.com

www.burmeseclassic.com

ကားမှတ်တိုင်ရောက်ပြီမို့ ကျွန်မတို့တစု ကားပေါ်တက်နေရာယူကြရသဖြင့် ကျွန်မ ဤတွင်စကားဖြတ်ထားလိုက်ရသည်။ ကျွန်မနှင့်စကားအမြင်မပြတ်သေးသူဒေါ်နုနုက ကျွန်မနှင့် ဦးမှာကြားတွင်ဝင်ထိုင်ကာ စကားဆက်ပြန်ပါသည်။

"အင်း....မူချိုခုတော့ပြောင်းလဲနေပြီပေါ့လေ၊ 'ကျွန်မနဲ့မူချိုစပြီးမိတ်ဆွေဖြစ်ကြစဉ်က အခု သက်သက်တို့မြင်ရတဲ့ အသွင်နဲ့တခြားစီပေါ့... သက်သက်ရယ်"ဆရာမက ခပ်လေးလေးဆွဲ၍စကားစလိုက်ပါသည်"

"ဟုတ်လား ...ဆရာမ၊အဲဒီတုံးကမူချိုကဘယ်ပုံစံကို၊ဆရာမနဲ့ဘယ်လိုတွေ့ကြတာလဲ....ပြောစမ်းပါအုံး"

ဆရာမသည် စပယ်ယာအနားလာပြီမို့ လက်မှတ်ဝယ်နေပြီဖြစ်ရာ ကျွန်မကအားလုံးအတွက်ကျသင့်ငွေများကို ရှင်းလင်းပေးလိုက်လေသည်။

"အဲဒီတုံးက မူချိုပုံစံကိုသိချင်ရင် ဘောဟိုခုံကထိုင်နေတဲ့ ကချတ်မလေးကိုသာကြည့်တော့ ...သက်သက်။

ကျွန်မနှင့်ဦးမှာက တရုတ်မလေးကိုမသိမသာခိုးကြည့်လိုက်ကြလေသည်။ ဆံပင်အတိုသည် ဂုတ်ပေါ်တွင် ကော့ပျံ့ဝဲနေသလို နဖူးပေါ်တွင်ဖြတ်ထားသောဆံယဉ်များက မျက်ခုံးဖုံးအုပ်မတတ်ပင်၊မျက်ခုံးမွေးကား ဇင်ယော်တောင်ပမာ အမြီးဖက်က အထက်သို့ကော့ပျံတက်နေအောင် ပုံစံယူဆွဲချယ်ထားလေသည်။ မျက်ခွံများမှာ အစိမ်းလား၊ အပြာလား၊ အညိုလား၊ အမဲလားခွဲခြားမရသောအရောင်တမျိုးဖြင့် ချယ်လှယ်ထားလေသည်။

"ဒီပုံစံအတိုင်း....ဟုတ်လားဆရာမ"

ဆရာမဒေါ်နုနုကခေါင်းညိတ်လိုက်၏။



"အစစ်ပေါ့ရှင် ဒီပုံစံမျိုးနဲ့ နေ့စဉ်ကလေးကျောင်းကြီးကျောင်းပို့နေတဲ့ မူချိုကိုကျွန်မမျက်မှန်းတန်းမိသပေါ့၊ သူဒီကျောင်းကြိုလာရင် ကျွန်မတို့ကျောင်းကဲ အချို့ယောကျ်ားလေးတွေကတောင် စပ်ဖြဲဖြဲလုပ်ကြသရှင့်။ ကျွန်မစိတ်ထဲမှာ သူ့အသွင်အပြင်ကြည့်ပြီး အိမ်ဖေတယောက်လို့တောင် မထင်မိဘူး၊ ကလေးတွေရဲဆွေမျိုးထဲကလားလို့အောက်မေ့မိတဲ့အထိဘဲ၊ ဒီထက်တော့ပိုပြီး စိတ်မဝင်စားခဲ့မိဘူးပေါ့။ တနေ့ကျွန်မကျောင်းကိုအလာ ကျောင်းရှေ့လမ်းမကြီးမှာ ခွေးနှစ်ကောင်ဟာ သဲကြီးမဲကြီးကိုက်နေကြတာတွေ့ရတယ်၊ ခွေးနှစ်ကောင်ကိုက်တယ်ဆိုတော့လဲ ခပ်ပေါ့ပေါ့ကြည့်နေကြတဲ့ လူတွေကိုဘဲ တွေ့ရတယ်ပေါ့....သက်သက်ရယ်။ အချိုကတော့ ပွဲကြီးပွဲကောင်းတခုပမာ ဟာ....ဟုတ်ပြီဟေ့၊ ဂုတ်ကြားကွ၊ ဟာ... နက်ကျော်ကြီးက ဆယ့်ငါးမိနစ်နဲ့ အလဲကိုက်တော့မယ်ဟေ့ စသည်ဖြင့် လက်ခုတ်လက်ဝါးတီး ဩဘာပေးနေတာကို တွေ့ရပါသေးတယ်။ အဲဒီအချိန်မှာဘဲ ဥသြမှုတ်သံနှင့်အတူ မီးသတ်ကားတစီးဟာ တောင်မှမြောက် အရှိန်ပြင်းပြင်းနဲ့ မောင်းလာနေပါပြီ၊ ကလေးကျောင်းပို့ရောက်နေပြီဖြစ်တဲ့မူချိုဟာ လမ်းဘေးပရိဿတ်နဲ့အတူ ခွေးနှစ်ကောင်ကိုတလှည့် တရွေ့ရွေ့အရှိန်နဲ့နီးကပ်လာပြီဖြစ်တဲ့ မီးသတ်ကားကိုတလှည့် စိုးရိမ်ကြီးစွာကြည့်နေရာက ဘာမပြောညာမပြော အနီးမှာရှိတဲ့ ဒီဟင်းခါးသည်ရဲ့ ပုဂံရေဆေးဇလုံကြီးကိုမတွဲပြီးလမ်းအလယ်မှာရှိတဲ့ ခွေးနှစ်ကောင်ကို ဗွမ်းကနဲ ပြေးလောင်းလိုက်ပါတော့တယ်။ ဒီတော့မှ သူနိုင်ကိုယ်နိုင်ကိုက်ခဲနေကြတဲ့ ခွေးနှစ်ကောင်ဟာ အရှေ့ဖက်တကောင်၊ အနောက်ဖက်တကောင် လမ်းလွှဲထွက်ပြေးသွားကြပြီး အရှိန်ပြင်းမီးသတ်ကားရဲ့ဘေးကလွတ်မထင်



www.burmeseclassic.com

www.burmeseclassic.com

ကလေးလွတ်မြောက်သွားရှာတယ်။ မူချိုကိုယ်တိုင်လည်း ကားသေးကသိသိကလေးလွတ်သွားတာကို အသဲထိတ်စရာ တွေ့ရတယ်၊ ကျွန်မမူချိုကို ရိုးမျှားတဲ့သူငယ်မအဖြစ် အမှတ်မထင်နေခဲ့ရာက လက်ငင်းမြင်ရတဲ့မြင်ကွင်းကြောင့်၊ အံ့သြချီးမွမ်းတဲ့မျက်လုံးများနဲ့ကြည့်နေမိပါတယ်။ ဒါဟာလူများတွေအမြင်မှာ အသေးအဖွဲ့ကလေး နေမှာပါဘဲ၊ ကျွန်မရဲ့ စိတ်ထဲမှာတော့ ဒီမိန်းကလေးဟာ ကိုယ့်မျက်စေ့အောက်မှာ အမြင်မတော်ကားတိုက်သေကြရမှာလဲ ခွေးပင်ဖြစ်လင့်ကစား လက်ပိုက်မကြည့်စိမ့်တတ်တဲ့မိန်းကလေး၊ တနည်းအားဖြင့် အသည်းနှလုံးပါတဲ့သူဘဲလို့မြင်မိတယ် သက်သက်ရဲ့၊ ကျွန်မကိုအတွေးနက်တယ်ဆိုချင်ဆို ဒီလိုဘာမဟုတ်တဲ့ကိစ္စလေးတွေဟာ လူတယောက်ရဲ့စိတ်ဓာတ်ကို မီးမောင်းထိုးပြတတ်တာ အမှန်ဘဲ၊ အဲသလိုနဲ့ကျွန်မရော၊ လူတော်တော်များကဘဲ မူချိုသံ မျက်လုံးတွေစုပြုံစိုက်နေမိကြတုံး စောစောကမုံ့ဟင်းခါးသည်မိန်းမက တစခန်းထတော့တာဘဲ၊ သူဝေးဝေးလံလံက သယ်ယူသွားရတဲ့ ရေကိုမပြောမဆို ခွေးကိုခလောင်းထည့်ချပါမလားဆိုပြီး ကက်ကက်လန်ရန်တွေ့တော့တယ်။ ဒါနဲ့ကျွန်မကဘဲ ကျွန်မစိတ်ဝင်စားသွားပြီဖြစ်တဲ့ မူချိုရှေ့ကမားမားရပ်လိုက်ရတာပါဘဲ”

“ဒီမှာအဒေါ်ရယ်၊ သူအခုလို မကြောက်မရွံ့ရေနဲ့သွားလောင်းလိုက်လို့သာပေါ့၊ မဟုတ်ရင် သွေးသံရဲရဲနဲ့ မျက်စေ့ရှေ့မှာ စိတ်မချမ်းသာစရာတွေ မြင်တွေ့ကြရအုံးမှာ အဒေါ့်ရေအတွက် မပူပါနဲ့ ကျောင်းခန်းထဲမှာရေတွေလိုသလောက်ရှိပါတယ်လို့ ဒီလို ဝင်ပြောလိုက်မှ မုန့်ဟင်းခါးသည် မိန်းမစွာကြီးဟာ ငြိမ်သက် သွားပါတယ်၊ ကျွန်မ ကိုယ်တိုင်က



သူမှုံလာရောင်းနေရတဲ့ ကျောင်းက ဆရာမဖြစ်လို့လဲ ပိုပြီးမျက်နှာပိုးသပ်လိုက်ပါတယ်....”

“ကဲ.... လာသမီး၊ သူ့ရေကို အစားယူပေးလိုက်ပါ့မယ်လို့မူချိုကို ကျောင်းဝင်း ရေဘုံဘိုင်က ရေကို ယူစေရပါတယ်၊ မူချိုကလဲ အမျိုးအရွယ်လေးပီပီ လူပုံအလယ်မှာ ရှိန်ထောင်ခံရတော့ ရှက်အမ်း အမ်းနေရာက ကျွန်မရဲ့ ဖေးမ ကူညီမှုကြောင့် ဝမ်းသာအားရ ဖြစ်သွားရှာတာပေါ့၊ အဲဒီကစပြီးမူချိုနဲ့ ကျွန်မဟာ မိတ်ဆွေ ဖြစ်သွားရတယ်ဆိုပါတော့....သက်သက်ရယ်၊ မုံ့စားလွှတ်ချိန်၊ ကလေးများကို မုံ့ကျွေးရင်းဖြစ်စေ၊ သူနဲ့ အလျဉ်းသင့်သလို စကားပြောခွင့် ရခဲ့တာနဲ့အမျှ တနေ့ သူ့ဘဝ အကြွပ်အတည်းကို ဖွင့်ဟ အတူအညီ တောင်းလာတဲ့အထိ မူချိုဟာ.... ကျွန်မကို လေးစားယုံကြည်လာခဲ့တယ်လေ၊ ကျွန်မကလဲ အပေါ်ယံ ပြင်ဆင်မှုမံမှုတွေ လွန်ကဲနေတဲ့ မူချိုမှာ ပင်ကိုယ်စိတ်ဓာတ် အရည်ချင်းအနေနဲ့လဲ အရောင် တင်ပေးလိုက်ရင် တောက်ပြောင်လာမဲ့ကလေးလို့ မြင်လာတာတကြောင်း၊ ဒုက္ခ ရောက်သူကိုကယ်တင်ရမဲ့ လူမှုဝတ္တရား တရပ်အနေနဲ့တကြောင်း၊ သူ့ဘဝလွတ်မြောက်လမ်းကို အကူညီ ပေးခဲ့ဘာပါဘဲ.... သက်သက်ရယ်၊ အဲ.... သူနဲ့အတူ ပါလာတဲ့ ကလေးမ အစိန်ဆိုတာကတော့ ကျွန်မတို့ မေးမြန်းစစ်ဆေးလိုက်တဲ့အခါ မကောင်းတဲ့ ဘဝမျိုးကိုတောင် ရောက်ခဲ့ဘူးဘဲ့ မိန်းကလေး ဆိုတာသိလာရတော့၊ ကျွန်မအနေနဲ့ မိတ်ဆွေ လူမှုဝန်ထမ်းအရာရှိတဦးနဲ့ ဆက်သွယ် အကူညီတောင်းပြီး နောက်ဆုံး အသင့်လျော်ဆုံး ဖြစ်တဲ့ အမျိုးသမီး စောင့်ရှောက်ရေး အသင်းကိုအပ်နှံ ပေးလိုက်ရတာပါဘဲ....”



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နုနုက အတန်ငယ် မောသွားပုံဖြင့် စကားကို ရပ်လိုက်၏။ ဘတ်စကားကလည်း တမှတ်တိုင် ရောက်တိုင်း လူများက တိုးတက်လာကြလေပြီ၊ သို့ရာတွင် ဒေါ်နုနုသည် မှုချိုအကြောင်း စိတ်ဝင်စားစွာဖြင့် ကျွန်မကို စကားဆက်လိုက်ပြန်ပါသည်။

"မှုချိုဟာ.... သူနောက်ဆုံး နေလာခဲ့တဲ့ အိမ်က စရိုက်သဘာဝလေးတွေ ငြိတွယ် ပါလာခဲ့တယ်....၊ တခြားတော့ မဟုတ်ဘူး၊ ကောင်းကောင်းဝတ်ပြီး လှချင် ပချင်တဲ့ စိတ်ဓာတ်ကလေးပါဘဲ၊ ငယ်ရွယ်သူ မိန်းကလေးမို့ အဆိုးဆိုလို့တော့ မရဘူးပေါ့လေ၊ သို့ပေမဲ့ ဒါမျိုးဆိုတာ သာမန်ထက် လွန်ကဲဖို့ မသင့်ဘူးမဟုတ်လား၊ လှချင်လွန်း ပချင်လွန်းရင် မိန်းကလေးတဦး အဖို့ မဖြစ်သင့်တာလဲ ဖြစ်သွားနိုင်တယ် မဟုတ်လား သက်သက်ရဲ၊ သူအဲဒီအိမ်မှာရတဲ့ တလ လေးဆယ်ကျပ်ဝင်ငွေဟာ အဝတ်အစားဖိုးနဲ့ ကုန်တာမို့ ကျွန်မဆီ သူရောက်လာတော့ အဝတ်စားကလဲ့ရင် ပိုက်ဆံ စုပြီးဆောင်းပြီး တပြားမှ မပါလာခဲ့တာသာ ကြည့်ပါတော့ သက်သက်ရယ်....၊ သူ့အင်္ကျီတွေ ဆိုတာကတော့ တရုတ်ချုပ် လက်ရှာသန့် ရင်ဟိုက် ကျောကွဲ တကယ့်ပုံဆန်းချည်းဘဲသက်သက်ရေ၊ ထမီတွေ ဆိုတာကတော့ ခါးသေး တင်ကားအောင်ဒေါက်နဲ့ချည်းဘဲ သိလား...."

"အင်း.... သူ့နဲ့နီးစပ်ရာ ပတ်ဝန်းကျင်ရဲ့ ရောင်ပြန်ဟပ်မှုတွေပေါ့ ဆရာမရယ်..."

"ဟုတ်ပါတယ်သက်သက်၊ ဒါပေမဲ့.... သူ့မူလ ပင်ကိုယ်စိတ်ဓာတ်အခံအနေနဲ့က အရောင်အသွေးရှိပြီးဆိုတာ ကျွန်မအကဲခတ်မိပြီးသားမို့ ဒီအပေါ်ယံ အညစ်အကြေးလောက်ကတော့ ကျွန်မ နေ့စဉ်အသိတရားပေး သန့်စင်ဆေးကြော ပေးလိုက်ရင် ရနိုင် တာပါဘဲ၊ ဘာနဲ့ တူသလဲ ဆိုတော့.... သောက်ရေအိုးစင်က ကြေးဖလား ကလေးလိုပေါ့ သက်သက်ရယ်....၊ နေ့စဉ်နဲ့အမျှ တိုက်ချွတ် ဆေးကြော သန့်စင်ထားတော့ ပြောင်ပြောင်ဝင်းဝင်း သန့်သန့် ရှင်းရှင်းနဲ့ သောက်ချင်စရာ ရေခွက်ကလေး ဖြစ်လာရတယ်....၊ တကယ်လို့.... မတိုက်မချွတ် မဆေးကြောဘဲ ပစ္စလက်ခတ် သုံးစွဲနေမယ် ဆိုရင် ကြေးညှိစော်နံပြီး သောက်ဖရေခွက်အဖြစ် အသုံးပြုခံရမဲ့အစား အိမ်သာခန်းထဲ ရောက်သွားနိုင်ပါတယ်၊ မှုချိုတို့ နုနယ်စဉ် ကလေးဘဝမှာ သက်သက်လို.... ပြုပြင်ပေးမဲ့ လူကောင်းနဲ့ တွေ့ခဲ့ရတယ်....၊ သက်သက် ပြုပြင် ပေးနိုင်လို့လဲ အခြေခံ ဂိတ်ဓာတ်ကောင်း ကလေးတွေကတော့ အမြစ်တွယ် ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီစိတ်ဓာတ်ကောင်း လေးတွေ အရည်ချင်းလေးတွေကို မတိုက်မချွတ် အရောင်မတင်ဘဲ အိမ်ဖော ကျွန်အဖြစ် ပစ္စလက်ခတ် အသုံးစွဲခံခဲ့ရတဲ့ မှုချိုဟာ ကျွန်မ လက်ထဲရောက်တော့ အတော်လေးဘဲ ကြေးညှိတက်စပြုနေတဲ့ သဘောပါဘဲ၊ ဒီအခြေရောက်အောင် ကျွန်မ ဘယ်လောက် ကြိုးစားရမယ် ဆိုတာ သက်သက် စဉ်းစားသာ ကြည့်ပါတော့လေ...."

"ဒါတော့.... ယုံပါတယ်.... ဆရာမရယ် ယုံပါဘယ်....၊ ကျွန်မ ကိုယ်တွေ့မို့ ပိုပြီး ယုံပါတယ်၊ ကျွန်မတောင် ဘယ်လောက်သည်းခံပြီး စိတ်ရှည်ရှည် ပျိုးထောင်ခဲ့ရတယ်ဆိုတာ အိမ်နီးချင်း ဟောဒီ မမခင် အသိဆုံးပေါ့ ဆရာမရယ်..."

ဘေးခုံတန်းမှမမခင်က အသာအယာပြုံးပြလိုက်ပါသည်။

"ငယ်တုံးတော့ ငယ်စဉ်မို့တမျိုး....၊ အပျိုအရွယ်ကလေး





www.burmeseclassic.com

www.burmeseclassic.com

[illegible]တော့ တမျိုးထိန်းရ၊ သိမ်းရ၊ အသိဉာဏ်ပေးရအော နည်းနည်းနေ့ာနော တာဝန်ကြီး မဟုတ်ဘူးနော် ဆရာမ၊ ဆရာမလို စိတ်ထားမျိုးမို့သာပေါ့၊ ကျွန်မတော့ ဆရာမကို သိပ်လဲ ကျေးဇူးတင်တယ်၊ ချီးလဲ ချီးကျူးတယ်....၊ တကယ် ပါဘဲ...."

"ဒါလောက်လဲ မဟုတ်ပါဘူးရှင်....၊ မူချိုမှာ အခြေခံ အနေနဲ့ သက်သက်က ပုံသွင်းပေးပြီးမို့ ကျွန်မ အနေနဲ့က.... အရောင်တင်ဖို့ သန့်စင်ဖို့ဘဲ ယိုတာပါ...."

ရန်ကုန်မြို့ထဲသို့ ချဉ်းနင်း ဝင်ရောက်လာပြီမို့ ကားသည် လည်း တမှတ်တိုင်ရောက်တိုင်း လူတွေတိုး၍တိုး၍လာခဲ့ပါပြီ။

"လာအဖွား.... ဒီမှာထိုင်ပါ...."

ကျွန်မအနားသို့ ရောက်လာသော အဖွားအို တယောက် နှင့် မိန်းမငယ်အား ကျွန်မနှင့် ဆရာမက နေရာ ဖယ်ပေး လိုက်ကြပါသည်။ အဖွားအိုက ပါးစပ်မှ ဖွင့်ဟ၍ ကျေးဇူး တင်စကား မဆိုသော်လည်း ကျေးဇူးတင် ဝမ်းသာသော မျက်နှာနှင့် ကျွန်မဖယ်ပေးသော နေရာတွင် ဝင်ထိုင်လိုက် ရှာပါသည်။ မမခင်တို့ ဖိုးဂေါ်တို့ မှာလည်း ကားနောက် ပိုင်းသို့ တရွေ့ရွေ့ ရောက်သွားပြီ ဖြစ်ပါ၏။ကျွန်မတို့လည်း စကားမျှင်ကို အစဖြတ်ကာ လူစုမကွဲရန်နှင့် ကိုယ်ဆင်းရမည့် မှတ်တိုင်မလွန်ရန် အာရုံထားလာ ကြရပါတော့သည်။





"ဒေါက်....ဒေါက်....ဒေါက်...."

"ဒေါက်....ဒေါက်...."

နံနက်ခင်း ရုံးသမား၊ ကျောင်းသမားများ အတွက်.... ကျွေးရန်, ကမွေးရန် ချက်ပြုတ် ကြော်လှော်ရ ထည့်ပေးလိုက် ရမည့် မုံ့ဗူးများ၊ ခေါက်ဗူး၊ ရေဗူးများ ပြင်ရဆင်ရအလုပ် များနေချိန် တဒေါက်ဒေါက် တံခါးခေါက်သံက အဆက် မပြတ် ကြားလာရသည်။

"အိမ်ရှေ့မှာ ကိုနိုင် မရှိဘူးထင်တယ်...."

"ဖေဖေ အိမ်သာထဲ သတင်းစာနဲ့ ဝင်သွားတယ်မေမေ၊ ကိစ္စမရှိဘူး၊ မေမေမြ အိမ်ရှေ့မှာ ရှိနေပါတယ်...."

"အေး....အေး.... ဒီလိုဆို တော်သေးရဲ့၊ ဒီမှာ.... မေမေ လက်မအားဘူး...."

ကျွန်မသည် မီးဖိုပေါ်မှ ထမင်းကြော်ကို အိုးမကပ်စေရန် ဂရုစိုက်နေရသည်။ ဆန္ဒင်းကလေးဝါဝါ၊ ပဲပြုတ်နှင့် ခရမ်း ချဉ်သီး၊ ကြက်သွန်နီ အကွင်းကြီး ရောနှော ပါဝင်သော ကျွန်မ၏ ထမင်းကြော်နံ့က သင်းတပျံ့ပျံ့ ရှိနေပါ၏။ သမီး



www.burmeseclassic.com

www.burmeseclassic.com

ညွှာတာ ထမင်းကြော်နှင့် တွဲဖက်ရန် ရေနွေးကြမ်းအိုးပြင်ဆင်နေသလိုသီတာကပန်းကန်ပြားများအဆင်သင့်ချနေပါသည်။

"ကိုင်း.... သားတို့သမီးတို့စားနှင့်ကြ ဟုတ်လား၊ ဖေဖေတို့ဖို့ ဦးချဖို့မမေ့နဲ့အုံး၊ မေမေအိမ်ရှေ့ခဏသွား လိုက်အုံးမယ်"

ကျွန်မက ထမင်းကြော် ဒယ်အိုးကို ဖိုပေါ်တွင်ပင် မီးငြိမ်း၍ တင်ထားလိုက်ပြီး လက်ဆေးကာ ထွက်လာ ခဲ့ရပါသည်။

"ဟောဒီမှာ.... ဆွေဆွေက စာပေးလိုက်တယ်သက်သက်ရေ...."

ကျွန်မ မီးဖိုဆောင်မှ.... ထွက်ထွက်ချင်း စာအိတ်လေးကိုင်ဝင်လာသော ဒေါ်ကြီးနှင့် ပက်ပင်း တိုးပါသည်။

"ဟုတ်လား.... ဒေါ်ကြီး၊ ဘယ်သူ လာပေးတာလဲ...."

"ဆွေဆွေသားအကြီးလို့ ပြောတာဘဲ...."

"အော်.... ဖရက်ထင်တယ်...."

"ဖရက်တော့ ဟုတ်မယ်မထင်ပါဘူးအေ၊ ကောင်လေးက သိမ်သိမ်မွေ့မွေ့ပါ၊ ဖရက်ကို ငါ့ဝိုးတိုးဝါးတား မြင်ဘူးတာဖြင့် လမ်းသရဲရုပ်ကလေး မဟုတ်လား...."

"ဒေါ်ကြီးက မထိုင်ခိုင်းဘူးလား...."

"ခိုင်းပါသော်ကော....၊ သူက အလုပ် သွားရအုံးမှာမို့ ဆိုပြီးချက်ချင်းပြန်လှည့်သွားတော့ငါလဲ မတတ်နိုင်ဘူးပေါ့"

"အလုပ်.... ဘယ်ကအလုပ် ဖရက်မှ ဟုတ်ရဲ့လား...."

ကျွန်မသည် စိတ်ထဲ ဇဝေဇဝါနှင့်ပင် ဆွေဆွေနှင်းဆီ လက်ရေးနှင့် စာအိတ်ကလေးကို ကမန်းကတန်းဖေါက်သိုက်ရပါသည်။



ရန်ကုန်
၁၉၆၉ စက်တင်ဘာ ၁၈ ရက်။

သက်

မင်းနဲ့ဆွေဆွေ မတွေ့ရတာ ကြာသွားပြန်ပြီ၊ ကြာမှာပေါ့၊ ဆွေဆွေမှ မင်းဆီ မလာနိုင်တော့ တာကိုး....၊ ကိုထွန်းနိုင်ရိုးကို ဖုံးဆက်အုံးမလို့ စိတ်ကူးတော့ရပါတယ်၊ ဒါပေမဲ့.... ဆွေဆွေလဲ စိတ်ခပ်ပျက်ပျက်ရှိတာနဲ့ဘယ်သူ့ဆီမှလဲ အကူညီ မတောင်းချင်တာနဲ့ဘဲ ဒါလောက်ကြာသွားတယ် ဆိုပါတော့၊ လွန်ခဲ့တဲ့ သုံးလလောက်ကဘဲ ကိုကိုအဖမ်းခံရတယ်၊ ညဥ့်ဆယ်နာရီလောက် ထောက်လှမ်းရေးက လာခေါ် သွားတာ ပါဘဲ၊ အိမ်ကိုလည်း တော်တော် စုံစုံလင်လင် အရှာအဖွေခံရတယ်၊ စာရွက်စာတန်းအချို့ သိမ်းဆည်းသွားတယ်၊ ရွှေငွေ လက်ဝတ်လက်စားများ ချိန်တွယ် စစ်ဆေး မှတ်သားသွားတယ်၊ စီးပွားရေးနဲ့ ပတ်သက်ပြီး ကိုကို ဘာတွေဘယ်လိုခြေရှုတ်ထားတယ်ဆိုတာ ဆွေဆွေလဲ မသိတာ အမှန်ဘဲ၊ သူ့အလုပ်ကိစ္စနဲ့ ပတ်သက်ရင် ဟိုတုံးကလဲ ဘာမှဆွေဆွေကို ပြောလေ့ပြောထ မရှိခဲ့ဘူး၊ ဆွေဆွေတို့အိမ်က လူတွေအနေကလဲ ကောင်းကောင်းဝတ် ကောင်းကောင်းစားရရင် ကျေနပ်တာဘဲ၊ ဘာမှ သိအောင်လဲ မကြိုးစားခဲ့ဘူးပေါ့ကွယ်၊ ဆွေဆွေတို့.... မတင်းတိမ် မရောင့်ရဲမှုရှိသင့်တဲ့ အတိုင်းတာထက် လွန်ကဲပြီး ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းကြွားချင်မှုကြောင့်လဲ ကိုကို ဒီအဖြစ်မျိုး ဖြစ်ရတယ်လို့.... ဆွေဆင်ခြင်မိပါပြီ သက်ရယ်...၊ ခုတော့....။



www.burmeseclassic.com

www.burmeseclassic.com

"**သက်ရေ**…သက်သက်…"

**ကျွန်မ** စာဖတ်ဆဲတန်းလန်းအိမ်သာမှဆင်းလာသူကိုနိုင်၏ အသံကို ကြားရပါသည်။

"ဒီမှာကိုနိုင်….၊ ဆွေ့ဆွေ့ဆီကစာရလို့ ဖတ်နေတယ်….၊ ဦးမျိုးလတ် အဖမ်းခံရလို့တဲ့…."

ကိုနိုင်ကသတင်းစာကြီးတန်းလန်းနှင့် ကျွန်မအပါး ကပ်ကာ ကျွန်မနှင့်ရောကာ စာကိုဆက်ဖတ်ပါသည်။

ခုတော့ နှောင်တတရားအပြည့်နဲ့ ကိုကိုလွတ်လာမဲ့ရက်ကိုစောင့်စားနေရတော့မှာပေါ့ကွယ်။ အခု ဆွေဆွေတို့ သားအမိကိုမင်းမြင်စေချင်တယ်၊ ဟိုတုန်းအခါက ကုမ္ပဏီပိုင်ရှင်၊ လိုင်စင်သူဌေးတဦးရယ်လို့ဝိုင်းဝိုင်းလည်ခစားခဲ့တဲ့လူတွေ၊ ဆွေဆွေတို့ညှော်ခံပွဲမှာ တပျော်တပါးစားသောက်ခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ ပျောက်ကွယ်သွားပြီဖြစ်တဲ့ ဆွေဆွေတို့ရဲ့ အရှိန်အဝါတွေနဲ့အတူ ပါသွားပြီလား အောက်မေ့ရတယ်။ လမ်းမှာမရှောင်သာမထိမ်းသာတွေ့လာတောင်မှ အကူအညီပေးရမှာစိုးလို့ ဟက်ဟက်ပက်ပက်မရှိကြဘူးကွဲ၊ ကိုယ့်ခင်ပွန်းသည် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကြိုးစားချင်လို့ ဆွေကဇွတ်ခေါင်းရှိ သွားတွေ့တာတောင် ခဏခဏမလာစေချင်ဘူးညီမရယ်၊ တော်တော်နေ တန္တယ်ငင်တစင်ပါသူတို့ကိုပါ သက်ဆိုင်ရာကတမျိုးတမည်အထင်လွဲသွားမှာစိုးပါသတဲ့လေ၊ ဘယ်လောက်များအသည်းနာစရာကောင်းသလဲ။ ဒီတော့မှဘဲ ဆွေဆွေစဉ်းစားမိတယ်၊ အော်….ငါကျင်လည်တဲ့ဘဝ ငါ့အသိုင်းအဝိုင်းဟာ ဟန်ဆောင်မှုစစ်စစ်ပါလား၊ အတုအယောင်ဆောင် မိတ်ဆွေတွေပါလားရယ်လို့လေ။ တကယ်တော့ သူတို့ကို အဆိုးဆို



လို့တော့မရဘူး။အများအားဖြင့်လူတွေဟာ **ကိုယ်ကျိုးကို** ထိခိုက်လာမှာဆိုရင် အတော်ဘဲထိတ်လန့်ကြတာကလား သက်သက်ရ။ အင်လေ….ဆွေဆွေကိုယ်တိုင်ကရော လူတွေကို စစ်မှန်တဲ့မေတ္တာနဲ့ပေါင်းခဲ့တာလား။ကိုယ့်ကိုယ်ကိုဝေဖန်ကြည့်တော့ မဟုတ်ဘူးသက်၊ မဟုတ်ဘူး။ စစ်မှန်တဲ့ မေတ္တာနဲ့ ပေါင်းခဲ့တာ နည်းပါးပြီး၊ ကိုယ်ကြိုးအတွက် ကိုယ့်အလုပ်ကိုးတက်ရာတိုးတက်ကြောင်းအတွက် ပေါင်းခဲ့ သင်းခဲ့ ကျွေးမွေးခဲ့ ညှော်ခံခဲ့တာကလားကွယ်။ ထားပါတော့လေ၊ဒါတွေဟာပြီးခဲ့ပြီးပြီ အရှုံးထဲကအမြတ်ဆိုတာလို ဒီအထဲကသင်ခန်းစာယူရတာဘဲ….သက်ရေ။

ခုလိုအချိန်မှာ ဝမ်းသာစရာကလေး တချက်ကတော့ ဆယ်တန်းအောင်စာရင်းမှာ ဆွေဆွေ့သားဖရက် နာမည်ပါခဲ့တာပါဘဲကွယ်။ ဒါနဲ့ သားနာမည်က ဖရက်မဟုတ်တော့ဘူးကွဲ။ ဇော်ဦးဖြစ်နေပြီ။ သူ့ဆန္ဒအလျောက် သူ့အကြိုက်ပြောင်းတဲ့နာမည်ကွဲ။သားဟာသူ့မိုက်မဲမှုအတွက် ရုံးပြင်ကနား ရောက်ပြီးကတည်းက စတင် ပြောင်းလဲလာခဲ့တယ်။ အထူးသဖြင့် သူ့ကိုပညာပေးဆုံးမလိုက်တဲ့ တရားသူကြီးဟာ သူအလွန်စွဲလွန်းနေတဲ့မိန်းကလေးရဲ့ဘခင် ဖြစ်နေတာရယ်၊ အဲဒီမိန်းကလေးက သူ့ကိုအထင်သေးစွာနဲ့ငြင်းပယ်လိုက်တာရယ်က သူ့စိတ်ကိုအတော်လေး လှုပ်ရှားစေတယ်လို့ ဆွေဆွေထင်ထယ်။ဘယ်လိုကြောင့်ဘဲဖြစ်ဖြစ် ဒီအချက်တွေဟာဆွေဆွေ့အတွက်ချက်ကောင်းဘဲသက်ရဲ့။ ဆွေဆွေတို့မှာလဲ ဒီသားအတွက်အတော်စိတ်ထိခိုက်ရတာကလား။ အားလုံးကလဲ သားသမီးမကောင်း မိဖခေါင်း ဆိုတဲ့အတိုင်း ဆွေ့ဆွေတို့ကိုလက်ညှိုးထိုးကြတယ်။ အစက



www.burmeseclassic.com

www.burmeseclassic.com

တော့မခံချင်ဘူးပေါ့ကွယ်။ စေ့စေ့တွေးကြည့်တော့မမြင်နိုင်အောင် မှန်တာပေါ့....သက်ရှယ်။ အယက်တန်းကျကျနေမယ်၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားမယ် ဒါကတော့ဆွေတို့ဝါဒဘဲ။ ဒီဝါဒနဲ့လဲညီ ငွေပေးဝယ်လို့ရသမျှကိုတော့ သားသမီးတွေ အလိုဆန္ဒပြည့်ခဲ့တာချည်းဘဲလေ။ အရာရာမှာ အရံသင့် လိုလေသေးမရှိရအောင် ကောင်းကောင်းဝတ်စားနေထိုင်လာရသူပီပီ သူတို့အဖို့မှာ ပူရတယ်၊ ပန်ရတယ်၊ ပင်ပန်းတယ်၊ ချွေးထွက်ရတယ်ဆိုတဲ့ ဝေါဟာရကိုသူတို့နားမလည်တော့ဘူး။ နားလည်အောင်လဲမကြိုးစားဘူး၊ သူတို့လိုတာကိုလက်ဖြန့်လိုက်ရင်မိဖဆီက လွယ်လွယ်လေးရတယ်လို့ထင်လာကြရတာလဲမဆန်းတော့ဘူးပေါ့။ ဆွေဆွေတို့ကအလိုလိုက်မှားခဲ့တယ်မဟုတ်လား သက်ရှဲ။

ဒီအထဲမှာဖရက်ကတော့သာအထူးခြားဆုံးဘဲ၊ ငယ်စဉ်ကတည်းက သူဟာမိဖကထိုင်ဆိုထိုင်တဲ့ကလေး မဟုတ်ဘူး၊ ဖရက်ရဲ့ငယ်စဉ်ဘဝကိုပြန်တွေးမယ်ဆိုရင်စားစရာ၊ သောက်စရာ၊ ကစားစရာတွေ အကောင်းဆုံး၊ အဖိုးတန်ဆုံးတွေ ငွေနဲ့ လွယ်လွယ်ဝယ်ပေးခဲ့ပေမဲ့၊ အစားထိုးမရတဲ့ မိဖမေတ္တာရင်ငွေ့ကို ရာနှုန်းပြည့်ခိုလှုံခွင့်မရတဲ့ကလေးလို့ ဆိုရတော့မှာဘဲ။ ဆွေကနို့ဗူးတိုက်တဲ့မိခင်မို့လားမသိ သားသမီးကနီးတော့ လေးနှစ်အတွင်းကလေးသုံးယောက်ဖြစ်ခဲ့တယ်။ ဒီအထဲ ဆွေဆိုတဲ့ဆွေဆွေကလဲ ကလေးပြုစုဖို့တော့ နည်းနည်းမှဝါသနာမပါဘူး၊ စိတ်လဲမရှည်ဘူး၊ နာနီလက်ဝကွက်အပ်ထားလိုက်တာဘဲ။ ဆွေဆွေလှလှပပဝတ်စားပြီး ရှော်ရှင်သွားခါနီးများ ဆွေဆွေနားလာရှုပ်ရင် ပေါင်



သားလေး အသာလိမ်ဆွဲလိုက်မိတဲ့အထိ မိုက်မဲခဲ့တာပေါ့ သက်ရှယ်။ ကိုကိုဆိုတာကလဲ သူ့အလုပ်သူ့မိတ်ဆွေတွေနဲ့ ထာဝရအလုပ်ရှုပ်နေတဲ့လူကလား။ ဒါကြောင့် မိဖစုံလင်ရှိရက်နဲ့ ရင်အုပ်မကွာယုယမဲ့လူ၊ ရင်အုပ်မကွာစည်းကမ်းပေးမဲ့လူ ကင်းမဲ့သလို ဖြစ်မနေဘူးလား။ အင်းလေ.... ခုတော့ ဒီရာဇဝင်ကြောင်းတွေ ဆပ်နေရပြီပေါ့။ ဒီသားကို အညွန့်မတုံးခင် ကြိုးစားပြုပြင်ဖို့ ဆွေဆွေတို့တာဝန်ဘဲ၊ အပြုသဘောနဲ့ဝေဖန်ကြတဲ့ ပတ်ဝန်းကျင်ကို အာဃာတမထားဘဲ ဒီပတ်ဝန်းကျင်နဲ့လဲလက်တွဲခဲ့ရတယ်....သက်ရှေ။ သားဟာ ကျန်ကလေးနှစ်ယောက်ထက် စိတ်ဓာတ်ပြင်းတယ်၊ ပြင်းထန်တဲ့ကလေးမို့လဲ ဒီအခြေရောက်ခဲ့ရတာကိုးကွဲ၊ လူငယ်ဆိုတာသူတို့အစွမ်းအစလေးတွေတယ်ပြချင်တာကိုး။ သူနဲ့သက်တူရွယ်တူကလေးတွေ ကောလိပ်ကျောင်းသားကြီးတွေအဖြစ်၊ အချို့ကလဲ အလုပ်သမားတွေအဖြစ် မျက်နှာပွင့်နေချိန် သူတို့မှာတော့လူတိုင်းရဲ့အထင်သေးစာအော့နှလုံးနာခြင်းခံနေရတဲ့အဖြစ်ကို တဖြည်းဖြည်း မြင်လာတယ်။ မြင်လာအောင်လဲသွေးထိုးလှုံ့ဆော်ရတာကိုးကွဲ။ ဒီတော့ မခံချင်စိတ်နဲ့ကြိုးစားချင်စိတ် ဖြစ်ပေါ်လာတယ်။ မင်းအကြံပေးသလိုညပိုင်း လူငယ့်ရေးရာဘက်ပြီး တနေ့လည်သုံးအားလပ်နေတဲ့သားကို အချိန်အလဟဿမဖြုန်းနိုင်အောင် သုံးကျပ်ဆယ့်ငါးပြား နေ့စားအလုပ်ကို သူ့ဦးရီးတော်တဦးဘာ ကြံဖန်မစလိုက်တဲ့အခါကျ ပိုပြီး ဘဝဆိုတာသဘောပေါက်သွားတယ်ထင်ပါတယ်။ တာဝန်က တဖက်ကဖိလာတော့ ခြေငြိမ်သင့်သလောက်ငြိမ်သွားတာတွေ့ရတယ်။ ထမင်းကို ထမင်းအိုးကရတယ်ဆိုတဲ့အသိ



www.burmeseclassic.com

www.burmeseclassic.com

ဟာလဲ ကိုယ်တိုင်အလုပ်လုပ်မှုပျောက်သွားတာကလား.... **သက်ရှေး** အခုလိုသူတို့အဖေကိစ္စကပေါ်ပေါက်လာတော့ **မှုပြီးလောက**ကို နားလည်သွားတာပေါ့။ ဆွေဆွေ ကြိုး**စား**မှုဟာ အရာရောက်သလောက်ရောက်တယ်။ ဒါဟာလဲ သားကိုယ်တိုင်က သမ္ဘာရင့်နေတဲ့ လမ်းသရဲစစ်စစ်မဟုတ်သေးလို့လားတော့ မပြောတတ်ဘူး။ ခုလိုရေးလိုက်လို့ ဆွေဆွေ့သားဟာ ခြောက်ပစ်ကင်းစင်းလုံးချော့ဖြစ်ပြီလို့ မယူဆလိုက်နဲ့အုံး။ လိုသေးတယ်သက်ရှေ အများကြီး အများကြီးဘဲပေါ့၊ ဒါပေမဲ့ အရင်ကလမ်းသရဲဖရက်နဲ့စာရင် အခု အိမ်တစ္ဆေလေးဇော်ဦးအဖြစ်နဲ့ အများကြီး အိနြေ့ရနေပြီလို့ဆိုနိုင်ပါပြီကွ....။ ဒီအတွက် မင်းတို့လဲတတ်နိုင်သလောက် ကူညီပါအုံး၊ ဆုံးမပါအုံး၊ အားပေးပါအုံးဆိုတာ ဖိတ်ခေါ်လိုက်ပါရစေကွယ်။

ကိုင်း....သက်စာလဲရှည်ပြီ တော်အုံးမှယ်၊ စကားမစပ် မင်းခေါ်ပုလဲ မှောင်ခိုမှုနဲ့ထောင်ဒဏ်ကျနေတယ်လို့ကြားရတယ်။ ဒါကြောင့်မပိန်ကီးကို တယောက်ထဲဟဲ ရွာပြန်လွှတ်လိုက်ရတယ်။ အိမ်မှာကလေးငယ်မရှိတော့ မှုဆေးလဲ အလုံပြန်သွားပြီ။ အားကိုးစရာ သားနုစ်ယောက်တောင်ရှိနေပြီမို့ ဒရိုင်ဘာဆာမိလဲ အလုပ်ထွက်ခွင့် ပေးလိုက်ပြီလေ၊ ဆွေဆွေလဲအခုအရင်ကလို လပ်ယားလပ်ယား လမ်းမများနိုင်တော့ဘူး။ မင့်အသုံးအနှုန်းနဲ့ရေးရရင် အစေခံ တလှေကြီးမရှိလို့ ဒေါ်မယ်ခကြီးနဲ့အတူအိမ်မှုကိစ္စနိုင်နင်းအောင်ထိန်းသိမ်းနေရတယ်ကွဲ။ ဆွေဆွေတို့ဒေသစိတ်မှာ အမျိုးသမီး အိမ်တွင်းမှုသင်တန်းပေးလို့ ဆွေဆွေ တက်ခဲ့သေးတာပေါ့။ အစတော့ဆွေဆွေကိုဟိုတုံးကငယ်ထားတဲ့ လျှပ်စင်အပ်ချုပ်ဇက်ကလေးဟာ ထမီ ပုဆိုးလောက်ချုပ်နေခဲ့ရာက ခုလိုချေတာရေး အလေးထားရမှန်း သိလာတဲ့အချိန်မှ ကိုယ်တိုင်အချုပ်အလုပ်ကလေး တတ်ထားချင်တာနဲ့ သင်တန်းတက်ခဲ့မိတာသက်ရှဲ။ ဒါပေမဲ့ သင်တန်းကာလအတွင်းမှာဘဲ တဖြည်းဖြည်း ဆွေဆွေတို့ အိမ်ရှင်မတွေရဲ့အရေးပါအရာရောက်ပုံ အိမ်တွင်းမှုနဲ့ လူမှုရေး၊နိုင်ငံရေးဆက်သွယ်နေပုံတွေ သဘောပေါက်လာခဲ့တယ်။ ခုတော့ ဆွေဆွေလဲ ချုပ်လုပ်မှုတွင်မကဘူး၊ ဒီသဘောတွေပါ စိတ်ဝင်စားသွားမိပြီပေါ့။

ကိုင်း သက် တော်ပြီဟော့၊ အားလပ်တဲ့အချိန်မှာတွေ့ကြရသေးတာပေါ့။

လူပြောင်းလဲပေမဲ့ခင်မင်မှုမပြောင်းလဲတဲ့
ဆွေဆွေနှင်း

ဆွေဆွေ့စာကို ဤတွင် အဆုံးသတ် သွားပြီ၊ ကျန်မရင်တွင်းဝယ် ဝမ်းနည်း ဝမ်းသာခြင်းများ ရှုတ်ရှက်ခတ်ဘောင်ဘင်ရိုက်ပြီး ကျန်နေသည်။ ဝမ်းနည်းခြင်းက ခင်ပွန်းသည်အတွက် ပူပင်သောက ဖြစ်ရရှာမည့် ဆွေဆွေ့အားကိုယ်ချင်းစာမိ၍ဖြစ်ပြီး ဝမ်းသာရသည်က ဖရက်၏ ပြောင်းလဲမှုနှင့် ဆွေဆွေ၏ နောင်တတရားမှ ဝင်စားလာသည့် အသိတရားများကြောင့်ပင် ဖြစ်ပါသည်။

"ဟော့သက်.... ဆွေဆွေ့စာကိုဖတ်ပြီး သိပ်လဲ အကုန်ဝမ်းသာ မဖြစ်လိုက်နဲ့၊ ဟောဒီမှာ မင်းဝမ်းသာစရာတခု ကျန်သေးတယ်ဟော့...."

ကိုနိုင်က ကျန်မပုခုံးကိုပုတ်ကာ လက်ထဲမှ သတင်းစာကို ထိုးပေးလိုက်ပါသည်။ ကျန်မက ယောင်ချာချာပင် သတင်း



www.burmeseclassic.com

www.burmeseclassic.com

**စာကိုလှမ်းယူကာ** ကိုနိုင် ထောက်ပြသည့် နေရာကိုကြည့်၍ ဖတ်လိုက်ရပါသည်။ စံပြလုပ်သား အမည်စာရင်းတွင် မှုချို အမည်နှင့်အတူ မှုချိုဓာတ်ပုံကို မြင်တွေ့လိုက်ရသည့် ခဏ ကျွန်မ၏ရင်တွင်းမှ ခံစားရသည့် ဝမ်းသာ ကြည်နူးမှုကား မဖေါ်ပြနိုင်လောက်အောင်ပင် ဖြစ်ရပါသည်။

"မှုချို.... စံပြလုပ်သား ရွေးခံရဘယ်ဟေ့...."

ကိုနိုင်၏ အသံကြီးက တအိမ်လုံး လွှမ်းမိုးသွားသည်နှင့် အားလုံး အလုအယက် မှုချိုပုံကို ကြည့်ကြသည်။ ဤဘကြိမ် သတင်းစာတွင် မှုချိုပုံကို မြင်တွေ့ကြရခြင်းသည် ဟိုတချိန်က အနှိပ်စက်ခံအိမ်စေမလေးမိချိုအဖြစ် တွေ့ကြရခြင်းနှင့် ခံစားမှုချင်းက ခြားနားလွန်းလှသည်။ လူဘဝအတွက် အသွင်းဆဲခံ အလုပ်ကျွေးပြုဘဝမှ တိုင်းပြည်ကို အလုပ်အကျွေးပြုသော လုပ်သားကောင်းအဖြစ် စင်တော်ကကောက်ခြင်းခံခဲ့ရပေပြီ။

"ဒါကြောင့်.... ကမ္ဘာကျော် စစ်သေနာပတိကြီး နပိုလီယံက ပြောတာပေါ့၊ ကျွန်ုပ်၏ အဘိဓာန်တွင် မဖြစ်နိုင်ဘူး ဆိုတဲ့ စကားလုံးမရှိဘူးတဲ့၊ ကြိုးစားရင် ဖြစ်နိုင်တာချည်း ပေါ့ကွာ...."

ရုံးချိန် နောက်ကျမည်စိုးသောကြောင့် ထမင်းကို ကမန်းကတန်း စားရင်း ကိုနိုင်က ထိုသို့ မှတ်ချက်ချလိုက်ပါသည်၊ ဒေါ်ကြီးမှစ၍ တအိမ်လုံး မှုချိုအတွက် ဂုဏ်ယူဝမ်းသာနေကြသည်။ ကိုယ်တိုင် ဝမ်းသာရုံမက.... ဒေါ်ကြီးက မူဘေး အိမ်မှ ဦးတင်အောင်နှင့် မမခင်ကိုပါ လှမ်းအော်၍ သတင်း ပေးလိုက်ပါသေးသည်။

မြှော်လင့်ထားသည့် အတိုင်း ထိုညနေ မှုချို ကျွန်မတို့ အိမ်သို့ ပေါက်ချ လာပါသည်။ သစ္စာရှိသော မှုချိုသည်



ကျွန်မတို့နှင့် ပြန်လည်တွေ့ဆုံသည့်တိုင် ဆရာမ ဒေါ်နုနုကို မခွဲခဲ့ချေ။ သူ့ဘဝ ပထမပိုင်းကို မျိုးထောင် ပေးခဲ့သည့် ကျွန်မတို့အား ဘဝ ဒုတိယပိုင်း၌တွင် မြေတောင် မြှောက်ခဲ့ သည့် ဒေါ်နုနုတို့နှင့် ညီမျှသော မေတ္တာများ ထားရှိပါ သည်ဟုသူကဆိုသည်။ သို့ရာတွင် ကလေးခြောက်ယောက်နှင့် ဘဝကိုရုန်းကန်နေသူ မုဆိုးမ ဒေါ်နုနုအဖို့ကျွန်းမတို့ဘဝထက် ပင်ပန်းနွမ်းနယ်ရှာသည် ဆိုကာ မှုချိုက ကူညီ ပေးမရမည့် ဝတ္တရားနှင့် ကျေပွန်စွာ လက်တွဲနေထိုင်ခဲ့ခြင်း ဖြစ်ပါသည်၊ သို့ရာတွင် ကျွန်မတို့အိမ်သို့ တပတ်တခါ အလာမပျက်ပါပေ။

"ဘယ့်နှဲ့လဲဟေ့....မှုချို၊ ရှာပြန်ဆရာမလုပ်မယ်ဆိုတဲ့လူက စံပြလုပ်သမ ရွေးခံရတော့ ရှာကိုးမပြီလား...."

မှုချိုအလာတွင် ကျွန်မက စပါသည်။

"အခြေနေအရ စက်ရုံအလုပ်သမ ဖြစ်သွားရတာကိုးမမ၊ အခုတော့ အလုပ်မှာ ပျော်နေပြီလေ၊ ဒါပေမဲ့ ရှာကိုတော့ မှုချိုမမေ့ဘူး၊ အပန်းဖြေစခန်းက ပြန်လာလို့ ခွင့်ရတဲ့အခါ တနေ့တော့ ရှာကို အလည်ပြန်အုံးမယ်၊ ရှာက ကလေးတွေ စာသင်ပေးဖို့၊ ဆေးကုပေးဖို့ တာဝန်ကတော့ ဥမ္မာတို့ သီတာတို့ တာဝန်ပေါ့နော်...."ဟု မှုချိုက ရယ်ပြုံးကာအဖြေ ပေးလေသည်။ ကျွန်မအတွက် အားတက်စရာသတင်းများက တချပြီးတခုသာ ကြားနေရပါသည်။ ဖရက်အတွက်၊ ဆွေ ဆွေအတွက်၊ မှုချိုအတွက်၊ ကြည်နူးနှစ်သိမ့် မဆုံးသေးမီ ကျွန်မ အလွန် စိတ်ဝင်စားနေမိသော လမ်းသရဲပျောက်ရေး ခြေလှမ်းသစ်အကြောင်းကိုသတင်းစာမှာတွေ့ရပြန်ပါသည်။

"ကိုနိုင်.... မြှော်လင့်ထားသလိုဘဲ ကိုနိုင်ရေ....၊ လမ်းသရဲ တွေကို အရင်က နယ်နှင်ပြစ်ဒဏ် ပေးခဲ့တဲ့ နည်းလမ်းအစား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ရတဲ့ အချိန်အတွင်း အစိုးရသင်္ဘောကျင်းတို့၊ ဆိပ်ကမ်း ကုန်တင်ကုန်ချ လုပ်ငန်းတို့၊ စက်ရုံအလုပ်ရုံမှာလုပ်အားပေးစေမယ်၊ ဒီလုပ်အားကို အသိအမှတ်ပြုတဲ့အနေနဲ့ လုပ်ခကြေးငွေများတောင် ပေးအုံးမယ်ဆိုဘဲ ကိုနိုင်...."

ကျွန်မ ဝမ်းနည်းဝမ်းသာကြုံရလေတိုင်း တိုင်တည်နေကျကိုနိုင်အား အတူတကွဝမ်းသာရန်အဖေါ် ညှိလိုက်ပါသည်။

"အေးပေါ့....အောင်မြင်ပါစေလို့ဘဲ ဆုတောင်းရတယ်။ ရန်ကုန်တိုင်း အစကလမ်းသရဲ ခြောက်ရာတောင် ကျော်တာအခုလေးရာကျော်ထိန်းသိမ်းနိုင်ခဲ့ပြီဆိုတော့ ဒီအတိုင်းမှန်ရင် ဝမ်းသာစရာဘဲ၊ မကြာခင်ဘဲ လမ်းသရဲဆိုတဲ့စကား လုံးဝပျောက်သွားနိုင်တဲ့အလားအလာရှိတာပေါ့"

"မြန်မြန်ပပျောက်ဖို့ရာကတော့ မိဖပြည်သူတိုင်းက အသိကိုယ်စီနဲ့ ပါဝင်ဖို့လိုတယ်လို့ သတင်းစာအာဘော်က ဆိုထားတယ်ကိုနိုင်ရဲ့"

"ဒါပေါ့ကွ၊ အစိုးရအနေနဲ့ဒီလိုခြေလှမ်းသစ်တွေ လုပ်နေပြီဆိုရင် ပြည်သူတွေအနေနဲ့ကလဲ ကိုယ်တတ်နိုင်တဲ့ဖက်က တနည်းတလမ်း ပါဝင်ကူညီဖို့လိုအပ်တာပေါ့၊ မင်းအောင်မြင်မှုလို့ ဆောင်းရေးဝတ္ထုလေးဘာလေး ရေးအုံးပေါ့လကွာ"

ကျွန်မ စာရေးဝါသနာပါမှန်းသိသော ကိုနိုင်က တမင်ခနိုးခနဲ့ ပြောင်လှောင်လိုက်ခြင်းဖြစ်ပါသည်။

"ရေးမယ်ကိုနိုင်ရေ....ရေးမယ်။သက်ရေးမဲ့ဝတ္ထုက အယ်ဒီတာရဲ့ အမှိုက်ခြင်းထဲရောက်မသွားရင်တော့ မဂ္ဂဇင်းမှာ ပုံနှိပ်စာလုံးနဲ့ပါလာမှာဘဲ....ကိုနိုင်ရေ။ တကယ်ကိုလဲ သက်တော့သိပ်စိတ်ဝင်စားတယ်"



"သက်စိတ်ဝင်စားသလို မိဖပြည်သူဘိုင်းက စိတ်ဝင်စားဖို့စိတ်ဝင်စားရုံထက် ခုနကပြောသလို ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် အချိန်တိုတိုအတွင်း အောင်မြင်နိုင်တာပေါ့ကွာ"

ကိုနိုင့်စကားအဆုံးတွင် ကျွန်မက ဖရက်ကိုပြေး၍ မြင်ယောင်လာသည်။ နက်ဖြန်တော့ ဆွေဆွေ့အိမ်ကို သွားဖြစ်အောင်သွားမည်ဟုလည်း ဆုံးဖြတ်လိုက်ပါ၏။ ခင်ပွန်းသည်အတွက် သောကပင်လယ်ဝေရှာမည့် ဆွေခဆွေ့ကို သူငယ်ချင်းကောင်းတို့ဝတ္တရားနှင့်အညီ ကျွန်မဖေးမအားပေးရမည်မဟုတ်ပါလား။ တချက်တည်းမှာပင် ပြောင်းလဲစအရှိန်ယူနေပြီဖြစ်သည့် ဖရက်(အမည်သစ်) မောင်ဇော်ဦးကိုလည်း ကျွန်မတွေ့ဆုံလိုပါသည်။ ထို့ပြင် သူတို့အတွက် အထူးအဆန်းဖြစ်နေမည့် မူချိုအကြောင်းသတင်းကောင်းကိုလည်းပါးလိုပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## တဆယ့်ကိုး

ငပလီရွှေဝါချိုင်စခန်းသို့ အပမ်းဖြေကြမည့် မူချိုတို့ စံပြုလုပ်သားများအတွက် လိုက်လံနှုတ်ဆက်သော လူအုပ်ကြီးက တခဲနက်ပင်၊ အားလုံးနည်းတူ မူချိုမျက်နှာကလေးက လန်းဆန်းနေပါသည်။ လိုက်ပို့သူကျွန်မတို့လူစုမှာလည်း ရွှင်လန်းပေါ့ပါးစွာ စကားစမြီ ပြောဆိုနေကြပါသည်။ ကျွန်မတို့ မိသားစု၊ ဆရာမဒေါ်နုနုမိသားစု တင့်တောင့်တင့်တယ် အိမ်ထောင်ရက်သားကျနေပြီဖြစ်သော အစ်မနှင့်သူ့ခင်ပွန်းအပြင် နောက်ဆုံးမှဘာ့းကနည်းရောက်လာသူကား ဆွေဆွေနှင်းနှင့် မောင်ဇော်ဦးဖြစ်ပါလေသည်။

"ဟော့.... ဆွေဆွေ ဘယ်သူ့လိုက်ပို့တာလဲ"

"မူချိုလေ မူချို....မူချို"

"ဘာရယ် မူချို....ဟုတ်လား"

ကျွန်မက တအံ့တသြမေးလိုက်မိပါသည်။

"အေးလေ....ဟိုတနေ့က မင်းလာပြီး ရှန်းရှန်းဝေ မူချိုအကြောင်းပြောသွားပြီးကတည်းက ဟော့ဒီကသားကြီးက တွေ့ချင်နေတာ။ဘယ်မှာလဲမူချို....ဟင်....ဟော....ဒီမှာဒီမှာ"



ဆွေဆွေနှင်းကတဆက်တည်းအမောတကောမူချိုနားကပ်ကာ ရင်းရင်းနှီးနှီးပခုံးကိုဖက်ကိုင်ဆဲ့ခေါ်လျက် သူ့သားတော် မောင်နှင့်မိတ်ဆက်ပေးလိုက်ပါသည်။ ဖင်ကျပ်ဘောင်းဘီကို သာအများဆုံးဝတ်ခဲ့သော မောင်ဇော်ဦးသည်ပုဆိုးကွက်စိတ်၊ ရုပ်လက်ရှည်အဖြူနှင့် တည်တည်ခန့်ခန့် လူကြီးဆံနေပါသည်။ ဤသို့ မြန်မာဆံဆံ ဝတ်စားလိုက်မှ ဟိုစဉ်က ဖရက်ထက်ပို၍ အိန္ဒြေရရ ချောလာသယောင်ပင် ထင်မှတ်ရပါသည်။ မောင်ဇော်ဦးသည်၊ မူချို၏ တည်ငြိမ်သော ရုပ်အလှကို မြင်ရသည်၌ အနည်းငယ်ရှက်သွေးလျှမ်းသောမျက်နှာကို ကြိုးစား၍အိန္ဒြေဆည်ကာ အသင့်ယူဆောင်လာသော သပြေပန်းစည်းကို မူချိုအား ကမ်းလင့်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

မူချို၏ အသံလွင်ကလေးက ပကတိရိုးသားတည်ကြည်မှုကို ဖော်ပြနေသည်။ ကိုယ်ကာယ ထွားထွား ကြိုင်းကြိုင်းနှင့် ကျားကျားယားယားရှိသလောက် အိန္ဒြေရရချောမောသော လူလင်ပျိုတဦးနှင့် အပြုံအပြင် အချယ်အလှယ်မပါ သဘာဝ အလှနှင့် နဂိုယဉ်သော စံပြုအလုပ်သမလေးတို့နှစ်ဦးအပြုံးချင်း ဖလှယ်နေပုံကို ပရိသတ်ကကြည်ကြည်နူးနူးပင် အာရုံစိုက်နေမိကြသည့်တခဏ ဖြတ်ကနဲ အလင်းရောင်နှင့်အတူ ကင်မရာကြီး တကားကားနှင့်ရောက်လာသူကကျွန်မ၏မောင်ထွေး သတင်းထောက် သစ်လွင်ဖြစ်ပါတော့သည်။ကျွန်မတို့ကိုသူ၏ပွင့်လင်းရင်းနှီးသော အပြုံးကြီးကိုဖွင့်လျက် အနားကပ်လာခဲ့ပါသည်။

"တခါတည်း အစပျောက်နေလိုက်တာ မောင်ထွေးရယ်"

ကျွန်မ တွေ့တွေ့ချင်း မောင်ထွေးကို အပြစ်တင်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အော်…မသက်နှယ်၊ကျွန်တော်လာဖို့ဘာလိုသေးတုံးဗျ။ မယ်တို့ချင်း ဆုံကြ၊ တွေ့ကြ၊ ဝမ်းသာကြ၊ ပြီးရောမဟုတ်လား၊ ကျွန်တော် အချိန်အားကိုလဲမရလို့ပါ…မမရာ။

"အေးပေါ့…နင့်အကျင့်ကိုက အကြောင်းမလှမ်းမြင်မလှတတ်တဲ့အကျင့်။ ဒါတဲ့…နင့်အခုမှ ဒို့မျှားဆီလာကပ်ဖို့တော့ မကြံနဲ့နော…မရဘူး"

မောင်ထွေးက တဟဲဟဲရယ်သွမ်းသွေးလိုက်သည်။ ကျွန်မစိတ်ထဲတွင်မူ မူမျိုး၏သတင်းအစုံကို တခမ်းတနား ဖတ်ရှုရဦးမည့်အရေးတွေးနေမိလေသည်။သတင်းစောက်များကလည်း သူတို့အကွက်ကို သူတို့စောင့်နေကြသည် မဟုတ်ပါလား။

ပြည်တော်အေး သင်္ဘောသည် သူ့တာဝန်ကို ထမ်းဆောင်ရန်အတွက် ကမ်းတွင်အဆင်သင့်ဖြစ်နေပေပြီ။ လုပ်သားများလည်း သင်္ဘောပေါ်တွင် နေရာယူကြရန် အချက်ပေးနေပြီမို့ မူချိုကကျွန်မတို့အားဦးထုပ်ကလေးချွတ်ကာဝှေ့ရမ်းနှုတ်ဆက်လိုက်ပါသည်။ ပြီးနောက် အဖော့်စုံပြမယ်အလုပ်သမများနှင့်အတူ တစုတဝေးတည်းတည်ဘတန်းစီနေကြလေပြီ။ မောင်ဇော်ဦးကမူ တက်ကြွမှုအပြည့်ရှိသော မျက်လုံးများဖြင့် လှုပ်ရှားမှုအားလုံးကို ကြည့်ရှုနေပါ၏။ ထဖြည်းဖြည်း ပူပြင်းနေပြီဖြစ်သော ကောင်းကင်မှ နေမင်း၏အရှိန်နှင့်အတူ မောင်ဇော်ဦး၏ ရင်တွင်းမှ-အားကျခြင်းနှင့် နိုးကြားမှု စိတ်ဓာတ်လည်း အရှိန်မြင့်မားနေပြီ ဖြစ်ကြောင်း ကောင်းကောင်းကြီး ရိပ်မိသော ကျွန်မနှင့်ဒွေးဆွေနှင့်တို့ တဦးကိုတဦး အဓိပ္ပါယ်များစွာဖြင့် ဝမ်းသာစွာ ကြည့်လိုက်မိကြပါတော့သည်။ ။



## စာကြည့်တိုက်တွင် သုံးရန်

တိုက်ပိုင်အမှတ်

ဝတ္ထု ရွှေဘိုသက်မာ

ရွှေ ပျိုးမိတ်ပန်းတပင်။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၃။

၂၁၀ စာမျက်နှာ၊ ပြည်သူ့လက်စွဲစာစဉ်။

ကျေးမွေးသူမှဲ၊ အနှိမ်ခံဘဝ ရောက်နေသူကလေးအား ပြုစုပျိုးထောင်လိုက်ရာမှ အောင်မြင်သောဘဝ ရောက်လာပုံကိုဇာတ်အိမ်ဖွဲ့ထားသည်။ အိမ်ဖော်ပြဿနာကိုလည်း တင်ပြထားသည်။

အဖိုး-နှစ်ကျပ်။

www.burmeseclassic.com